# စကားပြောခြင်းက ပင်ကိုယ်စရိုက်သို့

စံလင်း(ဦးရာဇ်မြို)

ပုံနှိပ်မှတ်တမ်း

မျက်နှာဖုံးဒီဇိုင်း စံလင်း(ဦးရာဇ်မြို)
ထုတ်ဝေရေအကြိမ် ပထမအကြိမ်
ထုတ်ဝေရေခုနှစ် August, 2015
အုပ်ရေ ၁၀၀၀
စာရီးသူ စံလင်း(ဦးရာဇ်မြို)

# မာတိကာ


| | | |
|---|---|---|
| | ပွင့်အာဖူးသစ်စပန်းတပွင့်နှ ရနံ့ | ၉ |
| | မူမှန်ရခိုင့်စိတ်ဓာတ် | ၁၃ |
| | ကျေးဇူးစကား | ၁၈ |
| | စာရိုးသူနှ ဝန်ခံစကား | ၁၉ |
| | နိဒါန်း | ၂၃ |
| ၁။ | (၁) အပြောအဆိုနန့် ပင်ကိုယ်စရိုက် | ၂၅ |
| | (၂) ကျွန်းခလိုနန့် စာမတတ်သူများ၊ ဆင်းရဲနွမ်းပါးသူများကို အကြမ်းအားဖြင့် လိုလာကြည့်ခြင်း | ၂၅ |
| | (၃) မြို့ပြခလိုနန့် စရိုက်လက္ခဏာကို အကြမ်းအားဖြင့် လိုလာကြည့်ခြင်း | ၂၉ |
| | (၄) မြောက်ပင့်စကားနှ နောက်ကွယ် | ၃၀ |
| | (၅) Health Coordinator လုပ်ခါက အတွေ့အကြုံ | ၃၃ |
| | (၆) အဆိုးမြင်စရိုက် | ၃၅ |
| ၂။ | (၁) စကားပြောဘောင်ကျော်ခြင်း | ၃၇ |
| | (၂) သီရာပါစကားနှစ်ခွန်း | ၃၈ |
| | (၃) အားပီးစကားပြောလို့ အသတ်ခံရခြင်း | ၃၈ |
| | (၄) လူကြီးနန့် လူငယ်ကို ခွဲခြားကြည့်ခြင်း | ၃၉ |
| | (၅) လိမ္မာနီပျာလို့ သတ်မှတ်ရခြင်း | ၄၁ |
| ၃။ | (၁) မိမိနှ အမှားကို အယင်စိုင်းစားပါ | ၄၄ |
| | (၂) မောင်ငယ်ရင်သွေး စာတတ်တေ | ၄၄ |

(၃) ခေတ်ပေါင်းအတွေးနန့် ပြောဆိုမှု ၄၇

၄။ (၁) လက်ပြန္ဒတ်ဆက်နိူင်မှု စွမ်းရည် ၅၀
(၂) မိတ်ဆွိတယောက်ဇွ ဝန်ခံချက် ၅၀
(၃) အားလုံးကို မရောထွီးပစ်ပါကေ့ ၅၁

၅။ (၁) အားနည်းချက်ကိုယ်စီနန့် လောက ၅၄
(၂) သူတပါးဇွ အားနည်းချက်ကိုပြောလို့
ယုံကြည်မှု ပျက်ပြားခြင်း ၅၄
(၃) အကြံပြုစကား ၅၅
(၄) ကျောင်းဆရာရို့ဇွ အားနည်းချက်ကို
ရှာကြည့်ခြင်း ၅၆
(၅) စာရီးဆရာရို့ဇွ အားနည်းချက်ကို ရှာကြည့်ခြင်း

၆။ (၁) ‘ငါ’ ၅၉
(၂) ‘ငါ’မဟိလို့ မဖြစ် ၆၀
(၃) ‘ငါ’မဟိလေး ဖြစ်တေ ၆၁

၇။ (၁) အခေါ်အဝေါ်မှားခြင်းဇွ ရလဒ် ၆၃
(၂) တူမမျှားဇွတိုင်ကြားချက် ၆၃
(၃) ငါ ဗမာမဟုတ်လို့လား ၆၄
(၄) မိတ်ဆွိအိမ်သို့ ထမင်းစားလားခြင်း ၆၆

၈။ (၁) မြုပ်ကွက်တခု ချန်ထားခြင်း ၆၉
(၂) ကိုယ့်အိမ်ကို အာဂန္တုပိုင်ဆိုင်လားခြင်း ၇၀
(၃) ကြီစပ်လွန်ခြင်း ၇၂

၉။ (၁) အသံဇွ စီရာ ၇၅

(၂) လူကြီးနှစ်ယောက်ကို ခွဲခြားကြည့်ခြင်း ၇၆
(၃) အကျွန်ကြီးလှာကေ ရခိုင်သားကိုမယူ ၇၉
(၄) မိဖနှစ်ပါးနန့် ပတ်ဝန်းကျင် ၈၀

၁၀။ (၁) ပတ်ဝန်းကျင်ကို လေးစားပါ ၈၃
(၂) မကောင်းရေ ပတ်ဝန်းကျင်က ရှုန်းထွက်ပါ ၈၄
(၃) သူတပါးကြောင့် သင်ဒုက္ခမရောက်ယောင်နီပါ ၈၅
(၄) သင့်ကြောင့် သူတပါးကို ဒုက္ခမရောက်ပါစီကေ့ ၈၆

၁၁။ (၁) H လေးလုံးနန့် ဗဟုသုတ ၈၉
(၂) ရိုးသားဖြောင့်မတ်ခြင်း ၉၀
(၃) ယိုင်ကျေးပျူငှာတတ်ခြင်း ၉၂
(၄) နိဝါတတရားထားတတ်ခြင်း ၉၃
(၅) ဂုဏ်သိက္ခာနန့်ပြည့်စုံခြင်း ၉၄

၁၂။ (၁) ဩဝါဒဇွ စွမ်းပကား ၉၇
(၂) ယှူပ်ထွီးရေ လူ့လောက ၉၈
(၃) နှလုံးသားထဲက မိခင်ဇွစကားနှစ်ခွန်း ၉၉

၁၃။ (၁) ခေတ်ကုန်ဩဝါဒ ၁၀၁
(၂) ဘောင်းဘီမဝတ်ကေ့ ၁၀၁
(၃) သနပ်ခါး မနိမ်းကေ့ ၁၀၂

၁၄။ (၁) 'မှန်'ဥပမာကို ပြောင်းပြန်လှန်ခြင်း ၁၀၅
(၂) အမြဲတမ်းပြုံးလို့နီလီ ၁၀၅
(၃) ဖေသာအိတ်ပြဿနာ ၁၀၇
(၄) အနစ်နာခံသူကို လေးစားပါ ၁၀၈

၁၅။ (၁) အပြုအမူနှင့် စကားပြောခြင်း ၁၁၀
(၂) လုပ်ဆီးရည် လက်ဆောင်ပီးခြင်း ၁၁၂
(၃) သဘာဝကိုဆန့်ကျင်ရေ အပြုအမူ ၁၁၃
(၄) အပြုံးတချက်ဇွ စွမ်းရည် ၁၁၆

၁၆။ (၁) ဆွေးနွေးမှုက ငြင်းခုံခြင်းသို့ ၁၁၈
(၂) ကြားဖြတ်ပြောတတ်တေ အပြုအမူ ၁၁၉
(၃) စာမတတ်လို့ ပြောစွာ ၁၂၁
(၄) ငြင်းခုံမှုလွန်လှာကေ ၁၂၃

၁၇။ (၁) အာဂန္တုကို နွီးနွီးထွီးထွီးကြိုဆိုပါ ၁၂၅
(၂) သွီးလှူဖို့လားခြင်းက အတွိအကြုံ ၁၂၆
(၃) ဒုက္ခသည်တိကို ဖေသာလှူဖို့လားခြင်း ၁၂၇

၁၈။ (၁) စိန်ခေါ်မှုက မတူညီနိုင်ရေ အတွေးစများ ၁၃၀
(၂) သားသမီးတိုင်း မိဘခြီရာနင်းနိုင်ကတ်တေလား
(၃) နိုင်ငံရီးသားကောင်တိ ၁၃၂
(၄) အတွေးအခေါ်အားနည်းသူ ၁၃၅

၁၉။ (၁) ပြုပျင်ရခက်ခဲရေ ပင်ကိုယ်စရိုက် ၁၃၆
(၂) ဂါရဝတရားမဟိရေ အပြုအမူ ၁၃၆
(၃) ရှုထောင့်နှစ်ခုစီနန့် အဆိုးဆုံးပင်ကိုယ်စရိုက်ကို ရှာကြည့်ခြင်း ၁၃၉
(၄) တပည့်နန့်ဆရာသမားရို့ကြားမာ လိုအပ်နီရေပဟာကွက် ၁၄၁
(၅) ပေါင်းနွှမ်းနီရေ အပြုအမူ ၁၄၄

၂၀။ (၁) စာပီများက ပြောင်းလှယ်လိုက်တေ ၁၄၇

ပင်ကိုယ်စရိုက်
(၂) ကြမ်းတမ်းသူကို ယိုင်ကျေးစီခြင်း ၁၄၉
(၃) ရင့်ကျက်တေ အတွေးအခေါ်ရဟိလှာခြင်း ၁၅၁

၂၁။ (၁) စာပီနန့် ဘဝအတွိအကြုံ ၁၅၃
(၂) စာအုပ်လောက်နန့် မပြည့်စုံ ၁၅၃
(၃) ရိုးယှင်းလွယ်ကူရေ ဘဝကလေး
အောင်မြင်မှုကို ရယူနိုင် ၁၅၅

၂၂။ (၁) မကောင်းရေ အတွိအကြုံတိကို
ကောင်းယောင် ပြုပျင်ခြင်း ၁၅၇
(၂) ဖိနပ်ခြုပ်သမား ၁၅၇
(၃) အရက်သမားကြောင့်ရလိုက်တေအတွေးတစ ၁၅၈
(၄) များစွာသောသင်ခန်းစာနန့် လောက ၁၆၀

၂၃။ (၁) လောကစာမျက်နှာပြင်က အတွေးအခေါ် ၁၆၂
(၂) ဘဝတက္ကသိုလ်မာ ကျောင်းတက်ပါရေ ၁၆၃
(၃) လူတယောက်ဇ့ အတွေးအခေါ်ကို
ဇာက ဖန်ဆင်းပီးနိုင်လေး ၁၆၄

၂၄။ (၁) စကားပြောခြင်းက ပင်ကိုယ်စရိုက်သို့ ၁၆၈
(၂) လူတယောက် စရိုက်နှစ်ခု ၁၆၈
(၃) မိတ်ဆွိသုံးယောက်ဇ့ စရိုက်ကို လိလာကြည့်ခြင်း
(၄) လူကြီးသုံးယောက်ဇ့ ပင်ကိုယ်စရိုက်ကို
သုံးသပ်ကြည့်ခြင်း ၁၇၁

၂၅။ (၁) ကဏ္ဍနှစ်ခုစီနန့် ခွဲခြားကြည့်ခြင်း ၁၇၃
(၂) စကားပြောကောင်းသူနန့် စကားပြောတတ်သူ ၁၇၃

(၃) ပင်ကိုယ်စရိုက်ကောင်းသူနှင့်
ပင်ကိုယ်စရိုက်ညံ့သူ ၁၇၃
(၄) ဗဟုသုတအားဟိသူနှင့်
ဗဟုသုတအားနည်းသူ ၁၇၄
(၅) ပညာဟိပုဂ္ဂိုလ်နှင့် ပညာတတ်ပုဂ္ဂိုလ် ၁၇၄
(၆) လူတော်နှင့် လူကောင်း ၁၇၅
(၇) လူဆိုးနှင့် လူမိုက် ၁၇၆
(၈) ဒေါသကြီးသူနှင့် မာနကြီးသူ ၁၇၆
(၉) လူကြီးနှင့် လူကြာကြီး ၁၇၇

## ပွင့်အာပ္ဖူးသစ်စပန်းတပွင့်နှ ရနုံ့

အကျွန်နုံ့ကိုယ်ရီးကိုယ်တာ ကိစ္စတခုကို အကောင်အထည်ဖော်ချင်လို့ အစ်ကိုနောင်ခိုင်ပြည်ပါးတို့ လားပါရေ။ အိမ်ကိုရောက်ရောက်ချင်းပင် ရခိုင်သားတယောက်နန့် မိတ်ဆက်ပီးပါရေ။ "ညီဒေဖက်က စံလင်း(ဦးရာဇ်မြို)ဒေ။ သူ့လက်ရာစာအုပ်ကို ထုတ်ဖို့အတွက် ရောက်နီစွာဒေ"ဆိုပနာ မိတ်ဆက်ပီးပါရေ။ အိပ်ရီးပျက်ခံပနာ လုပ်ကတ်ကိုင်ကတ်စွာကို တွိရမြင်ရပါရေ။

အကျွန်ရေ စာပီနယ်ပယ်က လူပုဂ္ဂိုလ်တိနန့် ကျွမ်းဝင်ခွင့်ရခပါရေ။ ယေလေး စံလင်း(ဦးရာဇ်မြို)ဆိုသူကို အကျွန်မသိပါ။ စာပီလမ်းကို ပထမဆုံးခြီချဖို့ ကလောင်အသစ်စက်စက်သျှ ဖြစ်တေအတွက်ကြောင့် အကျွန်မသိစွာပါ။

မိတ်ဆက်ပြီးလို့ သိလားကတ်တေနောက်မာ ထိုအကြောင်းဒေအကြောင်း မီးမြန်းပြောဆိုယင်းနန့် စကားအဆီကျပြီးကေ အင်တန်ရင်းနှီးကျွမ်းဝင်လားကတ်ပါရေ။ အွင်လိုင်းသုံးကေ အွင်လိုင်းမိတ်ဆွီလုပ်ကတ်ဖို့ email လိပ်စာနန့် Facebook လိပ်စာကိုပါ အပြန်အလှန် တောင်းကတ်ပါရေ။

ယေခါမှ စံလင်း(ဦးရာဇ်မြို)ဆိုသူစွာ အွင်လိုင်းထက်က အကျွန်သိနီရေ Arakan Wai La ဖြစ်နီပါရေ။ သူ့ကိုကား စာပီသမားတဦး ဖြစ်နီလိမေလို့ အကျွန်ထင်မှတ်မထားခပါ။ ဇာအတွက်လေးဆိုကေ သူ့ကို အကျွန်စသိခရေ နီရာစွာ အွင်လိုင်းထက်က သူ့နှရခိုင်သားနန့် အင်္ဂလိပ်စာဆိုရေ group မာ ဖြစ်ပါရေ။ (ယင်း group မာ အကျွန်ရေ အဖွဲ့ဝင်(Member)တဦးအနီနန့် မထင်မရှား ဟိနီခ

ပါရေ။ ယေနန့် အကျွန့်ကိုကား သူသိမနီခပါ။)

ယေပြီးကေ အွင်လိုင်းထက်မာ Add friend မဟိရေအတွက် သူ့ Account မာ စာပီပိုင်းနန့် post တင်၊မတင်ကိုလေး အကျွန်မသိခပါ။ ရခိုင်သားနန့် အင်္ဂလိပ်စာဆိုရေ group နန့်ရာ ထိတွိနီခရေအတွက်နန့် သူ့ကို အင်္ဂလိပ်စာသမားတဦးအနီနန့်ရာ အကျွန်အမှတ်ဟိထားခပါရေ။

အဂု စံလင်း(ဦးရာဇ်မြို)တဖြစ် အကျွန်နန့်တွိကတ်တေခါ အဇာပိုင်စာရီးဖြစ်ကြောင်းကို မီးဖြစ်ပါရေ။ စံလင်း(ဦးရာဇ်မြို)က စာရီးဖို့ ရည်ရွယ်ချက်ဟိခစွာ ကြာပျာဖြစ်ကြောင်း၊ အလုပ်တဖက်အပြင် အင်္ဂလိပ်စာလေး ဟိနီရေအတွက်ကြောင့် အဆင်မပြေကြောင်း၊ ရနိူင်ရေအချိန်တိမာတော့ခါ စာရီးကြောင်းကို ပြောပြပါရေ။ ယေဒါလေး စာပီအသိုင်းအဝိုင်းနန့် တစိမ်းပြင်ပြင်ဖြစ်နီခရေ အကြောင်းတိကိုပါ စကားဆိုက်ကျလို့ ပြောပါရေ။ သူရေ စာပီနယ်ပယ်မာ ဟိနီခသူတဦးမဟုတ်စွာလေး မှန်ပါရေ။

ယေဒါလေး အဂုအချိန်မာ ရခိုင်ခြင်းနန့်ပင် စာအုပ်ထုတ်ပစ်လိုက်ဖို့သီးဆိုခါ အကျွန်ထပ်ပနာ အံ့ဩမိရပြန်ပါရေ။

ရခိုင်ခြင်းနန့် စာအုပ်ထုတ်ဖို့လူစွာ ရခိုင့်စာပီနယ်ပယ်မာ အချိန်အတိုင်းအတာတခုထိ ကျင်လည်နီခသူတဦး ဖြစ်ဖို့လိုပါရေ။ ဇာအတွက်လေးဆိုကေ ရခိုင်သတ်ပုံသတ်ညွှန်း၊ ဝိဘတ်၊ ကတ္တား၊ ကြိယာ၊ ဝေါဟာရတိနန့် ဝါကျဖွဲ့စည်းပုံတိကို အခြီအနီသျှေတခုထိ ရင်းနှီးကျွမ်းဝင်နီဖို့လိုရေ မဟုတ်ပါလား။ ယင်းကြောင့်လေး ရခိုင်လူမျိုး စာရီးဝါသနာပါသူတိမာ ရခိုင်ခြင်းနန့် စိမ်းနီခရေအတွက်ကြောင့် ထိုဖက်ယိမ်းပြီးကေ မြန်မာခြင်းနန့် စာအုပ်ထုတ်မှုဖက်ကို အားကြီးနီခကတ်တေလူတိ တွိဖူးခပါရေ။

စံလင်း(ဦးရာဇ်မြို)က ဒေဟင့်တိ အားနုံးကိုစိန်ခေါ်ပျာ ရခိုင်ခြင်းနန့်ထုတ်ပြီးကေ ရခိုင်ခြင်းစစ်နိူင်သလောက်စစ်ယောင်၊ လောင်းရိပ်ရွတ်နိူင်သလောက် ရွတ်ယောင်၊ ရခိုင်ဟန်ဖြစ်နိူင်သလောက် ဖြစ်ယောင်လုပ်ဖို့ဆိုရေ ဆုံးဖြတ်ချက်သတ္တိကို တင်းတင်း

ပြည့်ပြည့် ချီးမွမ်းဂုဏ်ယူမိပါရေ။

သူ့စာအုပ်ဂေါင်းစီးကို သိလိုက်ရချိန်မာ အကျွန်ရေ ကောင်းကြီးအံ့ဩလားပါရေ။ လူငယ်တယောက်အနီနန့် ဝန်အကြီးမသန်ကို ထမ်းထားရေ ဂေါင်းစီးဖြစ်နီပါရေ။

စာပီနယ်ကို ဒေနိနက်ဖန်ဆိုပိုင် ဝင်လှာသူတဦးအနီနန့် ယင်းယျောင်စာကြီးပီကြီးတိကို ကိုင်တွယ်ရေဆိုစွာ ဟုတ်တိပတ်တိကားဖြစ်နိူင်လီဖို့လားဂုလို့ အကျွန်သံသယဝင်မိခပါရေ။ သံသယတဝက်နန့် အထင်ကြီးမှုလေးမဟိ ဖြစ်နီခပါရေ။

စာအုပ်လုပ်နီတုန်းကာလမာ သူရေ စာအုပ်ပါအကြောင်းအရာတိထဲက တပုဒ်စနှစ်ပုဒ်စ အကျွန့်ကို ဖတ်စီပါရေ။ အကျွန် ဖတ်ကြည့်လိုက်တေခါ ဟုတ်တော့ဟုတ်တေကားလို့ စိတ်ထဲကဖြစ်နီခပါရေ။

PDF လုပ်ပြီးရေခါ (စကားပြောခြင်းက ပင်ကိုယ်စရိုက်သို့) စာအုပ်ကို အစအဆုံး ဖတ်ဖြစ်လိုက်ပါရေ။ ယေပြီးခါမှ 'မလွယ်'ဆိုရေ စကားတလုံး အကျွန့်ပါးစက ရွတ်ခနဲထွက်ကျလားပါယင့်။ အသိဉာဏ်ပိုင်းဆိုင်ရာနန့် စာရိတ္တ၊ စရိုက်လက္ခဏာ၊ ခွင့်ရွှတ်သည်းခံသင့်ရေအရာတိ၊ ယျောင်ရဖို့ ဆောင်ရဖို့အရာတိနန့် စိတ်အတွိအကြုံတိကိုပါ အခြီအနီတခုထိ ဖွင့်ဆိုတင်ပြထားစွာကို တွိရပါရေ။

ဆိုလိုရင်းတခုအတွက် ဂေါင်းစီးတပ်ပြီးကေ ထိထိမိမိ တင်ပြထားနိူင်စွာကိုလေး တွိရပါရေ။ လူ့ဘဝအခြီအနီ အမျိုးမျိုးတိကို ဥပမာပြပြီးကေ ထူးထူးခြားခြား စာပီနယ်ပယ် ရှုထောင့်စုံကနီပနာ တင်ပြထားစွာ ဖြစ်တေအတွက်နန့် အရွယ်သုံးပါးနုံး မှီဝဲအပ်တေ ဆီးကောင်းတလက်ပိုင် ဟိနီရေလို့ ထင်မြင်မိပါယင့်။

အကျွန်ရို့ ရခိုင်အမျိုးသားရီး ခရီးရောက်ပေါက်နီရေ အခြီအနီအတိုင်းအတာအရ ရခိုင်မာ အဇာအနုပညာသျှင်မဆို အမျိုးသားရီးနန့် ကင်းရွှတ်ကတ်တေလို့ ကောင်းကြီးဟိဖို့ မထင်ပါ။ မကင်းရွှတ်ကတ်သီးရေအပြင် အဆိုတော်ဖြစ်ဖြစ်၊ ကဗျာဆရာဖြစ်ဖြစ်၊ စာရီးဆရာဖြစ်ဖြစ် အမျိုးသားရီးစွက်ဖက်တေ လက်ရာတိ၊ အမျိုးသားရီး

စစ်စစ်လက်ရာတိဖက်ကို အားသန်ကတ်စွာကို တွိပါရေ။

အမျိုးသားရီးတေးခြင်းဆိုရေ အဆိုတော်၊ အမျိုးသားရီး ရီးဖွဲ့ရေ ကဗျာဆရာ၊ အမျိုးသားရီးကို ဇောင်းချရီးရေ စာရီးဆရာတယောက်ကို ရခိုင်ရို့ကလေး ပိုပနာ အလီးထားအားပီးကတ်စွာကို တွိပါရေ။ အကျွန်ဆိုလိုချင်စွာက လူမျိုးတမျိုး တိုးတက်မြင့်မားမှုဟိဖို့ အမျိုးသားရီး အသိအမြင်စွာ အခရာကျပါရေ။ ယေဒါလေး ယင်း အသိအမြင်တခုတည်းနန့်လေး ခရီးပေါက်နိုင်လီဖို့ မဟုတ်ပါ။

ပြောရကေ စီးပွားရီးဂျာနယ်၊ လူမှုရီးဂျာနယ်၊ နိုင်ငံရီးဂျာနယ်၊ ကျန်းမာရီးပညာပီးဂျာနယ်၊ အားကစပ်ဂျာနယ်၊ ဘာသာရီးဂျာနယ် စရေ စာပီနယ်ပယ်အသီးသီးအပြင် ဘာသာပြန်နန့် ရခိုင်ပါဠိအဘိဓာန်၊ ရခိုင်-အင်္ဂလိပ်အဘိဓာန်ဆိုရေ စာအုပ်မျိုးတိ ရခိုင့်စာပီနယ်ပယ်မာ အများကြီးလိုအပ်တေလို့ မြင်မိပါရေ။

ယေမှလေး ရခိုင့်စာပီနယ်ပယ်စွာ ကျယ်ပြန့်ထွန်းကားလှာပြီးကေ ရခိုင့်အနာဂတ် မျိုးဆက်သစ်တိစွာလေး ကမ္ဘာနန့် ရင်ဘောင်တန်းနိုင်ဖို့ ဖြစ်ပါရေ။ ရခိုင့်စာပီနန့် ရင်းနှီးကျွမ်းဝင်မှုကတဆင့် ယုံကြည်မှုခွန်အားသစ်တိ ရသည်ထက် ရလှာနိုင်လိမေလို့လေး ယူဆမိပါရေ။

ယင်းနန့် အသိဉာဏ်ပညာနန့် ဘဝအမြင်၊ စာရိတ္တ၊ စရိုက်လက္ခဏာရို့ကို ကြိုးစားပမ်းစား မျှဝီပနာ ရခိုင့်မျိုးဆက်သစ်လူငယ်သျှေတိပါးသို့ ခရီးပြင်းနှင်ထားရေ စံလင်း(ဦးရာဇ်မြီ)ဇ္ဇ 'စကားပြောခြင်းက ပင်ကိုယ်စရိုက်သို့'လို့ နာမည်ပီးထားရေ ဘဝအောင်မြင်မှုနည်းလမ်းစုဖြစ်တေ အထွဋ်တမြတ်လက်ရာကို ရခိုင့်လူငယ်တယောက်အနီနန့် လှိုက်လှဲစွာ ကြိုဆိုလိုက်ရပါရေ။ ။

ဟောမန်ခိုင်(တိန်ညို)

## မူမှန်ရခိုင့်စိတ်ဓာတ်

(ရခိုင်)သားအကျွန်နန့် (ရခိုင်)သားတယောက်ရေ (ရခိုင်)ရှုံးတခုမာ (ရခိုင်)စာအုပ်တအုပ်ကို (ရခိုင်)ခြင်းနန့်ထုတ်ပါဖို့ ဆိုရေအကြောင်းနန့် ပတ်သက်ပြီးကေ တွိဆုံကတ်ပါရေ။ ရခိုင်. . ရခိုင်. . ရခိုင်အထွီးထွီး။

ရခိုင်ဆိုစွာ ဇာလေး။

ရခိုင်ဆိုစွာ ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်တိုင်းပြည်နန့် နီလာရေလူမျိုး။ ခေတ်သစ်မာ အမျာႏစုဖြည်ကတ်တေ အဖြည်ဖြစ်ပါရေ။ ရခိုင်ဆိုရေ အဓိပ္ပါယ်က ဇာလေးယကော။ ရခိုင်ဆိုရေ ဘွဲ့မည်နာမရေ ရက္ခိတဆိုရေပုဒ်က လာရေလို့ သိရပါရေ။ ရက္ခိတဆိုရေပုဒ်ရေ စောင့်ရှောက်ခြင်း ဆိုရေ အဓိပ္ပါယ်ဖြစ်ကြောင်း သိရပါရေ။

စောင့်ရှောက်ခြင်းဆိုစွာ ဇာလေး။

ဇာကို စောင့်ရှောက်ရဖို့စွာလေး။

တခုခုကို စောင့်ရှောက်ဖို့အတွက် ချစ်ဖို့လိုအပ်ပါရေ။ ချစ်တေနီရာမာလေး ချစ်တတ်ခြင်းဆိုရေ မူမှန်အချစ်ဖြစ်ဖို့ လိုအပ်ပါရေ။

ကိုယ့်လူမျိုးအချင်းချင်း မချစ်ကတ်လို့လား။

ချစ်ပါရေ။ ယေရာလေး . . . ။

ဥပမာတခု ချပြလားပါမေ။ ဖေ့စ်ဘုခ်မာ နိုင်ငံရီးဆိုင်ရာပို့စ်တခုတင်ရေ ဆိုပါဖို။ ယင်းပိုင် ပို့စ်တိမာ သူငါစည်းခြားမှုကြီးတိ တွိရပါရေ။ သူ့အသင်းကိုယ့်အသင်း စည်းခြားမှုကြီးလေး တွိရပါရေ။ အဆဲအဆိုတိ တွိရပါရေ။ အမှန်အမှား ပြောစကားကို ဘေးမာချိတ်ပျာ အကြောင်းအရာနောက်ကို မလိုက်ပဲ လူပုဂ္ဂိုလ် ခင်မင်မှုနောက်

ကို လိုက်ကတ်ပါရေ။ ဘက်လိုက်တေလို့ ပြောလို့စွာဖြစ်ပါရေ။ အကြီး နန့်အငယ် ဂါရဝတရားတိကို ခဝါချပစ်စွာကို တွိရပါရေ။ ကိုယ့်လူ မျိုးအချင်းချင်း အလီးအမြတ်ထားမှုတိ မြီခကြွိကျပနာပါလေး။

အယူအဆပိုင်းဆိုင်ရာကြောင့် နင်လားငါလား ပြောကတ်လို့ အမှန်တရားဖက်မာ တယောက်တည်းကျန်ခကေလေး ကျန်ခပတ်စီ ဆိုပနာ ရပ်တည်စွာမျိုးလေး မဟုတ်ပါ။ ဇာမဟုတ်စွာတိနန့် အချင်း ချင်းကိုက်စားနီကတ်စွာ ဖြစ်ပါရေ။

ယင်းဟင့်တိ ဇာကြောင့်ဖြစ်နီရရေလေးဆိုကေ သာမန်အ ချစ်နန့် ချစ်နီကတ်လို့ ဖြစ်ပါရေ။ အထက်လီသတ်တေ အချစ်မျိုးဖြစ် ပါရေ။ အောက်ခြီရွတ်အချစ်မျိုး ဖြစ်ပါရေ။ လီးလီးနက်နက် နှစ်နှစ် ကာကာ ချစ်စီချင်ပါရေ။ ချစ်တတ်ဖို့လိုရေလို့ ပြောစွာဖြစ်ပါရေ။ အချင်းချင်းချစ်တတ်တေဆိုကေ အချင်းချင်း အလီးအမြတ်ထားမှု အားကြီးနီပါဖို့။ အမျိုးသီလကို ချစ်တေဆိုကေ ပြောမှုဆိုမှုတိ ပြေ လည်ချိုသာရပါဖို့။ ယင်းစကားအရ စကားအက် ရန်ဖြစ်နီကတ်စွာ ရေ အမျိုးချစ်စွာလားလို့ မီးစရာဟိပါရေ။

ချစ်တတ်မှုအားကြီးကေ စည်းရုံးမှုကို တည်ဆောက်လို့ လွယ် ပါရေ။ မချစ်တတ်လို့ အမျိုးသားစည်းရုံးမှုကြီး ပြိုပျက်နီစွာ ဖြစ်ပါ ရေ။ ချစ်တတ်ပျာဆိုကေ တန်ဖိုးထားတတ်လှာပါရေ။ တခုခုကို တန်ဖိုးထားတတ်လှာကေ ထိန်းသိမ်းစောင့်ရှောက်လိုစိတ် ခိုင်မာ လှာပါရေ။ တန်ဖိုးထားလီ စောင့်ရှောက်မှုပိုလှာလီ ဖြစ်ပါရေ။ အ ထူးထူးသော ကျမ်းတိကို ဖွင့်နီဖို့မလိုပါ။ ငါ တန်ဖိုးဟိရေ ရခိုင်တ ယောက်လား မီးချင်ကေ ချစ်တတ်တေလား၊ မူမှန်အချစ်လား လို့ရာ စိစစ်ကြည့်ပါ။ မူမှန်ချစ်တတ်ပျာဆိုကေ ရက္ခိုတဆိုရေပုဒ်က သွယ် ဆင်းရေ မူမှန်ရခိုင် တနည်း တန်ဖိုးဟိရခိုင်တယောက် ဖြစ်ပျာလို့ ယုံကြည်လို့ ရပါရေ။

မူမှန်ချစ်တတ်ဖို့ ဇာလိုလေး။

ယင်းမီးခွန်းအတွက် ဆက်ရီးပါမေ။ အထက်မာ ဖေ့စ်ဘုခ်ပို့စ် တခုဇ္ဇ နောက်ဆက်တွဲအရိပ်အခြည်ကို တင်ပြပနာ ပြောဆိုခပါရေ။

ဖွေ့စ်ဘုခ်ရေ ခေတ်ကြီးမုံဖြစ်ပါရေ။ ရခိုင်ဇာလုပ်နီရေ၊ ရခိုင်ဇာကို လားရေ၊ ရခိုင်တိ ဇာစိတ်ဓာတ်ဟိရေ ဆိုစွာတိရေ ဖွေ့စ်ဘုခ်ကြီးမုံ ပြင်မာ အရုပ်လာပေါ်ပါရေ။ ဖွေ့ဘုခ်မာ ပြောကတ်တေ၊ ဆိုကတ်တေ။ မသိလား သိရေ၊ မတတ်လား တတ်တေ။ ယေရာလေး မူမှန် စာရိတ္တ၊ မူမှန်အကျင့်၊ မူမှန်ပင်ကိုယ်စရိုက် တနည်း မူမှန်ရခိုင်စိတ်ဓာတ် အားနည်းကတ်ပါရေ။ ယေနန့် တယောက်နန့်တယောက် အပြောအဆို အဆင်မပြေ။ နောက်ဆုံးကိုယ့်ဖို့နန့်ကိုယ် အဆင်မပြေ။ လမ်းလားနီယင်း ခလုံးသတ်ကေ ဒေကျောက်ခဲ ငါ့ကို မမြင်လာဆိုပနာ ကျောက်ပစ်တေ စရိုက်မျိုး။ မူမှန်ရခိုင်စိတ်ဓာတ်တိ မဟာသမ္မတရာဇာမင်း နောက်ကို လိုက်ပါလားခကတ်တေ။ နှစ်ပေါင်းနှစ်ရာ ကျော်ပါပျာ။

နှစ်ပေါင်းနှစ်ရာကျော် အနာတိက စိစိကိုက်တေ။ တဆက်ပြီး တဆက်ကိုက်တေ။ တညွှန့်ပြီး တညွှန့်ကျိုးရေ။ ယင်းကြောင့် မူမမှန်ခြီလှမ်းတိ ခြီချင်းလိမ်ကတ်တေ။ ခေတ်ပွင့်လင်းမှုကြောင့် နိုင်ငံရီးစာအုပ်၊ အမျိုးသားရီးစာအုပ်တိ ဖတ်ကတ်ပါရေ။ ဖတ်ပြီးကေ ပြောပါရေ။ ပြောရေခါ အင့်နီအက်နီကတ်ပါပျာ။ အထက်မာ ပြောရေပိုင် ကြားခံဖြစ်တေ စာနာစိတ်တိ ပါမလာ။ ခွင့်ရွှတ်နားလည်တတ်မှု၊ သဘောထားကြီးမှုတိ မပါ။ တယောက်ကိုတယောက် အလီးအမြတ်ထားမှုတိ မြီခကြွီကျပနာပါလေး။

အသိအမြင်လောင်းက အကြီးသန်။ ဦးကလေး နင်လားငါလား။ ယေလေး ယင်းလောက်သန်ရေ လောင်းရေ ထိုးချင်ရေဖက်ကိုထိုးလို့ ရောက်ချင်ရေဖက်ကို ရောက်ပနာ ဦးလှည့်မငြိမ်ဖြစ်နီပါရေ။

လောင်းကြီးချင်ပိုင်ကြီးလီ သူ့ကိုထိန်းစွာရေ ပဲ့သျှေတချောင်း ဖြစ်ပါရေ။ နွားဘော်လီကြီး ဖြစ်လီပတ်စီ သူ့ကိုထိန်းစွာရေ နဖားကြိုး သျှေတချောင်း ဖြစ်ပါရေ။ ဗဟုသုတ ဟိချင်ဆီဟိလီ သူ့ကို ထိန်းစွာရေ အသိဉာဏ်ဖြစ်ပါရေ။

ထူးပေါက်သျှေတပေါက်ရေ ရောမဆည်အကြီးသန်ကို ပျက်

စီးဆုံးယှုံးပစ်နှိုင်စွမ်း ဟိပါရေ။

အထက်မာပြောခရေပိုင် အကျွန်ပါးတို့ ရောက်ပါလတ်သူမာ ရခိုင့်လူ့အဖွဲ့အစည်းကြီးနှင့် ထူးပေါက်ကို ရှာဖွီညွှန်ပြသူတယောက် ဖြစ်ပါရေ။ ကလောင်နာမည်က စံလင်း(ဦးရာဇ်မြီ)ပါလတ်။ စာမူနမူနာတခုနှစ်ခု ပြစွာနန့်ပင် သဘောတွိလားပါပျာ။ သူ့စာမူတိကို ဖတ်ကြည့်ရေခါ မူမှန်ရခိုင့်စိတ်ဓာတ်ကို တည်ဆောက်လိုစွာကို တွိရပါရေ။ ရခိုင့်လူမှုသရုပ်သကန်ထဲက အဆီတိကို ညှစ်ထုတ်ပြစွာကိုလေး တွိရပါရေ။ လောကသာရပျို့နောက်ပိုင်း ရခိုင်စာပီလောကမာ မထွန်းကားသီးရေ စာအမျိုးအစား ဖြစ်နီစွာကိုလေး တွိရပါရေ။ အထူးလိုအပ်နီရေ စာအမျိုးအစားတရပ် ဖြစ်ပါရေ။ သူရေ တပည့်ကောင်းတယောက် ဖြစ်လိုပါရေ။ ယေနန့် တပည့်ကောင်းတံဆိပ်ကို လိုချင်လို့ ဆရာကောင်းကို ရှာစွာကိုလေး တွိရပါရေ။ သူရေ ရခိုင့်လူ့အဖွဲ့အစည်းကြီးကို အိုင်ကျူမြင့်စီချင်ပါရေ။ သူ့စာဟန်က ငြိမ်းအီးသလောက် တခါတခါ ပြတ်သားပစ်လိုက်စွာတိက ရဲ့ဝံ့လိုက်တေပင်ကလို့ ဩချစရာ အရိပ်လက္ခဏာတိ တွိရပါရေ။ ကလိုရှိုက်ကွိန်းကို ကျောက်တော်သကြားနယ်ပျာ ကျွေးခါကျွေးလိုက်၊ တခါတခါ ကလိုရှိုက်ကွိန်း ပလိန်းတိတိ ကျွေးခါကျွေးလိုက်နန့် သူ့လုပ်ပုံတိ ဆန်းကြယ်နီပါရေ။ အများစုကတော့ခါ ချိုဆိမ့်လက်ဖက်ရည်အရသာ ဟိပါရေ။ ခေတ်လူငယ်ဖြစ်လို့ အမြင်တိစူးရေ။ ပွင့်လင်းချင်ရေ။ သူက ချစ်တတ်ယောင် ပြောပြရေ။ စောင့်ရှောက်မှုတိ ကျယ်ပြန့်ထွန်းကားချင်ရေ။ သူရေ မိုးထသား လီသွပ်တေ ဦးရာဇ်တောင်ခြီရင်းမာ ပင်ကိုယ်စရိုက်ဖျာသျှောတချပ်ခင်းပနာ ကိုယ့်လူတိနန့် ဝိုင်းဖွဲ့ပြီးကေ အဖန်ရည်သောက်လိုသူ ဖြစ်ပါရေ။ ဦးရာဇ်တောင်က လီအဟုန်ကို အားပြုပျာ ပလက်ဝနန့် အုန်းကျွန်း တရိုးမာ အပြောင်းအပြန် ဝဲပျံမြူးပျော်ချင်သူလို့ ဆိုရပါဖို့။

စံလင်း(ဦးရာဇ်မြီ)ရေ ရခိုင်လူမှုအဖွဲ့အစည်းကြီးနှင့် ထူးပေါက်တိကို ရှာပြထားပါရေ။ ခေတ်အောက်နီရေ အတွေးအခေါ်တိကို တိုးလှန်ပစ်ဖို့လေး ဆော်ဩပါသီးရေ။ စာဖတ်ပရိသတ်က မည်

သည်ပိုင် အကဲခတ်မေတော့ခါ မခန့်မှန်းလိုပါ။ အကျွန်ကတော့ကေ အကျွန့်အတွက် ဒေကမ္ဘာမြီပြင်မာ ဆရာတယောက် တိုးလှာပျာလို့ မှတ်ယူလိုက်ပါရေ။

ဒေစာအုပ်ဇ္ဇ ဆိုးကောင်းကျိုးကြောင်း အသံတိ သင်းပြန့်ဝီဆာပါစီ။

ဒေါင်းရန်

# ကျေးဇူးစကား

ပထမဦးစွာအနီးနန့် အကျွန်ဇွလက်ဦးဆရာဖြစ်တေ မာတာမိခင် ကျေးဇူးသျှင်ဒေါ်မစောဖြူနန့် ကျွေးရေဖခင်ကျေးဇူးသျှင် ဦးမောင်ဘား ကျော် မိဘနှစ်ပါးကို ကျေးဇူထားပါရေလို့ လက်ဆယ်ဖြာကို ထိပ်မာမိုးပျာ နှိုင်းဆမဟိရေ ကျေးဇူတရားတိကို ရှိခိုးကန်တော့ပါရေ။

ဒုတိယအနီးနန့် လိမ္မာမှုမဟိ၊ အတွေးအခေါ်မဟိ၊ ဗဟုသုတအား နည်းရေ အကျွန့်ကို ဇဂုပိုင် အတွေးအခေါ် ဟိလှာယောင်၊ လိမ္မာယိုင် ကျေးလှာယောင် ဆုံးမသွန်သင် ဩဝါဒတိပီးခရေ ဆရာတော် သံဃာ တော်များ၊ ကျောင်းဆရာဆရာမများ၊ အခြားအခြားသော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ၊ ဆရာသမား အားလုံးရို့ကိုလေး အထူးကျေးဇူ ထားဟိပါရေ။ စာအုပ်ကို Editor တယောက်ပုံစံနန့် ကူညီပီးပျာ၊ မလို အပ်စွာကိုပြုပျင်၊ လိုအပ်စွာတိမာ ပြန်ထည့်ဖို့ စေတနာအပြည့်နန့် အကြံ ပြုပီးသူ၊ ညည့်အိပ်ပျက် ဒဏ်တိကိုခံပနာ လူငါးယောက်လောက် လုပ်ရဖို့ စွာကို တယောက်တည်း တာဝန်ယူပနာ မငြိုမငြင်ပဲ စိတ်ရှည်လက်ရှည် ကူညီပီးရေ စာပီအစ်ကို နောင်ခိုင်ပြည် ကိုလေး အထူးကျေးဇူထားပါရေ။

'မူမှန်ရခိုင့်စိတ်ဓာတ်' ဆိုရေဂေါင်းစီးနန့် အမှာစာရီးပီးရေ အစ် ကို ဒေါင်းရန် ကိုလေး အထူးပင် ကျေးဇူထားပါရေ။

ပါဠိစာပီနန့် ပတ်သက်လို့ အကူအညီလိုကေ အချိန်မအားကေ လေး အချိန်မရွီးရယောင် ရှာပီးရေ အသျှင်သုမင်္ဂလ (မဟာချူလာတက္က သိုလ်၊ ဘန်ကောက်) ကိုလေး လှိုက်လှိုက်လှဲလှဲ ကျေးဇူထားပါရေ။

စာအုပ်လုပ်နီတုန်းမာ တွိဆုံရပြီးကေ စာပီကဏ္ဍနန့် ပတ်သက် လို့ အများကြီးဆွေးနွေးဖော်ရသူ၊ စာပီသမားအချင်းချင်း ဝိုင်းဝန်းကူညီလို စိတ်ထားပျာ အမှာစာရီးပီးထားရေ ကဗျာဆရာ ဟေမန်ခိုင်(တိန်ညို)ကို လေး အထူးကျေးဇူထားပါရေ။

စာလုံးပေါင်းသတ်ပုံ လိုအပ်ချက်သျှေတိကို ဖြည့်စည်းပီးခရေ ကဗျာဆရာမသျှေ ဂျန်မိုးစက်သျှေကိုလေး အထူးပင်ကျေးဇူထားပါရေ။

အကျွန် ကြိုးစားပမ်းစား ရီးသားထားရေ ဒေစာအုပ်ကို ဖတ်ရှု အားပီးကတ်ဖို့ဖြစ်တေ စာပီဝါသနာသျှင်နန့် စာချစ်သူ စာဖတ်ပရိသတ် ရို့ကိုလေး တင်ကြိုပြီးကေ အထူးပင်ကျေးဇူထားပါရေ။ ။

စံလင်း(ဦးရာဇ်မြို)

## စာရေးသူ့ဝန်ခံစကား

စောအုပ်ရေ အကျွန်ဇ့ပထမဦးဆုံး စာအုပ်တအုပ်ဖြစ်ပါရေ။ အကျွန်ရေ အတွေးအခေါ်ပညာသျှင် (Philosopher)တယောက် မဟုတ်ပါလို့ ဝန်ခံပါရေ။ ယေဒါလေး အကျွန်ရေ အတွေးအခေါ်သ မားတယောက် ဖြစ်ပါရေ။ လူဆိုစွာ စိုင်းစားတွေးခေါ်တတ်တေ သတ္တဝါတိ ဖြစ်ပါရေ။ အကျွန်ရေ မိမိတွေးခေါ်လိုက်တေ အတွေးအ ခေါ်တိကို စိတ်ကူးထဲမာ မထားခပဲ၊ မျှဝီခံစားနိုင်ယောင် ပြင်ပလော ကသို့ ကြိုးစားဖော်ထုတ်နီသူတယောက် ဖြစ်ပါရေ။

စောအုပ်ထဲမာ စာရီးသူဇ့ ဘဝအတွိအကြုံတဆိကေကိုပါ ထည့်ပနာ ရီးထားပါရေ။ ယေပြီးကေ အချို့အကြောင်းအရာတိမာ ဆိုကေ အမှန်ပင် ပုဂ္ဂိုလ်တယောက်ယောက် ဖြစ်ပျက်ခစွာတိကို ရီးထားစွာတိ ဟိပါရေ။ ယေဒါလေး အချို့နီရာတိမာ ပုဂ္ဂိုလ်ရီးရာ အရ ထိခိုက်မည်ကို ကြောင့်ကြစိုးရိမ်ရေအတွက်လည်းကောင်း၊ ပုဂ္ဂိုလ်ရီးရာ တိုက်ခိုက်တေလို့ စာဖတ်သူရို့ အတွေးဝင်မိဖို့စွာကိုလေး ကြောင့်ကြစိုးရိမ်ရေအတွက် လည်းကောင်း မူလနာမည်တိကို ထည့် သွင်းရီးသားခြင်း မဟိပါ။

ပထမဆုံးပြုစုရေ စာအုပ်ဖြစ်တေအတွက်ကြောင့် အမှားအ ယွင်းသျှေတိ ဟိခကေသော်လည်းကောင်း၊ သဘောမတိုက်ဆိုင်စွာ သျှေတိ တွိရကေသော်လည်းကောင်း ခွင့်ရွှတ်ပီးကတ်ပါလို့ မေတ္တာ ရပ်ခံပါရေ။ အထူးသဖြင့် ပြောချင်စွာက စောအုပ်ရေ လူပုဂ္ဂိုလ် ဂိုဏ်းဂဏကို ရည်ရွယ်ပျာ ရီးခြင်းမဟုတ်ပါ။ အကြောင်းတိုက်ဆိုင်လို့ ပုဂ္ဂိုလ်ရီးရာအရ တိုက်ဆိုင်ထိခိုက်မိပါကေ အနူးအညွတ် တောင်းပန်

ပါရေ။ ယေပြီးကေ စာဖတ်သူဇာ့ အတွေးအခေါ်တိနန့် တိုက်ဆိုင်မှု မဟိရေအတွက်နန့် ဝီဖန်အကြံပြုစကားတိ ပြောဖို့ဆိုကေလေး စာရီး သူအနီးနန့် ဝမ်းမြောက်ဝမ်းသာ လှိုက်လှိုက်လှဲလှဲလက်ခံဖို့ အဆင် သင့်ဟိပါရေ။ အပြစ်တင်စကားမဟုတ်သော၊ စေတနာပါသော ဝီ ဖန်အကြံပြုစာတိကို မျှော်လင့်နီပါမေ။

လူဆိုရေ သတ္တဝါရေ မိမိဇာ့အတွေးအခေါ်တိနန့် မိမိရပ်တည် နီထိုင်ကတ်တေ သတ္တဝါတိ ဖြစ်ကတ်ပါရေ။ စာဖတ်သူရို့ဇာ့ အတွေး အခေါ်တိသည်လေး စာရီးသူအတွက် အလွန်ပင် ထိရောက်ပြီး တန် ဖိုးမဖြတ်နိူင်ရေ အတွေးအခေါ်တိ ဟိရေဆိုစွာကို စာရီးသူအနီးနန့် ယုံကြည်လက်ခံပါရေ။

ရခိုင်စာပီပညာသျှင် ဆရာတော် ဇယန္တဗောဓိ ကတောင်မှ ရခိုင်စာရခိုင်စကား စာအုပ်အတွက် အကြိုစကားရီးစွာမာ “ဒေစာ ကို ရီးသူရေ ပြည့်ရေအိုးတလုံး မဟုတ်ပါ။ မပြည့်ရေအိုးဖြစ်လို့ ဘောင်ဘင်ခတ်ပါမေ။ ယင်းကခတ်တေ ရီးစက်ရီမှုန်တိ စာချစ်သူ ကို စိုင်ပါကေ ပြန်လှန်တုံ့ပြန် ပြောနိူင်ပါရေ။ ရိုကျိုးစွာနန့် နားထောင် ပါမေ။ အကြောင်းယုတ္တိဟိရေဆိုကေ လက်ခံသိမ်းပိုက်ဖို့အတွက် ဝန်မလီးပါ။ ပြန်ပြောရေ အတွက်လေး ကျေးဇူးတင်ပါမေ။” ဆိုပနာ ဝန်ခံစကားပြောထားစွာကို တွိရပါရေ။ ယေဇာ့နန့် အကျွန်ရို့ပိုင် စာပီနယ်နိမိတ်မာ အကျွမ်းမဝင်သီးရေ စာရီးသူတယောက်အတွက် အမှားအယွင်းတိပါနီဖို့ဆိုစွာ အထူးတလေ ပြောနီဖို့တောင် လိုမေ မထင်ပါ။

အကျွန်ရေ အသျှေကပင် မြန်မာ(ဗမာ)အခြင်းနန့် ရီးထား ရေ စာအုပ်စာပီတိကို လိလာဖတ်ရှုလာရလို့ ယင်းစာပီလောကနန့် အနီကျနီပါရေ။ စာသျှေပီသျှေ ရီးရေအချိန်မာ ဗမာအခြင်းနန့် ရီးရ စွာကို အကယောင့် အားသန်ရေပိုင်၊ ယင်းလီသံနန့် ရီးရေစာပီတိကို လေး အကျွန့်ရင်ထဲမာ ကကောင်းကြီး ချိုသာနီခပါရေ။ ဇာတွက် ယင်းပိုင် ဖြစ်ရလေဆိုကေ ရခိုင်ပြည်ကြီးရေ သူတပါးလက်အောက် မာ ကျရောက်နီရလို့ ဖြစ်ပါရေ။ ယင်းဇာ့ အကျိုးဆက်ဖြစ်တေ ရခိုင်ပ

ညာသျှင်တချို့ရို့ဇွ စာအုပ်စာပီတိလေး ကိုးဆယ်ရာခိုင်နှုန်းကျော်စွာ ဗမာပိုင် ရီးကတ်ပါရေ။ ယင်းပိုင် နည်းအမျိုးမျိုးကြောင့် မြန်မာစာပီနန့် အထူးကျွမ်းဝင်နီကတ်ရပါရေ။ အကျွန်လေး ယင်းပိုင် အညွှန့်ချိုးဖြတ်ခံတယောက် ဖြစ်ပါရေ။ ယေခါ လောင်းရိပ်ကျအတွေးနန့် ဇာအုပ်ကို ပထမဦးစွာ ဗမာပိုင်ရီးဖို့ စိတ်ကူးမိခပါရေ။

ယေဒါလေး ရခိုင့်စာပီလောကကို တဆိကေ ချောင်းကြည့်လိုက်တေခါ၊ ရခိုင့်ဘာသာဗေဒ ပညာသျှင်ရို့ရေ မိမိရို့ဇွ စာပီအမွီအနှစ်တိကို အခိုးခံလိုက်ရသည်က ပျောက်ကွယ်လုနီးပါးဖြစ်နီရေ မိမိရို့ စာပီဘာသာရပ်တခုကို အပင်ပန်းခံ၊ အနစ်နာခံပနာ ပြန်ပျာအသက်သွင်းလှာကတ်စွာတိ၊ ရခိုင့်စာပီယိုင်ကျေးမှုနန့် အလှမ်းဝီးနီရေ စာပီဝါသနာသျှင် လူကြီး၊ လူငယ်တိအတွက် အချိန်၊ လူ၊ ဒင်္ဂါး၊ အစဟိသည်ဖြင့် ပီးဆပ်ပနာ စိတ်ပါလက်ပါ ကြိုးစားရုန်းကန်နီကတ်စွာကို ဝမ်းသာအားရနန့် တွိလိုက်ပါရေ။ အထူးသဖြင့် ဒေဖက်ခေတ်နှစ်ဆယ့်တစ်ရာစုပိုင်းမာ ရခိုင့်စာပီလောကရေ အယင်ကထက်ပိုပနာ အသက်ဝင်လှာစွာကိုလေး ဂုဏ်ယူဖွယ်ရာ တွိလှာရပါရေ။ ယေနန့် အကျွန်လေး ယင်းပညာသျှင်ရို့ ထမ်းဆောင်နီကတ်တေ သမိုင်းပီးတာဝန်တိထဲက  တနိုင်တပိုင် ထမ်းဆောင်သင့်ရေလို့ အတွေးတစ ဝင်ရောက်လှာပါရေ။ ယင်းအတွက်နန့် ဇာအုပ်ကို မိမိတတ်နိုင်လောက်တေထိ ရခိုင့်မူ၊ ရခိုင့်ဟန်နန့်ရီးဖို့ ဆုံးဖြတ်ချက်ချလိုက်ပါရေ။

ယင်းပိုင် ဆုံးဖြတ်ချက် ချလိုက်တေအချိန်မာ အကျွန်ရေ ရခိုင့်မူ ရခိုင့်ဟန်နန့်ရီးဖို့ ရခိုင်စာလုံးပေါင်းသတ်ပုံက အခက်အခဲဖြစ်နီစွာကို သတိထားမိလိုက်ပါရေ။ အထူးသဖြင့် စာပီအသိုင်းအဝိုင်းနန့် အလှမ်းဝီးသူ တယောက်ဆိုခါ ဇာအုပ်ကို ရီးဖို့အတွက် ဇာသူ့ပါးက အကူအညီတောင်းလို့ တောင်းရမှန်းမသိပဲ ကောင်းကောင်းပင် အခက်အခဲ ဖြစ်ရပါရေ။ ယေပြီးကေ အကျွန်ရေ ရမ်းဗြဲဒေသသံနန့် စကားပြောသူတယောက်ဆိုခါ (က်၊ တ်၊ ပ်) (င်၊ န်)ဆိုရေ အသတ်သံတိရေ လီသံမကွဲဖြစ်နီစွာက အဆိုးဆုံးပင်ဖြစ်ပါရေ။ ယင်းပိုင် စာလုံးပေါင်းသတ်ပုံ လိလာရေအချိန်မာ အမှားတိ၊ အား

နည်းချက်တိကို အများကြီးတွလိုက်ရပါရေ။

ယင်းအတွက်ကြောင့် ရခိုင်စာလုံးပေါင်းသတ်ပုံတိနန့် ပတ်သက်လို့ ရီးထားရေ ဆရာတော်ဇယန္တဗောဓိ(ပန်းအောင်)ဇွ ရခိုင်စာ ရခိုင်စကား (ဇာပိုင်ရီးလို့ ဇာပိုင်ပြော) စာအုပ်၊ ဆရာကြီး မောင်ဗသိန်း ရီးရေ ရခိုင်စာအရီးအသားနန့် ပြဿနာများ စာအုပ်တိက စာလုံးပေါင်းသတ်ပုံတိကို အချိန်ယူပနာ လိလာရပါရေ။ ယေပြီးကေ လုပ်ဖော်ကိုင်ဖက်ဖြစ်တေ မိတ်ဆွိရို့ဇွ အကြံပြုချက်တိကိုလေး တောင်းခံပနာ သူရို့အကြံပြုစွာကို လက်ခံစွာခံ၊ လက်မခံစွာကို လက်မခံနန့် အချိန်အများကြီး ယူရပါရေ။

စာရီးသူရေ စာပီလောကသားတိနန့် အကျွမ်းတဝင် မဟိရေခါ စာရီးရစွာတိ၊ စာပီလိလာရစွာတိလေး အမှန်ပင် အခက်အခဲတိ မကန်ကြုံတွိရပါရေ။ နောက်ပိုင်း အစ်ကိုတယောက်ပိုင် ခင်မင်ရင်းနှီးရေ အစ်ကိုခိုင်ဝံသဇွ မိတ်ဆက်ပီးမှုနန့် စာပီလောကသားတယောက်ဖြစ်တေ နောင်ခိုင်ပြည်နန့် စတင်ရင်းနှီးပနာ ယင်းအစ်ကိုပါးက အကြံဉာဏ်သျှေတိကိုယူပျာ မှားစွာတိကိုပြုပျင်၊ လိုအပ်စွာတိမာ ဖာထည့်နန့် နှစ်လကျော်လောက် အချိန်ယူရပါသီးရေ။

စာရီးသူရေ ရခိုင့်စာပီလောကမာ ပေါက်စသျှေတယောက်ပိုင် စာပီအတွိအကြုံ အလွန်နုနီသီးရေ အတွက်ကြောင့် ရခိုင်စာလုံးပေါင်းသတ်ပုံအမှားတိ၊ အချို့အရီးအသားအမှားတိကို စာဖတ်သူရို့ တွိကောင်းတွိမိပါကေ စာဖတ်သူရို့အနီနန့် သဘောထားကြီးကြီးနန့် ပြုပျင်ဖတ်ယူဖို့ကိုလေး မေတ္တာရပ်ခံ တောင်းဆိုလိုက်ပါရေ။

သာစွလေပါ . . .

စံလင်း (ဦးရာဇ်မြို)

# နိဒါန်း

အကျွန်ရို့ရေ လောကသို့ စတင်ရောက်ဟိလှာပြီး ကောင်းမကြာခင်မာပင် ကိုယ်ပိုင်ပင်ကိုယ်စရိုက်နန့် ဝါသနာကို အရင်းခံပနာ စကားပြောဆိုလှာကတ်ပါရေ။ ယင်းပိုင် စကားပြောခြင်းကို ကြည့်ပနာ ဒေလူ၊ ဒေပုဂ္ဂိုလ်ရေ ဇာစရိုက်ဟိရေလို့ ပတ်ဝန်းကျင်က ခန့်မှန်းပြောဆိုကတ်ပါရေ။

လူကြီးမိဖတိဆိုကေ လူငယ်ရို့ဇွ ပြောပုံဆိုပုံ၊ နီပုံထိုင်ပုံ လက္ခဏာကို ကြည့်ပနာ ဒေသူသျှ၊ ဒေမသျှ ရို့ရေ တည်ငြိမ်အီးချမ်းရေ၊ လိမ္မာယိုင်ကျေးရေ၊ ကြိုးစားလိုစိတ်ဟိရေ၊ ဇာပိုင် ပင်ကိုယ်စရိုက် ဟိရေလို့ ပြောဆိုကတ်တေ။ ယင်းအတွက်နန့် ငါရို့တိရေ သူရို့ဇွ ဘဝအောင်မြင်တိုးတက်ဖို့အတွက် ဆောင်ရွက်ပီးရဖို့၊ လမ်းဖွင့်ပီးရဖို့၊ မြှင့်တင်ပီးရဖို့ အစဟိသဖြင့် ပြောဆိုကတ်စွာကိုလေး တွိရပါရေ။ ယင်းရေ အလွန်ပင် မှန်ကန်တည့်မတ်ရေ အတွေးအခေါ်တခုဖြစ်ပါရေ။

အကျွန်ရို့ရေ မိမိရို့ဇွဝါသနာကို အရင်းခံပနာ စကားပြောသူဂျည်းရာ ဆိုစွာကို တွိကတ်ရပါလိမေ။ ဒေါသကြီးသူရို့ရေ ပတ်ဝန်းကျင်နန့် မသင့်မြတ်ပဲ ထိခနဲဆိုကေ ဒေါသထွက်လှာတတ်တေ၊ ရန်လိုစိတ် ဟိကတ်ပါရေ။ အတ္တကြီးသူရို့ဆိုကေ စကားပြောရာမာ ကိုယ့်ပြောစကားရေ အမှန်တရား၊ ကိုယ်ရာ အနိုင်ဖြစ်ရဖို့၊ ယင်းပိုင်ပုံစံနန့် စကားကို လီသံကြမ်းတမ်းစွာနန့် ပြောဆိုလိဟိပါရေ။ အနိုင်မရမချင်း ငြင်းခုံတတ်တေ။ တဖက်လူကို နားလည်ပီးနိုင်မှု၊ သည်းခံခွင့်လွှတ်နိုင်မှုစွမ်းရည် အားနည်းပါရေ။ ယင်းရေ အတ္တကြီးသူရို့ဇွ စရိုက်

လက္ခဏာဖြစ်ပါရေ။

ဘ၀မာ အောင်မြင်လိုစိတ်ဟိသူရို့ ဆိုပြန်ကေလေး သူရို့ရေ တချိန်ချိန်မာ တခုမဟုတ်ကေ တခုကိုရယောင် ကြိုးစားရှာဖွိနီကတ်တေ။ ရှုန်းကန်လှုပ်ယှားကတ်တေ။ ဒေါသကို ရှိကမထားပဲ၊ တည်ငြိမ်ရေ အပြုအမူနန့် စကားပြောဆိုကတ်တေ။ ကောင်းရေ စရိုက်လက္ခဏာတိ ဖြစ်ပါရေ။

ယေပြီးကေ လူပုဂ္ဂိုလ်တဦးရေ လုပ်ငန်းတခု သို့မဟုတ် အတွေးအခေါ် တရပ်ကို တည်ဆောက်ဖို့၊ ပြုပျင်ပြောင်းလှယ်ဖို့ ဆိုပြန်ကေလေး မိမိရို့ဇွ အပြောအဆိုကို အယင်ပြောင်းလှယ်ကတ်ရပါရေ။ ယင်းပိုင် စကားပြောစွာကို ပြောင်းလှယ်လိုက်ပျာဆိုစွာနန့် 'စကားပြောခြင်းက ပင်ကိုယ်စရိုက်သို့' ဆိုရေ ဂေါင်းစီးအတိုင်း၊ လူတယောက်ဇွ စရိုက်လက္ခဏာနန့် အနီးအထိုင်သည်လေး အလိုလို ပြောင်းလှယ်လှာပါရေ။

ယင်းအတွက်နန့် လူတယောက်ဇွ ပင်ကိုယ်စရိုက်ကို သိချင်ရေဆိုကေ စကားပြောခြင်းကို ကြည့်ပနာ ခန့်မှန်းနိူင်ပါရေ။

စံလင်း (ဦးရာဇ်မြီ)

## (၁)
## အပြောအဆိုနန့် ပင်ကိုယ်စရိုက်

ရုပ်သည် စိတ်၏ ထွက်ပေါက်။
စကားသည် စရိုက်၏ဆရာ။
စရိုက်သည် စိတ်၏ စီရာ။

## ၁(၁)
## ကျွန်းလေးနန့်စာမတတ်သူများ၊ ဆင်းရဲနွမ်းပါးသူများကို အကြမ်းအားဖြင့် လိုလာကြည့်ခြင်း

အကျွန်ရို့ပတ်ဝန်းကျင်မာ တွိရတတ်တေ ပင်ကိုယ်စရိုက် အချို့ကို တဆိချေလောက် ဆွေးနွေးကြည့်ကတ်ပါမေ။

အကျွန်ရို့နီထိုင်ရေ ပတ်ဝန်းကျင်မာ ပင်ကိုယ်စရိုက်တိရေ တမျိုးနန့်တမျိုးမတူ တယောက်တခုစီ ကျင့်သုံးနီကတ်တေ။ အချုပ်အားဖြင့် စရိုက်နှစ်မျိုး ဟိရေလို့ ဆိုရပါဖို့။ ယင်းမာ ကြမ်းတမ်းရေ အပြုအမူ(Rude)နန့် ယိုင်ကျေးရေအပြုအမူ(Polite) ဖြစ်ပါရေ။ နောက်တနည်းအားဖြင့် လှုပ်ယှားရေ အပြုအမူ(Active)နန့် ငြိမ်သက်တေအပြုအမူ (Passive)။ ဒေအပြုအမူတိရေ စိတ်၏ထွက်ပေါက်တိ ဖြစ်ကတ်တေ။

ဒေအနားမာ အကျွန်ရို့တဆိကေလောက် ဖြန့်ပနာ တွေးကြည့်ကတ်ပါမေ။ ကြမ်းတမ်းရေအပြုအမူစွာ များသောအားဖြင့် ဆင်းရဲနွမ်းပါးရေ အသိုင်းအဝိုင်းနန့် စာမတတ်တေ အသိုင်းအဝိုင်း

တိမာ တွိရတတ်ပါရေ။ ဆင်းရဲသူရှို့ရေ သူရှို့ဇွဘဝ ရှင်သန်ရပ်တည် ဖို့အတွက်၊ သူရှို့ရေ ကြမ်းတမ်းရေ ဘဝနီထိုင်မှုနန့် အသက်မွီးကတ်ရ ပါရေ။ ယင်းပိုင် ကြမ်းတမ်းရေ ဘဝရပ်တည်မှုနန့် ရှင်သန်နီထိုင် ယင်း သူရှို့ဇွစိတ်သည်လေး အလိုအလျောက် ကြမ်းတမ်းလို့လာပါ ရေ။ စိတ်ကြမ်းလှာပျာဆိုစွာနန့် ရုပ်လေးကြမ်းလှာပါရေ။ ရုပ်သည် စိတ်ဇွ ထွက်ပေါက်၊ နောက်တနည်း 'စိတ်ကြမ်းလူကြမ်း' ဆိုရေသ ဘောမျိုး။

ယင်းပိုင် စိတ်ကလေး ကြမ်းလှာပျာဆိုစွာနန့် ရုပ်ရေ နူည့်ဖို့ မလွယ်ပါ။ ယင်းပိုင်ဆိုကေ သူရှို့ဇွ ပင်ကိုယ်စရိုက်တိရေ သူ့အလိုလို ကြမ်းတမ်းယင်းကြမ်းတမ်းလို့ လာစွာကို တွိရရေ။ သူရှို့ဇွဘဝ တာ ရှည်ရှင်သန်နီဖို့အတွက် သူရှို့ဇွ ပင်ကိုယ်စရိုက်တိကိုလေး အခြီအနီ နန့် လိုက်ဖက်ညီယောင် သူရှို့ကိုယ်တိုင် ကျင့်ကြံရပါရေ။ ယင်းပိုင် ရုပ်ကြမ်းလှာရေဆိုစွာနန့် အပြောအဆိုကလေး ကြမ်းတမ်းလှာကတ် တေ။

အပြောအဆိုကြမ်းတမ်းလှာစွာနန့် တဆက်တည်းမာပင် ယင်းပုဂ္ဂိုလ်ရေ သဘာဝပတ်ဝန်းကျင်နန့် ဆက်ဆံရီးပိုင်းဆိုင်ရာမာ ကိုယ့်ကိုကိုယ်အားငယ်ပနာ အရာရာကို လုပ်ကိုင်ဆောင်ရွက်ဖို့၊ ပြောဆိုဆွေးနွေးဖို့ ကိုယ့်ကိုကိုယ်ယုံကြည်မှု (Self-Confidence) မဟိလိုက်ပျာ။ ယင်းပိုင် ကိုယ့်ကိုကိုယ် ယုံကြည်မှုအားနည်းခြင်းဇွ ဆိုးကျိုးရလဒ်ကို သူရှို့ပိုင်ဆိုင်ထားပါရေ။ ယင်းပိုင်ဆိုင်မှုကို ယင်း ပုဂ္ဂိုလ်ရှို့ရေ အမြဲတမ်းထိန်းသိမ်းထားစွာကို တွိရတတ်တေ။ ယင်းရ လဒ်စွာ ဇာလေဆိုကေ အထက်ကပြောခရေ 'စကားပြော ကြမ်း တမ်းခြင်း' ပင် ဖြစ်ပါရေ။

ယေဒါလေး တချို့လူတိရေ စိတ်ကနူည့်သိမ်မွိပနာ စရိုက် လက္ခဏာရေ ကောင်းကောင်း ကြမ်းတမ်းနီစွာကို စာဖတ်သူအနီနန့် တွိကောင်းတွိဖူးပါလိမေ။ ယင်းပိုင်ဆိုကေ ယင်းပုဂ္ဂိုလ်ကို ပတ်ဝန်း ကျင်နန့် သဟဇာတမကျသူလို့ ပြောချင်ပါရေ။ ဇာကြောင့် စာရီးသူ အနီနန့် ယင်းပိုင် ပြောရလေးဆိုကေ စိတ်ကနူည့်ပနာ စရိုက်ကြမ်းနီ

ရေ ပုဂ္ဂိုလ်တိရေ သူနီထိုင်ရေပတ်ဝန်းကျင်က အပြုအမူကြမ်း စရိုက်ကြမ်းတိကို နိတိုင်းနိတိုင်း ကြားနီရ၊ မြင်နီရရေခါ မိမိက မကြမ်းချင်ကေလေး ပတ်ဝန်းကျင်က ကူးစပ်တေအတွက် သူ့ဇစိတ်နန့်ရုပ်ရေ အလိုအလျောက် ကြမ်းမှန်းမသိ ကြမ်းနီစွာကို တွိရပါရေ။ ယင်းပုဂ္ဂိုလ်ရေ ယင်းဒေသက အခြားဒေသတခုသို့၊ သို့မဟုတ် လူအများစုနီထိုင်ရာ မြို့ပြဒေသသို့ ပြောင်းလားရေ ဖြစ်စီ၊ မဟုတ်ပဲနန့် ယင်းနီရာမာနီထိုင်ယင်းနန့် ကိုယ့်ကိုကိုယ် တဆိချေလောက် သတိထားပြုပျင်လိုက်ကေ သူ့ဇကြမ်းတမ်းရေ အပြုအမူတိရေ အလိုအလျောက် ယိုင်ကျေးလှာန္ဒိုင်ပါရေ။ ယေဇုနန့် သဘာဝပတ်ဝန်းကျင်ရှိုင်းမာနီထိုင်ကေ ကိုယ့်ပါးကိုလေး ယင်းပတ်ဝန်းကျင်ရှိုင်းတိ ကူးစပ်တတ်ပါရေ။

လုပ်ဖော်ကိုင်ဖက်တယောက်ကို သူ့မွီးရပ်ဇာတိသို့ လည်ဖောင်ပြန်ပါရေ။ ပြန်ရောက်လာရေခါ ဒေမာနီခခါနန့်မတူရေ အပြုအမူနန့် အပြောအဆိုတိ ကူးစပ်ပါလှာစွာကို တွိရပါရေ။ အသျှေခါ စာသင်ရေခါ ကျီးညီနှောင် ဆိုရေ စာတပုဒ်ကို သင်ခကတ်ပါရေ။ ရောက်ဟိလားရေ ပတ်ဝန်းကျင်အလိုက် အပြုအမူတိကွဲပြားကတ်စွာကို တွိရပါရေ။ ယိုင်ကျေးသူပါးသို့ ရောက်လားရေ ကျီးသျှေမာ ယိုင်ကျေးပြီးကေ ရှိုင်းစိုင်းသူပါးသို့ ရောက်လားရေ ကျီးသျှေမာ ရှိုင်းစိုင်းစွာကို တွိရပါရေ။

ကျွန်းကမ်းကလူတိရေ များသောအားဖြင့် အပြုအမူနန့် ပင်ကိုယ်စရိုက်စွာ တဆိသျှေလောက် တင်းမာချင်ရေလို့ ဆိုရပါဖို့။ သူ့ရို့တိရေ နိတိုင်းနိတိုင်း အကောက်အကွိမဟိပဲ ရိုးယှင်းရေအပြုအမူနန့် အသံတိကို ကြားနီရပါရေ။ သူရို့ကြားနီရရေ အသံတိကလေး တိုးတိုးတိတ်တိတ် မဟုတ်ပဲနန့် ကျယ်ပါရေ။ နောက်ဆိုကေ ယင်းအသံတိနန့် ယိုင်လားပနာ ပုံမှန်သမားရိုးကျပိုင် ဖြစ်လားပါရေ။ နောက်ပေါက် မျိုးဆက်သစ်ရို့လေး ရှိကလူတိအတိုင်း နောက်ကလိုက်လားကတ်တေ။ ယင်းပိုင် မျိုးဆက်ပေါင်းများစွာရေ ယင်းကူးစပ်မှုကို ခံစားလှာကတ်ပနာ ယင်းလောကမာပင် သူရို့ဘဝကို ပျော်

ပျော်ကြီး နှစ်မြုပ်ထားလိုက်ကတ်ပါရေ။

ယင်းပိုင် ဘဝရပ်တည်မှု ကြမ်းတမ်းလှာစွာနန့် သူရို့တိရေ ပညာရီးကိုလေး ဂရုမစိုက်ချင်ကတ်ပျာ။ ပညာရီးကို ဂရုမစိုက်ခြင်းနှေ့ ရလဒ်ဆိုးကြောင့် မိမိကိုယ်ကို ယုံကြည်မှုအားနည်းလှာခြင်း၊ အပြော အဆိုအားဖြင့် မှားယွင်းမှုဟိခြင်း၊ အထူးသဖြင့် ပတ်ဝန်းကျင်နန့် စကားပြောဆို ဆွေးနွေးကတ်စွာမာလေး ငါစာမတတ်လို့၊ ငါစကား ပြောဖို့မတတ်လို့ ငါ့ကိုဇာသူကလေး ဂရုမစိုက်ထင်ပနာ သူများက မပြောကေတောင် ကိုယ့်ကိုကိုယ် စိတ်ခံစားမှု(Emotion) ဖြစ်နီပါ ရေ။

အလိမ္မာစာမာဟိ ဆိုစကားပုံအတိုင်း လူသားအားလုံးရေ လောကကသတ်မှတ်ထားရေ ပညာရီးပင်ဖြစ်ဖြစ်၊ လောကက သတ် မှတ်မှုမဟိရေ ပညာရီးပင်ဖြစ်ဖြစ် ကောင်းရေပညာဆိုကေ အားလုံး ကို သင်ယူလိလာထားသင့်ပါရေ။ ဗဟုသုတတဆိသျှ ဆိုကေ တောင် တခုလေးမသိစွာထက် အများကြီးသာပါရေ။ ပညာရီးရေ အရာအားလုံးထက် သာပါရေ။

အထက်ပါ အကျွန့်ပြောဆိုမှုတိအရ ကျွန်းရွာတိက မွီးဖွား လှာသူတိရေ အားလုံးစရိုက်ကြမ်း၊ စာမတတ်၊ ဆင်းရဲသား လူတန်း စားတိရာလား။ ယင်းပိုင်မြင်နီရေပိုင် ဖြစ်နီပါလိမေ။ အကျွန် ယင်း ပိုင် ဆိုလိုခြင်းမဟုတ်ပါ။ ယင်းပိုင် ဆိုလိုရေဆိုကေ အကျွန်ရေ ကျွန်းရွာမာ နီထိုင်သူရို့ကို အထင်သီးနီရေပိုင် ဖြစ်နီပါလိမေ။ ကျွန်း ရွာမာ နီထိုင်သူရို့လေး မိကောင်းဖခင် သားသမီးတိ၊ တတ်သိပညာ သျှင်တိ၊ အလွန်ပင် ယိုင်ကျေးသူရို့လေး ရှိတွက်လို့ မကုန်နိုင်ယောင် ဟိစွာတိကို အားလုံးသိကတ် မြင်ကတ်ပါလိမေ။

# ၁(၂)
# မြို့ပြဓလေ့နန့် စရိုက်လက္ခဏာကို အကြမ်းအားဖြင့် လိလာကြည့်ခြင်း

မြို့ပြလူနီမှုစနစ်ရေ လူထူထပ်ပနာ အစစအရာရာ အလား အလာကပင် ပညာရီးအစ၊ ကျန်းမာရီးအဆုံးဆိုပိုင် အဆင်ပြေပါ ရေ။ မြို့ပြလူနီမှုစနစ်ရေ ကောင်းကောင်း ငြိမ်သက်တေ(Peaceful) လို့ သတ်မှတ်ကတ်ပါရေ။ မြို့ပြလူထုထဲမာ များသောအားဖြင့် စာပီ ဝါသနာသျှင် ပညာတတ်တိနန့် ချမ်းသာကြွယ်ဝသူရို့ နီထိုင်ရာအရပ် ဒေသဖြစ်ပါရေ။

ပညာတတ်အသိုင်းအဝိုင်းနန့် ချမ်းသာကြွယ်ဝရေ အသိုင်း အဝိုင်းရို့ရေ ဂုဏ်သိက္ခာကို အဓိက တန်ဖိုးထားကတ်တေအတွက် သူရို့ရေ အပြောအဆို၊ အနီအထိုင်တိကို သာမန်လူတိထက် ထိန်း သိမ်းကတ်ပါရေ။ ဆင်းရဲသူတချို့ရို့သည်လေး၊ ပညာသျှင်၊ ခနသျှင် ဆိုသူရို့ကို အားကိုးမှီခိုနီကတ်ရရေ အတွက်ကြောင့် သူရို့လေး မိမိရို့ ဆုညံ့လိုက်ကေ ထိုပုဂ္ဂိုလ်တိကို ထိခိုက်လားဖို့စွာကို ကြောင့်ကြလို့ မိမိရို့မာ ရှိုင်းပြချင်ကေလေး သည်းခံပနာ ငြိမ်ငြိမ်သက်သက်နန့် နီထိုင်ကတ်ပါရေ။ ယင်းပိုင် ပတ်ဝန်းကျင်နီထိုင်မှုစနစ် ငြိမ်သက်နီ ရေဆိုစွာနန့် အခေါ်အပြောတိလေး ပြောင်းလှယ်ပနာ ယိုင်ကျေးလှာ ကတ်တေလို့ အကြမ်းအားဖြင့် ဆိုချင်ပါရေ။

ယေဒါလေး တချို့ရေ ပညာတတ်ကေလေး ကိုယ့်ကိုကိုယ် ပညာမာနဖြစ်နီပနာ အလိုလို ဘဝင်မြင့်နီကတ်စွာတိလေး စိတ်မ ကောင်းစရာပင် တွိကတ်ရပါလိမေ။ ချမ်းသာသူတချို့ရို့ဆိုကေလေး ငါချမ်းသာရေဆိုပနာ ကိုယ့်ကိုကိုယ် ဖေသာမာနတက်ပျာ တဖက်လူ ကို လူမှန်းမသိ။ ဆင်းရဲသူများနန့် စကားမပြောချင်ရေပိုင် ပြောချင် ရေပိုင် ဖြစ်နီကတ်စွာကိုလေး စိတ်မကောင်းစရာပင် တွိရပြန်ပါရေ။ မြို့ထက်နီချမ်းသာသူ၊ ပညာတတ်သူ၊ ဆင်းရဲသားတချို့နန့် ပညာရီး အားနည်းသူ တချို့ရို့သည်လေး၊ သာမန်ကျွန်းသား စာမတတ်သူ၊

ဆင်းရဲသူရို့ထက်အများကြီး အပြုအမူနန့် အပြောအဆိုတိရေ ကြမ်းတမ်းနီစွာတိကိုလေး မျက်စိနန့်မမြင်ဝံ့၊ နားနန့်မကြားဝံ့ယောင်ထိဟိကတ်တေ။ နောက်ပြီး ရိုးသားမှုနန့် ပွင့်လင်းမြင်သာမှု အားနည်းစွာတိကိုလေး တွိရတတ်တေ။ စကားပြောဆိုရာမာလေး သူရို့ရေ ငါမြို့ကြီးသား၊ ငါပညာတတ်၊ ငါဖေသာချမ်းသာသူ ဆိုရေသဘောမျိုး အကွန်ဆောင်မှုမျိုးစုံတိနန့် စကားကို ထိုနားတမျိုး၊ ဒေနားတမျိုး အမျိုးမျိုးဆိုပိုင် ပြောလိဟိကတ်တေ။ ယင်းပိုင် စကားကို လှည့်ပတ်ပနာ ပြောနီခြင်းကပင် သူရို့ရေ ရိုးသားမှုမဟိဆိုစွာကို စကားသည်စရိုက်ဇွ ဆရာ၊ တနည်း စကားစကား ပြောဖန်များက စကားထဲက ဇာတိပြ ဆိုရေ ရခိုင့်စကားပုံအတိုင်း သူရို့ဇွဇာတိရုပ်က အလိုအလျောက်ပင် ဖော်ပြနီပါရေ။

ချမ်းသာကြွယ်ဝမှုပျောက်ဆုံးခြင်းရေ ဇာလေး ပျောက်ဆုံးခြင်းမဟုတ်။

ကျန်းမာရီးပျောက်ဆုံးခြင်းရေ တခုခုသျှ ပျောက်ဆုံးခြင်းရာဖြစ်တေ။

ကိုယ်ကျင့်တရားပျောက်ဆုံးခြင်းရေ အရာအားလုံး ပျောက်ဆုံးခြင်းဖြစ်တေ။

ခရူရေ ဖားပိုင် မခုန်နှိုင်ကေလေး ဆင်းရဲနွမ်းပါးသူတိရေ ချမ်းသာသူတိပိုင် အောင်မြင်မှုကိုရဖို့ အခွင့်အရီးဟိပါရေ။ အကျွန်ရို့ရေ လောကမာ အသက်ရှင်နီထိုင်တုန်းမာ ကိုယ့်ဘဝအတွက် အလိုချင်ဆုံး အရာကိုရဖို့ ကြိုးစားရဖို့၊ ပြီးကေ တိုးတက်ကောင်းမွန်လှာမှုကို ရယူဖို့အတွက် ကိုယ့်ပင်ကိုယ်စရိုက်ကို သတိထားပြုပျင်ဖို့ လိုအပ်ပါရေ။

## ၁(၃)
## မြော်ကပင့်စကားဇွ နောက်ကွယ်

ဒေနီရာမာ လူကြီးသုံးယောက်ဖြစ်တေအတွက် ဦးအောင်၊

ဦးလှ၊ ဦးမိုး ဆိုပနာ နာမည်အစားသုံးလို့ ဆွေးနွေးလိုက်ပါမေ။

15,April,2014 သကြ်န်အလယ်နိ လူကြီးဦးအောင်ရေ ရန်ကုန်တိုင်း၊ ဘုရင့်နောင်ပွဲရုံတန်းက ဦးလှရို့အိမ်သို့လားဖို့ အဆင်မပြေဖြစ်နီရေအတွက် အကျွန့်ကိုလာလို့ အကူအညီတောင်းပါရေ။ အကျွန်နန့် အခင်ဦးအောင်ရေ နိုခြင်းသားတနာရီလောက် အရောက်လားကတ်ပါရေ။ ဘုရင့်နောင်က ဦးလှရို့အိမ်သို့ရောက်လို့မကြာခင် အကျွန်ရို့ကိုခေါ်ပျာ သူ့မိတ်ဆွီ ဦးမိုးရို့အိမ်သို့ ဦးလှ့ကိုယ်ပိုင်ကားနန့် ရောက်လားကတ်ပါရေ။ ယင်းအိမ်သို့ ရောက်ရောက်ချင်းပင် အိမ်သျှင်ဦးမိုးက နွီးနွီးထွီးထွီးနန့် ကြိုဆိုလှာပါရေ။ ယင်းမြင်ကွင်းကိုမြင်ရခါ အကျွန့်စိတ်ထဲမာ ကြီနပ်တေပိုင် ခံစားလိုက်ရပါရေ။ ယင်းပိုင်နန့် ဦးမိုးရေ အိမ်ထဲက ဝိစကီပုလင်းနန့်ရီခဲဆိကေကို ထုတ်ယူလှာပနာ ဦးလှနန့်တယောက် တခွက်စီသောက်ပျာ စကားစတင်ပြောကတ်ပါရေ။ ဦးအောင်ကတော့ ပင်ကိုယ်ကပင် အရက်မသောက်တေအတွက် အကျွန်နန့် သူရေ စပြိုက်တယောက်တဗူး သောက်ကတ်ပါရေ။ အကျွန်ကတော့ လူငယ်ဆိုခါ သူရို့ပြောသရွီကို နားထောင်နီလိုက်ပါရေ။

ပထမ ဦးလှကစတင်ပနာ ဦးအောင်နန့် ဦးမိုးရို့ကို မိတ်ဆက်ပီးပါရေ။ ဦးမိုး့ပုံစံကို ကြည့်ရသလောက် တည်တည်ငြိမ်ငြိမ်နန့် လူကြီးလူကောင်းဆန်ရေ ပုံစံတွိရပါရေ။ ဦးလှ့ပုံစံကတော့ သွက်သွက်လက်လက်နန့် ပြုံးပြုံးရွှင်ရွှင်ဟိပါရေ။ သူရို့သုံးယောက်ရေ လူကြီးတိဆိုခါ တယောက်ကိုတယောက် လေးလေးစားစားနန့် ပြောဆိုကတ်စွာကို တွိရပါရေ။ ယင်းပိုင်နန့် ဦးအောင်ရေ သူ့အတွေးအခေါ်နန့် လုပ်ဆောင်ချက်တိကို ပြောဖို့စတင်လိုက်ပါရေ။ ဦးလှရေ ငါးမိနစ်ခန့်လောက် ငြိမ်ငြိမ်သက်သက်နန့် နားထောင်ပြီးကေ စကားထောက်ကတ်ပါရေ။ ဦးအောင်ကတော့ သူပြောရေစကားကို အဆက်မပြတ် ပြောနီပါရေ။ ဦးမိုးမာ နားထောင်ယင်းနန့် ထိုင်နီပါရေ။ ယင်းပိုင်နန့် ဦးလှရေ စကားထောက်ယင်း ထောက်ယင်းနန့် ဦးအောင်ကို မသိမသာမြှောက်ပင့် ပြောလှာပါရေ။ “အင်

ဟုတ်ပါရေ ဦးအောင်ပြောစွာ မှန်ပါရေ၊ အကျွန်လူအများကြီး တွေ့ဖူးပါပျာ၊ အစ်ကိုလောက် ပြောတတ်တေလူ တယောက်လေး မတွေ့ဖူးပါသီး" ဆိုပနာ ပြုံးပြုံးရယ်ရယ်နန့် ပြောနီပါရေ။ ယင်းပိုင် ပြောလိုက်စွာနန့် ဦးအောင်ရေ သူပြောရေ အကြောင်းအရာကို အပဟိန်မြှင့်လိုက်စွာကို အကျွန်နန့် ဦးလှ၊ ဦးမိုးရို့ရေ သိသိသာသာ ကြီး သတိထားမိလိုက်ကတ်ပါရေ။ ပထမခါတော့ ဦးမိုးရေ ငြိမ်ငြိမ် သက်သက် နားထောင်နီကေလေး ဦးအောင်ဇွ စကားပြောကို နား ထောင်ယင်း သူဇွပင်ကိုယ်စရိုက်ကို ဖမ်းမိလိုက်တေပုံ ပေါ်ပါရေ။ ယင်းကြောင့် ဦးမိုးလေး မြှောက်ပင့်စကား စတင်ပြောလှာပါရေ။ အကျွန်ကတော့ မိမိနန့်အတူတူ လာကတ်တေဆိုခါ ဦးအောင်ဇွ အပြုအမူကို တွေ့ရရေခါ စိတ်မကောင်းဖြစ်လှာလို့ အောက်သို့ဆင်းပ နာ ဖုန်းမာဖေသာထည့်ပစ်ခီပါမေ ဆိုပျာ ဆင်းလတ်ပါရေ။ ယင်း ပိုင်နန့် အကျွန်ရေ အောက်မာနှစ်နာရီလောက် လက်ဖက်ရည် သောက်ယင်း ဆိုင်မာထိုင်နီခပါရေ။

ဒေလောက်ကေ စကားပြောလို့ ပြီးလောက်ပျာဆိုရေအထင် နန့် အကျွန်အထက်သို့တက်ပျာ ကြည့်လိုက်ပါရေ။ ဦးအောင်မာ ပြောမြဲတိုင်း၊ ဦးလှနန့်ဦးမိုးက မြှောက်ပင့်ပျာ ရယ်မောနီကတ်ပါ ရေ။ ပထမထက် သူရို့တိ အပဟိန်မြင့်နီစွာကို တွေ့ရလို့ အကျွန်စိတ်မ ကောင်း ဖြစ်မိပါရေ။ ယင်းကြောင့် ဦးအောင်ကို အားနာနာနန့် "အခင် အကျွန်နီလို့မကောင်းပါ၊ လားကတ်ပါဖို့ယာ"လို့ ပြောခါမှ ဦးလှနန့် ဦးမိုးရေ စကားပြောစွာကို ချက်ချင်းတန့်ပျာ "ဧး . . . ယင်းပိုင်ဆိုကေ ကောင်းပါယင့်၊ နောက်မှတွေ့ကတ်ပါဖို့ပျာ၊ အစ်ကိုနန့် အဂုပိုင်တွေ့ရစွာ ကောင်းကောင်း ဝမ်းသာပါရေ၊ အကျွန်ရို့ ရခိုင်လူ မျိုးမာ ဒေအကြောင်းအရာနန့် ပတ်သက်လို့ အစ်ကို့ပိုင် ပြောဖို့တတ် တေလူ၊ အစ်ကိုပိုင် နားလည်ရေလူ အကျွန်ရို့မတွေ့ဖူးပါ" ဆိုပျာ မြှောက်ပင့်လိုက်ပါသီးရေ။ ဦးအောင်ဇွ မျက်နှာအနီအထားရေ ပုံမှန်မဟုတ်ပဲ စကားပြန်ပြောလိုက်ပါသီးရေ။ "ဟုတ်လား အဂ ယောင့်လား" ဆိုပျာ အပဟိန်ပိုမြှင့်ပနာ နောက်ထပ်လေး တွေ့ချင်ပါ

သီးကြောင်း၊ အဂုလေး ဆက်လို့ ပြောချင်ပါသီးကြောင်း နောက်ထပ်လေး အများကြီးပြောစရာတိ ဟိသီးကြောင်းကို စကားမဆုံးနိုင်လောက်ယောင် ပြောနီပါသီးရေ။ ယင်းပိုင်နန့် အကျွန်ရို့တည်းခိုရေမြောက်ဥက္ကလာပသို့ ပြန်ရောက်တေအခါ အကျွန်က ဦးလှကို သတိထားဖို့ ဦးလှနှ့မြောက်ပင့်မှုနန့် စကားသံတိရေ ကောင်းကောင်းသိသာစီပါရေ ဆိုပနာ ဦးအောင်ကို အကြံပြုလိုက်ပါရေ။ ယေဒါလေး ဦးအောင်ရေ အကျွန်နှ့အကြံပီးမှုကို သဘောမကျရေပုံစံကို တွိလိုက်ရလို့ ယင်းအကြောင်းအရာကို အကျွန်နောက်ထပ်မပြောပဲ မျက်ကွယ်ပြုလို့ နီလိုက်ပါရေ။ ယင်းအဖြစ်အပျက်ပြီးနောက် နှစ်လမကြာလိုက်ပါ။ ဦးလှနန့် ဦးအောင်ရို့ရေ တယောက်နန့်တယောက်အတိုက်အခံဖြစ်လားစွာကို အကျွန်စိတ်မကောင်းစရာပင် တွိလိုက်ရပါရေ။

ဇအကြောင်းအရာကို ကြည့်ခြင်းဖြင့် လူတယောက်နန့် အချိန်ကြာကြာ လီးလီးနက်နက် ဆက်ဆံဖို့အတွက် မိမိဇ့ပင်ကိုယ်စရိုက်ကို သတိထားရဖို့လို့ သင်ခန်းစာအဖြစ် မှတ်ယူသင့်ပါရေ။ မိမိသည်လေး ယင်းပိုင် ပုဂ္ဂိုလ်မျိုးနန့်တွိကေ အထက်က ဦးအောင်အတိုင်းမဖြစ်ဖို့ကို သတိပြုသင့်ရေလို့ အကြံပြုချင်ပါရေ။

## ၁(၄)
## Health Coordinator **လုပ်ခါက အတွိအကြုံ**

အကျွန်လိလာကြည့်ရသလောက်ဆိုကေ လူတိရေ ဇာအချိန်မာ ဇာလောက်ပင် စိတ်ရှည်စိတ်ရှည် ကျန်းမာရီးမကောင်း ဖြစ်နီရေအချိန်မာ အနည်းနန့်အများတော့ အလိုလိုစိတ်မရှည်ကတ်စွာကို တွိရပါရေ။ မိမိနီထိုင်မကောင်းခါ ဇာသူပင်လာမီးမီး ကောင်းကောင်းမပြောချင်၊ မဖြည်ချင်ကတ်ပါ။ လိုရင်းကိုရာပြောပနာ ငြိမ်ငြိမ်သက်သက် နီချင်ကတ်တေ။ အကျွန်အပါအဝင် စာဖတ်သူရို့လေး အားလုံးအတူတူပင် ဟိကတ်ပါလိမေ။ ယေဒါလေး အကျွန်ရို့ရေ စိတ်မရှည်ခြင်းအတွက် နီရာဒေသကို ကြည့်သင့်ရေလို့ မြင်ပါ

ရေ။ ဗုဒ္ဓဘုရားသျှင်ကလေး ကာလ၊ ဒေသ၊ အချိန်အခါကိုကြည့်ပနာ ကျင့်ကြံအားထုတ်ဖို့ ပောကြားထားပါရေ။ အကျွန် Health Coordinator လုပ်ခါက အတွိအကြုံတခုကို ပြောပြချင်ပါရေ။

October, 2014 က အစာအိမ်မကောင်းဖြစ်နီရေ လူနာတယောက်ကို မလေးယှား ALD ရုံးမာ တွိပါရေ။ အကျွန်ရို့လေး ရခိုင်ပြည်ကို ကိစ္စတခုနန့် ပြန်လားခီရရေအတွက်ကြောင့် မလေးယှားသို့ နောက်တခေါက် ပြန်ရောက်ခါစ ဟိပါသီးရေ။ သူရေ UN နန့် ချိတ်ဆက်ထားရေ ACTS ဆီးခန်းမာပြထားရေလို့ လုပ်ဖော်ကိုင်ဖက်တယောက်က ပြောပြထားလို့ သိရပါရေ။ ထိုလူနာကို ဆီးခန်းက သောက်ဆီးပီးပနာ အစားအစာကိုဆင်ခြင်ဖို့ ထမင်းပျစ် (ဆန်ပြုတ်)စားဖို့လေး မှာလိုက်တေလို့ သိရပါရေ။ လူနာရေ အစာအိမ်ဖြစ်စွာ ကြာလားလို့ အစာမစားစွာ ကြာနီပါပျာ။ လူနာစွာ အစားအစာကို လုံးဝမဆင်ခြင်တောင်မက အကျွန်ရို့သတိပီးစွာကိုလေး မာန်ပါပနာ မကြိုက်တေပုံစံမျိုး မျက်နှာထားတင်းတင်းနန့် အကျွန်ရို့ကို ဆက်ဆံလိဟိပါရေ။ ယေဒါလေး လူနာစိတ်ချမ်းသာယောင်လို့ အကျွန်ရို့ ငြိမ်ခံကတ်ပါရေ။ အကျွန်ရေ ရုံးနန့်အပါးသျှေ TESCO MARKET သို့ စျီးဝယ်ထွက်ယင်း တခါတရီ ဝမ်းညင်ကေ ဇာသူမဆို စားလို့ရယောင်လို့ ကြာဆံထုပ်တတွဲ ဝယ်လှာလိုက်ပါရေ။ အကျွန်ရုံးကိုရောက်လို့ နာရီခွဲမကြာလိုက်ခင်မာပင် ထိုလူနာရေ ချက်ချင်းနှစ်ထုပ်ယူပနာ ချက်လို့ကြိုလို့ သောက်လိုက်ပါရေ။ စားပြီးလို့ ကောင်းမကြာလိုက်ပါ။ နီထိုင်မကောင်းတဆိသျှေ ဖြစ်စပြုလှာပါရေ။ တဆိသျှေနီမကောင်းစွာရာလို့ လူနာအပါအဝင် အကျွန်ရို့လေး ကောင်းကောင်း သတိမထားကတ်ပါ။ ညဇာဖက် ကိုးနာရီလောက်ဆိုကေ အကျွန်ရို့ ထမင်းစားနီတုန်း လူနာရေ လုံးဝမခံနိုင်ပဲ အသက်ယှူကျပ်ပနာ ဆီးရုံသို့ချက်ချင်းလားရပါရေ။ ဆီးရုံသို့ ရောက်စမာ တဆိကေအဆင်ပြေသီးလို့ တိုကီနံပါတ်ယူပျာ အကျွန်ရို့ စောင့်နီကတ်ပါရေ။ ဆီးရုံမာ လူများရေအတွက် သုံးနာရီလောက် စောင့်လိုက်တေခါ လူနာရေ မျက်ဖြူဆိုက်ပနာ သတိမရ

ဖြစ်နီပါပျာ။ ယင်းဟင့်ကို အကျွန်နန့် နောက်တယောက်ရေ ဆရာဝန်ပါးသို့လားပနာ အကူအညီတောင်းပါရေ။ အကျွန်ရို့ရေ နိုင်ငံခြားသားဖြစ်တေအတွက် ဆရာဝန်ရေ ဂရုမထူပဲ အလှည့်ကျလှာလိမေလို့ ပြောပါရေ။

ယင်းကြောင့် အကျွန်ရို့စိတ်ဓာတ်ကျပနာ ဇာလုပ်လို့ ဇာကိုင်ရဖို့လေးမသိ ဖြစ်နီကတ်ပါပျာ။ နောက်ဆုံး လူနာအခြီအနီ လုံးဝမကောင်း ဖြစ်လှာရေခါ အကျွန်ရို့ရေ လူနာထိုင်ထားရေ လူနာထိုင်ခုံ (Wheelchair) ကို အရီးပေါ်အခန်း (Emergency Room) ထဲသို့ အဓမ္မ သွင်းယူလားပါရေ။ ယင်းခါပြီးမှ လူနာရေ Emergency ဖြစ်နီရေအတွက် သူ့ကိုအရီးပေါ် လုပ်ကတ်ပါရေ။ ယင်းပိုင်နန့်လူနာရေ နှစ်ရက်ကြာ သတိမရဖြစ်နီပါရေ။ လူနာသတိရလှာရေခါ သူနာပြုဆရာမသျှေတိနန့် ဆရာဝန်မသျှေတိရေ လူနာကိုဂရုတစိုက်နန့် လာမီးကတ်တေ၊ စမ်းသပ်လိလာကတ်တေ။ ယင်းစွာကို လူနာရေ စိတ်မရှည်ပဲ နိတိုင်းနိတိုင်း ဆရာဝန်မ၊ နာ့စ်မသျှေတိကို စကားကြမ်းကြမ်းတမ်းတမ်း ပြောရေလို့ ဆရာဝန်မတိက အကျွန်ရို့ကို တိုင်ကြားပါရေ။ အကျွန်ပြောချင်စွာက လူနာရေ သူ့ဇကြမ်းတမ်းရေစကားကြောင့် သူ့ဇစရိုက်လက္ခဏာကို ဖော်ပြလိုက်တေလို့ ဆိုချင်ပါရေ။

## ၁(၅)
## အဆိုးမြင်စရိုက်

ငါက ပါးစကပြောစွာရာ၊ စိတ်ထဲမာမဟိ ဆိုရေ အကြောင်း ပြချက်ပီးစွာရေ မှားယွင်းရေလို့ စာရီးသူအနီနန့် တိတိကျကျ ပြောချင်ပါရေ။ ဒေစကားနန့်ပတ်သက်လို့ တဆိသျှေဖော်ပြပါအုံးမေ။

အကျွန်ရေ January, 2014 လောက်ကပင် October, 2014 ထိ လူတယောက်နန့် တတူလက်တွဲပနာ အလုပ်လုပ်ဖူးခပါရေ။ အကျွန်ရေ ယင်းပုဂ္ဂိုလ်နန့် စတွိရေနိကပင် ကြားနီကျဖြစ်တေစကားတိရေ ဇာလူဇာပိုင် အသုံးမကျ၊ ဇာလူက စာမတတ်။ ဇာလူက ရှုးကြောင်ကြောင်နန့်ဆိုရေ အပြောအဆိုတိကို နိတိုင်းဆိုပိုင်

နားမာ မကန်ယောင် ကြားနီခရပါရေ။ နောက်ကြာလှာစွာနန့်အမျှ ယင်းစကားတိရေ အကျွန်ရှို့ပါးစမာ ဟာသတိအဖြစ် Popular ဖြစ်နီခပါရေ။ မိုးထဖက်တခေါက် မဟုတ်ကေ ညဇာဖက်တခေါက် လောက်တော့ခါ အနည်းဆုံး သူဇွ့ပတ်ဝန်းကျင်ကို အပြစ်တင်လိဟိ ပါရေ။ ကိုယ်နီဟန်က တင်းမာပနာ၊ ကိုယ့်ကိုကိုယ် အထင်ကြီးပုံက အထင်းသားပေါ်လွင်နီစွာကို အကျွန့်အနီနန့် စိတ်မကောင်းစရာပင် တွိမြင်ရပါရေ။ ယင်းပုဂ္ဂိုလ်ရေ အကျွန်ဇွဘဝမာ ပထမဆုံးသော အဆိုးမြင်သမားလို့ ပြောချင်ပါရေ။ စကားပြောလိုက်တိုင်း ဘောင် ကျော်ပနာ တဖက်လူကို အလွန်တရာ အထင်သီးတတ်တေလူလို့ ဆိုကေလေး မှားဖို့မထင်ပါ။ ယေဒါလေး ယင်းပုဂ္ဂိုလ်ရေ မိမိမှားရေ လို့ တခါလေး ဝန်ခံဖူးစွာကို မတွိခရပါ။

ဆိုလိုစွာက လူဆိုစွာရေ စိတ်ထဲမာမဟိပဲနန့် ပါးစက ထွက် ကျလှာရေဆိုစွာ လုံးဝမဖြစ်နှိုင်ပါ။ ညည့်အိပ်နီတုန်းမာ ယောင်ပနာ စကားပြောစွာရို့၊ တယောက်ယောက်က နောက်ကနီပနာ ကြီစပ်ပျာ ခြောက်လိုက်လို့ ပါးစကအမျိုးမျိုး ထွက်ကျလားစွာမျိုးတိကို မဆိုလို ပါ။ ယင်းပိုင်မဟုတ်ပဲနန့် ပုံမှန်နီရေ လူတယောက်ရေ မိမိပါးစက ပြောချင်ရေပိုင်ပြောပနာ တဖက်လူကို အလွန်နှိမ့်ချလို့ ပြောပြီးခါမှ ငါယင်းပိုင် ပြောစွာမဟုတ်။ ယေပြီးကေ ငါပြောစွာရေ စိတ်ထဲမာဟိ လို့ ပြောစွာမဟုတ်။ ယင်းပိုင် အကြောင်းပြချက်ပီးစွာရေ ရိုင်းရိုင်း ပြောရကေ အရှုးလို့ သတ်မှတ်နှိုင်ပါရေ။ အရှုးလို့တိတိကျကျ မပြော နှိုင်ကေတောင် ယင်းပုဂ္ဂိုလ်ရေ တခုခုမှားနီရေလူ (Something Wrong) ဖြစ်ပါရေ။ ပုံမှန်လူတယောက်မဟုတ်လို့ တိတိကျကျပြော ချင်ပါရေ။ စရိုက်လက္ခဏာရေ စိတ်ဇွ့စီရာ ဆိုစကားအတိုင်း စိတ်က မခိုင်းပဲနန့် ဇာပုဂ္ဂိုလ်လေး မလုပ်နှိုင်၊ မပြောနှိုင်ပါ။ အဂုစာဖတ်သူ လေး စိတ်ကမခိုင်းပဲနန့် လုပ်ဖူးပါရေလား။ စကားအဖြစ်ကား ပြော ဖူးပါရေလား။ ကိုယ့်ကိုကိုယ် မီးခွန်းထုတ်ကြည့်ကေ အဖြေကို ကောင်းစွာ သိနှိုင်ပါလိမေ။

သာစွလေပါ . . .

## ၂(ခ)
## စကားပြောဆောင်ကျော်ခြင်း

လူ့လောကမှာ လူလို့ဖြစ်လာကေ ပညာတတ်သူဖြစ်ဖြစ်၊ ပညာမတတ်သူဖြစ်ဖြစ်၊ ချမ်းသာသူဖြစ်ဖြစ်၊ ဆင်းရဲသူဖြစ်ဖြစ်၊ လူကြီး၊ လူငယ်အားလုံးသူမှာ ခံစားတတ်တေ နှလုံးသားနန့် တွေးခေါ်တတ်တေ ဦးဏှောက်ပါလာပြီးဖြစ်တေ။ ယင်းကြောင့် မိမိပြောလိုက်တေ စကားတခွန်းရေ တဖက်လူကို ဇာအထိ ထိခိုက်စီနိုင်လေး။ မိမိက အမှတ်မထင်ပဲ ပြောလိုက်တေ စကားတခွန်းရေ တဖက်လူ ဂုဏ်သိက္ခာကို ဇာလောက်ထိ ထိခိုက်စီနိုင်လေးဆိုစွာကို အယင်စိုင်းစားသင့်ပါရေ။ အထူးသဖြင့် ကိုယ်ချင်းစာတတ်ဖို့ လိုအပ်တေ။ ဥပမာ ပြောရကေ ငါပညာတတ်ဆိုပြီး ကိုယ့်ကိုယ်ကို စိတ်ကြီး (Proud)ဝင်ပနာ မိုးမမြင်လီမမြင် တဖက်ကလူကို စိုင်းစားဖို့မလို ဆိုရေပုံစံမျိုးနန့် ပြောချင်ပိုင် ပြောလို့ရရေဆိုပြီး ပြောမိလိုက်ကေ ပညာမတတ်တေလူကို စော်ကားရာ ကျလားပါလိမေ။ ပညာမတတ်တေ လူမာလေး ဂုဏ်သိက္ခာကိုယ်စီ၊ မာနကိုယ်စီဟိကတ်ပါရေ။ ရိုင်းရိုင်းပြောရကေ ပညာတတ်ကတောင် ယင်းပိုင်ပြောကေ ပညာတတ်မဟုတ်တေလူက ပြန်ရိုင်းပစ်လိုက်မေဆိုကေ လောကကြီးမာ ငြိမ်းချမ်းရီးပျောက်လားပါလိမေ။ လောကကို အလှဆင်ချင်သူရို့ရေ လောကနန့်လိုက်ဖက်တေစကား ပြောလိဟိစွာကို ပညာဟိရို့ တတ်သိနားလည်ကတ်ပါရေ။

အကျွန်ရို့တိရေ လူတယောက်ကိုဆက်ဆံရာမာ လူကြီးကို လူကြီးအလျောက်၊ လူငယ်ကို လူငယ်အလျောက် စကားကို ထိန်းပြောလိဟိကတ်တေ။ ယေဒါလေး စကားပြောနည်းပေါင်းများစွာ၊

ဝိဖန်မှုများစွာကို လူ့လောကသဘာဝအတိုင်း ကြုံတွေ့ခံစား လှာကတ် ရပါရေ။ အချို့အချို့စကားတိနန့် အပြုအမူတိရေ တချက်သျှေ အ တိုးအတွင်း မိပျောက်နိုင်ရေပိုင်၊ အချို့အချို့စကားတိ၊ အပြုအမူတိ ကျခါ သီရာထိ ပါလားနိုင်စွာကို တွေ့ရပါရေ။

## ၂(၂)
## သီရာပါ စကားနှစ်ခွန်း

စကားဆိုက်ကျလို့ ရီးလိုက်ပါမေ။ စာရီးသူဇွဘဝကို ဆန္တိ ခြောက်တေပိုင် နောက်ကအမြဲတမ်းလိုက်ပနာ စိတ်ကို နှောင့်ယှက်နီ ရေ စကားနှစ်ခွန်းဟိပါရေ။ ပထမတခွန်းက ‘ဖားကိုတုလို့ ခရူခုန်ချင် ရေ’ လတ်၊ ဒုတိယတခွန်းက ‘ငါကလွဲပြီး တကောင်လေး အသုံးမကျ’ ။ ဒေစကားတိရေ အကျွန်ဇွဘဝမာ သီလားယောင် ပါလားဖို့ ထင်ရ ပါရေ။ တခါတရီ မိထားကေလေး တခါတရီမာ အတွက်ပေါ်လှာ တိုင်း အကျွန်ဇွစိတ်တိ မငြိမ်မသက်ဖြစ်ရပါရေ။ ယေဒါလေး အကျွန် အပြစ်မတင်ပါ။ သင်ခန်းစာရလိုက်တေလို့ သဘောထားပါရေ။

## ၂(၃)
## အားပီးစကားပြောလို့ အသတ်ခံရခြင်း

တခါကဆိုကေ အကျွန်ဇွသူငယ်ချင်းတယောက် ရည်းစားနန့် ကွဲလို့ဆိုပြီးကေ စိတ်ညစ်ပနာ အကျွန်ရို့သူငယ်ချင်းတိ ခါတိုင်းထိုင်နီ ကျဖြစ်တေ ရွာဦးကိုလာပါရေ။ ယင်းခါသူကလေး ထိုပြောဒေပြော နန့် သူပြောချင်နီရေ စကားကိုပြောလှာပျာ။ သူဇွရည်းစားရေ နောက်တယောက်နန့် ခိုးရာလိုက်ပြီးလားရေအကြောင်းကို စိတ်ညစ် ညစ်နန့်ပြောခါ နောက်သူငယ်ချင်းတယောက်က ကိုယ့်သူငယ်ချင်း စိတ်ညစ်နီစွာကိုမြင်ရလို့ အားပီးစကားပြောပါရေ။ သူအားပီးစကား ပြောလို့ မဆုံးခင်မာ ရည်းစားနန့် ကွဲလှာရေဆိုသူက ချက်ချင်းထပျာ လက်သီးနန့်ထိုးလို့ မနည်းကို ဆွဲလိုက်ရပါသီးရေ။ လက်သီးနန့် အထိုး ခံပါဖို့နန့်ရာ၊ သူပြောလိုက်ပုံကလေး “အဝေး သူငယ်ချင်း မင်းအား

မငယ်ကေ့ဝေ၊ လောကမာ မိမတိမကန်ဝေ၊ မင်းကိုယ့်ကိုကိုယ် အထင်သီးဖို့လေးမလို။ တခုတော့ဟိရေ ယင်းမသျှေယူလားစွာ ဆိကေ လွန်ရေ၊ ဇာတွက်လေးဆိုကေ မင်းရို့နန့်ဘဝတူကို ယူလားစွာက မင်းအတွက် ငါရို့လေး စိတ်မကောင်း၊ လီးလီးနက်နက်စိုင်းစား ကြည့်ဖို့ဆိုကေ ငါရို့ပိုင်စပါးရိုင်၊ ဆန်ရိုင်ကို ခြိုကန်ပနာစားလှာရေ အကောင်တိကို ယူလားရေဆိုကေ ပြောဖို့မလို၊ ဒေဂုက” ဆိုပြီးပြော နီတုန်း စကားမဆုံးခင် ‘မင်းက ဇာလောက်ချမ်းသာလို့လေး’ ဆိုပြီး ကေ ရည်းစားနန့်ကွဲလှာသူက လက်သီးနန့်ထထိုးပါရေ။

ယင်းနည်းတူစွာပင် ကိုယ်ပြောလိုက်တေ စကားတခွန်းရေ တဖက်လူအတွက် ဇာလောက်ထိ ထိခိုက်လားပါလေ။ တဖက်လူဇ့ ဂုဏ်သိက္ခာကို ဇာလောက်ထိ ထိခိုက်စီနိုင်လေ ဆိုစွာကို မပြောခင် မစိုင်းစားပဲ ကိုယ့်ကိုကိုယ် Proud ဖြစ်ပနာ၊ ငါသိရေ ငါတတ်တေ ငါပြောစွာမှန်ရေဆိုပြီးကေ ‘ငါသည်သာလျှင် သခင်၊ ငါမှအပ ကိုးကွယ်ရာမဟိ’ ဆိုရေ ပုံစံမျိုးနန့် မိမိပြောချင်ရာကို ပြောရေဆိုစွာ ကောင်းရေအပြုအမူ မဟုတ်ပါ။ အယင်က လူကြီးတိ ပြောလိပြော ထဟိရေ စကားတခွန်းကို လားလို့သတိရမိပါရေ။ ‘ချစ်လေးဒေပါးစ၊ မုန်းလေး ဒေပါးစ’ ပါလတ်။ လောကမာ လူကြီးလူကောင်းဖြစ်ချင် ကေ အပြောအဆိုရေ အဓိကကျရေ အချက်တခုအဖြစ်ပါရေ။ အပြောအဆိုကို ဆင်ခြင်တုံတရားမဟိပဲ မိမိထင်တိုင်းရာ ပြောဖို့ဆို ကေ ယင်းလူရေ ဇာလောက်ပင် စာတတ်စီကာမူ ပညာတတ်ရာဖြစ် လိမေ၊ ပညာဟိ လုံးဝဖြစ်လှာလိမေမဟုတ် ဆိုစွာကို ကိုယ့်ကိုကိုယ် သိယောင် ကြိုးစားစီချင်ပါရေ။

## ၂(၄)
## လူကြီးနန့်လူငယ်ကို ခွဲခြားကြည့်ခြင်း

လူတယောက်ရေ လူကြီးလူကောင်းဆန်ရေ သို့မဟုတ် အလိမ္မာဟိရေ ဆိုစွာတိရေ စကားပြောခြင်းက လာစွာလို့ ယူဆရတမ်း ဆိုကေ ဇာသူမဆို လက်ခံကတ်ပါလိမေ။ ဇာကြောင့်လေးဆိုကေ

အကျွန်ရို့ နီထိုင်ရေပတ်ဝန်းကျင် အသိုင်းအဝိုင်းတိမာ ကြည့်လိုက်ကေ လူကြီးလို့ သတ်မှတ်ခံထားရရေလူတိရေ စကားကို ဆင်ဆင်ခြင်ခြင် ပြောလိပြောထ ဟိကတ်စွာကို အားလုံးသူ တွိမြင်ကတ်ရပါလိမေ။ ဒေစကားကို ငါပြောလိုက်တေအားဖြင့် နောက်ဆက်တွဲဇာဖြစ်လှာဖို့လေးဆိုစွာကို အယင်စိုင်းစားသင့်ပါရေ။ ကိုယ်ပြောလိုက်တေစကားရေ ဘောင်မကျော်ယောင်အတွက် တည်တည်ငြိမ်ငြိမ် ပြောတတ်ရပါဖို့။ အကယ်လို့ လူကြီးတယောက်ရေ ကိုယ့်ကိုကိုယ်လေး လူကြီးလို့ သတ်မှတ်ထားရေ၊ ပတ်ဝန်းကျင်ကလေး တရင်းတနှီးမနီဖူးကေလေး လူကြီးပုံစံမျိုးနန့် ဂရုဂါရဝ (Respect)ထားပနာ ဆက်ဆံပီးကတ်တေ။ ယေကေလေး ယင်းလူကြီးနန့် အနီးကပ်ပေါင်းဖူးသူ၊ နီထိုင်ဖူးသူ ဟူသမျှရေ အမိပ္ပါယ်မဟိပိုင်ယှောင် ခံစားမှုတိနန့် နောက်ဆုံးမာ ယင်းလူကြီးနန့် လမ်းခွဲရရေဆိုကေ ယင်းလမ်းခွဲသူ အများစုရေ စာမတတ်လို့လား။ အသက်ငယ်ကတ်လို့ ဆုံးဖြတ်ချက် မှားယွင်းမှုတိကြောင့်လား။ မဟုတ်ပဲ လူကြီးဇွအတ္တ (Selfish) ကြောင့်လား။ ဒေပိုင် စိုင်းစားစရာတိ ဖြစ်လှာပါရေ။

လူငယ်ကိုးဆယ်ရာခိုင်နှုန်းရေ စိတ်မြန်ရေ၊ ဆုံးဖြတ်ချက်မြန်ရေ။ အလုပ်လုပ်တေ အချိန်တိုင်းမာ မိမိဇွဆန္ဒကို ရှိတန်းတင်ပျာ အလျင်အမြန်ဆိုပိုင် ဆုံးဖြတ်ချက်ချတတ်ကတ်တေ။ ယင်းကြောင့် တခါတရီမာ အောင်မြင်မှုကို ရတတ်တေပိုင်၊ တခါတရီမာ ဆုံးဖြတ်ချက်တိ မှားယွင်းပနာ ကံမကောင်းရေ အတွိအကြုံ (Unfortunate Experience) တိနန့် လမ်းမှားသို့ ရောက်တတ်စွာ များပါရေ။

ယေကေလေး လူတိုင်းကို မဆိုလိုပါ။ တချို့လူငယ်တိဆိုကေ လူကြီးတယောက်ထက်ပင် အတွိအကြုံရင့်ကျက်ပနာ စကားပြောသိသပ်စွာတိကို တွိရပြန်ပါရေ။ ယကေ ယင်းလူငယ်ကို အသျှေလို့ ခေါ်ပါဖို့လား။ လူကြီးမာလေး ကိုးဆယ်ရာခိုင်နှုန်းရေ အီးဆေးတည်ငြိမ်ပနာ အရာရာကို ဝေါင်းအီးအီးနန့် တည်ငြိမ်ရင့်ကျက်စွာပင် ဆုံးဖြတ်ချက် ချတက်ကတ်တေ။ ယင်းယှင့်သည်ပင် လူကြီးရို့ဇွ အင်္ဂါရပ်တိ မဟုတ်ပါလား။ ယေဒါလေး တချို့လူကြီးတိရေ လူငယ်

တယောက်ထက်ပင် စကားပြော ဘောင်ကျော်တတ်စွာတိ၊ ‘ငါသာ လျှင် အမှန်တရား’လို့ ကိုယ့်ကိုကိုယ် ထင်နီကတတ်စွာတိရေ လူကြီးရို့နှ ရုပ်လက္ခဏာ အသွင်သဏ္ဍာန်နန့် လုံးဝကြည့်မကောင်းစွာကို စိတ်မ ကောင်းစရာပင် တွိမြင်ရပါရေ။

ယင်းပိုင်ဆိုကေ ယင်းလူကိုကား လူကြီးလို့ သတ်မှတ်နိုင်ပါဖို့ လား။ စာရိုးသူအနီနန့် ပြောချင်စွာ တခုတော့ခါ ဟိပါရေ။ အသက် ကြီးပြီးကေ ဗဟုသုတဟိပနာ တည်တည်ငြိမ်ငြိမ်နန့် တဖက်လူကို မနစ်နာယောင် စကားပြောတတ်တေ၊ အရာရာမာ အမှန်တရား ဖက်က ရပ်တည်တတ်တေ၊ မှန်ကန်ရေ ဆုံးဖြတ်ချက်တိကို ချနိုင်ရေ ဆိုကေ ယင်းလူကို လူကြီးလို့ သတ်မှတ်နိုင်ပါရေ။

ယင်းနန့်ဆန့်ကျင်ဖက်ဆိုကေ ထိုလူရေ လူငယ်ရို့ထက် လူ့ လောကမာ အကြာကြီးနီထိုင်ဖူးရေအတွက် လူကြီးလို့ မသတ်မှတ် နိုင်ပဲ လူကြာကြီးလို့ သတ်မှတ်ချင်ပါရေ။ ရိုင်းရိုင်းပြောရကေ အ သက်ကြီးလို့ အတွေးအခေါ် ဗဟုသုဟိရေဆိုကေ လူကြီး၊ အသက် ကြီးလို့ အတ္တကြီးပနာ အတွေးအခေါ် ဗဟုသုတမဟိကေ လူကြာကြီး လို့ ပြောချင်ပါရေ။

## ၂(၅)
## လိမ္မာနီပျာလို့ သတ်မှတ်ရခြင်း

ဥရောပနိုင်ငံသားတိက အသက်ဆယ့်သျှစ်နှစ်ဆိုကေ လိမ္မာ ပျာလို့ သတ်မှတ်ထားကတ်တေ။ အကျွန်ရို့ ဗုဒ္ဓဘာသာအရ ပြောရ ဖို့ဆိုကေ ဗုဒ္ဓဘုရားသျှင်က အသက်နှစ်ဆယ်ဆိုကေ လိမ္မာပျာလို့ သတ်မှတ်ထားခပါရေ။ (ဝိနည်းကျမ်း ဥနဝိသတိဝဿ သိက္ခာပဒ/ ပုဒ်အရ လူတယောက်ရေ အသက်နှစ်ဆယ်ပြည့်ကေ လိမ္မာပျာ၊ ရင့်ကျက်ပျာလို့ ယူဆရလို့ ရဟန်းခံဖို့ မြတ်စွာဘုရားသျှင်က မိန့် တော်မူခပါရေ။)

ဗုဒ္ဓဘုရားသျှင်ရေ လူသတ္တဝါကို ဇာကြောင့် အသက်နှစ် ဆယ်ဆိုကေ လိမ္မာပျာလို့ သတ်မှတ်ခပါလေး။ လိမ္မာရေ ဆိုစွာကား

ဇာကိုခေါ်လေး ဇာကြောင့်သတ်မှတ်ခပါလေး။

လိမ္မာရေဆိုစွာရေ စကားပြောဆိုရာမာ မိမိဇွ စကားရေ over မဖြစ်ယောင် ဆင်ခြင်တုံတရားဟိပနာ အမှားအမှန်ကိုခွဲခြား ပျာ လိမ္မာယိုင်ကျေးစွာ ပြောဆိုတတ်ခြင်း၊ ဇာနီရာကိုပင်ရောက် ရောက် ပတ်ဝန်းကျင်နန့် လိုက်လျောညီထွေစွာ ပြောဆိုနီထိုင်တတ် ခြင်း၊ နိဝါတတရားဟိပျာ ကိုယ့်ကိုကိုယ် Proud ဖြစ်စွာ အားနည်း လှာခြင်း ယင်းလက္ခဏာတိရေ အတိုရုံးအားဖြင့် လိမ္မာလှာပျာလို့ ပြောရကေ မှားဖို့မထင်ပါ။ ယင်းပိုင်ဆိုကေ အဂုစာရီးနီရေ စာရီးသူ သည်ကား အထက်က ရီးထားရေ စာနန့်ကိုက်ညီပါယင့်လား။ အဆို့ နန့် လောကလူသားအားလုံးကား ပြည့်စုံနိုင်ဖို့လားလို့ မီးချင်စရာ မီးခွန်းတိ ဖြစ်လှာပြန်ပါပျာ။ ပွင့်ပွင့်လင်းလင်းဝန်ခံရကေ အကျွန် လေး မပြည့်စုံနိုင်ပါ။ လောကလူသားအားလုံးလေး မပြည့်စုံနိုင်ပါ။ ဇာကြောင့်လေးဆိုကေ လောကလူသားအားလုံးရေ ကိုယ့်ကိုကိုယ် အချစ်ဆုံးဖြစ်နီလို့ ဖြစ်ပါရေ။ ကိုယ်ပြောလိုက်တေစကား၊ ကိုယ်လုပ် လိုက်တေအလုပ်ရေ ထာဝရအမှန်ဆုံးလို့ ယူဆလိဟိကတ်တေ။ ယင်းယှင့်ကို ကိုယ့်ကိုကိုယ် မာနတက်နီရေလို့ ယူဆလို့ရပါဖို့လား။ ယူဆချင်ကေလေး ရကောင်းရပါလိမေ။ ယေဒါလေး ယင်းယှင့်တိ ရေ လောကသဘောတရား (Principle) တိ ဖြစ်နီပါရေ။ ပွင့်ပွင့် လင်းလင်း ပြောရကေ ငါဇာသူ့ကိုအချစ်ဆုံး၊ ဇာပစ္စည်း၊ ဇာဥစ္စာရေ ငါ့အသက်ထက် တန်ဖိုးထားရေ ဆိုစွာရေ စကားအလှ ပြောခြင်းပင် ဖြစ်ကတ်ပါလိမေ။

အဓိကပြောလိုစွာက စကားပြောဘောင်ကျော်ရေဆိုစွာဇွ အဓိက အခြေခံတရားသျှေတိကို အကျွန်စိုင်းစားကြည့်လိုက်တေခါ အချက်အလက်တဆိသျှေ တွိလိုက်ရပါရေ။ ပထမအနီနန့် လူတ ယောက်ကို တွိတွိချင်း ဒေလူဇာသူလေး၊ ဇာပိုင်လူလေး အယင်မီး မြန်းစုံစမ်းခြင်းမဟိပဲ အကြည့်ခက်တေ ပုံစံမျိုးနန့်ကြည့်ပျာ ဒေလူအ ဆွီး၊ စာမတတ်ပီမတတ်၊ ရှုးထီရှုးထား ဆိုရေမျက်လုံးနန့် ကြည့် လိုက်ကေ ချက်ချင်း Negative အမြင်ဖြစ်လားပါပျာ။ ယင်းပိုင်

လူတယောက်ကို အမှားမြင်မျက်လုံးနန့် ကြည့်လိုက်ပျာဆိုစွာနန့် တဆက်တည်းမာပင် စကားပြောဘောင်ကျော်လှာပါရေ။ ဇာကြောင့်လေးဆိုကေ အထက်က ပြောခရေအချက်သျှေတိ ဟိရေလူစွာ အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ အားနည်းရေ လူတိအဖြစ် သတ်မှတ်နိူင်လို့ပါ။

ယေဇုနန့် ယင်းပုဂ္ဂိုလ်ရေ အသိပညာဟိရေလူ၊ အတတ်ပညာဟိရေလူ ဇာသူပင်ပြောပြော မှားသည်ဖြစ်စီ မှန်သည်ဖြစ်စီ လက်ခံပီးရဖို့ဆိုရေအမြင် တခါတည်းဝင်ပနာ စကားကိုရှိမကြည့် နောက်မကြည့် ပြောခြင်းကစပျာ ဘောင်ကျော်လားစွာတိကို တွိရပါရေ။

ဥပမာ အဆွီကိုယ်တိုင် ကိုယ့်မျက်စိရှိမာ အထက်ကအင်္ဂါရပ်တိဟိရေ လူတယောက်ယောက်နန့် တွိလိုက်ပျာဆိုပါဖိ။ အဆွီကိုယ်တိုင်က ဇာမျက်လုံးနန့် ကြည့်ပါဖို့လေး။ Negative အမြင်နန့်ကြည့်ဖို့လား၊ Positive အမြင်နန့်ကြည့်ဖို့လား။ မိမိရေ ပင်ကိုယ်အားဖြင့် ဇာမျက်လုံးမျိုးနန့် ကြည့်လိကြည့်ထဟိပါလေး။ အထူးသဖြင့် ကိုယ့်စကားရေ ကိုယ့်အကြည့်နန့်လေး ကောင်းကောင်းသက်ဆိုင်ရေ ဆိုစွာကို သတိထားသင့်ပါရေ။

သာစွလေပါ . . .

## ၃(၁)
## မိမိ၏ အမှားကို အယင်စိုင်းစားပါ

လူသားတိရေ မိမိဇ္ဇပတ်ဝန်းကျင်မာဟိရေ သားသမီးတပည့် တပန်းရို့ကို သို့မဟုတ် မိမိမဟုတ်တေ တခြားသူတိကို စကားပြော ဆိုရာမာသော်လည်းကောင်း၊ ဆုံးမသြဝါဒပီးရာမာ သော်လည်း ကောင်း၊ အထက်စီးကနီပနာ ပြောဆိုလိဟိကတ်တေ။ ယေဒါလေး သူရို့ရေ မိမိဇ္ဇအမှားနန့် အားနည်းချက်တိကို လျှို့ဝှက်ထားကတ် တေ။ ဒေအပြုအမူတိရေ စာရီးသူ၊ စာဖတ်သူအပါအဝင် နီရာတိုင်း လူမျိုးတိုင်းမာ တွိကတ်ရပါရေ။ ဇာကြောင့်လေးဆိုကေ လူသားတိ ရေ ကိုယ့်အမှားကို မမြင်နိူင်ကတ်လို့ပါ။ ယင်းအပြုအမူရေ သဘာဝ တရားပိုင် ဖြစ်နီပါရေ။ ကိုယ့်အမှားကို ဇာကြောင့် မမြင်နိူင်ကတ် လေးဆိုကေ လောကလူသားအားလုံးရေ ကိုယ့်ကိုကိုယ် အချစ်ဆုံး သတ္တဝါတိ ဖြစ်လို့ပါ။ အမှန်အားဖြင့် လူငယ်တိကို ဆုံးမစကား၊ သို့မဟုတ် အတွေးအခေါ် ထည့်သွင်းပီးဖို့ဆိုကေ ကိုယ်ပြောလိုက် တေ အကြောင်းရင်းရေ မှန်ရေလား၊ မှားရေလား၊ ဒေစကားရေ ဇာအထိအကျိုးသက်ရောက်မှု ဟိဖို့လေးဆိုစွာကို အယင်စိုင်းစားဖို့ လိုအပ်တေလို့ စာရီးသူအနီနန့်မြင်ပါရေ။

## ၃(၂)
## မောင်ငယ်ရင်သွေး စာတတ်တေ

ယင်းအပြုအမူတိရေ မှန်ကန်တည့်မတ်စွာ စိုင်းစားကြည့်ဖို့ဆို ကေ စာရီးသူအနီနန့် မှားရေအပြုအမူ ဖြစ်တေလို့ ပြောချင်ပါရေ။ ယေဒါလေး ‘အမှားလွန်ကေ အမှန်ဖြစ်တေ’ ဆိုစကားအတိုင်း အ

မှားဝှန်ကဲလှာရေခါ ယင်းအမှားတိကို လူတိုင်းဆိုပိုင် အမှန်ပုံစံနန့် လက်ခံလှာကတ်တေ။ အကျွန့်အနီးနန့် ဉပမာတခုအဖြစ် ပြောချင်စွာကတော့ကေ အကျွန်ရို့အငယ်ခါ ဝသျှေတန်း(မူကြိုတန်း) မူလတန်းကျောင်းမာ သင်ခကတ်တေ မောင်ငယ်ရင်သွေး ကဗျာသျှေကို ဆွေးနွေးကြည့်ချင်ပါရေ။ အကျွန်ရို့ ရခိုင်မာဆိုကေ သားသမီး၊ ညီသျှေ၊ နှမသျှေတိ စာမဖတ်တေခါ ထိုအသျှေတိကို 'အဝေး၊ ဟေးနင်ရို့၊ မင်းရို့ ကြီးလှာကေ မောင်ငယ်ရင်သွေးပိုင်ဖြစ်ဖို့ဒေ၊ လားလီစာဖတ်ခီ' ဆိုပနာ စာဖတ်ခိုင်းကတ်စွာကို တွိရပါရေ။ ယကေ အကျွန်ရို့ ဒေနိ မောင်ငယ်ရင်သွေး ပုံပြင်သျှေကို တခေါက်လောက် ပြန်ကြည့်ကတ်ပါမေ။

**မောင်ငယ်ရင်သွေးဆုံးမစာ**

မောင်ငယ်ရင်သွေး
နာဘိသေးလေ့။
ရှေးသရောခါ
ပြည်ဗာရာဝယ်
ကုဋ္ဌေကြွယ်သား
သူဌေးသားလျှင်
သားတစ်ယောက်ဖြစ်
ချစ်၍တစေ
အိမ်မှာနေ၍
စာပေမကျ
မိဖစုတေ
ခန္ဓာရှေ့သော်
အရှေ့အနောက်
တောင်မြောက်ဘယ်မှာ
မသိပါငြား
သူဌေးသားသည်

သိုထားမတတ်
အရပ်ရပ်၌
နှံအပ်ဉစွာ
ရှိသည်ငှာကို
များစွာကျွန်ပေါင်း
မကောင်းခိုးသူ
ယူ၍ပြေးရှောင်
အိမ်ကိုရောင်း၍
ထောင်းထောင်းကြေလျက် ခွက်လက်စွဲကာ
တောင်းစားပါလည်း
နင်သာလူမိုက်
ဒုစရိုက်ဟု
ရိုက်ပုတ်လိုက်ကြ
ရွာမှထွက်လေ
တောမှာသေသည်
ကောင် သေ လင်းတကျ၏တည်း။

အထက်ပါကဗျာကို သုံးသပ်ကြည့်ကတ်ပါမေ။ စာရီးသူအနီနန့် မောင်ငယ်ရင်သွေး စာမတတ်ဆိုစွာကို မမြင်မိပါ။ ဇာကြောင့် လေးဆိုကေ ဒေကဗျာအစ နိဒါန်းပျိုးစွာမာ 'မောင်ငယ်ရင်သွေး၊ နာဘိသေးလေ့၊ ရှေ့သရောအခါ၊ ပြည်ဗာရာဝယ်၊ ကုဋ္ဌေကြွယ်သား၊ သူဌေးသားလျှင်' လို့ဆိုထားစွာကို သီသီသပ်သပ် စိုင်းစားကြည့်ဖို့ဆိုကေ 'အဝေး မောင်ငယ်ရင်သွေး နားထောင်နှန်း၊ ထိုးအယင်ခေါက်ခါက ဗာရာဏသီပြည်မာ ကုဋ္ဌေကြွယ်ဝချမ်းသာရေ သူဌေးသား တယောက်ဟိရေ'။ ယင်းပိုင်ရာ နိဒါန်းအရ အဓိပ္ပါယ်ထွက်စွာကို တွိရပါရေ။ ယေဒါလေး ပထမပြောခရေလူရေ အမှားကို အယင် မစိုင်းစားပဲ 'အဝေး . . . မင်း ကြီးလှာကေလေး မောင်ငယ်ရင်သွေး ပိုင် စာမတတ်ဖြစ်ဖို့ဒေ' လို့ပြောခလို့ နောက်ကလူတိလေး အမှားမှားအယွင်းယွင်းနန့် မောင်ငယ်ရင်သွေး စာမတတ်အဖြစ် သတ်မှတ်

လားကတ်ပါရေ။

စာရီးသူအနီနန့် ပြောချင်စွာက ပုံပြင်ထဲက သူငှီးသားရာ စာမတတ်စွာ ဖြစ်ပါရေ။ မောင်ငယ်ရင်သွေးရေ အဖိုးကြီးပါးသို့ စာသင်ဖို့ ရောက်လှာရေ ကျောင်းသားသျှေတယောက် ဖြစ်ပါရေ။ စာသင်ရေခါ ဆရာလုပ်သူက စာမတတ်သူ သူငှီးသားတယောက်အ ကြောင်းကို ပြောဆိုသင်ပြစွာ ဖြစ်ပါရေ။ ယင်းအတွက်နန့် မောင် ငယ်ရင်သွေး စာတတ်တေလို့ ပြောချင်ပါရေ။

## ၃(၃)
## ခေတ်ဟောင်းအတွေးနန့် ပြောဆိုမှု

တခါကဆိုကေ အကျွန့်ကို လူကြီးတယောက်က ပြောပါရေ။ အဝေး မင်းရို့မိသားစုတိ အတွေးအခေါ် တဆိသျှေလောက် ပြုပျင် ဖို့ လိုရေလို့မြင်ရေ။ ပထမ သူပြောစွာကို အကျွန်သဘောမပေါက်လို့ ပြန်ပနာ မီးကြည့်ဖြစ်ပါရေ။ ဇာဖြစ်လို့ပါလေ အခင် ဇာပိုင်မြင်ပါ လေး။ ထိုလူက ပြန်ပြောပါရေ။ “မင်းရို့မိသားစုတိ အနီအထိုင်နန့် ပတ်သက်လို့ ငါကောင်းသဘောမကျ၊ နောက်ပြီးကေ တယောက်နန့် တယောက်လေး နီကတ်ထိုင်ကတ်စွာရေ ကောင်းကောင်းနီးကပ် အားကြီးရေ။ တယောက်ကိုတယောက် ကောင်းကောင်းအလိုလိုက် ကတ်တေလို့ ငါမြင်ရေ”။ အော် ယင်းခါမှ အကျွန်ရေ ယင်းလူပြော စွာကို သဘောပေါက်လားပါရေ။ မှန်ပါရေ။ ယင်းလူပြောရေပိုင် အကျွန်ရို့ မိသားစုရေ တယောက်ကိုတယောက် ချစ်ချစ်ခင်ခင်နန့် နီကတ်ပါရေ။ အထူးသဖြင့် တယောက်အလိုကို တယောက်က အ တတ်နိုင်ဆုံး အလိုလိုက်ပီးကတ်တေ။ ပွင့်လင်းသင့်သလောက် ပွင့် လင်းကတ်ပါရေ။ ခေတ်ဟောင်းက အယူအဆပိုင် ညီနန့်အစ်ကို၊ သားနန့်အဖ လမ်းမာတွိကေတောင် ယှောင်လားကတ်တေ အကျင့် မျိုး အကျွန်ရို့လက်မခံပါ။ ယင်းပိုင်ဆိုခါ ယင်းလူရေ သူရို့မိသားစု နီစွာထိုင်စွာနန့် လုံးဝဆန့်ကျင်ဖက်ပိုင် ဖြစ်နီကတ်တေဆိုခါ သူ့အနီ နန့် မျက်စိမာတမျိုး မြင်နီရေလို့ ယူဆရပါရေ။

ပွင့်ပွင့်လင်းလင်း ဝန်ခံရကေ ပထမတော့ခါ သူပြောစွာကို အကျွန်မကြိုက်တေအတွက် သူ့ကိုမာန်ပါပနာ ပြောပစ်လိုက်ဖို့ စိတ်ကူးလိုက်ပါရေ။ ယေဒါလေး အကျွန်မပြောခင် အယင်စိုင်းစားလိုက်ပါရေ။ နောက်ပြီး စိတ်ထဲက ကိုယ့်ကိုကိုယ် မီးကြည့်လိုက်ပါရေ။ 'အဝေး မင်း ပြောဖို့သီချာလား၊ မင်း စိုင်းစားနှန်း၊ ဒေလူနန့် ကိုယ့်မိသားစုအကြောင်းကို ငြင်းနီလို့ ဇာအကျိုးသက်ရောက်မှု ဟိဖို့လေး။ မင်းကား တခါလေး ဒေပိုင်ကွက်တိမကျရေ၊ အယူအမြင်စောင်းရေ စကားတိကို မပြောဖူးလား'။ ကိုယ့်ကိုကိုယ် အယင်စိုင်းစားလို့ အပြီးမာ စိတ်ကိုအတတ်နှိုင်ဆုံး အီးယောင်ထားပျာ 'အခင်အနီနန့် ဒေစကားကိုပြောစွာရေ ကောင်းမသင့်တော်လို့ အကျွန်မြင်ပါရေ'လို့ ပြောလိုက်ပါရေ။ ယင်းလူကြီးကို ယင်းလောက်ပြောပနာ ကိုယ့်မိသားစုအကြောင်းနန့် ပတ်သက်ပျာ မပြောလိုက်ပါပျာ။ ဇာကြောင့်လေးဆိုကေ ယင်းစကားကို အကျွန်ရေ ယင်းလူနန့် ဆွေးနွေးဖို့ မလိုအပ်လို့ပါ။ ယင်းလူကြီးပြောလိုရေ အကြောင်းရင်းရေ အကျွန်ရှို့ကို အပြုမြင်သဘောနန့် ပြောစွာဖြစ်ပါရေ။ ယေဒါလေး သူရေ ခေတ်ဟောင်းအစိုင်အလာကို အသီကိုင်ထားရေဆိုခါ ဒေဖက်ခေတ်နန့် အဆင်မပြေချင်ပါပျာ။

အနောက်တိုင်း အတွေးအခေါ်ပညာသျှင် ဒေးလ်ကာနတ်ဂျီ (Dale Carnegie)ရီးထားရေ How to win friends and influence people စာအုပ်ထဲမာ "Befor you say think your own mistake first". 'စကားမပြောခင်မာ အဆွိ့နှ့အမှားကို အယင်စိုင်းစားပါ' ဆိုပနာ ရီးထားစွာကို တွိရပါရေ။ ယင်းနည်းငှင်း ဇာပညာသျှင်၊ ဇာလူကြီးတိကလေး လူများကို အပြစ်တင်လို့ ကိုယ့်ကိုကိုယ် ဂုဏ်မြင့်ယောင် လုပ်လီလို့လေး မှာကြားကတ်လိမေ မဟုတ်ပါ။ တဖက်လူ့နှ့ အမှားတိကို ရှာဖွိပြောတတ်ခြင်းရေ ကိုယ့်နှ့အားနည်းချက်ကို ဖုံးကွယ်ချင်သူတိ ဖြစ်နီစွာကို တွိရပါရေ။ ဇာပိုင်ပင်မဆို အကျွန်ရှို့ရေ တဖက်လူ့နှ့အားနည်းချက်နန့် အမှားတိကိုမပြောခင် ကိုယ့်နှ့အားနည်းချက်နန့် အမှားတိကို အယင်စိုင်းစားဖို့ လိုအပ်ပါ

ရေ။ တခါတရီမာ ယင်းနည်းလမ်းသည်ပင် တဖက်သူကို အနိုင်ရဖို့ အတွက် နည်းလမ်းကောင်းတခုလေး ဖြစ်ပါရေ။

သာစွလေပါ . . .

## ၄(၁)
## လက်ပြနှုတ်ဆက်နိုင်မှု စွမ်းရည်

ဒေလက်ပြနှုတ်ဆက်နိုင်မှုစွမ်းရည်ကို ပြောရဖို့ဆိုကေ အကျွန်အပါအဝင် ပတ်ဝန်းကျင်ကိုပါ တဆိကေလောက် အပြစ်တင်စကား ပြောရဖို့ထင်ပါရေ။ အကျွန်ရို့ပတ်ဝန်းကျင်မာ လူအများစုရေ တယောက်နန့်တယောက် တဆိကေ အယူအဆမှားပနာ အပြောအဆိုမှားလားရေ ဆိုစွာနန့်ပင် တယောက်နန့်တယောက် စကားမပြော၊ လမ်းမာတွိကေလေး ရယ်ပြနိုင်ဖို့စွာကိုထား၊ လက်ပြနှုတ်ဆက်နိုင်မှုစွမ်းရည်တောင် အားနည်းကတ်ပါရေ။ ယင်းပိုင်ဖြစ်ကတ်ရရေ ပြဿနာတိထဲမာ အသီအချာ လိလာကြည့်လိုက်တေခါ နိုင်ငံရီးခံယူချက်လေးမပါ၊ စီးပွားရီးလေးမပါ၊ ပညာရီးအကြောင်းလေးမပါ၊ ဘာသာရီး ပြဿနာလေးမပါ ဇာတခုလေး နစ်နာမှုမဟိပဲ တယောက်ကိုတယောက် အလိုလို ပါဝါပြချင်ကတ်စွာလို့ ဆိုချင်ပါရေ။ ယင်းရေ အလွန်ပင်မှားရေ အလိအထနန့် အပြုအမူလို့ ဆိုချင်ပါရေ။

## ၄(၂)
## မိတ်ဆွီတယောက်ဇှ ဝန်ခံချက်

အကျွန်ဇှ မိတ်ဆွီတယောက်ရေ အကျွန်နန့် မသိမကျွမ်းခင်မာ အကျွန်ဇှညီနန့် ပြဿနာဖြစ်ထားကတ်ပါရေ။ ယင်းဟင့်ကို ပြဿနာဖြစ်စကပင် အကျွန့်ကို လုပ်ဖော်ကိုင်ဖက်တယောက်က ပြောပြထားလို့ အကျွန်ကိုယ်တိုင် သိပြီးဖြစ်နီပါပျာ။ ယင်းမိတ်ဆွီကို အကျွန်ဇှလုပ်ဖော်ကိုင်ဖက်က မိတ်ဆက်ပီးလို့ စကားပြောဖြစ်ကတ်ပါရေ။ ယင်းပိုင်နန့် သုံးလလောက်ကြာလားရေခါ တယောက်နန့်တ

ယောက် ကောင်းကောင်း ရင်းရင်းနှီးနှီး ဖြစ်လားကတ်ပါရေ။ နောက်ပိုင်း ယင်းမိတ်ဆွိကို အကျွန်ရေ သူနန့်ပြဿနာဖြစ်ထားသူဇ္ အစ်ကိုဖြစ်ကြောင်းကို အကျွန်ဇ္လုပ်ဖော်ကိုင်ဖက် ပြောပြလိုက်ပါ ရေ။ ယင်းခါပြီးမှ ယင်းမိတ်ဆွိရေ အံ့ဩပျာ ပွင့်ပွင့်လင်းလင်းဝန် ခံပါရေ။ "အစ်ကိုဖြစ်လို့ အကျွန့်ကို လက်ခံပနာ စကားပြောစွာ၊ အကျွန်ရာ အစကပင် သိပြီးသားဆိုကေ အစ်ကိုကို စကားပြောဖြစ်ဖို့ မဟုတ်ယေ၊ အစ်ကိုဒေပိုင် စိတ်ထားနှိုင်စွာကို အကျွန်ချီးမွမ်းရေ"လို့ ပြောဖူးပါရေ။ အကျွန်အစကပင် ယင်းမိတ်ဆွိနန့် အကျွန်ဇ္ညီပြဿ နာ ဖြစ်ရခြင်းအကြောင်းရင်းကို သုံးသပ်ကြည့်လိုက်တေခါ၊ သူရို့ဖြစ် ကတ်တေ ပြဿနာရေ အသျှေခါ ရန်ဖြစ်တေပိုင် တယောက်ကိုတ ယောက် မာန်ပါခါသတ်ပစ်ကတ်တေ၊ မာန်ပြယ်လားကေ စကားပြန် ပြောကတ်တေပုံစံကို တွိလိုက်ရပါရေ။ ဥပမာအဖြစ် ဆိုကေပြောရ ကေ အဖ၊ အဖချင်း အရက်သောက်ပနာဖြစ်တေ ပြဿနာပုံစံမျိုး၊ အမိ၊ အမိချင်း မာနပြိုင်ကတ်လို့ ဖြစ်တေပုံစံမျိုးနန့် အခြီအမြစ်မ ဟိရေ ပြဿနာမျိုးတိမာ သားသမီးတိလေး ပါဝင်ရဖို့ဆိုရေ ခေတ် ဟောင်း အတွေးအခေါ်မျိုးကို လက်မခံချင်ပါ။ အထူးသဖြင့် လူတ ယောက်ကို ပြုံးပြနှုတ်ဆက်နှိုင်ဖို့နန့် လက်ပြနှုတ်ဆက်နှိုင်ဖို့ အပြုအ မူမျိုးကို လိုလားရေလို့ အကျွန်မြင်ပါရေ။

## ၄(၃)
## အားလုံးကို မရောထွီးပစ်ပါကေ့

တခါက မိတ်ဆွိတယောက်ရေ သူနန့် သူဇ္လုပ်ဖော်ကိုင်ဖက် တယောက်ရို့ လုံးဝစကားမပြော ဖြစ်လားစွာကို ပြောပြဖူးပါရေ။ အကြောင်းက ယင်းပုဂ္ဂိုလ်နန့် အကျွန်ဇ္မိတ်ဆွိရေ စီးပွားရီးအတူတူ တွဲလုပ်ယင်း ယင်းလုပ်ငန်းအပေါ်မာ တယောက်နန့်တယောက် သ ဘောတရားချင်း တိုက်ဆိုင်မှု တထပ်တည်းမကျစွာကို တွိရရေ အ တွက်ကြောင့် ယင်းလူနန့်ဆက်ပျာ လက်မတွဲပဲ သူ့ကိုယ်သူ နှုတ် ထွက်လိုက်ပါရေ။ ယေဒါလေး အကျွန်ဇ္မိတ်ဆွိရေ ယင်းလူကို ယင်း

ကဏ္ဍာနန့် အဆက်အသွယ်မလုပ်ကေလေး အခြားလူမှုရိုးကိစ္စတိနန့် ရောထွီးခြင်းမပြုပဲ မိမိဖက်က နိဝါတတရားကို လက်ကိုင်ထားပျာ ယင်းလူကို နှုတ်ဆက်ဖြစ်ပါရေ။ ယေဒါလေး သူဇွ့နိဝါတတရားရေ အလကားအချည်းနှီးဖြစ်ပနာ တဖက်လူဇွ့ အသိအမှတ်ပြုခြင်းကို မခံရသည့်တိုင်ယောင် ရိုင်းစိုင်းစွာပင် တုံ့ပြန်စွာကို စိတ်မကောင်းစရာ ကြုံတွိခရရေ အကြောင်းကို ပြောပြဖူးပါရေ။

ယင်းအကြောင်းနန့် ပတ်သက်လို့ စာရိုးသူဇွ့ ခံယူချက်ဆိကေသျှ ပြောကြည့်လိုက်ပါအုံးမေ။

အကျွန်ရို့ရေ တယောက်နန့်တယောက် ဘဝရပ်တည်မှုချင်း မတူရေအတွက်ကြောင့်၊ စိတ်ခံစားမှုချင်း၊ သဘောတရားချင်း၊ အကျင့်စရိုက်ချင်း ကွာခြားကတ်ပါရေ။ ယကေပင် တယောက်နန့်တယောက် စကားမပြော၊ နှုတ်မဆက်ဆိုကေ ဇာနီရာမာလေး အဆင်ပြေပြေနီနိူင်လိမေ မဟုတ်ပါ။ ယေပြီးကေ အကျွန်ရို့နီထိုင်ရာ သဘာဝလောကရေ ဇာခါလေး ပျော်ရွှင်မှု၊ ငြိမ်းချမ်းမှု ဆိုစွာကို မရဟိနိူင်ပါ။

အကျွန်ရို့ရေ ဘဝခရီးသည်တိ ဖြစ်ကတ်တေအတွက် တွိဆုံကတ်တေ၊ လမ်းခွဲကတ်တေ၊ အရာပြန်တွိကတ်တေ။ ယင်းပိုင်နန့် ဘဝမာ အကြိမ်ပေါင်းမျှားစွာပင် တွိလိုက်၊ ကွဲလိုက်။ ယေကေ အကျွန်ရို့ တွိဆုံကတ်တေအချိန်မာ တယောက်ကိုတယောက် ချစ်ချစ်ခင်ခင်နန့် လက်တွဲကတ်တေ။ လုပ်ကိုင်ဆောင်ရွက်ကတ်တေ။ တနီတော့ခါ ပုံသီလမ်းခွဲကတ်ရပါလိမေ။ ယင်းပိုင်လမ်းခွဲရေခါ ချစ်ခြင်းမေတ္တာနန့် လမ်းခွဲကတ်စွာရေ နောက်ခါပြန်တွိကတ်ကေလေး တယောက်ကိုတယောက် နွီးနွီးထွီးထွီးနန့် ကြိုဆိုနိူင်ကတ်ပါလိမေ။ အမုန်းတရားတိ၊ အငြိုးထားမှုတိနန့် လမ်းခွဲကတ်ရရေဆိုကေ နောက်တချိန်မာ ပြန်တွိကတ်တေခါ ဖော်ဖော်ရွှေရွှေနန့် လက်ပြနှုတ်ဆက်ဖို့ အင်အားမဟိနိူင်ပါပျာ။ ဆိုကေ လောကရေ ပျော်ဖို့ မကောင်းလိုက်ပါပျာ။

နည်းစနစ်ကျကျ တွေးကြည့်ကတ်ဖို့ဆိုကေ အကျွန်ရို့ရေ တ

ယောက်ကိုတယောက် ဆက်ဆံရာမာ ကဏ္ဍအသီးသီးခွဲပျာ ဆက်ဆံသင့်ရေလို့ ယူဆမိပါရေ။ ဥပမာ လူတယောက်ကို စီးပွားရီးပိုင်းဆိုင်ရာမာ သဘောထားချင်းမတူကေ ယင်းပုဂ္ဂိုလ်ကို စီးပွားရီးနန့် မဆက်ဆံပဲ လူမှုရီး၊ နိုင်ငံရီး၊ ပညာရီးတိမာ ဆက်ဆံသင့်ပါရေ။ ယင်းနည်းငှင်း ယင်းပုဂ္ဂိုလ်ရေ လူမှုရီးမာဆက်ဆံလို့ မရဆိုကေ စီးပွားရီး၊ ပညာရီး အစဟိသည်အားဖြင့် ပေါင်းသင်းဆက်ဆံလို့ ရနိုင်ကောင်းပါရေ။ လူတယောက်စွာ လုံးဝသုံးလို့မရဆိုစွာ မဟိပါ။ အထက်က အဖြစ်အပျက်တိကို ကြည့်လိုက်ကေ တဖက်လူက အကျွန်ဇ့မိတ်ဆွိကို လုပ်ဆောင်ချက်တခုမာ သဘောထားချင်း မတူရေအတွက် ပညာရီး၊ လူမှုရီး၊ စီးပွားရီး၊ ဘာသာရီး အားလုံးမာ ရောထွီးလိုက်ပုံ ပေါ်ပါရေ။ ယင်းစွာရေ အလွန်ပင်ဆိုးရွားရေ အကျင့်စရိုက်လို့ စာရီးသူအနီနန့် သုံးသပ်ပါရေ။ အမှန်ဆိုကေ လူတယောက်ကို ဇာတခုမာလေး သုံးလို့မရဆိုကေတောင် အကျွန်ရို့ရေ လူသားချင်းစာနာသောအားဖြင့် အနည်းဆုံးတော့ခါ လက်ပြနှုတ်ဆက်နိုင်မှုစွမ်းရည်ဟိဖို့ လိုအပ်တေလို့ စာရီးသူအနီနန့် ပြောလိုပါရေ။

သာလီစွပါ . . .

# ၅
# အားနည်းချက်ကိုယ်စီနန့် လောက

အဆွိရေ ကိုယ့်ကိုကိုယ် အပြင်လူတယောက်အနီနန့် ဘေးက နီပနာ ကြည့်ပါ။ နောက်ပြီးကေ အဆွိဇွေစိတ်ထဲမာ လောကလူသား တိုင်းဇွေ အားနည်းချက်ကို ရှာကြည့်လိုက်ပါ။ အဆွိအပါအဝင် လောကလူသားတိုင်းမာ အားနည်းချက်ကိုယ်စီ ဟိကတ်စွာကို တွိရပါလိမေ။

မှန်ပါရေ။ အကျွန်ရို့ရေ ပုထုဇဉ်လူသားတိ ဖြစ်ကတ်တေအတွက် အမှားနန့် အားနည်းချက် နှစ်ခုက ရှုန်းထွက်နိုင်သူဆိုစွာ မဟိပါ။ လူသားရို့ရေ ကိုယ့်အားနည်းချက်ထက် သူတပါးဇွေ အားနည်းချက်ကို ရှာကြံဝီဖန် အပြစ်တင်သူတိနန့် ကမ္ဘာလောကကြီးမာ ပြည့်နှံ့နီစွာကို တွိရပါရေ။ ယင်းပိုင်ဆိုကေ ကိုယ့်အားနည်းချက်ကို ကိုယ်သိယောင် ဇာပိုင်ခွဲခြမ်းစိတ်ဖြာ လိလာကတ်ပါဖို့လေး။

## ၅(၁)
## သူတပါးဇွေ အားနည်းချက်ကိုပြောလို့ ယုံကြည်မှုပျက်ပြားခြင်း

စာရီးသူဇွေ မိတ်ဆွိတယောက်အတွိအကြုံကို ဆိကေလောက်ပြောပါမေ။ သူရေ လူတယောက်နန့် တနှစ်ကျော်လောက် ပေါင်းသင်းဖူးခပါရေ။ ပထမခါတော့ကေ သူရေ ယင်းလူကို ယုံယုံကြည်ကြည်ဟိပနာ လီးလီးနက်နက် ဆက်ဆံပီးရေလို့ ပြောပြပါရေ။ နောက်

ပိုင်းသူနန့် တာရှည်ပေါင်းလှာရေခါ ယင်းလူရေ ကိုယ်နန့်တဆိကေ လောက် မတည့်ဆိုစွာနန့် တဖက်လူဇ္ဇ အားနည်းချက်တိကို ဟုတ် သည်ဖြစ်စီ၊ မဟုတ်သည်ဖြစ်စီ နီတိုင်းနီတိုင်းဆိုပိုင် ဇာသူက ဇာပိုင်မ ကောင်း၊ ဇာသူက ရိုးသားမှုမဟိဆိုပနာ ဝါဒဖြန့်ရေပိုင် လူတိုင်းပါး မာ ပြောလိဟိပါရေ။ ယင်းအတွက်နန့် သူရေ ယင်းလူကို အလိုလို အကြည်ညိုပျက်ချင်လှာပနာ ကြောက်လေးကြောက်လှာပါရေ။ မိမိ ကို မပြောသီးတိုင်ယောင် နောက်ကွယ်မာ ကိုယ့်အားနည်းချက်ကို ပြောလီဖို့လားဆိုရေ ယုံမှားသံသယလေး အမြဲတမ်းဖြစ်တေဆိုပနာ ပြောဖူးပါရေ။

ယင်းပိုင်သူတပါးဇ္ဇ အားနည်းချက်တိနန့် မကောင်းစွာတိကို ပြောနီဖို့ဆိုကေ ကျောင်းဆရာ၊ စာရီးဆရာ၊ ကဗျာဆရာ၊ နိုင်ငံရီးသ မား ဘုန်းကြီးအဆုံး ပြောနှိုင်ပါလိမေ။

## ၅(၂)
## အကြံပြုစကား

July, 2014 လဆန်းပိုင်းလောက်က စာရီးသူရေ လောက မာ တန်ဖိုးမဖြတ်နှိုင်ရေ သင်ခန်းစာတခုကို ရလိုက်ပါရေ။ ဆရာမ ဒေါက်တာခင်သန်းသန်းစိုးဇ္ဇ မိတ်ဆက်ပီးမှုကြောင့် စာရီးသူနန့် ရန် ကုန်ပညာရီးတက္ကသိုလ်က ဆရာမတယောက်ရေ အပြန်အလှန် နှုတ် ဆက်ယင်း စကားပြောဖြစ်ကတ်ပါရေ။ ယင်းပိုင် ပြောယင်းနန့် မြန် မာရိုးရာအစိုင်အလာ (Traditional)အကြောင်းကို ဆိကေလောက် Intro ဝင်လားပါရေ။ စကားက ပြောယင်းနန့် အစားအစာဖက်ကိုပါ ရောက်လှာလတ်တေ။ ယင်းခါ အကျွန်က ယင်းဆရာမကို ကွမ်းစား ခြင်းဇ္ဇ ဖွားရှားမှုအကြောင်းကို ဆွေးနွေးရေ သဘောမျိုးနန့် ပြောဖြစ် ပါရေ။ ဆိုလိုချင်စွာက အကျွန်ရေ ကိုယ်ကွမ်းမစားရေအတွက် ကွမ်း စားသူတိကို အပြစ်တင်ချင်ရေ သဘောမျိုးနန့် ပြောလိုက်ပါရေ။

ဆရာမရေ အကျွန့်ကို ပြန်ပြောပြပါရေ။ "သားသျှေ ပြောစွာ မှန်ရေ၊ ယေဒါလေး ရိုးရာအစိုင်အလာနန့် ကျလှာရေခါ ဝိဖန်ဖို့လေး

အခက်ဖြစ်တေ၊ ကိုယ်ဝီဖန်လိုက်လို့ တဖက်ကနားလည်ကေ ကောင်းယင့်၊ နားမလည်ဆိုစွာနန့် အဆင်မပြေပျာ၊ ယင်းအတွက်နန့် လူတိကိုပေါင်းဖို့အတွက် သူရို့ဇွအားနည်းချက်ကို ချီးမွမ်းပြီးကေ ပြောရရေ၊ ယေမှရာ လူတိနန့် အဆင်ပြေဖို့၊ ဥပမာ ကွမ်းစားသူတယောက်ကို မင်းကွမ်းစားစွာ ကောင်းဖွားရေလို့ ပြောလိုက်ကေ အပြောခံရရေလူက ပြန်မပြောကေတောင်မှ စိတ်ထဲက သားသျှေကိုဆိကေလောက် ခင်မင်မှုပျက်ပြားစီနိုင်ရေ၊ လူတိနန့် တာရှည်ပေါင်းသင်း ဆက်ဆံချင်ကေ တခြားလူတိ ကွမ်းစားစွာကို မြင်ရကေ ဖွားရေလို့မြင်ရေ၊ ယေဒါလေး မိတ်ဆွီစားနီစွာကို ကြည့်ပနာ အကျွန်တောင် ကွမ်းစားချင်စိတ် ပေါ်လှာပါရေလို့ ပြောလိုက်ကေ ယင်းလူရေ အပြင်ကနီပျာ မပင့်ပါကေ့ မိတ်ဆွီလို့ ပြောကောင်းပြောလိမေ၊ စိတ်ထဲကနီပနာ သားသျှေကို စိတ်သဘောထားကောင်းရေလို့ မှတ်ယူလားလိမေ၊ ယင်းယှင့်စွာ လူတိုင်းဖြစ်တတ်တေ၊ ယင်းအတွက်နန့် လူများအားနည်းချက်ကို တခါလေး မပြောလီကေ့"ဆိုပနာ စာရီးသူကို အကြံပြုစကား ပြောလားပါရေ။

## ၅(၃)
## ကျောင်းဆရာရို့ဇွ အားနည်းချက်ကို ရှာကြည့်ခြင်း

ဥပမာ လူတယောက်ရေ ကိစ္စရပ်တခုကို အစွဲအမြဲဖြစ်နီပျာဆိုစွာနန့် ယင်းကိစ္စရပ်ရေ ယင်းပုဂ္ဂိုလ်ဇွ အဓိကအားနည်းချက်တခု ဖြစ်စွာကို တွိရပါရေ။ ဥပမာ ကျောင်းဆရာတယောက်ရေ ကိုယ်ကြိုက်နှစ်သက်တေ ဘာသာရပ်တခုကို သင်ကြားပို့ချနီရေအချိန်၊ သို့မဟုတ် အင်္ဂလိပ်စာသင်တန်းဆရာ တယောက်ရေ တပည့်ရို့ကို သင်ကြားပို့ချနီရေအချိန်မာ ယင်းဆရာရေ ကိုယ့်ကိုကိုယ် အားရကြီးနပ်ပျာ ယုံကြည်မှုဟိဟိနန့် သင်ပြနီပါရေ။ ယင်းအချိန်မာ ယင်းဆရာရို့ပါးက အကျွန်ရို့ကြားနိုင်ရေ စကားအနည်းအကျဉ်းရေ ဒေသင်ခန်းစာကို ငါဖြစ်လို့ပြစွာ တခြားဆရာတိ၊ အခြားကျောင်းတိမာ မသင်ဆိုရေ ပြောဆိုမှုမျိုးကို ကြားရပါလိမေ။

ယင်းပိုင်ဆိုကေ ယင်းဆရာရေ ဆိုင်ရာဘာသာရပ်နန့် ပတ်သက်လို့ အားနည်းချက်အပဟိဆုံး ဖြစ်နီပါပျာ။ ယင်းအတွက်နန့် ယင်းဆရာနန့် ချစ်ချစ်ခင်ခင် ပေါင်းသင်းဖို့ ယင်းဆရာဇွယုံကြည်မှုကို ရယူချင်ကေ အလွန်ပင် လွယ်ကူလားပျာလို့ ထင်ရပါရေ။ ဥပမာ ယင်းဆရာရေ ယင်းသင်ခန်းစာကို ပို့ချနီတုန်းမာ သို့မဟုတ် ပို့ချလို့ အပြီးမာ ကိုယ်က အားရကြီးနပ်တေ ပုံစံမျိုးနန့် “အား ဟုတ်ပါရေ ဆရာ ဇနိပို့ချခရေ သင်ခန်းစာနန့်ပတ်သက်လို့ အကျွန်ကောင်းကောင်းအားရပါရေ၊ ယှင်းယှင်းလင်းလင်းလေး တွိပါရေ၊ အကျွန် အခြားကျောင်းမာ သို့မဟုတ် သင်တန်းတိမာ တက်ဖူးကေလေး ဒေလောက်ထိ နားမလည်ခပါ၊ ဆရာပြရေ နည်းစနစ်က ကောင်းကောင်း ကောင်းပါရေ” လို့ ယင်းဆရာကို အကွန်ဆောင်ရေ ပုံစံမျိုး မဟုတ်ပဲ အမှန်စိတ်ပါလက်ပါ ပြောကြည့်လိုက်ပါ။ ယင်းစကားသံကို ကြားရရေအချိန်မာ ယင်းဆရာစွာ ဇာလောက်ပင် အရုပ်ဆိုးဆိုး၊ ဇာလောက်ပင် တည်ကြည်လီးနက်တေ ဆရာပင်ဖြစ်လီ ယင်းတချက်သွေ့အတွင်းမာ သူဇွမျက်နှာရေ မိုးလင်းစောစော နီမင်းကြီးဇွ အလင်းရောင်ထွက်လှာရေပိုင် လင်းလှာစွာကို တွိရပါလိမေ။

## ၅(၄)
## စာရီးဆရာရို့ဇွ အားနည်းချက်ကို ရှာကြည့်ခြင်း

စာရီးဆရာတယောက်ကို ချဉ်းကပ်ချင်ကေလေး လွန်စွာပင် လွယ်ကူပါလိမေ။ ဇာကြောင့်လေးဆိုကေ စာရီးဆရာရို့ရေ စာရီးခြင်းအလုပ်ထဲမာ မိမိဇွဝါသနာနန့် အချိန်တိကို ပီးဆပ်ထားရေ ပုဂ္ဂိုလ်တိဖြစ်တေခါ ကိုယ်ရီးလိုက်တေ စာအုပ်တိကို စာဖတ်ပရိသတ် စာပီဝါသနာသျှင်ရို့ဇွ အသိအမှတ်ပြုခြင်းကို လိုလားသူတိဖြစ်တေအတွက် သူရို့ဇွအားနည်းချက်ရေ ယင်းစာပီထဲမာ ဟိစွာကို တွိရပါရေ။ ဥပမာ “ဆရာ သို့မဟုတ် မိတ်ဆွိရီးရေ စာအုပ်အချို့ကို အကျွန်ဖတ်ရသလောက် စာအလားအလာတိ ကောင်းရေပိုင်၊ အတွေးအခေါ်တိလေး အကျွန့်အတွက် ကောင်းရေသင်ခန်းစာတိ ဖြစ်

လှာပါရေ” လို့ စိတ်ပါကိုယ်ပါ လှိုက်လှိုက်လှဲလှဲ ပြောကြည့်လိုက်ပါ။ ယင်းစကားကို ကြားလိုက်ရရေအချိန်မာ ယင်းအတွေးအခေါ် ပညာသျှင်ရို့လေး ယင်းအခိုက်အတန့်မာ လက္ခဏာမာ ခူဝံကြယ်ဇွ အလင်းရောင်ပိုင် ဝင်းထိန်လားခြင်းကို မိတ်ဆွေရို့တွေ့ရပါလိမေ။ ယေဒါလေး အကွန်ဆောင်မှုမဟုတ်ပဲ စစ်မှန်ရေ စကားတိဖြစ်ဖို့ လိုအပ်ပါလိမေ။ အကွန်ဆောင်မှုကိုတော့ခါ အကျွန်ရို့လူသားတိရေ ဇာသူလေး မကြိုက်ကတ်ပါ။

ယင်းပိုင်ဆိုကေ အထက်က ဥပမာတိကို ကြည့်ခြင်းအားဖြင့် အကျွန်ရို့ရေ လူတိုင်းလူတိုင်းမာ အားနည်းချက်ကိုယ်စီ ဟိကတ်စွာကို တွေ့ရပါလိမေ။ ယင်းနည်းတူစွာ ကိုယ့်အားနည်းချက်ရေ ဇာလေးဆိုစွာကို အကျဉ်းအားဖြင့် ခွဲခြားနိုင်ပါလိမေ။ ယေဒါလေး လူဆိုသူရို့ရေ ကိုယ့်ကိုကိုယ် အချစ်ဆုံးဖြစ်တေအတွက် ကိုယ့်အားနည်းချက်ကို မမြင်နိုင်ဆိုကေ ကိုယ့်ကိုကိုယ် အပြင်လူတယောက်အဖြစ် ကြည့်လိုက်ပါ။ ဥပမာ အဆွီဇွရှိက ကိုယ်ထည်ပေါ်မှန်တချပ်ကို ထောင်ပနာ စိုက်ကြည့်လိုက်ပါ၊ သူ့အားနည်းချက်ကို ရှာပါ။ ယင်းပိုင်ဆိုကေ ကိုယ့်အားနည်းချက်ကို တွေ့ရပါလိမေ။

သာစွလေပါ . . .

## ၆(၁)
## ‘ ငါ’

လူသားလောကရေ အတ္တတိနန့် တည်ဆောက်ထားရေအေ တွက်ကြောင့် ‘ငါ’ ဆိုရေအတ္တက စာရီးသူအပါအဝင် စာဖတ်သူရို့ လေး မကျော်လွှန်နိူင်ပါ။ “အဝေးမင်းရို့တိ အတ္တမကြီးကတ်ကေ့၊ တယောက်နန့်တယောက် ကောင်းကောင်းမွန်မွန် ဆက်ဆံကတ်၊ တ ယောက်ကလွှန်ကေ တယောက်က သည်းခံပနာနီကတ်၊ ‘ငါ’ဆိုရေ အတ္တစကားကို မပြောကတ်ကေ့၊ မင်းရို့တိ ‘ငါ့’ပိုင်နီကတ်”။ ယင်းပိုင် ပြောလိုက်ပျာဆိုစွာနန့် ပြောလိုက်တေပုဂ္ဂိုလ်လေး ‘ငါ’ဆိုရေ အတ္တကို သုံးနီရေလို့ ပြောရပါလိမေ။

February, 2014 လောက်က လူကြီးတယောက်ရေ စာရီး သူကို အင်္ဂလိပ်အသုံးအနှုန်းနန့် ‘Never say I Ever say we! ‘ငါ’လို့ တခါလေး မပြောကေ့၊ ငါရို့လို့ ရက်ပြတ်ပြောလီ’ ဆိုပနာ အကြံပြုစကား ပြောလှာပါရေ။ သူရေ အဖွဲ့အစည်းတခုဇ့ ဥက္ကဋ္ဌတ ယောက်ဖြစ်နီရေဆိုခါ အကျွန့်အနီနန့် ယင်းစကားကို ကြားလိုက်ရ ချင်း ယင်းလူကြီးကို လေးစားချင်စိတ်တိ ဖြစ်ပေါ်လားပါရေ။ “ဧး ဒေလောက်ဆိုကေ ဟုတ်ပျာ ဒေလူမဆိုး” လို့ အကျွန်ဇ့စိတ်ထဲက ကိုယ့်ကိုကိုယ် ပြောမိပါရေ။ ယေဒါလေး ယင်းလူကြီးနန့် ဆယ်လ လောက် လက်တွဲပနာ လုပ်ကိုင်ကြည့်လိုက်မှ သူရာသိရေ သူရာ တတ်တော၊ ‘ငါမှငါ’ ဆိုစွာရေ သူ့လက်ဆွဲစကား ဖြစ်နီပါရေ။ ယေဒါ လေး ယင်းပုဂ္ဂိုလ်ရေ ပတ်ဝန်းကျင်က တခြားပုဂ္ဂိုလ်တိ ပြောဆိုသုံး နှုန်းစွာကိုကျေ လုံးဝမကြိုက်ပါ။ ယင်းအတွက်နန့် ‘ငါ’ ဆိုရေ

အတ္တတိနန့် တည်ဆောက်ထားရေ ‘ငါ’ကမ္ဘာလောကရေ ကကောင်း ကြောက်ဖို့ ကောင်းပါရေ။

စာရိုးသူနို့ အတွိအကြုံတခုကို စကားဆိုက်ကျလို့ ရိုးလိုက်ပါအုံးမေ။ ဒေနီရာမာ ဥက္ကဋ္ဌနှစ်ယောက် ဖြစ်နီရေအတွက် ဥက္ကဋ္ဌတစ်၊ ဥက္ကဋ္ဌနှစ် ဆိုပနာ သုံးနှုန်းလိုက်ပါမေ။

## ၆(၂)
## ‘ငါ’မဟိလို့မဖြစ်

11, October, 2014 လောက်က အကျွန်အပါအဝင် အဖွဲ့ အစည်းနှစ်ခုက ဥက္ကဋ္ဌဆိုသူနှစ်ယောက်ရို့ရေ မလေးသျှားနိုင်ငံ British Council မာ ဒုက္ခသည်(Refugee)တိလေး စာမီးပွဲဖြည်ပနာ ကျောင်းတက်လို့ရကြောင်းကို စကားစပ်လို့ ပြောဖြစ်ကတ်ပါရေ။ ယင်းအကြောင်းနန့် ပတ်သက်လို့ ဥက္ကဋ္ဌတစ်က သိပြီးဖြစ်နီရေခါ အကျွန်နန့်ဥက္ကဋ္ဌနှစ်ရေ ယင်းအကြောင်းကို သိချင်နီစွာနန့် ဥက္ကဋ္ဌတစ်ကို မီးကြည့်ကတ်ပါရေ။ ဥက္ကဋ္ဌတစ်ရေ ယင်းအကြောင်းကို သူသိသလောက် စိတ်ရှည်လက်ရှည် ယှင်းပြပါရေ။ သူရေယင်းပိုင် ယှင်းပြယင်း ဥက္ကဋ္ဌနှစ်ကို ယင်းကျောင်းမာလားပနာ ကျောင်းတက်ဖို့နန့် ယင်းကျောင်းက ဆရာဆရာမရို့နို့ သင်ကြားပို့ချချက်ကို သူသိသလောက် အကြံပြုစကား ပြောလိုက်ပါရေ။ ဥက္ကဋ္ဌတစ်နို့ အကြံပြုစကား ပြောလို့အပြီးမာ ဥက္ကဋ္ဌနှစ်ဆိုသူက ပြန်ပြောပါရေ။ “ဟုတ်ပါရေ အကျွန်လေး ယင်းမာ လေးလလောက်ကို လိလာချင်ပါရေ၊ ယကေလေး ဖြစ်ဖို့မဟုတ်ပါ၊ ဒေမာက အကျွန်မဟိလို့မဖြစ်၊ အကျွန်မဟိကေ တယောက်လေး သုံးစားလို့မရ” ဆိုပနာ ဥက္ကဋ္ဌတစ်ကို ပြန်ပြောလိုက်ပါရေ။ အကျွန်ကတော့ကေ ယင်းစကားကို ကြားလိုက်ရရေအချိန်မာ စိတ်ထဲကနီပနာ “ဒေဥက္ကဋ္ဌရေ ‘ငါ’ ဆိုရေ အတ္တဝင်ရောက်ပနာ ကိုယ့်ကိုကိုယ် စိတ်ကြီးဝင်နီရေမလား” လို့ မှတ်ချက်ပြုမိပါရေ။

## ၆(၃)
## 'ငါ'မဟိကေလေး ဖြစ်တေ

ဒေအကြောင်းအရာနန့် ပြောရဖို့ဆိုကေ လူမှုအသင်းအဖွဲ့အစည်း (Society)တရပ်ကို ဥပမာထားလို့ ဆွေးနွေးရဖို့လို့ ထင်ပါရေ။ အဖွဲ့အစည်းတရပ် ထူထောင်လိုက်ပျာဆိုစွာနန့် ယင်းအဖွဲ့အစည်းမာ အကြမ်းအားဖြင့်ပြောရကေ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရီးမှူး၊ ဗဟိုအလုပ်မှုဆောင်၊ အထွီထွီအလုပ်မှုဆောင်၊ အဖွဲ့ဝင်တိ စသည်ဖြင့် လူအများနန့် တည်ဆောက်ထားကတ်ပါရေ။ ယင်းပိုင်ဆိုကေ ယင်းအသင်းအဖွဲ့အစည်းတခုရေ ဂုဏ်သရေဟိဟိ တည်တံ့ခိုင်မြဲဖို့၊ အချိန်ကြာမြင့်စွာ ရပ်တည်နိုင်ဖို့အတွက် မူဝါဒ(Policy)နန့် သဘောတရား (Ideology) ကို ထုတ်ပြန်လိ ဟိကတ်ပါရေ။ ယင်းပိုင်ထုတ်ပြန်လိုက်တေ မူဝါဒကြေငြာစာတမ်း (Manifest) ရေ တဦးတယောက်တည်းဗွ အတွေးအခေါ်တိ မဟုတ်ပဲ အားလုံးစုပေါင်းပနာ တယောက်နန့်တယောက် တိုင်တိုင်ပင်ပင်နန့် ရလှာရေသဘောတရားကို ထုတ်ပြန်ကတ်စွာ ဖြစ်ပါရေ။

ဆိုလိုချင်စွာက ဒေအသင်းအဖွဲ့တခုရေ 'ငါ'တယောက်တည်း တည်ဆောက်စွာမဟုတ်တေပိုင်၊ 'ငါ'တယောက်တည်း တည်ဆောက်လို့လေး မရနိုင်ပါ။ 'ငါရို့'ဆိုပျာ ပညာဟိ၊ ပညာတတ် လူပုဂ္ဂိုလ်အများနန့် တည်ဆောက်ထားရေ အဖွဲ့အစည်း (Community) တရပ်ရေ (ဘုံ)အများနန့် သက်ဆိုင်ပါရေ။ ယင်းအတွက်နန့် 'ငါ' Chairman ဖြစ်တေ။ 'ငါ'ရာပြောပိုင်ခွင့်ဟိရေ၊ ဆုံးဖြတ်ပိုင်ခွင့်ဟိရေ။ 'ငါ'ကလွဲလို့ ဇာသူတဦးတယောက်လေး တခုလေး ပြောပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်မဟိ၊ 'ငါ'ပြောရေ၊ 'ငါ' ဆုံးဖြတ်တေ အကြောင်းအရာတိုင်းကို အဖွဲ့သားတိ လုံးဝလိုက်နာရဖို့ဆိုကေ ဒေကိစ္စရေ တရားရေနည်းလမ်း၊ တရားရေအဖွဲ့အစည်း ဖြစ်လှာဖို့စွာ လုံးဝခက်ခဲလားပါပျာ။ အမှန်မာက အဖွဲ့အစည်းတိရေ 'ငါ'တယောက်တည်း ဖွဲ့စည်းထားစွာ မဟုတ်တေအတွက် တယောက်တခုတာဝန်ယူထမ်းဆောင်ခြင်းသည်ပင် ကကောင်းထိရောက်တေ နည်းလမ်းအ

ဖြစ် တွိရပါရေ။ ယင်းပိုင်ဆိုကေ ‘ငါ’ မဟိကေလေး နောက်ကလူတိ လုပ်နိုင်ရေလို့ စိတ်ထားတတ်ဖို့ လိုအပ်တေလို့ စာရီးသူအနီနန့် ပြော ချင်ပါရေ။ ယင်းအတွက်နန့် ‘ငါ’မဟိလေးဖြစ်တေဆိုရေ အတွေး သည်ပင် ထာဝရအမှန်တရားပါ။

ယကေ စာရီးသူအနီနန့် ‘ငါ’ရေ ဇာအဖွဲ့အစည်းတခုမာလေး လုပ်ဖို့မလို တာဝန်ထမ်းဆောင်ဖို့ မလိုဆိုပျာ သုံးနှုန်းလိုက်ခြင်းလား ဆိုပနာ ဇဝိဇဝါ ဖြစ်ကောင်းဖြစ်နီပါလိမေ။ ဒေနီရာမာ ဆိုလိုစွာက ‘---ငါ’ လုပ်တေ၊ ‘ငါ’ရာသိရေ၊ ‘ငါ’ရာတတ်တေ ဆိုရေ အတ္တသဘော မထားဖို့နန့် အဖွဲ့အစည်းတခုမာ ထားသင့်ရေ ‘ငါရို့’ဆိုရေ စိတ် ဓာတ်မျိုးကိုထားဖို့ ဆိုလိုခြင်းဖြစ်ပါရေ။

သာစွလေပါ . . .

# (၇)
# အခေါ်အဝေါ်များခြင်းဇ့ ရဏဒ်

## ၇(၁)
## တူမများဇ့ တိုင်ကြားချက်

တရက်နိမာ အကျွန်ဇ့တူမသျှေတိရေ စကားတိန်းတိန်းသျှေ ပြောနီကတ်ပါရေ။ ယင်းယှင့်ကို အကျွန်ကလေး သတိမထားပဲ အိမ်ထဲသို့ ဝင်လှာလတ်ပါရေ။ အကျွန်ဝင်လှာစွာကို မြင်စွာနန့်ချက်ချင်း သူရို့တိရေ စကားကိုဖြတ်ပနာ ငြိမ်လားကတ်ပါရေ။ သူရို့မျက်နှာတိ ပုံမှန်မဟုတ်ပဲ တခုခုကို ထိမ်ထားရေ ပုံစံမျိုးနန့် မျက်နှာမငြိမ်ဖြစ်လားကတ်စွာကို အကျွန်တွိလိုက်ရပါရေ။ ယင်းခါ အကျွန်ကလေး သိချင်စိတ်ချက်ချင်း ပေါ်လားပျာ သူရို့ကို မီးကြည့်ပါရေ။ ပထမတော့ခါ သူရို့တိ မပြောကတ်။ နောက်ပိုင်း အကျွန်က မျက်နှာထားတင်းတင်းနန့် မီးလိုက်ခါမှ သူရို့တိ အကျွန့်ကိုကြောက်ပနာ ပြောလှာပါရေ။ "ဘေးသျှေနန့် အတူတူပါလှာရေ ဗဂျီးလေး ဇာပိုင်လေး မသိ၊ မရို့ကိုခေါ်ကေ ဟေး၊ ဟုန်း၊ ဟင်း၊ ဒေဒေ၊ ဆိုပနာ မယားကို ခေါ်ရေပိုင် ဇာပိုင်လေးမသိ မရို့မကြိုက်၊ အစခါ မရို့ ယင်းဗဂျီးခေါ်လို့ အကူအညီတောင်းကေ ဘေးသျှေကိုအားနာလို့ လုပ်ပီးကတ်တေ၊ အဂုမလုပ်ပီးချင်ယာ" ဆိုပနာ အကျွန့်ကို တိုင်ကတ်ပါရေ။ ယကေလေး အကျွန်မပြောဖြစ်ပါ။ ဇာကြောင့်လေးဆိုကေ ယင်းလူကြီးရေ အကျွန့်ကို ကောင်းကောင်းအားနာလေးစားပြီး၊ အကျွန်ကလေး ယင်းလူကြီးကို အားနာရှိသီစွာကတမျိုး၊ ယင်းအဖြစ်အပျက်ကို မပြောဖြစ်ခပါ။ အမှန်ဆိုကေ ဒေကိစ္စတိကို လူကြီးကိုယ်တိုင်

သိသင့်ရေ ဆိုရေအတွေးကလေး အကျွန်ဇ္ဇဂေါင်းထဲသို့ ရောက်နီပြီး သား ဖြစ်ပါရေ။ သဘာဝကျကျ ပြောကတ်ဖို့ဆိုကေ အကျွန်ဇ္ဇတူမ သျှေရို့ဖက်က တွေးကြည့်ကေ မှန်ရေလို့ ဆိုချင်ပါရေ။ ဥပမာအား ဖြင့် အသက်ငါးဆယ်ကျော် လူကြီးတယောက်က အသက်နှစ်ဆယ် ကျော်အရွယ်နန့် ဆယ်ကျော်သက်အရွယ် အသျှေတိကို၊ မသျှေ၊ မောင်သျှေ၊ သို့မဟုတ် နာမည်ကိုထုတ်ပျာ ခေါ်ဆိုစွာတိရေ အလွန် ပင် သင့်တော်ရေ ခေါ်ဆိုမှုတိဖြစ်တေလို့ စာရိုးသူအနီနန့် မြင်ပါ ရေ။

## ၇(၂)
## ငါ ဗမာမဟုတ်လို့လား

မိမသျှေ။ ။ အစ်ကို ဒီမှာအလုပ်လုပ်ရတာ အဆင်ပြေလား ဟင်။

အကျွန်။ ။ မဆိုးပါဘူးဟာ၊ ဒီမှာက အလုပ်ချိန်က တိုတိုလေး လေ။ လစာကလဲ မဆိုးဘူးဆိုတော့ အဆင်ပြေ တယ်လို့ ပြောရမှာပေ့ါ။ နောက်ပြီး ဒီမှာက အကုန် လုံး မြန်မာတွေဆိုတော့ အလုပ်လုပ်ရတာလဲ အဆင်ပြေတယ်။ တစ်ယောက်ကိုတစ်ယောက် ကူ ညီပြီးလုပ်ကြတယ်လေ။

မိမသျှေ။ ။ ဟုတ် ကျေးဇူပါပဲ အစ်ကိုရယ်၊ သမီးမသိတာလေး ရှိရင် ပြောပေးပါအုံးနော်။ သမီးကလူသစ်ဆိုတော့ အခက်အခဲတော့ ရှိမှာပေ့ါ။

အကျွန်။ ။ အော် ဒါက ပြဿနာမရှိပါဘူး။ ပထမတော့ ဘယ် သူမဆို မှားတတ်ကြတာပဲလေ။ နောက်တော့ အ ဆင်ပြေသွားလိမ့်မယ်။

မိမသျှေ။ ။ စိတ်မရှိပါနဲ့နော်။ အကို့ အသက်က ဘယ်လောက် ရှိပြီလဲမသိ။ ညီမက ၂၁ နှစ်ပါ။

အကျွန်။ ။ ရပါတယ်၊ ကျနော့်အသက်က ၂၄ နှစ်ရှိပြီ။

မိမသျှေ။     ။ ဟုတ် ကျေးဇူးပဲ အကို။

ယင်းပိုင်နန့် ယင်းနိအလုပ်လုပ်ယင်း တယောက်ကိုတယောက် စကားမပြောဖြစ်ကတ်ပါ။ အချိန်ကုန်လို့ အိမ်ပြန်ကတ်တေအထိ။ နောက်နိအလုပ်မာ ပြန်တွိကတ်ပြန်ပါပျာ။ ယင်းခါသူကအကျွန့်ကိုလာပနာ နှုတ်ဆက်လှာပါရေ။ ယင်းမိမသျှေရေ လူသစ်ဆိုခါ သူ့ကိုအားပီးရေသဘောမျိုးနန့် အပြန်အလှန် တယောက်ကိုတယောက် စကားပြောဖြစ်ကတ်ပါရေ။ ယင်းပိုင်နန့် အကျွန်ကစပျာ သူ့ကိုဇာကလေး ဇာလူမျိုးလေး အစဟိသည်အားဖြင့် မီးကြည့်ပါရေ။ အကျွန်ပြောလို့အပြီးမာ သူရေရခိုင်ပြည်က ဇာမြို့ကဆိုပနာပြောလှာပါရေ။ ယေခါ အကျွန်ကလေး ဝမ်းသာအားရနန့် “အော်ညီမက ရခိုင်ကလား၊ ကျနော်လေး ပုဏ္ဏားကျွန်းမြို့နယ်ကလေ” ဆိုပနာ မိတ်ဆက်လိုက်ပါရေ။ ပြဿနာက ယင်းဟင့်မာ စပါပျာယေ။ ပြောယင်းဆိုယင်းနန့် အကျွန့်ကို ‘နင် ဒေမာသို့ ရောက်စွာကြာပျာလား’ ဆိုပနာ မီးလှာပါရေ။ အကျွန်ကလေး ဒေမှာလုပ်စွာ ၉ လကျော်ပျာဖြစ်ကြောင်းနန့် မလေးသျှားကိုရောက်စွာ သုံးနှစ်ပြည့်ဖို့ပျာလို့ ပြန်ပြောလိုက်ပါရေ။ သူကနောက်တခေါက် ပြန်ပြောပါရေ။ ‘အော် ယင်းအတွက်နန့်ဟိဖို့ နင် ဒေမာအလုပ်လုပ်စွာ အဆင်ပြေနီစွာကို’။ ပထမတခေါက်တော့ခါ အကျွန်စိတ်ကူးမိပါရေ။ ဒေသူအပြောမှားလားစွာ ဟိဖို့လို့။

နောက်တခေါက်ဆိုကေ အဂင့်ဂင့် ‘နင်၊ ငါ’ ဆိုရေအသုံးကို ဒေသူ သုံးနီပျာဆိုစွာကို သဘောပေါက်လားပါရေ။ ဒေဟင့်မပြောကေမဖြစ်လို့ စိတ်ကမှတ်ပနာ အကျွန်ပြောလိုက်ပါရေ။ နှမသျှေ ငါ မင်းထက်ကြီးရေဆိုစွာကို ညကနှုတ်ဆတ်ခါကပင် သိပြီးယာမဟုတ်လား၊ ဒေနိလေးအစခါ ငါ့ကို အကိုလို့ခေါ်သီးရေ။ ငါရခိုင်လို့သိလားစွာနန့် ‘နင်၊ ငါ’ ဆိုရေ အသုံးအနှုန်းကို စသုံးလှာရေ။ ယင်းဟင့်ရေ ငါဗမာလူမျိုး မဟုတ်လို့လား။ ရခိုင့်ယိုင်ကျေးမှုမာ ငယ်သူငယ်ချင်း မဟုတ်ပဲ ကြီးမှတွိရေလူတိကို တယောက်ကိုတယောက်အသက်တူကေတောင်မှ ‘နင်၊ ငါ’ ဆိုရေ အသုံးအနှုန်းကို မသုံးဖြစ်

ကတ်။ စကားကိုအကြီး မပြောချင်ယာ။ ရခိုင်သားတယောက်ကို ဗမာပိုင် အကိုလို့ခေါ်စွာရေ မသင့်တော်။ ရခိုင်မာ ရခိုင်အခေါ် အများကြီးဟိရေ။ 'နင်၊ ငါ' ဆိုရေအသုံးအနှုန်းကို ပြုပျင်သင့်ရေလို့ ပြောပြီးကေ အကျွန်လေး အလုပ်လုပ်ဖို့ ဟိစွာတိကိုလုပ်ဖို့ ထွက်လား လိုက်ပါရေ။

## ၇(၃)
## မိတ်ဆွီအိမ်သို့ ထမင်းစားလားခြင်း

မိတ်ဆွိတယောက်က အကျွန့်ကို ထမင်းစားဖိတ်တေအ တွက် သူရို့အိမ်သို့ လိုက်ပါလားပါရေ။ ယင်းမိတ်ဆွိနန့် အကျွန်ရေ ကောင်းကောင်းရင်းရင်းနှီးနှီး ဖြစ်တေအတွက် ရယ်စရာစကား ပြောဖြစ်ကတ်ပါရေ။ တိုက်တိုက်ဆိုင်ဆိုင် အကျွန်နဗ့်မိတ်ဆွီရေ အ ပြင်ကိုတချက်သျှေ ထွက်လားခပါရေ။ အကျွန်ကလေး အာဂန္တုဆိုခါ သူရို့အိမ်မာ ထိုင်ကျန်ခပါရေ။ ယင်းပိုင်ဆိုခါ သူနဗ့် (မယား)အိမ် သျှင်မ ဖြစ်သူရေ အကျွန်နန့် စကားပြောယင်း အကျွန့်ကို 'မင်း၊ ငါ' ဆိုရေ စကားတိနန့် ပြောနီပါပျာ။ အကျွန်ကတော့ခါ မမ ဟုတ်ပါရေလို့ ပြောနီလိုက်ပါရေ။ သူနဗ့်အသက်ကို မိတ်ဆွီပြောပြ ထားလို့ အကျွန့်ထက် နှစ်နှစ်ငယ်ရေဆိုစွာကိုလေး သိထားပါပျာ။ ယေဒါလေး ပြောလို့မကောင်းခါ သည်းခံပနာ ရီလိုက်ငါးလိုက် ပြော နီလိုက်ပါရေ။ ယင်းပိုင်ပြောနီယင်း အကျွန်နဗ့်မိတ်ဆွီ ပြန်ရောက်လာ ခါမှ အကျွန်ရို့ ရယ်စရာပြောယင်း အကျွန်အသက် ဇာလောက်ဟိ ပျာ ဆိုစွာကို ပြောဖြစ်ပါရေ။ နောက်မှ မိတ်ဆွီနဗ့်အိမ်သျှင်မရေ အားနာနာနန့် အကျွန့်ကို 'အစ်ကို' လို့ခေါ်လှာပါရေ။ နောက်ပိုင်းမာ တော့ကေ 'မင်း၊ ငါ' ဆိုရေ အသုံးအနှုန်းနန့် တခြားလူတိကို မပြော ပျာဆိုစွာကို မိတ်ဆွီနဗ့်ပြောပြချက်အရ သိရပါရေ။

ဒေပိုင် မိမသျှေရို့နဗ့် 'မင်း၊ ငါ'၊ 'နင်၊ ငါ'ဆိုရေ အသုံးအနှုန်း နန့် ခေါ်ဆိုမှုတိကို စာဖတ်သူ (ယောကျာ်း=အမျိုးသား)ရို့လေး အ နည်းနန့်အများဆိုရေပိုင် ကြုံဖူးကတ်လိပါမေ။ အကျွန်ရို့ဖက်ခေတ်

မာ ရခိုင့်ယိုင်ကျေးမှု အခေါ်အဝေါ်တိကို ပညာတတ်မိမသျှေတချို့နန့် ပြည်ပရောက် (ရန်ကုန် သို့မဟုတ် နိုင်ငံရပ်ခြား) မိမသျှေတိက စတင်ပျာ ဖျက်လှာရေလို့ ယူဆရပါရေ။ ယေဒါလေး အားလုံးကို မဆိုလိုပါ။

ရခိုင့်ယိုင်ကျေးမှုမာ ထိုးလွှန်ခရေ ခေတ်အဆက်ဆက် ဇာပိုင် ခေါ်ကတ်တေ၊ ယင်းကြောင့် ရှိဟောင်းခေတ်အတိုင်း ခေါ်ရဖို့လို့ အကျွန့်အနီနန့် မဆိုလိုပါ။ ယေဒါလေး အကျွန်ရို့ ဒေဖက်ခေတ် ၂၁ ရာစုပိုင်းမာလေး ချစ်ဖို့ကောင်းရေ ရခိုင့်အခေါ်အဝေါ်သျှေတိ၊ အပြောအဆိုတိ အများကြီးဟိပါရေ။ ဥပမာ မောင်မောင်၊ မောင်းမောင်၊ မောင်းသျှေ၊ အစ်ကိုသျှေ။ နောက် နာမည်ရှိက ကို. . ထည့်သုံးကေလေး အဆင်ပြေပါရေ။ လူကြီးရို့မာလေး လူကြီးရို့အသုံးအနှုန်း၊ လူငယ်ရို့မာလေး လူငယ်ရို့အသုံးအနှုန်း အများကြီးဟိကတ်ပါရေ။

ယင်းပိုင်ဆိုကေ စာရီးသူရေ ယောက်ျားဖြစ်နီလို့ မိမတိ မကောင်းစွာကိုဂျည်းယာ ပြောနီရေ၊ ယောက်ျားတိကားမဟိလား ယင်းပိုင်မီးလို့ ရပါရေ။ မှန်ပါရေ။ ယောက်ျားတိလေး အကျွန်ကိုယ်တွိ တဖက်လူကို Respect အားနည်းပနာ တွိတွိချင်း ဝေး၊ မင်း ဆိုရေ အသုံးအနှုန်းတိကို သုံးစွာလေး စာဖတ်သူရို့ကိုယ်တိုင် တွိဖူးကတ်ပါလိမေ။ ယောက်ျားမာဆိုကေလေး အယင်က တယောက်ကိုတယောက် မိတ်ဆွိ၊ အဆွိ အစဟိသည်အားဖြင့် ခေါ်ရေအသုံးအနှုန်းတိ ဟိခကတ်တေလို့ လူကြီးသူမရို့ဧ့ ပြောဆိုမှုအရ သိကတ်ရပါရေ။ ယင်းအသုံးအနှုန်းတိနန့် ဒေဖက်ခေတ်မာခေါ်ဖို့ မိမိအနီနန့် အဆင်မပြေကေတောင်၊ အကျွန်ရို့တိရေ ခေတ်ကာလအရ၊ ဂိုးသျှေ၊ ဂိုးဂို၊ အစ်ကို၊ သို့မဟုတ် ကို . . ဇာသူ၊ အစဟိသည်အားဖြင့် ခေါ်ဝေါ်သုံးစွဲခြင်းတိရေ တယောက်နန့်တယောက် ဆက်ဆံရာမာ အလွန်ပင်တန်ဖိုးဟိပနာ တဖက်လူကိုလေး မိမိရေ ယိုင်ကျေးရေ လူတယောက်ဖြစ်တေ ဆိုစွာကို ပြရာရောက်ပါရေ။

ယင်းပိုင် အခေါ်အဝေါ် ကြမ်းတမ်းရေအတွက် တယောက်

နန့်တယောက် ကြာကြာလက်မတွဲဖြစ်ကတ်ပဲ သူ့အလိုလို ခွာလား ကတ်စွာတိကိုလေး တွိရပါရေ။ ဖြစ်နိူင်ကေ ချက်ချင်းအလိုလို ခွာ လားစွာတိကိုလေး တွိရပါရေ။ အကြောင်းအမျိုးမျိုးကြောင့် ယင်း ပုဂ္ဂိုလ်နန့် အတူတူနီရကေတောင် နောင်တချိန်မာ ယင်းအခေါ် အဝေါ်ရှိင်းရေ ပုဂ္ဂိုလ်တိကို တာရှည်လက်တွဲဖို့ ဇာသူလေး စိတ်ကူး ကတ်လိမေ မထင်ပါ။ ယင်းပိုင်ဆိုကေ ရလဒ်ရေ လူမှုရီးအရသော် လည်းကောင်း၊ စီးပွားရီးအရသော်လည်းကောင်း လုပ်ဆောင်ဖို့ကျ လှာကေ သူများတိထက် နောက်မာနီရပါလိမေ။ ယင်းကြောင့် အ ခေါ်အဝေါ်ရှိင်းသျှေတိကို ပြုပျင်ယင်း ကောင်းရေမိတ်ဆွီတိနန့် ဆက်ဆံကတ်ပါမေ။

သာစွလေပါ . . .

၈(၁)

## မြုပ်ကွက်တခု ချန်ထားခြင်း

ဒေ 'မြုပ်ကွက်တခု ချန်ထားခြင်း'ဆိုရေစကားကို ပြောရဖို့ ဆိုကေ အဖိုးသက်ရှည်ကို လားလို့ သတိရမိပါရေ။ အကျွန် အသက် ကိုးနှစ်လောက်က ထင်ရပါဖို့။ အကျွန်ဇ့မိခင်နန့် ကျွဲထိုးကျေးရွာသို့ အလည်အပတ် ခရီးလားကတ်ပါရေ။ ယင်းခါ မထင်မှတ်ပဲ အဖိုးတ ယောက် ဦးရာဇ်တောင်စာတီက ဆင်းလှာပနာ အကျွန်ဇ့မိခင်ကို မီးစမ်းကြည့်ရေသဘောမျိုးနန့် 'ဟေး မသျှေ ဇာကိုလားကတ်လေး သားမိတစု'။ အကျွန်ရို့နန့် ကျွဲထိုးရွာမှ အမျိုးတိလေးပါလှာရေခါ အဖိုးသက်ရှည်က တခါတည်းပေါင်းပျာ မီးလိုက်ပါရေ။ အကျွန့် မိခင်က ကျွဲထိုးရွာသို့ လည်ဖောင်လားကြောင်း ပြန်ပြောလိုက်တေ ခါ 'အော် ယကေ ကောင်းအဆင်ပြေလားပျာ၊ ငါလေး တန်းဇွယ်ရွာ ကို လားရေဒေ' ဆိုပနာ အဖိုးသက်ရှည်လေး လမ်းကြုံလို့ အကျွန်ရို့ နန့် တလမ်းတည်း လားဖြစ်ကတ်ပါရေ။ လားယင်းလားယင်းနန့် ပင်ပမ်းလှာရေအတွက် တန်းဇွယ်ရွာနားကိုရောက်ခါ အပင်တပင် အောက်မာ အညောင်းဖြယ်နားယင်း အဖိုးသက်ရှည်က အသျှေကို နှုတ်ဆက်တေသဘောမျိုးနန့် အကျွန့်ကို စကားစပျာ ပြောလှာပါ ရေ။

အဖိုး။ ။ အဝေ အသျှေ ညောင်းလား။

အကျွန်။ ။ မညောင်းပါအဖိုး။

အဖိုး။ ။ အော် ကောင်းပုတ်တေ၊ အဖိုးကား ညောင်းလှာ

ယာဝေ၊ အသက်ကြီးလှာလို့ ယကေ အသျှေနာ မည်ဇာလေး။

အကျွန်။ ။ လပြည့်ပါ။

အဖိုး။ ။ အော် လပြည့်လား ဇာလပြည့်လေး။

အကျွန်။ ။ အမိက တန်ဆောင်ပုန်းလပြည့်လို့ပြောပါရေ

အဖိုး။ ။ အော် ကောင်းကောင်းရေ လပြည့်မလား၊ ယင်း လပြည့်စွာ အီးချမ်းရေ လက္ခဏာကိုဆောင်ရေ၊ ယင်းကြောင့် လူကိုစိတ်ကောင်းထားရဖို့နှန်း၊ လူနန့် ရန်မဖြစ်ရ ကြားလား၊ စာကြိုးစားရဖို့၊ လိမ်လိမ်မာမာ နီရဖို့နှန်း၊ အဖိုး ဝတ္ထုတပုဒ်ပြောမေ အသျှေနား ထောင်ဖို့လား။

အကျွန်ကလေး အသျှေသီးဆိုခါ ဇာဝတ္ထုလို့မဟုတ်ပျာ နားထောင်ရဖို့ဆိုကေ ပြုံးပြုံးနန့်ဝမ်းသာအားရ။ ဟုတ်ပါရေအဖိုး နားထောင်ပါဖို့လို့ ချက်ချင်းပြန်ပြောလိုက်ပါရေ။ ယင်းခါ အဖိုးသက်ရှည်ရေ အကျွန့်ကို စိတ်ရှည်လက်ရှည်နန့် ဝတ္ထုတခုကို ပြောပြပါရေ။ အကျွန်ရေ ပြုံးပျာနားထောင်ယင်း 'ဟုတ်ပါရေ' ဆိုစွာကလေး အဆက်မပြတ်ဆိုပိုင်၊ အဖိုးသက်ရှည်လေး အကျွန့်ကို တခေါက်စီကြည့်ပနာ တခေါက်တခေါက် ဂေါင်းကိုပွတ်လိုက်ပါသီးယင့်။ ဝတ္ထုဆုံးလားရေအချိန်မာ အဖိုးသက်ရှည်ရေ သင်ခန်းစာတခု ပီးထားခလီပါရေ။

အဖိုး။ ။ အဝေ အသျှေ မင်းကြီးလှာလို့ လူတိနန့်စကားပြောရေ အချိန်မာ အမြဲတမ်း မြုပ်ကွက်တခုချန်ပနာ ပြောလီကြားလာ။

အကျွန်။ ။ ဟုတ်ပါယင့် အဖိုး။

ယင်းအချိန်က အကျွန်ရေ ဟုတ်ပါရေလို့ရာ ပြောရာပြော လိုက်ကေလေး အဖိုးသက်ရှည် ပြောရေစကားကို လုံးဝသဘောမပေါက်ပဲ စိတ်ထဲမာရာ သိမ်းထားမိပါရေ။ ယင်းအချိန်ကပင် အကျွန် ရေ အသျှေရို့သဘာဝ သူငယ်ချင်းတိနန့် တခါတရီမာ ရန်ဖြစ်ကေ

အဖိုးပြောရေ 'မြုပ်ကွက်'ကိုလားလို့ အတွက်ပေါ်ပါရေ။ ယေဒါလေး အသက်ငယ်သီးလို့တမျိုး၊ လောကအတွိအကြုံ အားနည်းသီးလို့တမျိုး လုံးဝသဘောမပေါက်ခပါ။

အဂု စာရီးသူအနီနန့် အားလုံးကို သဘောမပေါက်ကေလေး သဘောပေါက်သလောက်ကို ခန့်မှန်းပနာ စာဖတ်သူနန့် ဆွေးနွေး ကြည့်ကတ်ပါမေ။

အကျွန်ရို့လောကသားတိရေ ဗုဒ္ဓဘုရားမှအပ အမှားမဟိသူ လို့ မတွိဖူးပါ။ မှန်ကန်ရေ သစ္စာစကားကို ပြောကတ်ဖို့ဆိုကေ မမှား သူလို့ လုံးဝရှာမတွိနိူင်ပါ။ ယင်းပိုင်အမှားပြုလုပ်မိခြင်းဇွ အစစ္စာ စိတ်ကလှုံ့ဆော်လှာပနာ ရုပ်ကပြုလုပ်ခြင်းဖြစ်ပါရေ။ ယင်းကတ ဆင့်တိုးပနာ စကားပြောမှားလှာကတ်တေ။ လူသားလောကရေ တယောက်နန့်တယောက် ဆက်သွယ်ရာမာ ဇာနည်းနန့်ပင်မဆို ပ ညာရီးအတွက်သော်လည်းကောင်း၊ နိုင်ငံရီး၊ လူမှုရီးအတွက်သော် လည်းကောင်း၊ စီးပွားရီးအတွက်သော်လည်းကောင်း၊ စကားရေ ဆက်ဆံရီး(Relation)ပိုင်းဆိုင်ရာမာ အဓိကအရီးပါဆုံး(Main Poi- nt) အစိတ်အပိုင်းတခုဖြစ်တေ။ ယင်းအတွက် မိမိရေ အကြောင်းအ ရာတခုခုနန့် ပတ်သက်လို့ စကားပြောဆိုရာမာ စကားကို လွှန်လွှန် ကျူးကျူး ပြောဆိုတတ်ခြင်းကို အထူးတလည် ဆင်ခြင်ဖို့ လိုအပ်ပါ ရေ။ မိမိက စကားပြောမဆင်မခြင် ပြောဆိုတတ်ကေ တဖက်က နားထောင်သူရေ မိမိနန့် အဆင်ပြေနီတုန်းမာ နားလည်မှုပီးနိူင်ကေ လေး၊ အဆင်မပြေရေ တနိမာ ထင်မှတ်မထားရေ စကားအမှား သေျှတိစွာ ပုံသီမလွဲ အမှားကြီးတိ ဖြစ်လှာနိူင်ပါရေ။

## ၈(၂)
## ကိုယ့်အိမ်ကို အာဂန္တု ပိုင်ဆိုင်လားခြင်း

မိုးထဖက် သျှစ်နာရီခွဲလောက်မာ အကျွန်ရို့ မိတ်ဆွိမိသား တစုရေ အလုပ်များနီကတ်ပါရေ။ အကျွန်ကလေး ယင်းနိ အလုပ်နား ရက်ဖြစ်တေအတွက် မိတ်ဆွိကို အကူအညီပီးယင်းနန့် သူရို့အိမ်

ပြောင်းရခြင်း အကြောင်းကို မီးကြည့်ဖြစ်ပါရေ။ ယင်းခါအကျွန်နှ မိတ်ဆွိရေ မာန်ပါပါနန့် အားမလိုအားရဖြစ်ပနာ သူနှဖခင်ကို အပြစ်တင်စကား ပြောလှာပါရေ။ 'ဒေအိမ်စွာ ငါရို့ဆောက်ထားစွာ၊ ယေဒါလေး မြီဂရန်မဟိ၊ ယင်းယှင့်ကို ငါရို့အိမ်မာ အခန်းငှားလို့နီရေ တိုင်သားကို ဘာဘာကယုံပနာ မြီဂရန်မဟိစွာကို ပြောပစ်ခီရေဟိဖို့ ယင်းစွာသိလားနောက်ပိုင်း နယ်ထိန်းနန့် စည်ပင်အဖွဲ့ကို ကပ်ပနာ ငါရို့ကို ဒေနီရာကပြောင်းခိုင်းရေ၊ ယင်းအတွက် ငါရို့ပြောင်းပီးရရေ' ဆိုပနာ စိတ်မကောင်းစရာ ပြောလှာပါရေ။ ယကေ အကျွန်ကလေး စောဒက တက်ကြည့်လိုက်ပါသီးရေ။ 'ယင်းပိုင်ဆိုကေ မိတ်ဆွိရို့လေး ပြန်တိုက်ပ'။ ယေမာ သူပြန်ပြောရေ စကားက အကျွန်ကိုတောင် စိတ်ပျက်စီပါရေ။ 'ဇာရဖို့လေး မိတ်ဆွိ ယင်းသူရို့ အကုန်အကျခံထားစွာ သိန်းလေးဆယ်တောင်၊ ကျနော်ရို့မာ ဇာကရဖို့လေး အဓိကတော့ ဘာဘာမကောင်းစွာရာ' ဆိုပနာ စိတ်ညစ်ပနာ ပြောပြပါရေ။

## ၈(၃)
## ကြီးစပ်လွန်ခြင်း

တခါက အလုပ်အတူတူလုပ်ကတ်တေ သူငယ်ချင်းတယောက် ပြောဖူးရေ အကြောင်းသျှေတခုကို ဥပမာအဖြစ် တင်ပြပါမေ။ 'ငါ့မာဝေ ငယ်ပေါင်းကြီးဖော် သူငယ်ချင်းတယောက်ဟိရေ၊ ငါနန့်သူရေ တယောက်ကိုတယောက် အားမနာတမ်း ကစပ်ကတ်တေ၊ ငယ်သူငယ်ချင်းတိဆိုခါ သိရေအတိုင်းပျာ မလားယေ၊ တယောက်နန့်တယောက်က ပွင့်ပွင့်လင်းလင်း ပြောကတ်တေ၊ တယောက်ပြောစွာကို တယောက်ဗွိမယူ၊ မာန်လေးမပါ၊ ယေဒါလေး အသက်နှစ်ဆယ် ကျော်ကျော် လောက်မာထင်ရေ၊ ငါနန့်သူငယ်ချင်းရေ ဇာမပဟုတ်တေ စကားတခွန်းကြောင့် နားလည်မှုလွဲပနာ တယောက်ကိုတယောက် ပြောဆိုဆက်ဆံစွာတိ ကွဲပြားလှာကတ်တေ၊ ယင်းသူလေး အယင်ပိုင်ငါ့ကို မပေါင်းပျာ၊ ငါလေး ဇာအကြောင်း

ကြောင့်လို့မဟုတ် အလိုလိုယင်းသူကို စကားပြောဖို့ အင်လားခရေ’ ဆိုပနာ အကျွန့်ကို ပြောပြပါရေ။

ဟုတ်ပါရေ အကျွန်ရို့တွိရသလောက် ပြောကြည့်ကတ်ဖို့ဆို ကေ စာရီးသူအပါအဝင် အဂုစာဖတ်သူရို့ရေ ကိုယ်တိုင်လေး ကြုံတွိ ခံစားဖူးကတ်ပါလိမေ။ သားသမီးနန့်မိဖ၊ ဆရာနန့်တပည့်၊ လင်နန့် မယား၊ ချစ်သူရည်းစား၊ သူငယ်ချင်းအချင်းချင်း၊ တယောက်ကို တယောက် အထက်ကပုံစံမျိုးဖြစ်လားစွာ အားလုံးသူဆိုပိုင် ကြုံတွိ ခံစားဖူးကတ်ပါလိမေ။ ယင်းပိုင် တယောက်နန့်တယောက် နား လည်မှုလွဲမှားကတ်စွာဇွ အဓိကတရားခံကို ရှာကြည့်လိုက်ဖို့ဆိုကေ ‘စကား’ပြောလွန်ကတ်လို့ ဆိုစွာကို လားလို့ တွိလိုက်ရပါရေ။ တ ယောက်နန့်တယောက် လွဲမှားနီရေ ပြဿနာကို ကြီးသည်ဖြစ်စီ ငယ်သည်ဖြစ်စီ ပြေလည်ယောင် ဖြည်ယှင်းနိူင်ဖို့ နည်းလမ်းပေါင်း မကန်ဟိပါရေ။ ယင်းဖြည်ယှင်းနည်းပေါင်း မကန်ဟိစွာမာ ပြေလည် မှုကိုရယောင် အဓိက စွမ်းဆောင်နိူင်ရေအရာမာ ‘စကား’ပင် ဖြစ်ပါ ရေ။

တချို့ ရိုးသားပွင့်လင်းသူရို့ဆိုကေ ဒေပုဂ္ဂိုလ်ရေ ငါ့အတွက် အလွန်ပင် ယုံကြည်ရရေ။ ဒေပုဂ္ဂိုလ်ရေ ငါနန့် ဆွီမျိုးတော်ရေဆို ပနာ ယုံယုံကြည်ကြည်နန့် ပြောလိုက်ခါပြီးမှ နောင်အဆင်မပြေချိန် ရောက်လားရေခါ၊ ထိုစကားတိရေ မိမိအတွက် စူးငြောင့်ပိုင် ဖြစ်လှာ စွာတိကိုလေး လောကမာ အများကြီးပင်ဖြစ်ပါရေ။

ယင်းပိုင်ဆိုကေ အဓိက အဖိုးသက်ရှည်ဆိုလိုရေ အကြောင်း အရာစွာ ‘မယားကိုတောင် စကားအကုန် မပြောလီကေ့’ ဆိုရေ ရခိုင်စကားပုံအတိုင်း ထိမ်ထားသင့်ရေစကားကို ထိမ်ထားလီ။ ဇာ လောက်ပင် ယုံကြည်ရသူဖြစ်ဖြစ် မိမိဇွ ကိုယ်ရီးရာဇဝင် အားလုံးကို ဖွင့်မပြောလီကေ့လို့ မှာထားခရေ ပုံစံမျိုးကို တွိရပါရေ။ မှန်ပါရေ။ အဖိုးသက်ရှည်ပီးခရေ ဒဿနဆန်ရေ ဥပမာစွာ လောကမာ သူများ နန့် စကားပြောဖို့အတွက် ကောင်းကောင်းအသုံးတည့်ရေ စနစ် ကောင်းတခုပင် ဖြစ်ပါရေ။

မှတ်ချက် ။ ။ အဖိုးသက်ရှည်ဇွနာမည်ကို အကျွန်မသိလိုက်ပါ။ ယေဒါလေး အကျွန်ဇွမိခင်ပြောစကားအရ အဖိုးသက်ရှည်ရေ အသက် ၁၀၀ ကျော်ဟိနီပျာလို့ သိရရေအတွက်နန့် အဖိုးသက်ရှည်လို့ ရီးလိုက်ရခြင်းဖြစ်ပါရေ။ သူငယ်ချင်းနာမည် မရီးစွာက ပုဂ္ဂိုလ်ရီးအရ ထိခိုက်ဖို့စွာကို ကြောင့်ကြလို့ မရီးလိုက်စွာ ဖြစ်ပါရေ။

သာစွလေပါ . . .

## ၉ (၁)
## အသံနှ့ ဓီရာ

လောကမာ အသံကြောင့် အရာရာကို ပြောင်းလှယ်ပစ်နိူင်ရေဆိုကေ မှားဖို့မထင်ပါ။ အကျွန်ရို့နီထိုင်ရေ သဘာဝပတ်ဝန်းကျင်ကို လိလာကြည့်လိုက်ကတ်ပါမေ။ ကျီးငှက် သာလိကာရို့ဇွ အော်မြည်သံသျှေတိရေ ကျွိကျွိ၊ ကျွိကျွိနန့် သာယာငြိမ့်ညောင်းပနာ၊ ဥဩငှက်သျှေရို့ဇွ တွန်ကျူးသံသျှေတိကလေး မိပျောက်လုလု အတိတ်ကလွမ်းဆွတ်စရာသျှေတိကို အသံနန့် လိုက်ဖက်ညီယောင် ပြန်ပျာအသက်ဝင်လှာနိူင်ပါရေ။ ဒေအသံသျှေတိကားဆိုကေ သဘာဝပတ်ဝန်းကျင်က မိမိကြားရရေ သဘာဝအလှသံသျှေတိ ဖြစ်ပါရေ။ အချို့ရခိုင့်သံစိုင် သာခြင်းသျှေတိကို နားထောင်ကြည့်လိုက်ကေလေး အမိအိမ်နန့်ဝီး၊ အဖရခိုင်ပြည်နန့်ဝီးနီရေ ရခိုင်သားသျှေတချို့နန့် ရခိုင်သူမသျှေတချို့ရို့ ချက်ချင်းပိုင်ပျာ ကိုယ့်မွီးရပ်မြို ကိုယ့်ဌာနီသို့ အတောင်ပံပေါက်ပနာ ပျံပစ်လိုက်ချင်ကတ်တေ။ လူကြီးသူကြီးရို့ဇွ ပြောဆိုသံကလေး မိမိရို့ဘဝအတွက် ရင့်ကျက်တေ အတွေးအခေါ်တိကို တည်တည်ငြိမ်ငြိမ်နန့် ပြုပျင်ပြောင်းလှယ်ဖို့ သင်ပီးကတ်တေ။

ယင်းအသံတိရေ အဓိပ္ပါယ်တမျိုးစီ တန်ဖိုးကိုယ်စီ ဟိကတ်ပါရေ။ ယေဒါလေး အသံကြောင့် ဖားသီရေ စကားပုံတခုဟိသီးရေဆိုခါ၊ ပါးစက အသံထွက်လိုက်တိုင်း ကောင်းစွာမဟုတ်ပါ။

စာရီးနီယင်း အကျွန်ဇွဆရာတယောက် ဝန်ခံဖူးစွာတခုကို အတွက်ပေါ်လှာပါရေ။ 'အဝေ ငါလေ စကားပြောကေ ရက်ပြတ် Over ဖြစ်တေ၊ ယင်းယှင့်ကို ငါသိရေ၊ ယေဒါလေး ငါပြုပျင်လို့မရ'။

ဆရာသမားဇ္ ဝန်ခံချက်ရေ အကျွန့်အတွက် သင်ခန်းစာတခု ဖြစ်စီပါရေ။

ဒေနီရာမာ အဓိကပြောလိုစွာက အကျွန်ရို့စကားပြောကတ်တေအထဲမာ လူတယောက်နန့်တယောက် ဆက်ဆံရီး (Relationship)ပိုင်းမာ အဆင်ပြေချောမွိဖို့အတွက် အသံနီအသံထားလေး အဓိက လိုအပ်ပါရေ။ ဥပမာ အဂုလက်ဟိ စာဖတ်သူနန့် စာဖတ်သူဇ္ စကားပြောဖော် (Partner) တယောက်ရေ စကားပြော နီကတ်တေအချိန်မာ ပြောဆိုသူနန့် နားထောင်သူဆိုပျာ နှစ်ယောက်ဖြစ်လှာပါရေ။

ယင်းပိုင်ဆိုကေ မိမိဇ္ ဆွေးနွေးခြင်း (Discussion) ထဲမာ တဖက်လူအတွက် မိမိဇ္ အသံနီအသံထားရေ ထိုသူကို လက်ခံလှာနိူင်ယောင် ဆွဲဆောင်မှုဟိလာ၊ သို့တည်းမဟုတ် မိမိဇ္အသံနီအသံထားရေ တဖက်လူကို သြဇာပီးနီရေပိုင် ဖြစ်နီလား။ ဒေယှင့်တိကိုကိုယ်က ပြောနီယင်းနန့် ပြန်သုံးသပ်နီဖို့ လိုပါရေ။ ဇာကြောင့်လေးဆိုကေ ပြောဆိုသူနန့် နားထောင်သူမာ ပြောဆိုသူထက် နားထောင်သူက ပိုပြီးအမှားကို မြင်နိူင်ရေဆိုကေ မှားဖို့မထင်ပါ။ ဥပမာပြောရကေ ကျားကွက်ကစပ်ကတ်တေခါ ကျားကစပ်နီရေလူထက် ဘေးကကြည့်နီရေလူစွာ ကျားကွက်ဇ္အမှား အမှန်လမ်းကြောင်းကို မြင်နီရရေပိုင်၊ စကားပြောစွာမာလေး မိမိက မိမိကိုဇာလောက်ပင် ယုံကြည်မှုဟိဟိ ပြောနီပတ်စီ တချက်သတိလွတ်လားစွာနန့် အမှားဖက်ကို မြားဦးကလှည့်လားနိူင်ရေ ဆိုစွာကို အထူးသတိပြုသင့်ရေလို့ ဆိုချင်ပါရေ။

## ၄(၂)
## လူကြီးနှစ်ယောက်ကို ခွဲခြားကြည့်ခြင်း

အကျွန်ရို့အငယ်ခါ သင်ခရေ သင်ခင်းစာတခုကို လားလို့တွေးကြည့်လိုက်တေခါ၊ 'ကိုယ်အမူအရာ ယိုင်ကျေးပါ၊ နှုတ်အမူအရာ ယိုင်ကျေးပါ'ဆိုရေ ဆောင်ပုဒ်သျှေကို လားတွိလိုက်ရပါရေ။ ယေ

ကေ ယင်းဆောင်ပုဒ်ကို အကျွန်ရို့ စိစိစပ်စပ် စိုင်းစားကြည့်ကတ်ဖို့ ဆိုကေ မိမိရို့ပြောဆိုနီရာမာ အသံရာ အဓိကကျရေပုံစံမျိုး မဟုတ်ပဲ၊ ကိုယ်အမူအရာအားဖြင့်လေး ယိုင်ကျေးဖို့ လိုအပ်လှာစွာကို ဖော်ပြနီပါရေ။ စကားစပ်လို့ လူကြီးနှစ်ယောက်အကြောင်းကို အကျဉ်းအားဖြင့် ပြောပါမေ။ အကျွန်အငယ်ခါကပင် ဒေဂုထိဆိုကေ လူအများကြီး တွိဖူးကြုံဖူး ပေါင်းသင်းဖူးလှာပါပျာ။ ယင်းအထဲက ထူးခြားရေလို့ ပြောနိုင်ရေ လူကြီးနှစ်ယောက်အကြောင်းကို ဆွေးနွေးပြပါမေ။

ပထမတယောက်က ရိုးသားပါရေ။ စကားများများမပြောသူ၊ စကားပြောကေ တည်တည်ငြိမ်ငြိမ်နန့် မိမိစကားပြောရာမာ အမှားပါလားဖို့စွာကို အဓိကထားပြီးကေ သတိပြုပျာ တဖက်လူကိုလေး အခွင့်အရီးပီးပနာ ပြောပါရေ။ မျက်နှာထားက ပြုံးပြုံးပြုံးပြုံးနန့် စကားပြောကောင်းပနာ၊ အထူးသဖြင့် သူရေလူငယ်တိကို အတွေးအခေါ် ရိုက်သွင်းပီးရေလို့ ဆိုချင်ပါရေ။ များသောအားဖြင့် သူပြောရေ အကြောင်းအရာတိစွာ သမိုင်းအကြောင်း အများကြီးပြောလိဟိပါရေ။ ယင်းကြောင့် ယင်းလူကြီးကိုအားလုံးက ချစ်ခင်ကတ်တေပိုင် လေးလေးစားစားနန့် အားနာရိုသီကတ်စွာတိကို တွိရပါရေ။

ဒုတိယ တယောက်ကလေး ထူးခြားရေလို့ပြောနိုင်ရေ တယောက်ကို တွိလိုက်ရပြန်ပါပျာ။ သူကတော့ အထက်ကလူနန့် ဆန့်ကျင်ဖက်လို့ ဆိုရပါဖို့။ စကားပြောကေ ကိုယ့်ဖက်ကို ဆွဲပြောတတ်တေ။ တဖက်လူကို အခွင့်အရီးမပီး၊ မိမိဆွေးနွေးလိုရေ အကြောင်းအရာကိုရာ အဓိကထားတတ်တေ။ ယင်းကလွဲလို့ ပြောသည်ဖြစ်စီ၊ မိမိဆွေးနွေးရေ အကြောင်းအရာကို တဖက်ကလူ နားမလည်၊ သို့တည်းမဟုတ် စိတ်မဝင်စားလို့ ဟိခကေ လူညံ့၊ လူဖျင်း၊ စာမတတ် ယင်းပိုင် သတ်မှတ်လိဟိပါရေ။ သူကအပြုံးနည်းပြီး ကိုယ်အနီအထားက တင်းမာပနာ တဖက်လူကို လေးစားမှု(Respect) အားနည်းစွာတိကို တွိလှာရပါရေ။ သို့သော် သူလေး ရိုးသားမှုတခုတော့ ခါ ဟိနီပါရေ။ လူငယ်တိကို တော်စီချင်ရေ တတ်စီချင်ရေ ဆန္ဒသျှော

တိ ဟိပါရေ။ အတွေးအခေါ်အားဖြင့်လေး ထည့်သွင်းပီးပါရေ။ ယေဒါလေး သူဇွ့အထက်က အင်္ဂါရပ်တိရေ နားထောင်သူအတွက် အဆင်ပြေရေ အနီးအထားသို့ ရောက်မလှာပါ။ ယင်းပိုင်ဆိုကေ အထက်က လူနှစ်ယောက်ဇွ့ အပြုအမူ (Behaviour)နန့် ပင်ကိုယ်စရိုက် (Character) လက္ခဏာတိကို အကဲခတ်ကြည့်ကေ သိသာထင်ရှားနိုင်ပါလိမေ။ အမှန်ကို ပြောရဖို့ဆိုကေ သူရို့နှစ်ယောက်လုံးမာ ရိုးသားမှုဂုဏ်၊ လူငယ်သျှေတိကို တိုးတက်စီချင်ရေစိတ်တိ နှစ်ယောက်လုံးမာ ဟိနီကတ်တေ။ ယေဒါလေး အပြုအမူချင်း၊ ပင်ကိုယ်စရိုက်ချင်း ကောင်းကောင်းကွာနီရေခါ သူရို့နှစ်ယောက်ဇွ့ ရလဒ်ရေ လုံးဝကွာခြားလားစွာတိကို တွိလိုက်ရပါရေ။

ယင်းပိုင်ဆိုကေ ဒေအနားမာ စကားပြောကောင်းသူနန့် စကားပြောတတ်သူ ဆိုပနာ လုံးဝသိသာထင်ရှားလှာပါရေ။ အကျွန်ဇွ့ အမြင်ကိုတဆိသျှေ ပြောကြည့်ဖို့ဆိုကေ ပထမလူဇွ့အတွင်းစိတ်ဇာပိုင်ပင်ဖြစ်နီလီ ယင်းလူရေ မိမိလေးပြောရေ၊ တဖက်လူကိုလေး ပြောခွင့်ပီးရေ။ ယင်းပိုင်ဆိုခါ ထိုလူရေ သဘာဝပတ်ဝန်းကျင်နန့် အဆင်ပြေယောင် ပြောနိုင်ရေပိုင် သူ့အမြင်ကိုယ့်အမြင်ကို ဆွေးနွေးနိုင်ပြီး အသိပညာချင်း ဖလှယ်နိုင်ရေအတွက် သူပြောရေစကားကို လူတရာမာ ၉၀%လောက်က လက်ခံကတ်စွာကို တွိရပါရေ။ ယင်းပိုင်ဆိုခါ ပထမလူကို စကားပြောကောင်းသူအဖြစ် တင်စားချင်ပါရေ။

ဒုတိယလူကိုတော့ခါ ယင်းဇွ့ဆန့်ကျင်ဖက်လို့ ပြောရဖို့လား။ မိမိဇွ့ အတွေးအခေါ် (Influence)ကို တဖက်လူကို အတင်းအဓမ္မထည့်သွင်းပီးရေ ပုံစံမျိုးကို ရောက်နီရေလို့ မြင်ပါရေ။ မိမိရာပြောဖို့၊ မိမိပြောစကားကို အားလုံးလိုက်နာရဖို့ ဆိုစွာက နားထောင်သူရို့အတွက် လုံးဝလက်ခံနိုင်ရေအထိ မထိရောက်နိုင်ပါ။ လက်ခံနိုင်ရေအထိ ထိရောက်တေ စကားဆိုကေလေး နားထောင်သူတိက လက်ခံချင်မှ လက်ခံကတ်လိမေ။ ဇာကြောင့်လေးဆိုကေ သူဇွ့ပြောဆိုမှုက တဖက်လူ့အတွက် သဟဇာတမကျလို့၊ ရိုင်းရိုင်းပြောရကေ အတ္တ

ဖက်ကို အားကြီးနီပါရေ။ ယင်းကြောင့် ဒုတိယလူကို စကားပြော တတ်သူအဖြစ် သတ်မှတ်ချင်ပါရေ။

## ၉(၃)
## အကျွန်ကြီးလှာကေ ရခိုင်သားကို မယူ

တယောက်တည်းပြောစွာကို အများကငြိမ်ငြိမ်သက်သက်နန့် နားထောင်ပြီး ပြန်မပြောကတတ် ဆိုစွာလေး တရားပွဲမာရာ တွိရပါရေ။ နောက် မိမိပြောစကားတိကို လက်ခံကိုခံရဖို့ဆိုစွာတိက အသျှေတိ ကိုရာ ရနိူင်ပါရေ။ အသျှေရို့ဇွ နှလုံးသားနန့် ဦးဏှောက်တိရေ အဖြူရောင် စင်းသီးဖြစ်ကတတ်တေအတွက် သူရို့ဇွနှလုံးသားနန့် ဦး ဏှောက်ထဲသို့ မိမိထည့်သွင်းချင်ရေ အရောင်အမျိုးမျိုးကို အလွယ် တကူ ထည့်သွင်းယူနိူင်ပါရေ။

တခါက အကျွန်အင်္ဂလိပ်စာ လိလာရေ အခန်းတခုမာ မိမ သျှေတယောက် ဇာပြောလေဆိုကေ 'မမကြီးလှာကေ ရခိုင်သားကို မယူ'လတ်။ ယေခါ အကျွန်ကလေး အသျှေကိုကစပ်တေ သဘော မျိုးနန့် မီးကြည့်လိုက်ပါရေ။ 'မသျှေ ဇာဖြစ်လို့မယူလေး ရခိုင်သား အရုပ်မလှလို့လား'။ ယင်းပိုင် မီးကြည့်လိုက်တေခါ မိမသျှေက 'မ ဟုတ်ပါ၊ ရခိုင်သားတိ စာမတတ်ပီမတတ် စရိုက်ကြမ်းရေ၊ အရက်သ မားတိ အသုံးမကျလူမျိုးတိ' ယင်းပိုင်ပြန်ပြောလှာပါရေ။ ယင်းပိုင် ကြားလိုက်ရလို့ အကျွန်လုံးဝစိတ်မကောင်းပါ။ မိမသျှေကို အသူ ပြောစွာလေးလို့ မီးကြည့်ဖို့မလိုပဲ အသူပြောလို့ ယင်းအသျှေပါးစက ဒေစကား ဇာကြောင့် ပြောလှာလေဆိုစွာကို တွက်ဆလို့ရပါရေ။ အကျွန်ရို့စာသင်နီရေ ဆရာက ယင်းစကားလုံးတိကို နိတိုင်းနိတိုင်း ပြောနီရေခါ အသျှေပါရာမလား။ ယင်းစကားတိကို နိတိုင်းဆိုပိုင် ကြားယင်းမှတ်ထားယင်းနန့် သူဇွဂေါင်းထဲသို့ ယင်းအတွေးတိ ဝင် ရောက်နီရာယူထားပါရေ။ ယင်းစကားကိုပြောနီသူကား ဇာအလုပ် ကို လုပ်ဆောင်နီလေး။ ပညာကားတတ်လား။ သူရေ အကျွန်လို့ လောကသို့ မရောက်သီးခင်ကပင် နိုင်ငံရီးလောကမာ ခြီချလှာပြီး

အကျွန်နန့်တွိရေအချိန်ထိ ဆက်လို့လုပ်နီတုန်း။ အင်္ဂလိပ်စာပြရေ ကျောင်းဆရာတယောက် ဆိုကေလေးမှုန်ပါရေ။

ဒေနီရာမာ အဓိကပြောလိုစွာက မိမိရေ နောက်ပေါက်အ သျှေတိ (နောင်လာနောက်သားသျှေတိ)ကို ဇာသတင်းစကားတိ (Messages) ပီးထားခဖို့လေး။ ကောင်းရေ သတင်းစကားလား၊ မကောင်းရေ သတင်းစကားလားဆိုစွာ တဖက်လူကိုမပြောခင် ကိုယ်က အယင်စိုင်းစားသင့်ပါရေ။ 'ဆရာတယောက်မှားကေ တ ပည့်တရာ အပါယ်လားရေ' ဆိုစကားပိုင် ဆိုးကျိုးတိ ဟိပါရေ။ အကြောင်းမာ အကျွန်ရို့ရေ လူ့လောကသို့ ရောက်လှာချိန်ကစပနာ အသက်ငါးနှစ်ခြောက်နှစ် ကျော်ကျော်သျှေလောက်ရာ မိခင်ဖခင်ရို့ နန့် နီးနီးကပ်ကပ်နီခရပါရေ။ ပညာသင်ဖို့ အသက်အရွယ်ကို ရောက်လှာရေဆိုစွာနန့် တဆက်တည်းပိုင် ဆရာသမားတိ၊ ပတ်ဝန်း ကျင်လောကသားတိနန့် နီရရေအချိန်က ပိုများပါရေ။ မိခင်ဖခင်ရို့ နန့် နီရရေအချိန်က တဆတ်ဆတ် နည်းပါလှာစွာကို သတိထားမိ ကတ်ပါလိမေ။

ယင်းပိုင်ဆိုခါ အသက်ငါးနှစ်ခြောက်နှစ် အသျှေရို့ဧ့ တွေး ခေါ်တတ်တေ ဦးဏှောက်နန့် ခံစားတတ်တေ နှလုံးသားက အဖြူ ရောင်စင်းသီး ဖြစ်ကတ်တေအတွက် သူရို့ဧ့ဦးဏှောက်ထဲသို့ ဆိုးချင် ရေ အရောင်ကို ဆရာသမားရို့က ဆိုးပီးနိုင်ပါရေ။ ယင်းပိုင် ဖြူစင်နီ ရေ အသျှေရို့ဧ့အနားမာ စကားကို အထူးသဖြင့် ဆင်ဆင်ခြင်ခြင် နန့်ပြောဖို့က ဆရာသမားရို့ဧ့ တာဝန်တရပ်ဖြစ်တေ။ ယင်းပိုင်ဆို ကေ လောကသားအားလုံးရေ အတွေးအခေါ် အယူအဆကို ဆရာသ မားတိနန့် ပတ်ဝန်းကျင်သဘာဝလောကက ပြောဆိုသံတိကို ကြားရ ပြီးကေ ကိုယ့်အယူအဆနန့် အတွေးအခေါ်တိရေ သူရို့ပါးက ကူးစပ် လှာပါရေ။

## ၉(၄)
## မိဖနှစ်ပါးနန့် ပတ်ဝန်းကျင်

'မိဖမကောင်း သားသမီးဂေါင်း' ဆိုရေဆန့်ကျင်ဖက်စကားပုံ

ကို အညှက်တောင်းထဲသို့ ထည့်ပစ်ခီရပါဖို့လား။ ယင်းရေ အမှားမြင် ဝါဒလို့ ပြောနိူင်ပါဖို့လား။ တခါက အကျွန်ရေ အိမ်တအိမ်နားက ဖြတ်လို့အလား လူငယ်တယောက်ရေ လူကြီးတယောက်ကို ပြော လိုက်စွာက လီသံမာမာနန့် ‘ကိုယ်ကျကေ မူးနီပြီးကေ သူများကိုလာ လို့ တရားဟောနီရေ ကိုယ့်ကြည့်ကား အရက်သမား၊ ပြောကေမ ကောင်း အပြစ်ကျဖို့စွာကို ကြောက်လို့ဒေနှန်း’လို့ ကြားလိုက်ရပါ ရေ။ ယကေ အကျွန်ကလေး မနီနိူင်ပါ။ အနားမာဟိရေ အရီးတ ယောက်ကို လှမ်းလို့မီးကြည့်လိုက်ပါရေ။ ‘အရီး ဇာဖြစ်ကတ်စွာပါ လေယှင့်’။ ယေခါ ယင်းအရီးက ‘ဟေး မောင်သျှေ မပြောကေ့၊ သားကိုအဖက အရက်သောက်ပနာ ဆုံးမနီလို့ အဖကိုသားက ပြန် ပြောရေဟိမေ’လို့ ဆိုပါရေ။

အထက်က အဖြစ်အပျက်ကိုကြည့်ကေ လူတယောက်ဇ္ဇ အ တွေးအခေါ် အယူအဆရေ မိဖနန့်လေး အများကြီးသက်ဆိုင်ရေလို့ ဆိုကေကား မှားနိူင်ပါဖို့လား။ အများအားဖြင့် သားသမီးတိ လိမ္မာ ယိုင်ကျေးရေဆိုစွာ မိဖရို့ဇ္ဇ ကိုယ်ကျင့်တရားသည်လေး ကကောင်း အရီးကြီးရေ အစိတ်အပိုင်းတခုဖြစ်ပါရေ။ တချို့မိဖတိဆိုကေ သား သမီးကို ပညာသင်နိူင်ကေလေး မသင်ပဲနန့် အလုပ်ခိုင်းတတ်တေ မိဖတိကိုလေး စိတ်မကောင်းစရာပင် တွိဖူးကတ်ပါလိမေ။ အသျှေ တိကို ပညာမသင်ပီးရေ ရလဒ်စွာ စရိုက်ကြမ်းတမ်းဖို့ လမ်းဖောက် ပီးလိုက်စွာနန့် တူပါရေ။ ဇာကြောင့်လေးဆိုကေ အသျှေဆိုစွာရေ သူရို့တိ ပညာသင်ရဖို့အချိန်မာ ပညာမသင်ရဆိုကေ အသျှေရို့သ ဘာဝ လားချင်စွာကို လားလို့၊ ရောက်ချင်စွာကို ရောက်ပနာ မကြား ကောင်းစကား၊ ကြားကောင်းစကားတိကို ကြားလှာကတ်တေ။ ယ ကေ ယင်းအသံတိကို မှတ်ထားပနာ မိမိလေး ပြုမူလှာပါရေ ပြောဆို လှာပါရေ။ ယေဇုနန့် သားသမီးရို့ဇ္ဇ ကောင်းခြင်းဆိုးခြင်းရေ မိဖနန့် လေး ကောင်းကောင်းသက်ဆိုင်ပါရေ။

ဘာသာရီးနန့်ပတ်သက်လို့ တဆိသျှေထည့်ပြောပါမေ။ အ ကျွန်ရို့ရေ လူ့လောကကြီးသို့စပျာ ရောက်လှာကတ်ချိန်က ဇာဘာ

သာကိုကိုးကွယ်မေ၊ ငါဇာဘာသာကိုမှလက်ခံရေ၊ ဇာဘာသာက တရားတော်တိကိုရာ ငါနားထောင်ဖို့ ဆိုပနာ ဆုံးဖြတ်ပြီးကေ အမိဝမ်းတွင်းက ထွက်လှာသူမဟိပါ။ အကျွန်ရို့ လူ့လောကသို့ရောက်လှာလို့ များမကြာခင် မိဖနှစ်ပါးက ဗုဒ္ဓဘာသာဖြစ်တေအတွက် မိဖရို့နှင့် မိုးထဖက် အိပ်ရာထ၊ ညအိပ်ရာဝင် အစိန္တေယျဘုရားရှိခိုးသံ၊ ဩကာသရှိခိုးသံနန့် ဝေနေယျသတ္တဝါရို့ကို မေတ္တာပို့သံသျှေတိကြားရလို့ မိမိရို့ရေ အခြီခံအားဖြင့် ဗုဒ္ဓဘာသာတိ ဖြစ်လှာကတ်ပါရေ။

ခရစ်ယာန်ဆိုပြန်ကေလေး မိဖတိက သားသမီးတိကို သမ္မာကျမ်းစာတိနန့် သခင်ယေရှုခရစ်နှင့် ကောင်းခြင်းတိ ပြောပြကတ်တေ။ တလင်းဂုနိနိတိုင်း ခရစ်ယာန်ဘုရားကျောင်း (Church)ကိုလားပျာ ဝတ်ပြုဆုတောင်းကတ်တေ။ ယင်းပိုင်ဆိုကေ ယင်းပတ်ဝန်းကျင်မာ ကျင်လည်ပျာ ကြီးပြင်းလှာရေ အသျှေတယောက်ကို ခရစ်ယာန်မလုပ်ကေ့ဆိုပနာ ဟန့်လို့ရနိုင်လိမေ မဟုတ်ပါ။ ယင်းနည်းတူ မိဖနှစ်ပါးက ဟိန္ဒူဆိုကေ ဟိန္ဒူ အစ္စလာမ်ဆိုကေ အစ္စလာမ်ဖြစ်လားကတ်စွာရေ ပုံသီသဘာဝတရားတိ ဖြစ်ပါရေ။

အသံရေ နောက်ယောင်ခံတတ်တေ သဘောတရားဟိပါရေ။ မိမိက စိတ်အားငယ်စရာတိကို အမြဲတမ်းပြောနီကေ အနီးပတ်ဝန်းကျင်က ကြားရသူရို့ကိုလေး စိတ်အားငယ်လှာတတ်ပါရေ။ ယင်းနည်းတူ ဘဝမာ အောင်မြင်ကြီးပွားဖို့၊ တိုးတက်ဖြစ်ထွန်းလှာဖို့ စကားတိကို ပြောနီကေ မိမိနှင့်ပတ်ဝန်းကျင်ရေ စိတ်ဓာတ်ကျနီပတ်စီ ဘဝမာ အောင်မြင်ကြီးပွားဖို့အတွက် ဇာလုပ်ကေကောင်းဖို့ ဆိုစွာကို စိုင်းစားတွေးခေါ်လှာတတ်တေ။ ဆိုကေ လူတယောက်နှင့် အတွေးအခေါ်ရေ သဘာဝပတ်ဝန်းကျင်နန့် အများကြီး သက်ဆိုင်ပါရေ။ ယင်းအတွက်နန့် မိမိရို့ရေ စကားပြောဆိုစွာမာ ပတ်ဝန်းကျင်ကို ကြည့်ပနာ အများကြီးသတိထားဖို့ လိုအပ်ပါရေ။

သာစွလေပါ . . .

## ၁၀(၁)
## ပတ်ဝန်းကျင်ကို လေးစားပါ

မကောင်းရေ ပတ်ဝန်းကျင်ကို မငြိတွယ်ကေ့။
သူတပါးကြောင့် သင် ဒုက္ခမရောက်ယောင် နီပါ။
သင့်ကြောင့် သူတပါးကို ဒုက္ခမရောက်ပါစီကေ့။

ဒေစကားရေ စစ်တွေမြို့ တောင်ရွှေရွာကျောင်း၊ ကျောင်းထိုင်ဆရာတော်ဘုရား ဘဒ္ဒန္တဦးခေမိက ဩဝါဒပီးဖူးရေ စကားဖြစ်ပါရေ။ ဒေစကားကို ပြောဖို့ဆိုကေ ဆရာတော်ကြီးဇို့ ဂုဏ်တော်ကို ဆိကေလောက် ထည့်ပနာ ပြောချင်ပါရေ။ ဆရာတော်ကြီးရေ ကကောင်းတည်ကြည်ပနာ စကားပြောဆိုတတ်ပါရေ။ တပည့်တပန်းတိကိုလေး မကြာမကြာ ဩဝါဒတရား ဟော်တော်မူလိ ဟိပါရေ။ သာသနာထဲမာ နီကိုနီရဖို့ဆိုရေ အတွေးအခေါ် လုံးဝမထားရေပိုင်၊ ဩဝါဒပီးစွာမာလေး လောကီ၊ လောကုတ္တရာ နှစ်ဖြာကို ကြည့်ပနာ ဩဝါဒပီးလိ ဟိပါရေ။ သာသနာ့ဝန်ထမ်း ပုဂ္ဂိုလ်တိကိုလေး သာသနာမာ မပျော်လို့ လောကီသို့ ကူးပြောင်းဖို့ (လူထွက်ဖို့) ဆိုကေ လူ့လောကရေ ဇာပိုင်ယှုပ်ထွီးရေ။ လူ့လောမာ ဇာပိုင်ဆက်ဆံရဖို့၊ ဇာပိုင်နီထိုင်ရဖို့ ဆိုစွာတိကိုလေး ဆုံးမလိဟိပါရေ။ ယင်းအတွက်ကြောင့် ဆရာတော်ကြီးကို အကျွန်ရို့တပည့်တပန်းတိရေ ချစ်ကြောက်ရိုသီပနာ လီးလီးနက်နက် ဟိကတ်ပါရေ။

သူတပါးကြောင့် သင်ဒုက္ခမရောက်ယောင် နီရဖို့ ဆိုထားပါရေ။ သူတပါးကြောင့် အကျွန်ရို့ ဇာပိုင်ဒုက္ခရောက်ပါလေး။ ဇာကြောင့်ဒုက္ခရောက်ပါလေး။ ဆိုလိုချင်စွာက မကောင်းရေ ပတ်ဝန်း

ကျင် အရပ်ဒေသနန့် မကောင်းရေ လူ့အသိုင်းအဝိုင်းကို ဆိုလိုခြင်း ဖြစ်ပါရေ။ မကောင်းရေ ပတ်ဝန်းကျင်အရပ်ဒေသကို ရှာကြည့်ကတ် ပါမေ။

## ၁၀(၂)
## မကောင်းရေ ပတ်ဝန်းကျင်က ရှုန်းထွက်ပါ

ဒေနီရာမာ အကျွန်တွိဖူးရေ အတွိအကြုံတခုကို ရီးကြည့်ပါမေ။ ရွာသျှေ့တရွာမာ အိမ်ကလေး နှစ်ဆယ်ကျော်ကျော်လောက်ဟိဖို့ ထင်ရပါရေ။ အကျွန်လေး (အလည်အပတ်) လည်ဇောင်လားပါရေ။ ယင်းမာ ကိစ္စတခုကြောင့် ရက်ပေါင်းတဆယ်ကျော်လောက် နီခပါရေ။ ယင်းကလူတိရေ စိတ်အားဖြင့် ကောင်းကောင်းဖြူစင်ကတ်တေ၊ ရိုးသားကတ်တေ။ ယေဒါလေး ယင်းနီရာမာက အခြားအခြား ကုန်ပစ္စည်းနန့် ပညာရီး၊ လမ်းပန်းဆက်သွယ်မှုတိ အားနည်းကေလေး အရက်ကတော့ အချိန်တိုင်း၊ ရာသီတိုင်းဟိရေပိုင်၊ လူတိကလေး ညဇာဖက် နီရောင်ဆိကေ စောင်းပျာဆိုစွာနန့် တရွာလုံးဆိုပိုင် အရက်ယစ်နီကတ်တေ။ အရက်ယစ်ပျာဆိုကေ တယောက်နန့်တယောက် လှမ်းဆဲသံတိ၊ ရန်ဖြစ်ကတ်တေ အသံတိ၊ ရှုန်းရင်းဆံခတ်ဖြစ်ကတ်တေ အသံတိကို ကြားနီရပါရေ။

ယင်းအသံတိကို စာရီးသူအနီနန့် ကြားနီရခါ လုံးဝစိတ်ချမ်းသာမှု မဟိရေပိုင်၊ ယင်းနီရာက မိမိနီရာသို့ ပြန်ပြီးလားချင်ရေစိတ်တိ နိတိုင်းနိတိုင်း ဖြစ်ပေါ်လှာပါရေ။ နောက်ပြီး အထက်က ပြောခရေ 'မကောင်းရေ ပတ်ဝန်းကျင်က ရှုန်းထွက်ပါ' ဆိုရေ ဆရာတော်ကြီးဇို့ ဩဝါဒစကားကိုလေး မကြာမကြာ သတိရမိပါရေ။ ယင်းနီရာရေ အကျွန့်ကို ခန္ဓာကိုယ်အစိတ်အပိုင်း ဒုက္ခရောက်လားယောင် မထိခိုက်နိုင်ကေလေး၊ စိတ်ပိုင်းဆိုင်ရာ အားဖြင့်တော့ နိတိုင်းနိတိုင်း ဒုက္ခဖြစ်စီပါရေ။ ယင်းကြောင့် မိမိဇို့ကိစ္စရပ်ကို အလျင်လက်စသတ်ပနာ ယင်းရွာက ထွက်လှာလိုက်ပါရေ။ ယင်းရွာက ရွာသားတိရေ စိတ်အားဖြင့်အဖြူထည်တိ ဆိုစွာကိုတော့ အကျွန်တွိခရရေ အတွက်

ကြောင့် အကျွန်ရို့အနီနန့် သနားစိတ်လေး ဖြစ်ခပါယင့်။ ယေဒါလေး ယင်းအချိန်က အသက်ငယ်သီးရေဆိုခါ သူရို့ကိုပြောပြဖို့ မစွမ်းဆောင်နိူင်ခပါ။

အကျွန်ရို့ရေ ဘဝအသက်အရွယ် ရလာသည်နန့်အမျှ အတွေ့အကြုံတိ ရဟိလာကတ်တေ။ ယင်းအတွေ့အကြုံတိကို စိုင်းစားကြည့်ကတ်ဖို့ဆိုကေ စာရိုးလို့တောင် ကုန်နိူင်လိမေ မထင်ပါ။ မကောင်းရေ နီရာပတ်ဝန်းကျင် အရပ်ဒေသမာ နီထိုင်ခြင်းသည်လေး မိမိကို အလွန်ပင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်စီနိူင်ပါရေ။ နိတိုင်းနိတိုင်း အပျော်အပါးလိုက်စားနီရေ ပတ်ဝန်းကျင်၊ သောက်စားမူးယစ်နီရေ ပတ်ဝန်းကျင်၊ သို့မဟုတ် ဆူပူအုံကြွနီရေ ပတ်ဝန်းကျင်တိမာ အချိန်တာရှည် နီထိုင်လိုက်ကေ မိမိဇွဘဝသည်လေး တိုးတက်ပြောင်းလွဲမှုမဟိပဲ ပိုလို့ပင် ဆိုးရွားလာနိူင်ပါရေ။ မိမိအတွက် အောင်မြင်တိုးတက်မှုမဟိရေ ပတ်ဝန်းကျင်ကို စွန်ခွာသင့်ကေ အလျင်အမြန်စွန့်ခွာဖို့ တိုက်တွန်းလိုပါရေ။

## ၁၀(၃)
## သူတပါးကြောင့် သင်ဇွကွခမရောက်ယောင်နီပါ

ဥပမာ အဂုစာဖတ်သူ မိတ်ဆွိဇွ မိသားစုအသိုင်းအဝိုင်းမာ ကကောင်းဆိုးသွမ်းနီရေ လူတယောက်ဟိရေဆိုကေ ယင်းလူကို မိတ်ဆွိအပါအဝင် သူဇွမိဖနှစ်ပါးလုံးလေး ပြုပျင်နိူင်လိမေ မဟုတ်ပါ။ ရှိုင်းရှိုင်းပြောရကေ ထောင်ဆယ်ခါမက ကျလီပတ်စီ လွတ်မြောက်လာရေခါလေး သူ့ကိုယ်သူ ပြုပျင်ကေပြုပျင်၊ မပြုပျင်ဆိုကေ အကျွန်ရို့အများဆုံး လုပ်ပီးနိူင်စွာက သူရေနောက်ထပ် လမ်းမှားကို မရောက်ယောင်နန့် မဆိုးသွမ်းယောင် နားချဖို့၊ လူကောင်းတယောက် ဖြစ်လာယောင် ကူညီပီးဖို့ ယင်းလောက်ရာ တတ်နိူင်ပါလိမေ။

နောက်ဆုံး ယင်းလူရေ ကိုယ့်ကိုကိုယ်မကလို့ သူဇွ ပတ်ဝန်းကျင်ဖြစ်တေ အကျွန်ရို့ကိုပါ ထိခိုက်လာနိူင်ပါရေ။ မာန်ပါလွယ်ပနာ

တခုမဟုတ်တခု ပြဿနာရှာတတ်တေဆိုကေ သူ့ကြောင့် အကျွန်ရို့ ရေ အနည်းနန့်အများတော့ ဒုက္ခဖြစ်နီပါပျာ။ ယကေ ကိုယ်ကပြန်ပနာ ပေါက်ကွဲပစ်တေ၊ ပြဿနာရှာပစ်တေဆိုစွာနန့် အကျွန်ရို့အားလုံး အမှားလမ်းကို လျှောက်တေပိုင် ဖြစ်လားပါပျာ။ ဆိုကေ သူလုပ်တိုင်း ကိုယ်ကခံပီးရဖို့လား ယင်းပိုင်လေး မဟုတ်ပါ။ အတတ်နိူင်ဆုံး ဆွေးနွေးကြည့်ပါ။ နောက်ဆုံး မရနိူင်ပျာဆိုကေ ဥပေက္ခာပြုထားလိုက်ပါ။ ဇာကြောင့်လေးဆိုကေ ယင်းလူဇွ အကျင့်စရိုက်ကို အကျွန်ရို့ မထိန်းချုပ်နိူင်လို့ပါ။ လူဆိုစွာ မိမိဇွပင်ကိုယ်စရိုက်ကို မိမိကိုယ်တိုင် ပြုပျင်ပြောင်းလှယ်မှ ရနိူင်ရေ သတ္တဝါဖြစ်လို့ပါ။

ယင်းရေ မကောင်းသူတယောက်အတွက် အကျွန်ရို့ကိုယ်တိုင် ဒုက္ခမရောက်ယောင် နီနိူင်ဖို့ တခုတည်းသော နည်းလမ်းဖြစ်ပါရေ။

## ၁၀(၄)
## သင့်ကြောင့်သူတပါးကို ဒုက္ခမရောက်ပါစီကေ့

လောကမာ သတ္တဝါအားလုံးရေ ကိုယ့်ကိုကိုယ်ရာ အမှန်တရားလို့ဆိုကေ စောဒကတက်ချင်ရေလူ ဟိပါဖို့လား။ တချို့လူငယ်တိ၊ အပျိုမသျှေတိဆိုကေ ချစ်သူရည်းစား ဖြစ်ကတတ်တေ၊ ပြီးကေကွဲကတတ်တေ။ သူငယ်ချင်းအချင်းချင်း ရန်သူဖြစ်လားစွာတိ၊ အသင်းအဖွဲ့အစည်း တခုနန့်တခု၊ သားသမီးနန့်မိဖ ပြဿနာဖြစ်ပနာ စကားမပြော၊ နှုတ်မဆက်စွာတိရေ အားလုံးမိမိရာအမှန်၊ မိမိပြောရေ စကားရေ မမှား၊ ယင်းပိုင် သတ်မှတ်ထားကတတ်တေ။ ဒေနီရာမာ အဓိကပြောချင်စွာက 'သင့်ကြောင့် သူတပါးကို ဒုက္ခမရောက်ပါစီကေ့'။ အကျွန်ရို့ကြောင့် ပတ်ဝန်းကျင်ကို ဇာပိုင် ဒုက္ခရောက်စီပါဖို့လေး။ ဇာကြောင့် အကျွန်ရို့ပတ်ဝန်းကျင်နန့် သဟဇာတမကျ ဖြစ်နီပါလေးဆိုစွာကို တဆိကေ စိုင်းစားကြည့်ကတတ်ပါမေ။

အကျွန်ရို့နီထိုင်ရေ ပတ်ဝန်းကျင်မာ နီထိုင်ကတတ်တေ လူပုဂ္ဂိုလ်တိရေ တိတ်ဆိတ်ငြိမ်သက်မှုကို ကြိုက်ကတတ်တေ။ သူရို့တိရေ

စကားပြောစွာမာလေး Rude မဖြစ်၊ ငြိမ်းချမ်းမှုကို အဓိကထားရေ ပတ်ဝန်းကျင်လို့ အကြမ်းအားဖြင့် ဆိုကတ်ပါမေ။ ယင်းပတ်ဝန်းကျင်မာ အဆွီရေ အကြောင်းအမျိုးမျိုးကြောင့် နီထိုင်ဖြစ်တေဆိုကေ ယင်းပတ်ဝန်းကျင်က လူတိနီရေပိုင် ငြိမ်ငြိမ်သက်သက် နီထိုင်ရပါလိမေ။ မိမိက သောက်စားမူးယစ်ပနာ ဆူပူသောင်းကျန်းမှုတိ၊ စကားကို ဆင်ခြင်တုံတရားမဟိပဲ ပတ်ဝန်းကျင်ကို ထိခိုက်စီရေစကားတိကို ပြောဆိုလိဟိရေဆိုကေ ယင်းအပြုအမူနန့် အပြောအဆိုတိရေ မိမိနီထိုင်ရာ ပတ်ဝန်းကျင်ကို ကကောင်းကြီး ထိခိုက်စီရေအတွက် အဆွီကိုယ်တိုင် ပြုပျင်ကိုပြုပျင်ရပါလိမေ။

အထူးသဖြင့် လူငယ်ရို့အသိုင်းအဝိုင်းမာ တွိရတတ်တေ အပြုအမူသျှေသုံးခုလောက် ရီးကြည့်လိုက်ပါမေ။ တချို့လူငယ်တိရေ နိုးကြားထကြွ(Active)ပနာ ပြောဆိုဆက်ဆံလိဟိရေ။ သူရို့ရေ ကြိုးစားချင်စိတ်ဟိပနာ အရာရာကို တက်တက်ကြွကြွနန့် လုပ်ဆောင်ကတ်တေ။ အပြောအဆိုအားဖြင့်လေး တက်တက်ကြွကြွ ဟိကတ်တေ။ ယေဒါလေး တချို့လူငယ်တိရေ တခါတရီမာ ကိုယ့်ပတ်ဝန်းကျင်ကို လီးနက်မှုအားနည်းပနာ ကိုယ့်ကိုကိုယ် တဆိသျှေ မာနထားတတ်စွာတိကို တွိရပါရေ။ ယင်းကြောင့် တခါတရီမာ မထင်မှတ်ပဲ ကိုယ့်ကြောင့် အနီးပတ်ဝန်းကျင်ကို ထိခိုက်ပစ်လိုက်စွာတိကို သတိမပြုပဲ ဟိကတ်ပါရေ။

တချို့ဆိုကေ ပတ်ဝန်းကျင်းကို လုံးဝဂရုမစိုက်ပဲ မိမိထင်စွာကို စိတ်ထဲဟိရေပိုင် ပြောတတ်စွာတိကို တွိရပါရေ။ မိမိအဆင်ပြေရေပိုင် နီထိုင်လိဟိကတ်တေ။ ယင်းအပြုအမူတိသည်လေး မိမိဇွ့ပတ်ဝန်းကျင်ကို အလွန်ပင် ထိခိုက်စီနိူင်ရေ အပြုအမူနန့် အနီအထိုင်တိဖြစ်ပါရေ။ ယင်းပိုင် အပြုအမူရိုင်းတိကို မိမိကပြုလုပ်လိုက်ပျာဆိုစွာနန့် မိမိဇွ့ပတ်ဝန်းကျင်ကို အလိုအလျှောက် ထိခိုက်လှာပါရေ။ ကိုယ်က ဇာလောက်ပင် ‘ငါ တခုလေးမလုပ်၊ ကိုယ့်စွာနန့်ကိုယ် အဆင်ပြေပိုင်နီစွာ’ ပြောလီပတ်စီ၊ မိမိနီထိုင်ရေ ပတ်ဝန်းကျင်နန့် သဟဇာတ(consistent)မဖြစ်ကေ ငါတခုခု မှားနီပျာကားဆိုစွာကို သတိပြုဖို့

အချိန်တန်လှာပါပျာ။

တချို့လူငယ်တိ ဆိုပြန်ကေလေး ငြိမ်သက်(Peace)ပြီးကေ အီးအီးချမ်းချမ်း နီထိုင်တတ်စွာကို တွိရပြန်ပါရေ။ တဒင်္ဂအားဖြင့် သူရို့ကို ငြိမ်းငြိမ်းချမ်းချမ်း နီထိုင်တတ်တေ၊ လိမ်မာကတ်တေ၊ ဗဟုသုတဟိရေလို့ ပြောကတ်ပါလိမေ။ ယေဒါလေး သူရို့တိသည်ပင် ကိုယ့်ကိုကိုယ် အီးအီးချမ်းချမ်းနီတတ်တေ ဆိုပြီးကေ မာနထားကတ်တေ။ ကိုယ့်ပတ်ဝန်းကျင်မာဟိရေ အပေါင်းအသင်း မိတ်ဆွီတိနန့် နီထိုင်ရာမာလေး ငါရာ အတွေးအခေါ်ကောင်းဟိရေ၊ အနီအထိုင်မှန်ရေ၊ စကားပြောတတ်တေ။ ယင်းပိုင် စိတ်ထားပျာ ပတ်ဝန်းကျင်ကို မသိမသာ ကရဲ့လိဟိပါရေ။

အများအားဖြင့်တွိရစွာက စာရီးသူနန့် စာဖတ်သူရို့ရေ အငယ်ခါ ပညာသင်။ အသက်အရွယ်ရလှာစွာနန့် မိဖမာလုပ်ကိုင်ဖို့ အလုပ်အကိုင်ဟိကေဟိ၊ မဟိကေ ရိုကြိုင်ရာမြက်နူရာဆိုရေပိုင်၊ မိမိအဆင်ပြေဖို့ နီရာတိသို့လားပျာ အလုပ်လုပ်ကိုင်ယင်း ဖေသာရှာကတ်ရရေ။ ယင်းမာတွိရစွာက တချို့တချို့ပုဂ္ဂိုလ်တိရေ အလိုက်မသိလို့ ပြောရပါဖို့လား၊ တကိုယ်ကောင်းဆန်ရေလို့ ပြောရပါဖို့လား။ ပတ်ဝန်းကျင်က အခွင့်အရီးကို ရသလောက်ယူပနာ တဖက်လူကိုကျကေ လုံးဝအခွင့်အရီးမပီးတတ်။ ယင်းပိုင်ဆိုကေ ယင်းပုဂ္ဂိုလ်ဇ္ဇ နီထိုင်ပုံသည်လေး သဘာဝပတ်ဝန်းကျင်နန့် သဟဇာတမဖြစ်ပါလို့ သတ်မှတ်နိုင်ပါရေ။

ယင်းယှင့်သည်ပင် မိမိကြောင့် သူတပါးကို ထိခိုက်စီရေ အပြုအမူ အနီအထိုင်ဖြစ်ပါရေ။ ယင်း မကောင်းရေ ပင်ကိုယ်စရိုက်ရေ မိမိမာဟိရေဆိုစွာနန့် ယင်းအပြုအမူ၊ အပြောအဆိုကိုလေး ပြုပျင်ဖို့ လိုအပ်ပါရေ။ ‘သင့်ကြောင့် သူတပါးကို ဒုက္ခမရောက်ပါစီကေ့’ ဆိုရေ ဆရာတော်ကြီးဇ္ဇ ဩဝါဒစကားကို နာခံကျင့်သုံးပနာ မိမိပတ်ဝန်းကျင်နန့် သဟဇာတကျကျ နီထိုင်ကတ်ပါမေ။

သာစွလေပါ . . .

## ၁၁(၁)
## H လေးလုံးနန့် ဗဟုသုတ

12, May, 2014 နိမာ အကျွန်နန့် နိုင်ငံရီးသမားကြီး အပူဇော်ခံဆရာကြီး ဦးဦးခိုင်စိုးရို့ရေ ပေါက်တောမြို့နယ် ယင်ရဲကန်ကျွေးရွာကနီပနာ မင်းပြားမြို့သို့ လောင်းဘုတ်သျှေနန့် တရွိရွိ တရွိရွိ ပျင်ပျာ၊ စက်သံသျှေကလေး တဒုတ်ဒုတ်မြည်သံနန့်အတူ မင်းပြားမြို့သို့ မောင်းနှင်လှာပါရေ။ အချိန်ကလေး မိုးထဖက် သျှစ်နာရီလောက်ဆိုခါ စကားတပြောပြောနန့် ခရီးဆက်လှာကတ်ပါရေ။ စကားပြောယင်းနန့် ညဇာဖက်က ယင်ရဲကန်ကျွေးရွာမာ နိုင်ငံရီးဟောပြောပွဲ အကြောင်းကိုပြောပျာ စီးလှာကတ်ပါရေ။ စကားကလေး ပြောယင်းနန့် ‘စ ကေ ကား’ ဆိုပိုင် နိုင်ငံရီးကိုရောက်လိုက်၊ ပညာရီးကိုရောက်လိုက်၊ ဘာသာရီးကို ရောက်လိုက်နန့် စကားကောင်းလှာလတ်ပါရေ။ ဆရာကြီးကလေး စကားကို အကြောင်းအရာ တခုပြီးတခုဆိုပိုင် ပြောလို့ အကျွန်ကလေး ဗဟုသုတရနီရေအတွက် အဆက်မပြတ်ယောင်လို့ စကားထောက်၊ တယောက်နန့်တယောက် ကကောင်း အဆင်ပြေနီကတ်ပါရေ။ ယင်းအထဲက ဆရာကြီးပြောလားရေ စကားတချို့စွာ စာရီးသူ့ဘဝမာ တန်ဖိုးမဖြတ်နိုင်ရေစကားတိ ဖြစ်လှာပါရေ။

ယင်းအထဲက ဒေ H လေးလုံးအကြောင်းကို ဆိကေသျှေရီးပါမေ။

ဆရာကြီး။ ။ အဝေ လူဆိုစွာ နိုင်ငံရီးသမားပင်ဖြစ်ဖြစ်၊ ဆရာဝန်ပင် ဖြစ်ဖြစ်၊ ချမ်းသာကြွယ်ဝသူပင်ဖြစ်ဖြစ် ဇာသူမဆို H လေးလုံးနန့် ညီယောင်နီတတ်ဖို့ လိုရေ။ ယေမှရာ အားလုံးသူနန့် အဆင်ပြေပြေနီနိုင်ဖို့။

အကျွန်။ ။ ဟုတ်ပါရေ အခင်ကြီး။ ယင်း H လေးလုံးက ဇာကို ပြောပါလေမသိ။

ဆရာကြီး။ ။Honesty-ရိုးသားသူဖြစ်ရဖို့၊
Hospitality-ယိုင်ကျေးပျူငှာစွာ ဆက်ဆံတတ်ရဖို့၊
Humble-နိဝါတတရားဟိဖို့လိုရေ၊
Honourable-ဂုဏ်သိက္ခာနန့် ပြည့်စုံသူဖြစ်ရဖို့။
ယင်းလေးလုံးထဲက နှစ်လုံးလောက်ရာ လျှော့ကျနီကေ ယင်းလူ ဇာလောက်ပင်ဆရာကြီး ဇာလောက်ပင်တော်နီရေ၊ တတ်နီရေ ဆိုလီပတ်စီ လောကနန့် ဆက်ဆံဖို့အတွက် လုံးဝအဆင်မပြေပျာ။ တချို့ပညာသျှင်တိ စာမတတ်တေလူ ဆင်းရဲရေလူတိကို အဆင့်မတူဆိုရေပုံစံနန့် ဆက်ဆံတတ်စွာတိကို တွိဖူးရေမလား။

အကျွန်။ ။ ဟုတ်ပါရေ အများကြီးတွိဖူးပါရေ အခင်ကြီး။

ဆရာကြီး။ ။ ဧး ယင်းပိုင်လူကို (Proud of knowledge is blind in life.)- ပညာမာနကြီးနီရေလူစွာ အလင်းရောင်ထဲမာ မျက်လုံးကန်းနီရေလူနန့်တူရေ။

အကျွန်။ ။ ဟုတ်ပါယင့် ကျေးဇူတင်ပါရေ အခင်ကြီး အကျွန်မှတ်ထားပါမေ။

ဆရာကြီးနန့် စကားပြောနီယင်း ဆရာကြီးဇွ့ပြောဆိုပုံ အနီအထားရေ တည်ကြည်လီးနက်ပနာ လူငယ်တယောက်ဖြစ်တေ အကျွန့်ကို နားလည်ယောင် စေတနာပါပါနန့် ယှင်းပြပီးနီရေ ဆရာကြီးဇွ့ပုံစံက အတ္တတိကင်းယှင်းရေ မျက်နှာထားတိကိုမြင်ရလို့ နားထောင်နီသူ အကျွန်ဇွ့စိတ်ထဲမာ မလေးစားပဲ မနီနိုင်ပါ။

## ၁၁(၂)
## ရိုးသားဖြောင့်မတ်ခြင်း

တခါက စာရီးသူကို မိတ်ဆွိတယောက်က မီးဖူးပါရေ၊ 'မိတ်

ဆွိအနီနန့် ရိုးသားရေဆိုစွာကို ဇာပိုင်ယှော်င် သတ်မှတ်ထားပါလေး’ လို့။ ယင်းမီးခွန်းကို အကျွန်အတတ်နိူင်ဆုံး ဖြည်ကြည့်ခပါရေ။

‘ဗုဒ္ဓဘုရားသျှင်ကတော့ခါ ပါဏာတိပါတာ အစပတိသဖြင့် ငါးပါးသီလ တရားတော်ကို လောကသားတိအတွက် ပညတ်တော်မူခပါရေ။ ယင်းရေ အမှားမပဟိ အမှန်သက်သက်ဖြစ်ပါရေ။ ယေဒါလေး အကျွန်ရို့ သာမန်ပုထုစဉ် လောကသားတိအတွက်၊ ယင်းငါးပါးလုံးကို ထိန်းနိူင်ဖို့ဆိုစွာ လွယ်ကူရေ အကျင့်တော့ မဟုတ်ပါ။ ယေဇုနန့် လက်ဟိခေတ်ကာလမာ (Globalization) အရ လိလာကြည့်ကတ်ဖို့ ဆိုကေလေး လူတိုင်းလူတိုင်းကတော့ အရက်မသောက်၊ ဖဲမကစပ်၊ မိမမလိုက်စား၊ မခိုးမဝှက်၊ မလိမ်မဝါဆိုကေ ရိုးသားသူအဖြစ် လူတိုင်းလက်ခံထားကတ်ပါရေ’။

အကျွန်ပြောလို့အပြီးမာ သူကနောက်တခေါက် စောဒကတက်လိုက်ပါသီးရေ။ ‘အထက်က အင်္ဂါရပ်တိနန့် ပြည့်စုံနီပျာ ဆိုတိုင်းကို ရိုးသားသူလို့ သတ်မှတ်နိူင်ပါဖို့လား။ ယင်းလူ အတ္တလေးကြီးရေ၊ ဒေါသလေးကြီးရေ၊ ပတ်ဝန်းကျင်နန့် မသင့်မြတ်ဆိုကေဝါ ယင်းလူကို ရိုးသားသူလို့ သတ်မှတ်နိူင်ပါဖို့လား’။

ဒေမီးခွန်းရေ အလွန်ပင်သင့်တော်ရေ မီးခွန်းဖြစ်ပါရေ။ ‘မိတ်ဆွိမီးစွာ ကကောင်း ကောင်းရေမီးခွန်းပါ။ အကျွန် အတတ်နိူင်ဆုံး ဖြည်ကြည့်ပါမေ။ အထက်က အင်္ဂါရပ်တိနန့် ပြည့်စုံနီပျာဆိုကေ လူကောင်းအဖြစ်၊ ရိုးသားသူအဖြစ် သတ်မှတ်နိူင်ပါရေ။ ယေဒါလေး သီသီသပ်သပ် စိုင်းစားကြည့်ကတ်ဖို့ဆိုကေ သူဇ့ပြောဆိုနီထိုင်မှုနန့် ပင်ကိုယ်စရိုက်ကိုလေး ကြည့်ဖို့လိုအပ်လှာပါရေ။ မိတ်ဆွိသုံးသပ်တေပိုင် အတ္တကြီးရေ၊ ဒေါသကြီးရေ ပတ်ဝန်းကျင်နန့် လိုက်လျှောညီထွေစွာ မနီတတ်ဆိုကေ ယင်းပုဂ္ဂိုလ်ကို ရိုးသားသူအဖြစ်သတ်မှတ်ဖို့ ကောင်းကောင်း ခဲယဉ်းလားပါပျာ။ အမှန်မာက သူရေ ရိုးသားသူတယောက်ပါ။ ယေဒါလေး သူဇ့အတ္တဆန်ရေ ပင်ကိုယ်စရိုက်ကြောင့် ရိုးသားသူလို့ သတ်မှတ်ဖို့မလွယ်ပဲ အတ္တသမားလို့ သတ်မှတ်စရာ ဖြစ်လားပါရေ။

ယင်းကြောင့် အထက်က အင်္ဂါရပ်တိနန့်လေး ပြည့်စုံဖို့ လောကနန့် လိုက်လျောညီထွေယောင်လေး နီထိုင်တတ်မှရာ ရှိုးသားသူလို့ သတ်မှတ်ရပါဖို့။

## ၁၁(၃)
## ယဉ်ကျေးပျူငှာတတ်ခြင်း

Hospitality ယိုင်ကျေးပျူငှာစွာ ဆက်ဆံတတ်ဖို့လိုရေ ဆိုစွာကို သုံးသပ်ကြည့်ကတ်ပါမေ။ စာဖတ်သူအနီနန့် တဦးတယောက်ကို ဒေလူ၊ ဒေပုဂ္ဂိုလ်၊ ဒေအသျှေ အပြောအဆိုအားဖြင့် လည်းကောင်း၊ နီစွာထိုင်စွာတိအားဖြင့်လည်းကောင်း၊ ယိုင်ယိုင်ကျေးကျေးဟိရေလို့ ပြောဆိုဖူးပါဖို့။ အကျွန်ကိုယ်တိုင်လေး ပြောဖူးပါရေ။ ဒေ 'ယိုင်ကျေးပျူငှာစွာ ဆက်ဆံတတ်ရဖို့' ဆိုစွာရေ လူ့ဘဝမာ အောင်မြင်ကြီးပွားဖို့အတွက် ကကောင်းအရီးပါ အရာရောက်တေ အပြုအမူတခု ဖြစ်ပါရေ။

ဒေစကားရေ သာမန်အားဖြင့် အပြောကလွယ်သလောက် လက်တွိက မလွယ်ကူနိုင်ပါ။ ဒေနီရာမာ ကိုယ့်ကိုကိုယ် သုံးသပ်ကြည့်ကတ်ပါမေ။ 'ငါရေ အချိန်တိုင်းအခါတိုင်း နီရာတိုင်းမာ ယိုင်ကျေးပျူငှာစွာ ဆက်ဆံတတ်ပါလား။ တချိန်ချိန်မာ တယောက်ယောက်ကို ရိုင်းပြဖူးပါရေလား။ အဂုလက်ဟိ အချိန်မာကား ငါရေ လူယိုင်ကျေးတယောက်ကား ဟုတ်ယင့်လား' ဆိုပနာ စိုင်းစားဖို့ လိုအပ်လှာပါရေ။

အကျွန်ဇ့မိခင် ပြောခဖူးရေ စကားတခွန်းကို လားလို့သတိရမိပါရေ။ 'သူကရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံကေလေး ကိုယ်က အတတ်နိုင်ဆုံး ယိုင်ယိုင်ကျေးကျေး ဆက်ဆံပီးလိုက်၊ မကောင်းလူမာ မကောင်းလူအလျောက် လားလိမေ'။ ယင်းစကားစွာ အမှန်ဆုံးစကားပင် ဖြစ်ပါရေ။ ယေဒါလေး စာဖတ်သူကိုယ်တိုင် တဖက်လူကို ယိုင်ကျေးစွာ ဆက်ဆံလိုက်လို့ သူကရိုင်းပြရေအဖြစ်မျိုး ကြုံတွိလှာရရေ ဆိုကေ ဇာပိုင်ခံစားမှုမျိုး ဖြစ်ပေါ်ဖူးပါလေး။ မိမိကြုံတွိလှာရကေ ဇာပိုင်လုပ်ပါဖို့လေး။

ဥပမာ စာဖတ်သူမိတ်ဆွေရေ လူတယောက်ကို အလွန်ပင် ဂရုဂါရဝထားပျာ ရှိရှိသီသီနန့် ဆက်ဆံပီးလိုက်တော။ ယေဒါလေး တဖက်လူရေ မိတ်ဆွေကို လေးစားမှု မပီးသည့်တိုင်ယောင်၊ အထင် သီးပနာ ပြန်လို့ဆက်ဆံလှာကေ ယင်းတချက်သျှေ အတိုးအတွင်းမာ တော့ခါ ဒေါသထွက်မိဖို့၊ သူ့ကိုလေး ရှိင်းရှိင်းစိုင်းစိုင်း တုံ့ပြန်လိုစိတ် ဖြစ်လှာဖို့စွာက လူသားရို့သဘာဝပါ။

ဆိုကေ အထက်က အကျွန်ဇွမိခင်ပြောစကားကို တဆိသျှေ ဆန့်ကျင်ကြည့်ပါဖို့လား။ သူရှိင်းကေ ကိုယ်လေးရှိင်းဖို့၊ ကိုယ့်အပေါ် မာကောင်းကေ ကိုယ်လေး ကောင်းဖို့ဆိုပနာ ပြန်ပျာရှိင်းရှိင်းစိုင်း စိုင်း ဆက်ဆံပစ်ပါဖို့လား။ ယင်းပိုင်ဆိုကေ လောကရေ ငြိမ်းချမ်းမှု ပျောက်ကွယ်လားပါလိမေ။ အကောင်းဆုံးကတော့ ဥပေက္ခာပြုထား လိုက်စွာသည်ပင် အမှန်ဆုံးမဟုတ်ပါလား။ ဥပေက္ခာပြုနိုင်ခြင်း သည်ပင် မိမိဇွ ယိုင်ကျေးပျူငှာတတ်တေ အကျင့်ကောင်းသျှေကို ဆက်ပျာ ထိန်းသိမ်းနိုင်ပါလိမေ။

## ၁၁(၄)
## နိဝါတတရားထားတတ်ခြင်း

Humble နိဝါတတရား ဟိဖို့လိုပါရေ။ ဒေနိဝါတတရားကို လူတိုင်းလက်ကိုင်ထားသင့်ပါရေ။ ထားဖို့လေး လိုကိုလိုအပ်ပါရေ။

Norman Vincent Peale ရီးထားရေ The Power Of Positive Thinking စာအုပ်မာလေး (Without a humble but reasonable confidence in your own powers you cannot be successful or happy) အဆွိုပိုင်ဆိုင်ရေ စွမ်းအင်ထဲမာ သင့် တင့်လျောက်ပတ်တေ ယုံကြည်စိတ်ချမှုတိ ဟိနီကေလေး နိဝါတတ ရားမဟိပဲနန့် အောင်မြင်မှု သို့မဟုတ် ပျော်ရွှင်မှုကို လုံးဝမရဟိနိုင် ပါ)။ ဒေစာကြောင်းသျှေထဲမာ နိဝါတတရား ဟိဖို့လိုရေလို့ ရီးထား စွာကို တွိရပါရေ။

ဥပမာ Master, P.H.D ဖြစ်နီရေ၊ အင်္ဂလိပ်စာကို မိုးထိုး

ယောင်တတ်တေ ဆိုလိုက်ပါဖိ။ ယင်းပိုင်ဆိုကေ စာမတတ်လို့ ခံယူထားရေလူ၊ အင်္ဂလိပ်စာ မတတ်တေလူနန့် စကားပြောဖို့မလို။ စကားပြောကေလေး ပြောနီရေအချိန်မာ အင်္ဂလိပ်ပိုင် ကြားညှပ်ပနာ ပြောစွာတိရေ တဖက်လူနားလည်ဖို့အတွက် ကကောင်းအခက်အခဲ ဖြစ်စီရေပိုင်၊ နားထောင်သူကိုလေး အထင်သီးရာ ရောက်လားပါရေ။ ယင်းယှင့်ကို ဒေလူ၊ ဒေပုဂ္ဂိုလ်ရေ ဒေလောက် ၂၁ ရာစုပိုင်း တိုးတက်နီရေခေတ်မာ တခုလေး ဗဟုသုတမဟိလို့ စိတ်ထားမိလိုက်စွာနန့် တဖက်လူကို လုံးဝအထင်သီးရာ ရောက်လားပါရေ။ မိမိမာ ဟိနီရေ နိဝါတတရားတိ ပျောက်ကွယ်ပနာ 'ငါ မှ ငါ' ဆိုရေ စိတ်ထားမျိုး ချက်ချင်းဝင်ရောက်နိူင်ပါရေ။ ယင်းပိုင်ဆိုကေ အဆွိရေ ပတ်ဝန်းကျင်နန့် အဆင်ပြေပြေနီနိူင်ဖို့ မလွယ်ကူပါ။

ယေဇုနန့် မာနတိ လျှော့ချတတ်ခြင်း၊ အမှန်ကိုအမှန်အတိုင်း လက်ခံတတ်ခြင်း၊ မိမိဇွအားနည်းချက်ကို ထောက်ပြကေ ပြုပျင်တတ်ခြင်း၊ ကိုယ့်ကိုကိုယ် နှိမ့်ကျပနာ တဖက်လူကို ဂရုဂါရဝထားတတ်ခြင်းတိရေ နိဝါတတရားဇွ အခြီခံသျှေတိ ဖြစ်ကတ်ပါရေ။ ယင်းအတွက်နန့် ပညာတတ်သည်ဖြစ်စီ၊ ချမ်းသာကြွယ်ဝသူဖြစ်စီ နိဝါတတရားကို လက်ကိုင်ထားသင့်ပါရေ။

## ၁၁(၅)
## ဂုဏ်သိက္ခာနန့်ပြည့်စုံခြင်း

Honourable ဂုဏ်သိက္ခာနန့်ပြည့်စုံဖို့ လိုအပ်တေလို့ ဆိုထားရေ အဆိုတခု ပါလှာပြန်ပါပျာ။ ဒေ 'ဂုဏ်သိက္ခာ' ပိုင်းဆိုင်ရာမာတော့ခါ လူကြီးသော်လည်းကောင်း၊ လူငယ်သော်လည်းကောင်း ဂုဏ်သိက္ခာကို အထူးတန်ဖိုးထားလိ ဟိကတ်တေ။ ယေဒါလေး တချို့ ပုဂ္ဂိုလ်တိရေ ဂုဏ်သိက္ခာနန့်ပြည့်စုံယောင် နီရကောင်းမှန်းကို သိယင့်နန့် သတိမထားမိကတ်ပါ။ မိမိလုပ်နီရေ အလုပ်ရေ မိမိဇွဂုဏ်သိက္ခာကို ထိခိုက်လှာနီမှန်းကို သိပါရေ။ ယေဒါလေး မသိကွန်ဆောင်နီကတ်တေ။

ဥပမာတခု ပြောပါမေ။ စာဖတ်သူဇွ့ဖခင်ရေ အရက်သမား ဆိုပါဖိ။ အဆွိဇွ့ဖခင်ရေ နိတိုင်းနိတိုင်း အရက်ယစ်နီပါရေ။ နောက် ပြီးကေ အိမ်နားပတ်ဝန်းကျင်နန့်လေး မကြာမကြာ ပြဿနာဖြစ် တတ်တေ။ အရက်ယစ်နီရေအချိန်မှ သားသမီးရို့ကို ဆုံးမလိဟိရေ ဆိုကေ တဒင်္ဂအားဖြင့် မိမိရို့မိသားစုစွာ ပတ်ဝန်းကျင်နန့် ချိန်ဆ ကြည့်လိုက်ကေ ဂုဏ်သိက္ခာအရ အနည်းနန့်အများ ယှုံးနီပါပျာ။ ယင်းပိုင်ဆိုကေ မိမိရို့ရေ ပတ်ဝန်းကျင်နန့် ဆက်ဆံရီးပိုင်းဆိုင်ရာမာ ကိုယ့်ကိုကိုယ် ယုံကြည်မှု ပြည့်ပြည့်ဝဝ မဟိနိုင်ပျာ။ ယင်းနည်းတူ စွာပင် မိမိဇွ့သားသမီးတပည့်တပန်းတိကို ဆုံးမဩဝါဒပီးဖို့အတွက်၊ အထူးသဖြင့် သားသမီးတပည့်တပန်းရို့ရှိမာ မိမိကအမှားမလုပ်မိဖို့၊ ဂုဏ်သိက္ခာကို တန်ဖိုးထားတတ်ဖို့ လိုအပ်လှပါရေ။ မိမိက ဂုဏ် သိက္ခာအရ ချိုးဖောက်နီကေ ဇာသူလေး မိမိပြောစွာကို နားထောင် ချင်ကတ်လိမေ မဟုတ်ပါ။ နားထောင်ကေလေး အားနာလို့ရာ နား ထောင်နီရစွာ ဖြစ်နီပါလိမေ။ လီးလီးနက်နက်နန့် နားထောင်ကတ်လိ မေ မဟုတ်။ ယင်းပိုင်ဆိုကေ မိမိရို့ကိုယ်တိုင် စိတ်ခံစားမှုတိနန့် ရင်ဆိုင်ရပါလိမေ။ ဟုတ်တေ မဟုတ် ဆိုစွာကို စာဖတ်သူကိုယ်တိုင် လေး သုံးသပ်နိုင်ပါရေ။

ယင်းပိုင်ဆိုကေ အထက်က ရီးလားခရေ H လေးလုံးကို ပေါင်းပနာ ဆွေးနွေးကြည့်ကတ်ပါမေ။ လူတယောက်ရေ အကျင့်စာ ရိတ္တအားဖြင့် ပြောစရာမဟိယောင် ရိုးသားနီရေ၊ ဂုဏ်ကြက်သရေ နန့်လေး တည်ကြည်နီရေ၊ ပညာလေးတတ်တေ၊ ယေဒါလေး ဖော် ဖော်ရွှေရွှေမဟိပဲ နှုတ်အားဖြင့် အပြောအဆို ယိုင်ကျေးမှုအားနည်း ကေ ယင်းပုဂ္ဂိုလ်ကို ဇာသူလေး လီးလီးနက်နက် ထားကတ်လိမေ မဟုတ်ပါ။ ဟုတ်ပျာ ရိုးလေးရိုးသားရေ၊ ယိုင်ကျေးပျူငှာစွာလေး ဆက်ဆံတတ်တေ။ ယေဒါလေး စိတ်ဇွ့တည်ကြည်လီးနက်မှုမဟိ၊ အကြောင်းတိုက်ဆိုင်လိုက်စွာနန့် ချက်ချင်းဝုန်းဒိုင်းပေါက်ကွဲတတ်ပ နာ ပြဿနာဇွ့ မူလအရင်းအမြစ်ကို သီသီသပ်သပ် မစိုင်းစားပဲနန့် ယင်းပြဿနာကို ဖြည်ယှင်းတတ်တေဆိုကေ ယင်းအလိအထရေ

နိဝါတတရား အားနည်းနီသီးလို့ပါ။

ရိုင်းရိုင်းသျှ ဆိကေပြောရကေ ပုဂ္ဂိုလ်တဦး၊ လူတယောက် ရေ အရက်မသောက်၊ ဆီးမသောက်၊ ကွမ်းမစား၊ ဖဲမကစပ်၊ နောက် ဆုံး မိမလေးမလိုက်စား၊ ယင်းပိုင်ဆိုကေ ယင်းပုဂ္ဂိုလ်ကို ဂုဏ်သိက္ခာ အရ ကောင်းရေလို့ အထူးပြောဖို့ လိုဖို့သီးလား။ ပွင့်ပွင့်လင်းလင်း ပြောရကေ သာမန်ဘုန်းကြီးတပါးတောင် ယင်းလောက် ကျင့်ကြံနိုင် လိမေ မဟုတ်ပါ။ ယေဒါလေး သူ့မာ မာနကြီးတတ်တေ အကျင့်ဟိ ရေ ဆိုလိုက်ပါဖိ။ နောက်ပြီး အသံကို ကျယ်ကျယ်ပြောတတ်ခြင်း၊ ကိစ္စရပ်တခု၊ အကြောင်းအရာတခုကို ဆွေးနွေးရေ ပုံစံမကျပဲ ငြင်း ခုံရေပုံစံမျိုး အလိအထဟိရေဆိုကေ နိဝါတတရား အားနည်းနီသီးလို့ ဆိုပျာ ကောက်ချက်ချရပါလိမေ။ မိမိအနီနန့် ချို့ယွင်းချက်တခုဟိနီ သီးရေဆိုစွာကို သတိထားဖို့ လိုအပ်ပါသီးရေ။

အကျွန်ရို့ရေ ရိုးသားခြင်း၊ ယိုင်ကျေးပျူငှာစွာ ဆက်ဆံတတ် ခြင်း၊ နိဝါတတရားတိကို လက်ကိုင်ထားတတ်ခြင်း၊ ဒေသုံးမျိုးနန့် ပြည့်စုံနီပျာဆိုကေ လောကကြီးမာ လျှောက်လှမ်းဖို့ သူများတိထက် မိမိရေ ရှိသို့ခြီတလှမ်း ရောက်နီပါပျာ။ နောက် ဂုဏ်သိက္ခာကို တန်ဖိုး ထားပြီး နီထိုင်တတ်တေဆိုစွာနန့် မိမိရေ သဘာဝလောကနန့် ရော ထွီးဆက်ဆံဖို့အတွက် ရာနှုန်းပြည့် အဆင်ပြေနိုင်ပါရေ။

အဂုပြောလားရေ H လေးလုံးရေ မနုဿလောကသား (Human Being)ရို့ အားလုံးအတွက် ကျင့်ကြံနိုင်ဖို့ဆိုစွာ မလွယ်ကူနိုင် စွာတော့ခါ အမှန်ပါ။ ယေဒါလေး မိမိတတ်နိုင်လောက်တေအထိ၊ သတိထားမိနိုင်လောက်တေအထိ လိုက်နာကျင့်သုံးဖို့ဆိုကေ လူမှု ဆက်ဆံရီးပိုင်းဆိုင်ရာမာ သော်လည်းကောင်း၊ မိမိဘဝဇ္ဇ အောင် မြင်တိုးတက်ဖို့အတွက် သော်လည်းကောင်း ကောင်းကြီးလီးနက်ပနာ တန်ဖိုးဟိရေ အကြောင်းအရာ ဖြစ်ပါရေ။

သာစွလေပါ . . .

## ၁၂(၁)
## ဩဝါဒစကားနှင့် ခွမ်းပကား

လောကမာ မြတ်စွာဘုရားသျှင်မှအပ ဇာသူတယောက်လေး အမိဝမ်းတွင်းက မွီးဖွားလာလောက်ကပင် တော်ပြီးသား၊ တတ်ပြီးသား၊ လိမ္မာလှာပြီးသား မဟုတ်ပါ။ အသျှေ့ခါကပင် မိဖ၊ ဆရာသမား၊ လူကြီးသူမရို့နှင့် ဆုံးမဩဝါဒတိကို နားထောင်ပနာ မလိမ္မာခြင်း၊ အလိုက်မသိခြင်းတိကို လိမ္မာလှာယောင်၊ အလိုက်သိတတ်လှာယောင် ပြုပျင်ပြောင်းလွဲလှာကတ်တေ။ ယင်းဩဝါဒတိအတိုင်း ကျင့်သုံးလှာကတ်ရပါရေ။ ယင်းရေ လောကနိယာမ သဘောတရားတိဖြစ်ပါရေ။ မိမိရေ လောကလူသားတိနန့် အဆင်ပြေယောင် နီထိုင်နိူင်ဖို့ နည်းလမ်းပေါင်း မကန်တွိပါရေ။ ယေဒါလေး မိမိနှင့်အားသာချက်အလျောက် မိမိနီထိုင်တတ်တေအတိုင်း ကျင့်သုံးနီထိုင်ကတ်ပါရေ။

စာရီးသူ၊ စာဖတ်သူနန့် လောကဘာသာရပ်အသီးသီးက လူသားအားလုံးရေ ဆိုင်ရာဆိုင်ရာ ဩဝါဒစကား များစွာတိကို နားထောင်ဖူးလှာကတ်ပါပျာ။ ဗုဒ္ဓဘာသာမာဆိုကေ ပိုလို့တောင် များပါသီးရေ။ ဩဝါဒတိ အနုစိတ်တေလို့ ဆိုလို့စွာဖြစ်ပါရေ။ မိဖသော်လည်းကောင်း၊ ရဟန်းသံဃာတော်ရို့သော်လည်းကောင်း၊ စာအုပ်စာပီတိကသော်လည်းကောင်း အားလုံးဩဝါဒတရားတိနန့် ပြည့်နီစွာကို တွိရပါရေ။ ယေဒါလေး လူတယောက်လိမ္မာလှာယောင် ဩဝါဒပီးရေဆိုစွာထဲမာ နားထောင်သူနှင့် ပင်ကိုယ်စရိုက်နန့် ထိမိဖို့လေး

လိုပါရေ။ ဗုဒ္ဓမြတ်စွာဘုရားသျှင်ရေ သတ္တဝါတိကို တရားဒေသနာ ဟောတော်မူရေအချိန်မှာ ယင်းသတ္တဝါရို့ဇ္ ပင်ကိုယ်ဗီဇနန့် သင့်တော်ရေ တရားတော်တိကို ဟောကြားတော်မူခပါရေ။ ယင်းနည်းကောင်းတိကို အတုယူပနာ မိမိသားသမီးတပည့်တပန်းတိကို ဆုံးမသင့်ရေလို့ ဆိုချင်ပါရေ။

ဥပမာအနီးနန့် အကျွန်ဇ္ကိုယ်တွိ၊ သို့မဟုတ် မိမရနိုင်ရေ ဩဝါဒစကားသုံးခုကို တင်ပြပါမေ။

## ၁၂(၂)
## ယှုပ်ထွီးရေလူ့လောက

အကျွန်ရေ September, 2017 လောက်က မောင်သျှင်သျှေဘဝကနီပနာ လူထွက်ဖို့လို့ ရွာကဆရာတော်ကြီးကို လျှောက်ပါရေ။ 'အဖိုးသျှင် တပည့်တော် လူထွက်ပါဖို့ယာ' လို့ လျှောက်လိုက်ပါရေ။ အကျွန်လူထွက်ဖို့ဆိုစွာနန့် အဖိုးသျှင်ရေ အကျွန့်ကို အတတ်နိုင်ဆုံးဟန့်ပါရေ။ ဖြစ်ချင်စွာက အကျွန်ရေ ရွာမာနီစွာမဟုတ်ပဲ စစ်တွေမာနီစွာဆိုခါ အဖိုးသျှင်ရေ မြို့ကဆရာတော်ကိုလားလို့ လျှောက်ခီဆိုပနာ လူမထွက်ဖို့အကြောင်းနန့် သာသနာမာဆက်နီဖို့၊ သာသနာဇ္ကောင်းခြင်းတိနန့် သံသရာအကျိုးတရားတိကိုပြရေ ဩဝါဒစကားပြောပါရေ။ "လူထွက်တေဆိုကေ လူ့လောကကို သတိထားရဖို့၊ လူ့လောကစွာ ကောင်းကောင်းယှုပ်ထွီးရေ လောက၊ တယောက်ကိုတယောက် ကောက်ကျစ်ကတ်တေ၊ အနိုင်ကျင့် ဗိုလ်ကျချင်ကတ်တေ၊ ယင်းလောကကိုလားဖို့ဆိုကေ နီတတ်ယောင်နီရဖို့ ကြားလား"။ ဆရာတော်ကြီးကလေး အကျွန်ရို့ရွာမာ ကျောင်းထိုင်လာစွာ နှစ်ပေါင်း ငါးဆယ်ကျော် ဟိပျာဆိုခါ တရွာလုံးရေ ဆရာတော်ကြီးဇ္သား၊ တပည့်ဆိုပိုင် ဖြစ်နီကတ်ပါရေ။ အကျွန်ရို့ဆိုကေ မြီးအဆင့်သို့ရောက်လားပါပျာ။ ယင်းကြောင့် ဆရာတော်အဖိုးသျှင်ရေ တရွာလုံးကို သံယောဇဉ်ဟိနီပါပျာ။ အကျွန်ရေ ယင်းအချိန်က အသက်ငယ်သီးရေဆိုခါ အဖိုးသျှင်ဇ္ ဩဝါဒတရားတော်တိကို စိတ်မဝင်စားပဲ

အောင့်သက်သက်နန့် ထိုင်နီပါရေ။ ကိုယ်လိုချင်ရေ Focus (ဗဟို)ကို မကျရေအတွက် စိတ်မကောင်းဖြစ်ပနာ နောက်သူငယ်ချင်းတရွာကို အလည်လားယင်း လူထွက်လှာလိုက်ပါရေ။ အဖိုးသျှင်ပီးရေ ဩဝါဒကို ယင်းအချိန်က ချက်ချင်းသဘော မပေါက်ခပါ။ လူထွက်လို့ တနှစ်လောက်မှ အကျွန်ရေ သတိထားမိလှာပါရေ။ အသက်အရွယ်ရလှာရေခါ ကောင်းကောင်းသဘောပေါက်ပနာ အဖိုးသျှင်ကို ကျေးဇူးထားမိပါရေ။

## ၁၂(ခ)
## နှလုံးသားထဲက မိခင်ဇ့စကားနှစ်ခွန်း

တခါကအကျွန်ရေ သူငယ်ချင်းတိနန့် နိခြင်းသားသုံးနာရီလောက်မာ ရွာထဲကနီပနာ လမ်းလျှောက်လာယင်း အကျွန်ရို့ အိမ်နားရောက်တေခါ အမိပါးက ဖေသာတောင်းဖို့ အိမ်ကိုဝင်လားခပါရေ။ ယင်းအချိန်မာ အကျွန်ရို့အိမ်ကို အခြားအိမ်က အဘောင်မတိရောက်နီကတ်ပနာ အကျွန်ဇ့မိခင်နန့် စကားပြောနီကတ်ပါရေ။ အကျွန်ကလေး ဖေသာတောင်းဖို့ လာရေမျက်နှာဆိုခါ ပြုံးစိစိနန့် အမိနားမာထိုင်ပနာ အမိကိုမှီထားပြီးကေ အသျှေရို့ကျိုရေပိုင် လုပ်နီပါရေ။ ယင်းဟင့်ကို အမိကတော့ သဘောပေါက်နီပါပျာ။ ယင်းခါ အမိရေ အကျွန်ဇ့နောက်ကုန်းကို အသာအယာပွတ်ပနာ “အမိသားသျှေက ကကောင်းလိမ္မာရေ၊ ဖေသာမဟိဒေ ပုယေ၊ ဖေသာကို အများကြီးမသုံးရနှန်း” ဆိုပနာ ဝါကြီးမတိကြားမာ အကျွန့်ကို ပြောပါရေ။ အကျွန်ရေ မဖော်ပြနိုင်ရေခံစားမှုတိ၊ ဝမ်းနည်းဝမ်းသာမှုတိဖြစ်ပနာ မိခင်ပါးက ဖေသာလေး မတောင်းနိုင်ခပဲ ယင်းနိကပင် ဖေသာကို စနစ်တကျသုံးတတ်တေ အကျင့်ကို လုံးဝဆင်ခြင်နိုင်လားပါရေ။

နောက် 10,December,2017 အကျွန်ရေ ရွာမာမနီချင်လို့ ရန်ကုန်သို့ အလုပ်လုပ်ဖို့ လားဖို့အတွက် အကျွန်ဇ့မိခင်ကို ရှိခိုးပါရေ။ မိခင်ရေ အကျွန့်ကိုမလားဖို့ ဟန့်ချင်ကေလေး လုံးဝရဖို့မဟုတ်

မှန်းကို သိထားရေခါ မိခင်ရေ မျက်နှာနီပျာ ငိုချင်စွာကို အောင့်ထားရေပုံစံနန့် အကျွန့်ကို ပြောပါရေ။ “ပုယေ နင်ရေ ကိုယ့်ခြီထောက်ကို ကိုယ်ရပ်တည်ဖို့တတ်ယာ၊ အကောင်းနန့်အဆိုးကို ခွဲခြားသိတတ်နီယာ၊ ယင်းအတွက်နန့် အမိသား အခြားနီရာမာ ကိုယ့်ကိုကိုယ် ဂရုစိုက်၊ လိမ္မာယောင်နီလို့ အမိပြောဖို့မလိုယာ” ဆိုပနာ စကားကို အဆုံးသတ်လိုက်ပါရေ။ မိခင်ပြောရေ စကားတိကို ဧနိအချိန်ထိ လုံးဝမမိနှိုင်ပါ။ ဆရာတော်အဖိုးသျှင်နန့် မိခင်ရို့ဇ္ ဩဝါဒစကားတိရေ အကျွန်ဇ္ဘဝအတွက် ကောင်းမွန်ရေ ကိုယ်ကျင့်တရားတည်ဆောက်ရီးအပိုင်းမာ ကျောက်ထရံပိုင် ခိုင်မာစီခပါရေ။ တခါတရီ ဘဝမာဆုံးယှုံးမှုတိနန့် ကြုံတွိလှာကေ ပုထုဇဉ်ရို့သဘာဝ မိမိဇ္ဘဝကို ဖျက်စီးပစ်လိုက်ချင်ပါရေ။ မထူးဇာတ်ခင်း ပစ်ချင်ရေဆန္ဒတိ ဖြစ်ပေါ်မိပါရေ။ ယင်းပိုင်ခံစားမှုတိ ဖြစ်လှာတိုင်းမာ အထက်က စကားသုံးခွန်းကို အမြဲတမ်းကြားမိနီပါရေ။ ယင်းစကားတိကို ကြားမိလိုက်တိုင်း မိမိဇ္ဘဝကို မဖျက်စီးဝံ့၊ အဆုံးမခံဝံ့ပဲ ကောင်းမွန်ရာဖက်သို့ ဦးတည်နှိုင်ခပါရေ။ ယင်းဩဝါဒဇ္ စွမ်းပကားတိကို နားလည်ရေအချိန်လောက်ကပင် ဆရာတော်အဖိုးသျှင်နန့် မိခင်ကြီးကို အသက်ဇ္နီဝင်ချိန်ထိ ကျေးဇူတင်နီပါဖို့။

ဆိုလိုစွာက ယင်းဩဝါဒစကားတိရေ အကျွန်ဇ္ ပင်ကိုယ်စရိုက်နန့် ကိုက်ညီရေအတွက် ထိရောက်တေ ဩဝါဒတရား ဖြစ်လှာပါရေ။ ယင်းအတွက်နန့် မိမိဇ္သားသမီးတပည့်တပန်းတိကိုလေး ဩဝါဒစကားပြောရာမာ ဆိုင်ရာပုဂ္ဂိုလ်တိဇ္ ပင်ကိုယ်စရိုက်လက္ခဏာကို ကြည့်ပနာ ပြောနှိုင်ခြင်းရေ ထိရောက်မှုအားကောင်းနှိုင်ရေ နည်းလမ်းအဖြစ် သုံးသပ်မိပါရေ။

လူတယောက်ဇ္ ပင်ကိုယ်စရိုက်နန့် ထိမိယောင်ပြောရေ ဩဝါဒစကားကို ပြောနှိုင်ကေလေး ခေတ်ကာလကိုကြည့်ပနာ ပြောသင့်ကေ ပြောဖို့လေးလိုအပ်စွာကို တွိလှာရပြန်ပါပျာ။ ယင်းအတွက်နန့် ခေတ်ကာလနန့်လျော်ညီရေ ဩဝါဒစကားဖြစ်ဖို့လေး လိုအပ်ပါရေ။

## ၁၃(၁)
## ခေတ်ကုန်ဩဝါဒ

ဆယ်စုနှစ်၊ ရာစုနှစ်တိရေ သူ့အလုပ်ကို သူလုပ်ယင်း ရာစုနှစ်တစုပြီးကေတစု လက်ဆင့်ကမ်းပနာ ပြောင်းလွဲလှာစွာကို တွိရပါရေ။ ယင်းရာစုနှစ်တိရေ သူ့အလိုလိုပြောင်းလွဲလို့ လာရေပိုင် လောကသားရို့လေး အပြောအဆို၊ အနီအထိုင်၊ ဝတ်စားဆင်ပျင်မှု၊ စိတ်ခံစားမှုတိ ကွဲပြားလှာကတ်စွာကို တွိရပါရေ။ ထိုးထွင်ကြံဆလို့ လာကတ်တေ။ လွတ်လပ်မှုကို လိုချင်လှာကတ်တေ။ ယင်းလွတ်လပ်မှုနှင့် နောက်ဆက်တွဲဖြစ်တေ အလှအပတိလေး တခေတ်ထက်တခေတ် ပိုလို့ လှချင်လှာကတ်တေ။ ယင်းကား သဘာဝတရားတိ ဖြစ်ပါရေ။

ဇာကြောင့်လေးဆိုကေ နိုင်ငံတိုင်းလူမျိုးတိုင်းက ခေတ်လူငယ်ရို့ရေ ကုန်ခရေ ရာစုနှစ်တိကပိုင် ကျောက်ခေတ်အတွေးကို လက်မခံချင်ပါပျာ။ သားသမီးတပည့်တပန်းရို့ကို ဩဝါဒစကား ပီးချင်ရေဆိုကေ ခေတ်ကာလသဘောတရားကို နားလည်ပျာ ခေတ်ကာလနန့်အညီ ဩဝါဒပီးသင့်ရေလို့ မြင်ပါရေ။

## ၁၃(၂)
## ဘောင်းဘီမဝတ်ကေ့

ဒေဖက်ခေတ်မာ မွီးဖွားလှာရေ သားသမီးတိကို ဘောင်းဘီ မဝတ်ကေ့၊ ဖုန်းမကိုင်ကေ့၊ အလှမဆင်ကေ့ဆိုပျာ ဩဝါဒပီးလို့ အဆင်ပြေလိမေ မဟုတ်ပါ။ ယင်းအတွေးအခေါ်တိရေ ထိုးကုန်ခရေ ရာစုနှစ်အများကြီးမာ ကျန်နီခပါပျာ။ ယေကေ ယင်းလူငယ်တိကို

ပင့်ပီးရဖို့လား။ ယင်းပိုင်လေး မဟုတ်ပါ။ အလွန်အကြူးမဖြစ်ယောင် တော့ခါ လူကြီးမိဖရို့အနီနန့် ဟန့်သင့်ကေ ဟန့်ရပါဖို့၊ နှိပ်ကွက်သင့် ကေ နှိပ်ကွက်ရပါဖို့။ လူငယ်ဆိုစွာမျိုးက အမြောက်မခံဆိုပိုင် လူကြီး ရို့က အမှားကိုမြင်ကေလေး မြောက်ပီးရေဆိုကေ ယင်းလူငယ်ရေ ဘဝပျက်ဖို့ ကိုးဆယ်ရာခိုင်နှုန်း သီချာလားပါပျာ။ ယေဒါလေး ဒေ ဖက်ခေတ်မာ တိုးတက်လှာစွာနန့်အမျှ လူရို့ဇ္ စိတ်နီစိတ်ထား ပြုမူ ပြောဆိုမှုတိ၊ ဝတ်စားဆင်ပျင်မှုတိလေး တိုးတက်ပြောင်းလွဲလှာကတ် ပါရေ။

တခါက အကျွန်ဇ္ မိတ်ဆွိတယောက်ရေ ဘောင်းဘီဝတ်ပ နာ မိမိဇာတိရွာသို့ ပြန်လားခပါရေ။ ဖြစ်ချင်ခါ သူ့မာလေး ဒယော (ခယောက်) တပိုင်းရာပါလားခပါရေ။ ယင်းပိုင်နန့် သူရေ ဒယော ဝတ်စွာနည်းပနာ ဘောင်းဘီဝတ်စွာက များရေအတွက် ရွာမာဟိ ရေ တချို့လူကြီးပိုင်းတိက ကရဲ့ကတ်တေ။ ယေပြီးကေ ဘောင်းဘီ မဝတ်ကေ့လို့တောင် အိမ်ကိုခေါ်ပျာ ဩဝါဒပီးစွာတိ ဟိပါရေ။ အကျွန်ကတော့ ယင်းအတွေးဟောင်းတိကို လက်မခံချင်ပါ။ အကျွန့် ရေ အရက်ကို အလွန်သောက်နီရေ၊ မြော့နီရေဆိုကေ သူရို့တိရေ အကျွန့်ကို လူငယ်တယောက် ဖြစ်တေအတွက် လွန်လွန်ကြူးကြူး မဖြစ်ယောင် ဩဝါဒပီးရပါဖို့။ ဇာပိုင်က ကောင်းရေ၊ ဇာပိုင်က မ ကောင်းဆိုပနာ လမ်းညွှန်ပီးရဖို့လို့ အကျွန်မြင်ပါရေ။ ဂွကျစွာက ယင်းလူကြီးတိရေ ကျောက်ခေတ်က အတွေးဟောင်းတိကို မစွန့်ရွှတ် သီးပဲ ပျင်းဖို့ကောင်းရေ စရိုက်တိကို ဇေ့ဂုထိ လက်ခံထားကတ်ပါသီး ရေ။ တခါတရီဆိုကေ ပြန်ပြောခချင်ပါယင့်။ ယကေလေး မသင့် တော်လို့ နားထောင်ပီးနီခရရေ။ ယင်းအတွက်ကြောင့် ဒေဖက် ခေတ်လူငယ်တိနန့် အဆင်ပြေဖို့မလွယ်လို့ စာရီးသူကို ပြောဖူးပါရေ။

## ၁၃(၃)
## သနပ်ခါးမနိမ်းကေ့

ဆယ်ကျော်သက်အရွယ် မိမသျှောငါးယောက်နန့် အသက်ငါး

ဆယ်ကျော် လူကြီးတယောက်ရို့ရေ စကားပြောနီကတ်စွာကို အ ကျွန်တွဲလိုက်ရပါရေ။ အကျွန်လေး ယင်းလူကြီးဇာပြောဖို့လေးလို့ အဝီးကနီပနာ ဖုန်းကိုကြည့်ယင်း မဟုတ်တကွန်သျှေ နားထောင်နီ လိုက်ပါရေ။ လူကြီးပြောရေစကားကို မိမသျှေတိက ငြိမ်ငြိမ်သက် သက် နားထောင်နီကတ်ပါရေ။ “နင်ရို့တိ အဂု မိဖနန့် ကိုယ့်ရပ်ကိုယ့် ရွာကို စွန့်ခွာပြီးကေ အလုပ်လုပ်ဖို့ လာကတ်တေ၊ ရလှာရေဖေသာ တိကို မသုံးကေ့၊ ကိုယ့်အတွက်ကျန်ယောင်ပေါင်း၊ အစားအသောက် ကို ချွေတာ၊ ကိုယ့်အိမ်ကို အလျင်ပြန်ရယောင်လုပ်၊ သနပ်ခါးမနိမ်း ကေ့၊ သနပ်ခါးနိမ်းရေဆိုစွာ အလိုလိုဖေသာဖြုန်းစွာ၊ အပိုကုန်စွာတိ ဟင့်၊ တခုလေး အဓိပ္ပါယ်ဟိစွာမဟုတ်” ဆိုပနာ လူကြီးက ဩဝါဒပီး နီပါရေ။ မိမသျှေတိကတော့ခါ ဟုတ်ပါရေခံနီကတ်တေ။ အကျွန်က တော့ခါ ဒေလူကြီး ဩဝါဒပီးနီစွာ တခုခုမှားနီပျာကားလို့ စိတ်ထဲက အမှတ်ပြုမိလိုက်ပါရေ။

ယင်းပိုင်နန့် ညဇာဖက်လောက်ဆိုကေ ယင်းမိမသျှေတိရေ အကျွန့်ကို ပြောလှာပါရေ။ “ထိုဘကြီးကား အစိကုပ်စွာ ကောင်း ကောင်း လွန်စွာမလား၊ အစခါကား ဟုတ်ဖို့လားလို့ နားထောင်နီစွာ၊ နောက်ဆုံး သနပ်ခါးမနိမ်းကေ့လို့ ပြောစွာမလား၊ ဟုတ်တေ ယင်း ဘကြီးပြောစွာကို အစပိုင်းခါ လက်ခံရေ နောက်ဆုံးပြောလားခရေ သနပ်ခါးမနိမ်းကေ့ ဆိုစွာကိုကျကေ လက်မခံချင်၊ အကျွန်ရို့ ဒေအ သက်အရွယ်မာ သနပ်ခါးမနိမ်းကေ ဇာခါနိမ်းဖို့လေး အသက် ခြောက်ဆယ်လောက် ဝါကြီးမဖြစ်ခါမှ နိမ်းရဖို့လား” ဆိုပနာ အခြင်း လာပြောပါရေ။ အကျွန်ရေ ယင်းကိစ္စရပ်ကို မသိကွန်ဆောင်နီပနာ “ဟုတ်လား အဂင့်လား” ဆိုပနာ မီးနီလိုက်ပါရေ။ ယင်းပိုင်နန့် သုံးလလောက် အချိန်ကြာလားပြီးရေခါ အကျွန်ရေ ယင်းလူကြီးဇွ့ စိတ်ကို စမ်းကြည့်ချင်ရေသဘောမျိုးနန့် စကားတခွန်း ဟလိုက်ပါ ရေ။ “ဒေဂုခေတ်မာ ယောက်ျားတိ မျက်နှာကို ပုလဲသွင်းလှာကတ် တေ” ဆိုပနာ ပြောလိုက်ပါရေ။ ပုလဲသွင်းရေဆိုစွာကို ယင်းလူကြီး မကြားဖူးပါ။ ယင်းပိုင်ဆိုခါ ယင်းလူကြီးရေ အကျွန့်ကို “ပုလဲသွင်းစွာ

ဇာလုပ်စွာလေး၊ ဇာဖြစ်လို့သွင်းစွာလေး”လို့ မီးလှာပါရေ။ အကျွန်လေး တိတိကျကျ သိစွာတော့ခါ မဟုတ်ပါ။ ယေဒါလေး ယင်းလူကြီးနှ စိတ်ကို စမ်းကြည့်ချင်စွာနန့် ခန့်မှန်းပနာ ပြောလိုက်ပါရေ။ “ပုလဲသွင်းရေဆိုစွာ မျက်နှာမာ အရီတွန့်နီစွာတိ၊ အမဲစက်ဖြစ်နီစွာတိ ပျောက်ပါရေ၊ အရီလေး တင်းလားပနာ လှလားပါရေ” လို့ ပြောလိုက်ပါရေ။ ယင်းလူကြီးရေ ကောင်းကောင်းစိတ်ဝင်စားပနာ သူလေး ပုလဲသွင်းချင်ကြောင်းကို ပြောလှာပါရေ။ ပထမခါ အကျွန်ရေ ဟုတ်ကားဟုတ်လား ဆိုရေအတွေးနန့် အသီအချာမီးကြည့်ပါရေ။ ယေခါ ယင်းလူကြီးရေ ပုလဲသွင်းခြင်းကို အမှန်အကန် စိတ်ဝင်စားနီစွာကို တွိလိုက်ရပါရေ။

ဆိုလိုချင်စွာက ခေတ်ကာလတိုင်းမာ သူ၊ ငါ၊ ယောက်ျား၊ မိမဆိုသူတိုင်းရေ အလှအပကို မက်မောသူတိဂျည်းပါ။ ကုန်ခရေ BC ဆိုရေ ရာစုနှစ်တိကနန့် ကျောက်ခေတ်အတွေးအခေါ်တိရေ အဂု ၂၁ ရာစုမာ ဇာဆိုကေ ဇာလေးမဆိုင် ကွဲပြားခြားနားနီစွာကို သိလေးသိရဖို့ပိုင် ငြင်းခုံစရာမလို လက်ခံကိုခံရဖို့ အကြောင်းတရားတိ ဖြစ်ပါရေ။ ဆိုလိုချင်စွာက အလှအပနန့် ပတ်သက်လို့ ပြောချင်စွာပါ။ အထူးသဖြင့် Globalization ခေတ်ရီစီးကြောင်းကို နားလည်ယောင် လိလာဖို့ လိုအပ်တေလို့လေး စာရီးသူအနီနန့် ပြောချင်ပါရေ။

သာစွလေပါ . . .

## (၁၄)
## ‘ မှန်’ ဥပမာကို ပြောင်းပြန်လှန်ခြင်း

အကျွန်ရို့ ရက်ပြတ်ဆိုပိုင် ကြားနီကတ်ရရေ ‘မှန်’နန့် နှိုင်းထားရေ ဥပမာသျှောတိ တွိမိပါလိမေ။ ပတ်ဝန်းကျင်ဆိုစွာ ကြည့်မှန်နန့်တူရေ ‘အဆွိကပြုံးပြကေ သူကလေး အဆွိကို ပြုံးပြလိမေ၊ အဆွိက မဲပြကေ သူကလေး အဆွိကိုမဲပြလိမေ’။ ဆိုလိုစွာက ‘အဆွိကောင်းကေ ပတ်ဝန်းကျင်ကောင်းရေ၊ အဆွိမကောင်းကေ ပတ်ဝန်းကျင်လေး မကောင်း” ဆိုရေ သဘောမျိုး မဟုတ်ပါလား။ ယင်းဥပမာရေ လောကမာ စံဥပမာတခုအဖြစ် သတ်မှတ်ထားစွာကို တွိရပါရေ။ ယင်းဥပမာအရ ပြောကြည့်ကတ်ဖို့ဆိုကေ ရှိုပိုင်းမာ ဖော်ပြခရေ H လေးလုံးကိုပြန်ပနာ ကြည့်ပစ်ခီချင်ပါရေ။

## ၁၄(၁)
## အမြဲတမ်းပြုံးလို့နီလီ

အကျွန်ရို့လောကသားတိရေ အမှန်အားဖြင့် စိတ်ကောင်းထားဖို့ လိုအပ်ပါရေ။ တဖက်လူက စိတ်ကောင်းမဟိကေလေး မိမိက စိတ်ကောင်းထားတတ်ဖို့၊ စကားကောင်းကောင်းပြောတတ်ဖို့၊ ပြုံးပြဖော်ရွေတတ်ဖို့၊ ပတ်ဝန်းကျင်နန့် လိုက်လျောညီထွေစွာ နီထိုင်တတ်ဖို့ ဆိုစွာတိရေ လူတိုင်းလက်ကိုင်ထားဖို့ လိုအပ်တေ အကြောင်းအရာသျှောတိ ဖြစ်ပါရေ။ ယင်းယှင့်တိရေ မိမိက ပတ်ဝန်းကျင်ကို ပထမအနီနန့် ပီးဆပ်ရဖို့ အပြုအမူတိ ဖြစ်ပါရေ။ အကျွန်အငယ်ခါက အပြုံးနည်းပနာ တယောက်တည်းနီတတ်တေ အကျင့်ဟိပါရေ။ လူ

ကြီးတယောက်က အကျွန့်ကို အားမလိုအားမရနန့် ပြောခရေ ဆုံးမ စကားတခွန်းကို ဇေ့ထိ အတွက်ပေါ်နီပါရေ။ “အဝေး မောင်သျှော့ . လူကြီးတိနန့် စကားပြောသည်ဖြစ်စီ သူငယ်ချင်းတိနန့် စကားပြော သည်ဖြစ်စီ၊ သို့မဟုတ် လူစိမ်းတိနန့် စကားပြောသည်ဖြစ်စီ မျက်နှာ ကို တင်းတင်းကြီးမထားလီကေ့။ သွက်သွက်လက်လက်နန့် အမြဲတမ်း ပြုံးပနာပြောလီ၊ ယေမှရာ မင်းကိုလူတိက ချစ်ချစ်ခင်ခင် ဟိကတ်လိ မေ။ လောကမာ လူဆိုစွာဝေး လူနန့်နီစွာ ဖြစ်ကတ်တေအတွက် လူနန့်အဆင်ပြေပြေ နီတတ်ဖို့လိုရေ” လို့ မှာကြားဖူးပါရေ။ ယင်းပိုင် မိမိက အယင်ပီးဆပ်လိုက်မှရာ ပတ်ဝန်းကျင်ကလေး ပြန်ပနာ (အ ပြန်အလှန်)သဘော ပြုံးပြလှာပါလိမေ။ ယင်းပိုင် ပြုံးရွှင်ခြင်းတိ၊ အပြုံမြင်သဘောတိကို လူတိုင်းလက်ကိုင် ထားမှရာ အကျွန်ရို့နီထိုင် ရာ လူသားလောကရေ ငြိမ်းငြိမ်းချမ်းချမ်းနန့် ပျော်ရွှင်စရာကောင်း ရေ ကမ္ဘာကြီးဖြစ်နီပါလိမေ။

ဒေအနားမာ ဆိကေထည့်ပြောလိုက်ပါအုံးမေ။ တချို့ပုဂ္ဂိုလ် တိဆိုကေ စကားပြောရာမာ ကကောင်းဖော်ရွေတတ်ပျာ ပြုံးပြုံးရွှင် ရွှင်နန့် ပါးနပ်မှုဟိရေ။ ယင်းပိုင်ပြုံးပြတိုင်း၊ စကားပြောကောင်းတိုင်း ကိုရာ စိတ်သဘောထားကောင်းရေလို့တော့ခါ မပြောနိုင်ပါ။ ယေဒါ လေး ခနစ်ဆယ်ရာနှုန်းလောက်တော့ခါ သူ့ကို စိတ်သဘောထား ကောင်းရေလို့ ပြောနိုင်ပါရေ။ ဇာကြောင့်လေးဆိုကေ သူ့ဧ့အမူအရာ ထဲမာ မာနဆိုစွာကို တဒင်္ဂအနီနန့် ဖုံးကွယ်ထားနိုင်လို့ပါ။ ၃၀ ရာ ခိုင်နှုန်းလောက်သော ပုဂ္ဂိုလ်တိရေ အပြင်ပန်းမာ ပြုံးပြဖော်ရွေ တတ်ပနာ ကောက်ကျစ်ပါရေ။ ထိမ်ချန်တတ်ပါရေ။ ယင်းကြောင့် လူ့လောကရေ မာယာများပနာ ယှုပ်ထွေးကောက်ကျစ်စွာတိကို အ ကျွန်ရို့ သိလှာကတ်ပါရေ။ ကိုယ်တိုင်လေး ခံစားလှာကတ်ရပါရေ။ ယင်းပိုင် ခံစားရဖန်များလှာရေခါ နာကျည်းမှုတိ၊ ပေါက်ကွဲသံတိ၊ အငြိုးထားမှုတိရေ များစွာပင် ထွက်ပေါ်လှာကတ်ရပါရေ။ နောက် ပြီးကေ မိမိကပြုံးပြလိုက်ပါယင့်နန့် တချို့သောပုဂ္ဂိုလ်တိရေ အလိုလို နှာခေါင်းရှုံ့ပနာ အထင်သီးရေပုံစံမျိုးတိကို တွိဖူးကတ်ပါလိမေ။

မိမိက ရှိုးသားလိုက်လို့ တဖက်က မရိုးမသားလုပ်စွာတိကို စာဖတ်သူရို့ ကြုံတွိဖူးပါလိမေ။ ဆိုခါ မိမိနှ မသိစိတ်က အလိုလို နောင်တရချင်ရေပိုင်  ခံစားကတ်ရပါရေ။

## ၁၄(၂)
## ဖေသာအိတ်ပြဿနာ

April,2012 လောက်က အကျွန် မလေးသျှားနိုင်ငံ စတားပတ် 17 saloon ဘီယာဆိုင်မာ Bar dander လုပ်ခါက ထွန်းကျော်ခိုင်ဆိုရေ လူတယောက်ကို တွိဖူးပါရေ။ သူရေ သူဌေး သို့မဟုတ် မလေးသျှားနိုင်ငံသားတိနန့်ရာ အဆင်ပြေပြီးကေ၊ အတူတူလုပ်ဖော်ကိုင်ဖက်ဖြစ်တေ ကိုယ့်လူမျိုးနန့်ဆိုကေ တယောက်နန့်လေး အဆင်မပြေစွာကို စိတ်မကောင်းစရာပင် တွိရပါရေ။ တခါကဆိုကေ အကျွန်ရေ Bar ထဲမာ အအီးရည်ဖျို့နီတုန်း ဖေသာအိတ်တအိတ်ကို တွိလိုက်ပါရေ။ ယင်းပိုင်ဆိုခါ ဒေဖေသာအိတ်ရေ ကိုယ့်လူတယောက်ယောက်စွာဟိဖို့ နိုင်ငံသားတိဝင်လှာကေ ပျောက်လားဖို့ဆိုရေ စိတ်ကူးအထင်နန့် ယင်းဖေသာအိတ်ကိုယူပျာ အပြင်ကို ထွက်ပနာ လားပီးပါရေ။ "ဒေယှင့် အသူ့အိတ်လေးယှင့်၊ ပျောက်လားဖို့ဒေ" ဆိုပနာ ဖေ့သာအိတ်ကို လားလို့ ပီးမိပါရေ။ ယင်းခါမှ ဖေသာအိတ်ပိုင်သျှင် ကိုထွန်းကျော်ခိုင်ရေ အကျွန်ကို ပြန်ပြောလိုက်တေစကားက "အဝေး ယင်းယှင့်ငါစွာယေ၊ ငါ ထားချင်နီရာမာထားဖို့ပ၊ မင်းနန့်ဇာဆိုင်လေး၊ ပျောက်ခကေ CCTV က ကြည့်မေ၊ ယင်းဖေသာအိတ် ယင်းအနားမာထားစွာ မင်းကို ဇာအနှောင့်အယှက်ပီးလေး" ဆိုပနာ မျက်နှာထားတင်းတင်းနန့် အကျွန့်ကိုပြန်ပြောပါရေ။ အကျွန်ရေ ကြားကြားချင်း ကောင်းကောင်းအံ့သြပနာ တခုလေး ပြန်မပြောနိုင်ခပဲ ကိုယ့်အလုပ်သို့ပြန်လားပျာ အလုပ်လုပ်နီလိုက်ပါရေ။ ဆိုလိုချင်စွာက သူနှ အပြုအမူရေ ကိုယ့်ရို့လူမျိုးအပေါ်မာ အထင်သေးတတ်ခြင်းနန့် လူမျိုးခြားတိကို အထင်ကြီးတတ်တေ ပင်ကိုယ်စရိုက်ကို  တွိရပါရေ။

## ၁၄(၃)
## အနှစ်နာခံသူကို လေးစားပါ

အကျွန်ဇ့မိတ်ဆွိတယောက်ရေ လူကြီးတယောက်ကို စိတ်ပျက်လားခြင်းအကြောင်းကို စာဖတ်သူရို့ကို ပြောပါမေ။ January,2014 လောက်က လူကြီးတယောက်ရေ မလေးသျှားနိုင်ငံမာ အလားအလာ အဆင်မပြေရေအတွက် အကူအညီပီးဖို့ အကျွန်ဇ့မိတ်ဆွိတယောက်ကို အကူအညီခေါ်ပါရေ။ အကျွန်ဇ့မိတ်ဆွိရေ အလုပ်မအားကေလေး ယင်းလူကြီးပါးမာ နှစ်လကျော်ကျော်လောက် အင်္ဂလိပ်စာ လိလာဖူးရေဆိုခါ ဆရာဂုဏ်ကိုလေးထောက်၊ လူကြီးလေးဖြစ်တေအတွက်ကြောင့် အားနာနာနန့် သုံးရက်၊ လေးရက်လောက် အလုပ်ကိုဖျက်ပနာ အကူအညီလိုက်ပီးခပါရေ။ ကိစ္စတိပြီးလို့ သူ့အလုပ်ကိုပြန်ပျာ အလုပ်လုပ်ပါရေ။ ယင်းနောက်ပိုင်း ယင်းလူကြီးရေ အကျွန့်မိတ်ဆွိကို ဒေသူ ငါ့ပါးမာ အနစ်နာခံရေဆိုပနာ ကျေးဇူမတင်ရေအပြင် "ယင်းသူ ငါ့နောက်ကလိုက်လို့ အတွေးအခေါ် ကောင်းလားစွာ၊ ငါနန့်ပေါင်းလို့ စကားပြောတတ်ဆိုတတ်ဖြစ်လားစွာ၊ ငါခေါ်လားလို့ လူကြီးတိနန့်တွိရစွာ" လို့ စကားဆိုက်ကျတိုင်း ပြောလိဟိပါရေ။ ယင်းအကြောင်းကို အကျွန်ဇ့မိတ်ဆွိသိလားပြီးရေနောက်ပိုင်း ယင်းလူကြီးကို စိတ်ပျက်ပနာ အယင်ပိုင်ဂရုဂါရဝ မထားနိုင်ပဲ ရှိသီလေးစားမှု ကျဆုံးလားစွာကို တွိဖူးပါရေ။

ယင်းကြောင့် 'မှန်'ဥပမာကို စာရီးသူအနီနန့် တခါတရီမာ ပြောင်းပြန်လှန်ကြည့်ချင်ရေ ဆန္ဒဖြစ်ပေါ်လှာပါရေ။ အကျွန်ရို့ရေ မှန်ကိုကြည့်လိုက်တေအချိန်မာ အချို့မှန်တိရေ ကကောင်းကြည့်လို့ကောင်းပနာ မိမိဇ့ရုပ်သွင်သဏ္ဍာန်ရေ ပုံမှန်အတိုင်း ပေါ်လှာစွာကို တွိကတ်ရပါရေ။ ယင်းပိုင်ဆိုကေ ယင်းမှန်ကို စာဖတ်သူအနီနန့် နောက်ခါလေး ကြည့်ချင်ရေပိုင်၊ ရက်ပြတ်လေး ကြည့်ချင်ရေ ဆန္ဒတိ ဖြစ်ပေါ်ဖူးရေ မဟုတ်ပါလား။ ယေကေလေး အချို့ပြဒါးကွာမှန်သို့မဟုတ် ပြဒါးမညီရေမှန်တိကို ကြည့်လိုက်တေအချိန်မာ မိမိဇ့ရုပ်

သွင်သဏ္ဌာန်ရေ ပုံမှန်မဟုတ်ပဲ အလွန်ဆိုးရွားနီစွာကို တွိဖူးပါလိမေ။ ယင်းပိုင်ဆိုကေ ယင်းမှန်ကို တခေါက်ကြည့်မိလိုက်စွာနန့် နောက်တခေါက် လုံးဝကြည့်ချင်စိတ် ပျောက်လားပနာ ယင်းမှန်ကို တဒင်္ဂအားဖြင့် ဒေါသထွက်မိကတ်စွာတော့ အမှန်ပါရာ။ နောက်ခါဆိုကေ ယင်းမှန်ကို အတတ်နိူင်ဆုံး မကြည့်ဖြစ်ယောင် ယျောင်ကတ်ပါရေ။ ယင်းကြောင့် 'ပြဒါးကွာမှန်ကို မကြည့်မိယောင်နီ' လို့ ဥပမာအသစ်တခုအဖြစ် ပြောချင်ပါရေ။

ယင်းနည်းတူပင် လောကလူသားတိထဲမာလေး စိတ်လှရေလူဟိရေပိုင်၊ အပြုံးများပနာ စိတ်ညံ့ရေ လူတိလေး အများကြီးဟိစွာကို စာဖတ်သူရို့ ကိုယ်တိုင်တွိဖူးပါလိမေ။ ယင်းကြောင့် ပြဒါးကွာမှန်ကို မကြည့်မိယောင်နီ ဆိုရေဥပမာအတိုင်း စိတ်တည်ကြည်မှုမဟိပဲ၊ စိတ်ညံ့ရေ ပုဂ္ဂိုလ်ရို့ကို စီးပွားရီး၊ လူမှုရီးတိမာယျောင်ပျာ နီစွာသည်ပင် အကောင်းဆုံးဖြစ်ပါရေ။

သာစွလေပါ . . .

## ၁၅ (ဃ)
## အပြုအမူနန့် စကားပြောခြင်း

အပြုအမူနန့် စကားပြောဖို့ဆိုကေ ပထမအနီနန့် အကျွန်ရို့ သတိထားရဖို့စွာက 'အပြုအမူနန့်ဇာပိုင် စကားပြောကတ်ပါဖို့လေး။ အပြုအမူနန့် စကားပြောခြင်းရေ ဇာလောက်ထိ အကျိုးသက်ရောက်မှု ဟိန္ဒိုင်ပါလေး'။

အကျွန်ရို့ရေ လောကသို့ စရောက်တေလောက်ကပင် အပြုအမူနန့် စကားပြောခြင်းတိကို ကြုံတွိခံစားဖူးလှာကတ်ပါပျာ။ လောကမာ ပထမဆုံးတွိရရေ အပြုအမူရေ မိခင်ဇွှန္ဓလုံးသားက အဖြူရောင်စင်းသီးဖြစ်တေ အပြုံးတချက်ပင် ဖြစ်ပါရေ။ ယင်းအပြုံးရေ ငါ့သား၊ ငါ့သမီးရို့ရေ ငါ့ဝမ်းကြာတိုက်က မွီးဖွားမှုကြောင့် လောကသို့ ရောက်ဟိလှာကတ်တေ။ ယင်းကြောင့် ငါမိခင်ရေ ဒေနိအချိန်မာ နှိုင်းပြစရာမဟိရေ ပျော်ရွှင်မှု၊ ဝမ်းသာမှုတိကို ငါခံစားရရေ။ ငါခံစားရရေ ပျော်ရွှင်မှုတိနန့်အတူ ငါ့သား၊ ငါ့သမီးရို့ကို အမိရင်ခွင်နန့် ကမ္ဘာလောကကြီးက လှိုက်လှိုက်လှဲလှဲ ကြိုဆိုလိုက်ယင့် ဆိုရေ အပြုအမူသျှောတခုကို မိခင်ပါးစက ပြောရေပိုင် အကျွန်ရို့ နွီးနွီးထွီးထွီး တွိကြုံခကတ်ပါပျာ။

နောက်ပိုင်း အသက်ရလှာရေခါ လောကကအပြုအမူနန့် စကားပြောခြင်းတိကို ကိုယ်တိုင်လေး ပြုလုပ်လှာကတ်တေ။ ပတ်ဝန်းကျင်က ပြုလုပ်ပြောဆိုမှုတိကိုလေး အကျွန်ရို့အနီနန့် ကောင်းဆိုးနှစ်တန် ခွန်တွဲပျာ တွိကြုံခံစားလှာကတ်ရပါရေ။ တချို့ပညာဟိ၊ ပညာတတ်ပုဂ္ဂိုလ်တိနန့် လူကြီး၊ လူကောင်းတိဆိုကေ တည်ကြည်

လီးနက်ပနာ တဖက်လူကို ပညာပီးရေ အပြုအမူတိကို ဖော်ပြနီပါရေ။ နောက် ယင်းဇွဆန့်ကျင်ဖက်ဖြစ်တေ တချို့ပုဂ္ဂိုလ်ရို့ ဆိုပြန်ကေလေး ကကောင်းကြီးရိုင်းစိုင်းရေ အပြုအမူမျိုးကိုပြပနာ တဖက်လူကို ထိခိုက်စီပါရေ။ တချို့လူငယ်သျှေတိနန့် အပျိုသျှေရို့တိ ဆိုပြန်ကေလေး တယောက်ကိုတယောက် ဆက်ဆံရာမာ ပထမအနီနန့် အပြုအမူသျှေတိနန့် စကားပြောပျာ နောက်မှ တယောက်နန့်တယောက် ရင်းရင်းနှီးနှီးနန့် စကားပြောဖြစ်ကတ်စွာကို တွိရပါရေ။ ယင်းလူငယ်သျှေရို့ဇွ အပြုအမူရေ ကောင်းချစ်ဖို့ကောင်းပြီးကေ၊ တခါမြင်လိုက်စွာနန့်ပင် နောက်တခါ အလိုလိုမြင်ချင်စိတ်တိ ဖြစ်ပေါ်မိပါရေ။

အဓိကပြောချင်စွာက ပုဂ္ဂိုလ်တဦးတယောက်က အထူးတလည် လေးစားရရေ တခြားလူတယောက်ကို ဇာပိုင်အပြုအမူမျိုးနန့် ပြောဆိုဆက်ဆံကတ်ပါဖို့လေး။ ဆိုကတ်ပါမေ။ မိမိရို့ဇွဖခင်ရေ အရက်ကို လွန်စွာကြိုက်သူဖြစ်တေ။ ယင်းပိုင်ဆိုကေ သားသမီးတိအနီနန့် အသက်ငယ်ရေအချိန်မာရာ လောကအကြောင်းကို နားမလည်လို့ မရှက်တတ်ကေလေး၊ အသက်အရွယ်ရလှာချိန်ခါ၊ အရှက်တရားရေ အလိုလိုဝင်ရောက် နီရာယူလှာပါရေ။ ယင်းပိုင်ဆိုကေ သားသမီးတိုင်းရေ ဖခင်အရက်သောက်ပနာ ရွာမာပြဿနာ ဖြစ်လိဖြစ်ထ ဟိစွာကို မကြိုက်ကတ်ပါ။ မကြိုက်ကေလေး မိမိရို့ဇွဖခင်ကို ကြမ်းတမ်းစွာပြောဖို့က လုံးဝမသင့်တော်ပါ။ ယင်းပိုင်အနီအထားမာ သူရို့ရေ ယင်းပြဿနာကို ဖြည်ယှင်းဖို့ နည်းလမ်းရှာလှာကတ်တေ။ ယင်းပိုင် ရှာလှာယင်း သူရို့ရေ အပြုအမူနန့် ပြောလှာကတ်တေ။ ယင်းစွာကို တချို့ပညာဟိဖခင်ရို့ရေ သားသမီးက "ဘာဘာ အရက်ကို မသောက်ကေ့ဖိ၊ ဘာဘာ အရက်ကို ဆက်လို့သောက်နီကေ အကျွန်ရို့ သားသမီးတိအနီနန့် ရှက်ပါရေ၊ ပတ်ဝန်းကျင်မာလေး အမြင်မတော်ပါ"လို့ ပြောရေပိုင် ခံစားရပနာ အရက် သို့မဟုတ် သူရို့တိကြိုက်တေ၊ ဝါသနာပါရေ မကောင်းမှုတိကို စွန့်ရွှတ်ပျာ ငြိမ်းငြိမ်းချမ်းချမ်းနန့် ကိုယ့်ဖို့နန့်ကိုယ် ပြုပျင်လားကတ်စွာတိလေး အများကြီးပင် ဟိကတ်ပါရေ။

## ၁၅(၂)
## လှုတ်ဆီးရည် လက်ဆောင်ပီးခြင်း

အကျွန်ဇ့ကိုယ်တွိတခုကို ရီးကြည့်ပါမေ။ 10,January,2014 က လူကြီးတယောက်၊ အကျွန်ဇ့သူငယ်ချင်းနန့် အကျွန်အပါအဝင် သုံးယောက်ရေ အစည်းအဝေးတခုသို့ လားကတ်ပါရေ။ ယင်းအစည်းအဝေးမာပြောရေ စကားတိစွာ အကျွန်ရို့နန့်ပါလှာရေ လူကြီးအတွက် အလွန်အရီးပါရေ ကိစ္စရပ်တိဖြစ်ပါရေ။ အစည်းအဝေးကလေး အကျွန်ရို့အပါအဝင်ဆိုကေ လူခနစ်ယောက်ရာ ဟိပါရေ။

ယင်းအထဲမာ အိန္ဒိယက ကုလားမတယောက်လေး ပါလှာသီးရေ။ လူစုံလို့ အစည်းအဝေးကို စတင်လိုက်စွာနန့် ယင်းအိန္ဒိယမရေ သူပြောဖို့လိုအပ်တေ အကြောင်းအရာတိကို အင်္ဂလိပ်ပိုင်ပြောပြီးရေခါ ထိုင်နီပါရေ။ ယင်းလူကြီးရေ အိန္ဒိယမဇ့ ပြောစကားတိကို မယှင်းမလင်းလို့ နောက်တခေါက် ပြန်မီးလိုက်ပါရေ။ ယင်းခါပြဿနာ စပါပျာ။ အကြောင်းမာ ပြောယင်းဆိုယင်း ‘ကိုယ့်ပေါင်ကို လှန်ထောင်း’ ဆိုပိုင် ယင်းလူကြီးမာ အားနည်းချက်တခု ဟိပါရေ။ သူပြောလိုက်စွာနန့် တခါတည်း အခန်းတခုလုံး အပုပ်နံ့ထွက်လားပါရေ။ တဖက်လူတိက ချက်ချင်းမျက်နှာပျက်လားပနာ အစည်းအဝေးအခန်းထဲက ထွက်လားချင်ကတ်တေ အပြုအမူတိကို အကျွန်နန့် အကျွန်သူငယ်ချင်းက သတိထားမိလိုက်ပါရေ။ ယေဒါလေး လူကြီးရေ သူ့ကိုယ်သူ သတိထားမိပုံ မပေါက်ပါ။ သူပြောမြဲတိုင်း ပြောနီပါရေ။ သူမီးရေမီးခွန်းကိုလေး တဖက်လူတိရေ မဖြည်ချင်ဖြည်ချင်နန့် တခွန်းတရီလောက်ရာ ပြန်ဖြည်ပနာ အစည်းအဝေးကို အလျှင်ပလျှင် ရုပ်သိမ်းလိုက်ပါရေ။ အစည်းအဝေးပြီးဆုံးလို့ တနားသျှေတောင်မနီခပဲ ယင်းနီရာက ချက်ချင်းထွက်လားကတ်ပါရေ။ လူကြီးရေ မိမိအတွက် အရီးကြီးကိစ္စရပ်ကို တိတိကျကျမသိလိုက်ရလို့ လွန်စွာဒေါသလေးထွက်၊ စိတ်မကောင်းလေးဖြစ်ပနာ ပြန်လှာကတ်ပါရေ။

အကျွန်ရို့ရေ ပါးစပုပ်တေကိစ္စကို ယင်းလူကြီးကိုပြောဖို့ အကြိမ်ကြိမ် ကြိုးစားခကေလေး ပြောမထွက်ဖြစ်ခပါ။ ယင်းနို အကျွန်ရေ အပြင်ကိုစျီးဝယ်ထွက်ခါမှ လုတ်ဆီးရည် Listerine Tartar Control ဗူးကိုလားလို့တွိမှ အကြံရပနာ လူကြီးအတွက် တဗူးဝယ်ယူခပါရေ။ နောက်နိမာ အကျွန်ရေ သွယ်ဝိုက်ပနာ "အခင် အပြင်တိယက်တိကို လားကေပါလေး ဒေအရည်နန့်တခေါက် ပလုတ်ကျင်းကေ ပါးစက အနံ့မထွက်ပါလတ်ဒေ၊ ယပြီးကေ အနံ့လေးမွှီးပါရေ၊ အခင်ရို့ဆိုကေ အစည်းအဝေးတိကို ရက်ပြတ်လားနီရစွာ၊ ဒေဗူးကို ဆောင်ထားဖို့ ကောင်းပါရေ" လို့ပြောပြီးကေ ယင်းအစိမ်းရောင်ဗူးသျှေကို လက်ဆောင်ပီးခပါရေ။ ယင်းခါ လူကြီးရေ သဘောပေါက်လားပနာ ယင်းဗူးကို သုံးဖြစ်ပါရေ။ သူရေ ယင်းအချိန်ကပင်စလို့ ယင်းဗူးကုန်လားကေတောင် သူဇွသွားကို နိတိုင်းဆိုပိုင် အထူးသန့်ယှင်းရီးလုပ်စွာကို အကျွန့်အနီနန့် ဝမ်းသာစရာ တွိရပါရေ။ မိမိဇွအပြုအမူရေ ကောင်းရေ နမူနာသျှေတခု ဖြစ်လားရေအတွက် စိတ်ထဲမာ အားရကြီနပ် ဖြစ်ဖူးခပါရေ။

## ၁၅(၃)
## သဘာဝကျို့ဆန့်ကျင်ရေ အပြုအမူ

တခါကဆိုကေ အကျွန်ရေ လူတယောက်နန့် သူရို့ရွာကို ကိစ္စတခုကြောင့် နှစ်ညည့်အိပ်ခရီး လားဖြစ်ခပါရေ။ ပထမခါကဆိုကေ သူဇွပင်ကိုယ်စရိုက်ကို တိတိကျကျမသိလို့ ပြောရပါဖို့။ သူရို့ရွာသို့ ရောက်တေခါ သူဇွပုံစံရေ လုံးဝပြောင်းလွဲလားစွာကို အကျွန်ကိုယ်တိုင် နားမလည်ပဲ အံ့သြခြင်းများစွာနန့် တွိလိုက်ရပါရေ။ မိမိကပြောချင်ကေလေး မသင့်တော်ရေအတွက်ကြောင့် မသိကွန်ဆောင်ပနာ နီခရပါရေ။

အကြောင်းမာ ယင်းပုဂ္ဂိုလ်ကို သူဇွမိတ်ဆွီရို့အိမ်တိက ထမင်းစားဖိတ်ခေါ်လို့ အကျွန်အပါအဝင် လားလို့ စားဖြစ်ကတ်ပါရေ။ ဖြစ်စွာက ထမင်းစားပြီးတိုင်းမာ လက်သုတ်ပဝါနန့် မသုတ်ပဲ တေ့

ချူးစ်တောင်းစွာရှိ၊ ငရုပ်သီးစပ်လို့ မျက်နှာထားတင်းတင်းနန့် အပြစ်တင်စကား ပြောစွာတိကိုတွိရလို့ အကျွန်ကိုယ်တိုင် စိတ်မကောင်းဖြစ်ရပါရေ။ စိတ်မကောင်းဖြစ်စွာထက် ထမင်းစားဖိတ်ကတ်တေ အိမ်သားရှိ့ကို အားနာရေလို့ဆိုကေ ပိုလို့မှန်ပါလိမေ။ တရက်ကဆိုကေ ရွာကဆိုင်တိမှာ Tissues ကုန်နီလို့ မျက်နှာထားတင်းမာပနာ နှာခေါင်းရှုံ့ပျာ အားလုံးကို အပြစ်တင်ရေ အပြုအမူကို တွိရပြန်ပါပျာ။ ဒေပြဿနာတိစွာ တိုးတက်မှုမဟိရေ နိုင်ငံတိုင်းဇွ ကျွန်းရွာလောကမှာ အစိုင်အလာ (Traditional) ဖြစ်တေဆိုစွာတိ၊ မြို့ကြီးလောကမှာတောင် ဖေသာအလွန်ချမ်းသာသူရှိ့ရာ သုံးနိူင်ရေဆိုစွာတိကို သူကိုယ်တိုင် သိကိုသိရပါဖို့။ ယင်းအပြုအမူနန့် အပြောအဆိုတိကို အကျွန်အပါအဝင် စာဖတ်သူရှိ့လေး လက်ခံနိူင်လိမေ မဟုတ်ပါ။ ဇာကြောင့်လေးဆိုကေ ယင်းအပြုအမူရေ သဘာဝကိုဆန့်ကျင်ရေလို့ ဆိုရပါဖို့။ လောကနန့် လုံးဝလိုက်လျောညီထွေမှုမဟိပါ။ ယင်းလူရေ သာမန်လူမဟုတ်ပဲ ပညာတတ်တယောက် ဖြစ်နီစွာမှာ အကျွန့်အနီနန့် ပိုလို့ စိုင်းစားရခက်ပါရေ။

ယင်းကြောင့် လူဆိုစွာရေ ပညာတတ်သည်ဖြစ်စီ၊ မတတ်သည်ဖြစ်စီ လူမှုဆက်ဆံရီးပိုင်းမှာ အဆင်ပြေဖို့အတွက် အချိန်နန့်အခြီအနီကို ကြည့်ပနာ ကျင့်သုံးတတ်ဖို့ လိုပါရေ။ ယင်းရေ ပင်ကိုယ်စရိုက်ကောင်းသူရှိ့ လိုက်နာရေမှုတခု ဖြစ်ပါရေ။

အနောက်တိုင်းအတွေးအခေါ်ပညာသျှင် JOHN C. MAX WELL ရီးထားရေ HOW SUCCESSFUL PEOPLE GROW စာအုပ်မှာလေး ဒေပိုင်တွိရပါရေ။

It comes as little surprise that people want to work with people of good character. No one likes to work with unreliable people. But before you or I work with any other person or follow any other leader, whom do we have to rely on every day? Ourselves! That's why character is so important. If you cannot trust yourself, you won't ever be

able to grow. Character growth determines the height of your personal growth. And without personal growth, you can never reach your potential. Good character, with honesty and integrity at its core, is essential to success in any area of life. Without is, a person is building on shifting sand.

ကောင်းသော ကိုယ်ကျင့်တရားဟိရေ ပုဂ္ဂိုလ်တိနန့် လုပ်ကိုင်ဆောင်ရွက်လိုရေ လူထုတိရေ တဆိကေသျှေ အံ့သြမှုကိုဖြစ်စီရေပိုင်၊ ၄င်းနှင့်အပြုအမူရေ ဖြစ်ပေါ်လှာလတ်ပါရေ။ အားကိုမှီမရရေ ပုဂ္ဂိုလ်တိနန့် အတူတကွ လုပ်ကိုင်ဆောင်ရွက်လိုရေ လူလို့ မဟိကတ်ပါ။ နိတိုင်းနိတိုင်း အကျွန်ရို့ အားကိုးမှီခိုခြင်းအတွက် ဇာသူပြုလုပ်ဖို့လေးလို့ အဆွိမတိုင်ခင် အကျွန်ရေ အခြားအခြားသော ပုဂ္ဂိုလ်တိ၊ ဂေါင်းဆောင်တိနန့် လုပ်ကိုင်ဆောင်ရွက်ရေ၊ နောက်ကလေး လိုက်ကြည့်ပါရေ။ ယေရာလေး ဇာသူတဦးတယောက်ကိုလေး မတွိပဲ 'ငါရို့ကိုယ်တိုင်' ပင်ဖြစ်တေဆိုစွာကို သဘောပေါက်ပါရေ။ အဆွိကို အဆွိကိုယ်တိုင် ယုံကြည်မှုမဟိနိုင်ကေ အဆွိရေ ဇာခါလေး မကြီးပွားနိုင်ပါ။ ယေဇုနန့် ကိုယ်ကျင့်တရားရေ အထူးအရီးကြီးပါရေ။ ကိုယ်ကျင့်တရား တိုးတက်လှာခြင်းရေ အဆွိနှင့်တကိုယ်ရည် တိုးတက်ဖြစ်ထွန်းလှာမှုနှင့် အမြင့်ဆုံးအဆင့်ကဏ္ဍအဖြစ် တွိရပါရေ။ တကိုယ်ရည် တိုးတက်မှုမဟိပဲနန့် အဆွိနှင့်စွမ်းရည်အပေါ်မာ အားရကြီနပ်လောက်ယောင်ထိ ဖြစ်မလှာနိုင်ပါ။ ၄င်းအောင်မြင်မှု ဗဟိုဦးတည်ချက်မာ တည်ကြည်လီးနက်မှု၊ ရိုးသားဖြောင့်မတ်မှုနန့် ကောင်းသော ကိုယ်ကျင့်တရားတိရေ ဘဝနှင့် အစိတ်အပိုင်းတိမာ အောင်မြင်ကြီးပွားဖို့အတွက် အခြီခံသဘောတရား ဖြစ်ပါရေ။ ကောင်းရေ ကိုယ်ကျင့်တရားမဟိပဲနန့် အောင်မြင်တိုးတက်ဖို့ ပြုမူလုပ်ဆောင်သူ တယောက်ရေ ဦးတည်ချက်အတိအကျမဟိရေ သောင်ပြင်မာ အဆောက်အအုံ ဆောက်နီစွာတူပါရေ။

## ၁၅(၄)
## အပြုံးတချက်ဇ့ စွမ်းရည်

အကျွန်ရေ သူငယ်ချင်းတယောက်ဇ့ မိတ်ဆက်ပီးမှုကြောင့် လူတယောက်နန့် စကားပြောဖြစ်ပါရေ။ ယင်းပိုင် စကားပြောနီယင်းနန့် အစပိုင်းမှာ ယင်းလူကို အကျွန်ဇ့စိတ်ထဲ ကောင်းကောင်းအဆင်မပြေချင်ပိုင် ခံစားမိပါရေ။ သူရေ စကားပြောဆိုစွာမာလေး မပွင့်မလင်းနန့် အသားကမဲပနာ မျက်နှာအနီအထားကလေး မှုန်ကုပ်ကုပ်နန့် ဖြစ်နီပါရေ။ ယေဒါလေး အကျွန်နန့် ယင်းလူရေ စကားပြောယင်းပြောယင်းနန့် သူရေပြုံးပနာ ပြောလှာပါရေ။ သူပြုံးရေ အပြုံးတိစွာ ကြည်လင်ပြတ်သားပနာ သူဇ့စိတ်ထဲက မှန်မှန်ကန်ကန်ပြုံးနီစွာတွိလိုက်ရပါရေ။ ယင်းအပြုံးရေ အကျွန့်ကို ကြိုဆိုပါကြောင်း၊ မေတ္တာဟိပါကြောင်းနန့် အကျွန်နန့်တွိရစွာကို လှိုက်လှိုက်လှဲလှဲ ဝမ်းသာမိကြောင်းကို သူဇ့ပါးစက မပြောကေလေး၊ သူဇ့ပြုံးရွှင်ရေ အပြုအမူကြောင့် အကျွန့်ကို ပြောနီရေပိုင် အကျွန့်စိတ်ထဲမာ နွီးထွီးလှာပါရေ။ ယင်းကြောင့် နောက်အချိန်တိမာလေး ယင်းမိတ်ဆွီနန့် အကျွန်ရေ တယောက်နန့်တယောက် ရင်းရင်းနှီးနှီး စကားပြောဖြစ်ကတ်ပါရေ။ ခင်မင်ဖော်ရွှေစွာနန့် နှုတ်ဆက်ဖြစ်ကတ်ပါရေ။

ယင်းကြောင့် ပြုံးပြုံးရွှင်ရွှင် နီထိုင်တတ်ခြင်းရေ ဆက်ဆံရီးပိုင်းမာ အောင်မြင်မှုကို ရဖို့အတွက် ကောင်းစွာအသုံးဝင်ရေ အပြုအမူတခု၊ ကောင်းရေနည်းလမ်း တခုဖြစ်တေလို့ အကျွန့်အနီနန့်ပြောလိုပါရေ။

ယင်းပိုင်ဆိုကေ အကျွန်ရို့ကိုယ်တိုင် အောင်မြင်မှုကို ရဖို့အတွက်လေး ပြုံးရွှင်ရေအပြုအမူနန့် ကောင်းရေ ကိုယ်ကျင့်တရားတိဟိဖို့ လိုအပ်စွာကို ဖော်ပြထားပါရေ။ အကျွန်ရို့ဇ့ ပင်ကိုယ်စရိုက်ထဲမာ တဖက်လူအတွက် အလွန်အရီးပါပြီးကေ ကောင်းခြင်းတိနန့် ထိရောက်စီရေ အပြုအမူတိဟိရေပိုင်၊ မကောင်းရေ တဖက်လူကို ထိခိုက်စီရေ အပြုအမူတိလေး ဟိရေဆိုစွာကို သတိထားလို့ ရလောက်ပါပျာ။ ယှင်းယှင်းလင်းလင်း ပြောရဖို့ဆိုကေ လူတယောက်

နန့် တယောက်ရေ ပင်ကိုယ်စရိုက်နန့် အပြုအမူချင်း တူဖို့ဆိုစွာက မဖြစ်နိုင်ပါ။ ယေဒါလေး မိမိပြုလုပ်လိုက်တေ အပြုအမူရေ တဖက်ကို ဆိုးဆိုးရွားရွား မထိခိုက်ယောင် နီထိုင်ခြင်းသည်ပင် အရာအားလုံးအတွက် ကောင်းခြင်းတခု ဖြစ်ပါရေ။

သာစွလေပါ . . .

## ၁၆ (၁)
## ဆွေးနွေးမှုက ငြင်းခုံခြင်းသို့

အကျွန်နန့် အလုပ်အတူတူလုပ်တေ လုပ်ဖော်ကိုင်ဖက်တိထဲမာ ငြင်းခုံစွာကို ကကောင်းဝါသနာပါရေ မိတ်ဆွေတယောက် ဟိခပါရေ။ သူရေဇာလောက်ထိ ငြင်းလေးဆိုကေ အကျွန်ရို့အားလုံး သူနန့်ဆက်လို့ မငြင်းနိူင်လောက်ယောင်ထိ ငြင်းပါရေ။ အဆိုးဆုံးက အနိုင်လိုချင်စိတ်များစွာပင် ဖြစ်ပါရေ။ နောက်ပိုင်းမာ သူနန့် စကားပြောလို့ ငြင်းဖို့ပုံစံမျိုးဖြစ်လှာကေ တယောက်လေးမငြင်းပဲ ဟုတ်တေဟုတ်တေ ငါယှုံးယာ ငါယှုံးယာ ဆိုပနာ ရယ်မောလို့ စကားကိုအဆုံးသတ်ကတ်ပါရေ။ ယင်းပိုင်နန့်သူရေ တနိမာ အကျွန့်ကို မီးလှာပါရေ။ 'ကျွန်တော်ဆွေးနွေးစွာကို လူတိကငြင်းရေလို့ ပြောကတ်တေ၊ ယင်းငြင်းရေဆိုစွာ ဇာကိုခေါ်လေး ကျွန်တော် အဂုထိ နားမလည်ဒေ' ဆိုပနာ ယောင်းရေပုံစံနန့် မီးလှာပါရေ။ အကျွန်ကတော့ခါခပ်ပြတ်ပြတ် ဖြည်လိုက်ပါရေ။ ငြင်းရေဆိုစွာ စကားပြောစွာမာ အဖြည်မှန်ကိုမရှာပဲ ကိုယ်ကအနိုင်ရယောင် ပြောစွာကို ငြင်းရေလို့ခေါ်ရေ။

စကားပြောခြင်းရေ တယောက်နန့်တယောက် ဆက်သွယ်ရာမာ အဓိကအကျဆုံး မီးပွိုင့်တခု ဖြစ်ပါရေ။ ယင်းကြောင့် မိမိမာဟိရေ အတွေးအခေါ်အယူအဆနန့် တဖက်လူမာဟိရေ အတွေးအခေါ်အယူအဆကို ဖလှယ်ယင်း အမှန်တရားတခုကို ရလှာပနာ ယင်းမှန်ကန်မှုကို လက်ခံပျာ တန်ဖိုးမဖြတ်နိူင်ရေ ဗဟုသုတတိကို

ဖြစ်စီပါရေ။ ဥပမာ 'စာရီးသူမာဟိရေ အတွေးအခေါ်ဗဟုသုတကို စာဖတ်သူရို့ယူပါ။ ယင်းနည်းတူ စာဖတ်သူမာဟိရေ အတွေးအခေါ် ဗဟုသုတကို စာရီးသူကိုပီးပါ'။ ယင်းပိုင်ဆိုကေ အကျွန်ရို့နှစ် ယောက်ဇွ အတွေးအခေါ်ဗဟုသုတရေ အယင်ကထက် တိုးတက် ကောင်းမွန်လှာပါလိမေ။ တချို့ရို့ဆိုကေ ဆွေးနွေးခြင်းထက် ငြင်းခုံ ခြင်းကို ဦးစားပီးစွာကို တွိရပါရေ။ ယင်းပိုင် ငြင်းခုံလှာပျာဆိုစွာနန့် သူရို့ရေ အနိုင်လိုချင်လှာကတ်တေ။ အနိုင်မရမချင်း ငြင်းခုံကတ် တေ။ အမှန်မာက ငြင်းခုံတတ်တေ အလိအထရေ အဖြည်မှန်ကို မရနိုင်ပဲ အတ္တအလွန်ကြီးသူရို့ဇွ ပင်ကိုယ်စရိုက်ဖြစ်စွာကို တွိရပါ ရေ။ ယင်းငြင်းခုံမှုဇွအစရေ စကားကို ကြားဖြတ်ပြောစွာက လာရေ လို့လေး ပြောနိုင်ပါရေ။ ယေဇုနန့် ဒေနီရာမာ စကားကြားဖြတ်ပြော စွာကို ဆက်ပြောပါမေ။

## ၁၆(၂)
## ကြားဖြတ်ပြောတတ်တေ အပြုအမူ

ဒေကြားဖြတ်ပြောတတ်တေ ပင်ကိုယ်စရိုက်စွာ လူငယ်ပိုင်း မာ အများဆုံးတွိရတတ်ပါရေ။ လူလတ်ပိုင်းမာတော့ ဆိကေလောက် နည်းလှာပါရေ။ လူကြီးပိုင်းကတော့ ဟိကေလေး မပြောနိုင်လောက် ယောင် နည်းလားရေလို့ ပြောရပါလိမေ။ အများအားဖြင့်တော့ခါ ပညာရီးကိုလေး မလိလာ၊ ဘာသာရီးကိုလေး ကောင်းကောင်းသ ဘောမပေါက်၊ အမျိုးသားနိုင်ငံရီးကိုလေး ကောင်းကောင်းသဘော မပေါက်ပဲ ကိုယ်ထင်ရာကို မဆင်မခြင်ပြောတတ်တေ ပုဂ္ဂိုလ်ရို့မာ တွိရတတ်ပါရေ။ များသောအားဖြင့်တော့ခါ ပညာတတ်အသိုင်းအ ဝိုင်းမာ တွိရစွာ အားနည်းပါရေ။ ယေဒါလေး အားလုံးကိုတော့ခါ မဆိုလိုပါ။ ဒေစကားဖြတ်ပြောတတ်တေ အပြုအမူရေ လီးနက်တေ အကြောင်းအရာတိနန့် ဆွေးနွေးဖို့ကျလှာရေခါ ကောင်းကောင်းအ ရုပ်ဆိုးရေ အပြုအမူတခု ဖြစ်ပါရေ။ ပြောရဆိုရ ကောင်းကောင်း

ခက်တေ အပြုအမူတခုလေး ဖြစ်ပါရေ။ တယောက်နန့်တယောက် စကားပြောနီတုန်းမာ တယောက်ပြောစွာကို တယောက်က ဆုံးယောင်ထိ နားမထောင်ပဲ ကြားဖြတ်ပြောစွာတိက ငြင်းခုံမှုတိ ဖြစ်တတ်ပါရေ။ ယင်းယှေ့ာင် ကြားဖြတ်ပြောရေ အလိအထစွာ အမှန်တရားကို မလိလာ၊ မစိစစ်ပဲ 'သူပြောဖို့မလို၊ ငါပြောစွာမှန်ရေ၊ ငါပြောစွာကို နားထောင်ရဖို့'လို့ အတွေးဝင်နီသူရို့ပါးမာ အားကြီးနီရေ ပင်ကိုယ်စရိုက်တခု ဖြစ်ပါရေ။ ယင်းကြားဖြတ်ပြောတတ်တေ အပြုအမူဟိသူရို့ ပြောဆိုနီရေအချိန်မာ စကားမဆုံးခင် နောက်တယောက်က ကြားဖြတ်ပစ်လိုက်ကေ 'နီအုံး ငါပြောစွာကို အယင်နားထောင်၊ ယေပြီးမှ ပြော'လို့ လီသံကိုတဆိသျှေမြင့်ပနာ ပြောပါလိမေ။ ယေဇုနန့် ဒေအပြုအမူကို ဇာပုဂ္ဂိုလ်လေး နှစ်သက်မှုမဟိပါ။ ယင်းပိုင် ပြုမူရေစရိုက်ကို စာဖတ်သူရို့ အများကြီးတွိဖူးပါလိမေ။

တခါက အကျွန်တွိဖူးရေ မိတ်ဆွိတယောက်ဆိုကေ ယင်းအပြုအမူဟိစွာကို တွိရပါရေ။ သူရေ စာပီစကားဖြစ်ဖြစ်၊ ဘာသာရီးစကားဖြစ်ဖြစ်၊ အမျိုးသားနိုင်ငံရီးစကားပင်ဖြစ်ဖြစ် တဖက်ကပြောဆိုမှုကို ဆုံးယောင်ထိ နားမထောင်ပဲ ဖြတ်ပနာ ပြောလိဟိပါရေ။ နောက်ပိုင်းဆိုကေ ယင်းမိတ်ဆွိရှိမာ အခြားလူတိရေ ဗဟုသုတဖြစ်ဖို့ စကားတိ၊ အတွေးအခေါ်မြင့်တက်စီရေစကားတိကို မပြောကတ်ပဲ ရယ်စရာစကားတိ၊ ဆိဆောက်ကရောက် စကားတိကိုရာ ပြောလှာကတ်ပါရေ။ အဆိုးဆုံးက ယင်းကြားဖြတ်ပြောစွာကိုပင် ကြိုက်နှစ်သက်ပနာ 'ငါ ဒေပိုင် စောင်းကန်းစောင်းကန်း ပြောနီလို့ မဟုတ်ကေ ကိုယ့်ကိုကိုယ် ဆရာကြီးပိုင်ယှေ့ာင်၊ သမ္မာကြီးယှေ့ာင် ထင်နီရေ'လို့တောင် သူ့ကိုယ်သူဂုဏ်ယူပနာ တဖက်လူတိကို နှိမ့်ချစကား ပြောလိုက်ပါသီးရေ။ ယင်းရေ မိမိအတွက် ဆုံးယှုံးမှုကြီးဖြစ်နီစွာကို သူကိုယ်တိုင် သတိမထားမိပါ။

ယေဇုနန့် မိမိရို့စကားပြောနီရေအချိန်မာ သတိထားရဖို့စွာထဲမာ ဒေကြားဖြတ်ပြောတတ်တေ အပြုအမူကိုလေး ထည့်သွင်းပြီးကေ သတိထားဖို့ လိုအပ်လှာပါရေ။

## ၁၆(၃)
## စာမတတ်လို့ ပြောစွာ

အကျွန်နန့် အသက်ငါးဆယ်ကျော်ကျော် လောက်ဟိရေ လူကြီးတယောက်ရေ ပညာရီးပိုင်းဆိုင်ရာကို ဆွေးနွေးဖြစ်ပါရေ။ ယင်းပိုင် ဆွေးနွေးယင်းနန့် ဘာသာရီးဖက်သို့ ရောက်လှာပါရေ။ ဘာသာရီးဖက်ကို ရောက်လှာရေဆိုခါ အကျွန်ကလေး ယင်းလူကြီးကို ပြောချင်နီစွာနန့် ယားရာမာ စူးကျရေဆိုပိုင် အားရပါးရပြောဖြစ်ပါရေ။ ဇာဖြစ်လို့ ဒေအကြောင်းနန့်ပတ်သက်ပနာ အကျွန်က ဆွေးနွေးချင်နီလေးဆိုကေ ယင်းလူကြီးရေ စကားဆိုက်ကျတိုင်း ဘုန်းကြီးတိကို မကောင်းကြောင်းပြောလိ ဟိပါရေ။ အကျွန်ရေ အမြဲတမ်းဆိုပိုင် ကြားနီရရေခါ ကောင်းကောင်း နားညီးလှာပါပျာ။ တခါတရီမာဆိုကေ ကောင်းကောင်း ပြောပစ်လိုက်ချင်ပါရေ။ ယေဒါလေး လူကြီးဆိုခါ စကားဆိုက်မကျပဲ ပြောဖို့က အခက်အခဲဟိပါရေ။ ဒေနိတော့ ပြောဖို့ပျာဆိုပနာ ဆုံးဖြတ်ပစ်လိုက်ပါရေ။ ပထမ လူကြီးက ပြောပါရေ။ ဘုန်းကြီးတိ နိုင်ငံရီး၊ ပညာရီး၊ စီးပွားရီး၊ လူမှုရီး တခုမာလေး သုံးစားလို့မရ၊ အလှူခံရေ၊ စားရေအိပ်တေဆိုပနာ သူပြောနီကျ စကားတိကို စတင်ဖွင့်ဟလှာပါပျာ။ အကျွန်ကလေး နားကြားကပ်နီစွာ ကြာပျာဆိုခါ-

'အခင်ကြီး ယင်းပိုင်လေး မဟုတ်ပါယေ၊ အကျွန်ရို့ ဗုဒ္ဓဘာသာတယောက်အနီနန့် ယင်းစကားကို မပြောသင့်လို့ မြင်ပါရေ၊ သာသနာကို အတွင်းကျကျ မလိလာပဲနန့် အပြင်သဘောအရ ပြောဖို့ ဆိုကေတောင် (သံဃာတော်တိ) ဘုန်းကြီးတိကို ကောင်းကောင်း ကြည်ညိုဖို့ ကောင်းနီပါပျာ၊ ဇာကြောင့်လေးဆိုကေ တနားက အခင်ကြီးပြောရေပိုင် အလှူခံရေ စားရေ၊ အိပ်တေ အပြင်သဘောပြောကေ မှန်ပါရေ။ ယေကေလေး ယင်းဆွမ်းတထပ်ကို သုံးရဖို့အတွက် သံဃာတိရေ နီပူ၊ မိုးရွာမယှော် ကြိုးစားကတ်ရပါရေ။ ကျွန်းမာဆိုကေ ကျွန်းအလျှောက်၊ မြို့မာဆိုကေ ခြီဗဝါးအောက်က ဒုံနာလမ်းက

ပူ၊ အထက်ကနီပူပူနန့် သက်န်းကို ကျစ်ကျစ်ပါယောင် ရုံလို့လားကတ် ရပါရေ။ ယင်းအထဲမာ ထီးမဆောင်း၊ ဖိနပ်မပါ တထပ်ဝဖို့အတွက် ဆွမ်းအလှူခံနီရရေဘဝကို စိုင်းစားကြည့်လိုက်ရုံနန့်တောင် မလွယ် ပါ။ ယေပြီးကေ သာသနာဆိုစွာ အရပ်သျှစ်မျက်နှာက မတရာသား၊ မတရာသမီးရို့ ဝင်ရောက်နီထိုင်ရာ ဖြစ်တေအတွက် အားလုံးအ ကောင်းဂျည်း ဟိဖို့မလွယ်ပါ’။

အကျွန် ကိုယ်ရင်သျှေဘဝနန့်နီခါ တောင်ရွှေရွာဆရာတော် ကြီး ဆုံးမဖူးရေ ဥပမာတခုဟိပါရေ။ ‘ပဥ္စင်းရို့ ကိုယ်ရင်သျှေရို့ အယင်က ဒကာတယောက်ရေ သာသနာကို ကြုံကေကြုံရေပိုင် အပြစ်ပြောတတ်တေ။ ယင်းဒကာကို မန္တလေးမစိုးရိမ်ဆရာတော် ကြီးက ကျောင်းကိုခေါ်လားပနာ အယင်ဆုံး ခြင်းလုံးကစပ်နီကတ် တေ ကိုယ်ရင်သျှေ၊ ပဥ္စင်းသျှေတိကို ပြပနာ ‘ဒကာ ဇာပိုင်မြင်လေး’ လို့ ဘုန်းကြီးကမီးရေခါ ဒကာက ‘ဧယှင့်တိကို ပြောစွာပါယေ၊ သာ သနာကို အကြည်အညိုပျက်စီစွာ’လို့ ပြောပါရေ။ ယေဒါလေး ဘုန်း ကြီးက တခုလေးမပြောပဲ ကျောင်းထက်ကို ခေါ်လားပါရေ။ ကျောင်း ထက်မာ တရားထိုင်၊ စာဖတ်နီရေ ကိုယ်ရင်သျှေ၊ ပဥ္စင်းသျှေတိကိုပြ ပနာ မီးပါရေ။ ‘ဒကာဇာပိုင်လေး’။ ယင်းခါ ဒကာက ‘ဧး သာသနာ ဆိုစွာ ဒေပိုင်ဟိရပါဖို့’ ဆိုပနာပြန်ပြောပါရေ။ ယင်းခါမှ ဘုန်းကြီးက ‘ဒကာ သာသနာထဲမာ တဦးတယောက်တည်း နီစွာမဟုတ်၊ အများ နန့်နီစွာဖြစ်တေ။ မကောင်းရေရဟန်းလေး ဟိရေပိုင် ကောင်းရေရ ဟန်းလေး သာသနာမာအများကြီး ဟိရေ၊ အပြင်ပိုင်းက ဆိသျှေမ ကောင်းစွာကို အပြစ်တင်၊ ဝီဖန်နီဖို့ထက် အထဲကိုဝင်ကြည့်ပနာ ပြောစွာကောင်းဖို့’ ဆိုပျာ ဒကာကို ပညာပီးပါရေ။

နောက်ပြီးကေ ဆဒ္ဒန်ဆင်မင်း ဇာတ်တော်မာလေး ဆဒ္ဒန် ဆင်မင်းကို သောနုတ္တရမုဆိုးက မြှားနန့်ပစ်တေ။ မြှားစူးလို့ ဒေါသ ပေါက်ကွဲပျာ မုဆိုးကို ဖိနင်းပစ်လိုက်ဖို့ သူတကိုယ်တည်း လားရှာရေ ခါ မုဆိုးကိုတွိပါရေ။ မုဆိုးလည်ပင်းမာ သက်န်းစကိုတွိလို့ သူ့ဇွအ စွယ်ကိုတောင် ဖြတ်ပနာပီးရေ သာဓကတိ ဟိပါရေ။ ယင်းကြောင့်

အကျွန့်အမြင်အရဆိုကေ သာသနာကို အသုံးမကျဆိုရေ စကားနန့် အတွေးအခေါ်က ကောင်းကောင်းအဆင်မပြေလို့ မြင်ပါရေ။ အကျွန့်စကားကို တန့်လိုက်တေခါ လူကြီးရေ မျက်နှာနီပနာ ငြင်းလိုရေ ပုံစံနန့် အကျွန့်ကို ပြန်ပြောပါရေ။ 'ငါ ဆိုလိုစွာက ယင်းပိုင်မဟုတ်၊ ငါပြောစွာကို မင်းနားမလည်လို့ရာ၊ ငါ့ကို ဒေပိုင်ပြောစွာရေ မင်းစာမတတ်လို့ ပြောစွာရာ'ဆိုပနာ အကျွန့်ကို ပြောပါရေ။ အကျွန်လေးသူနန့်ဆက်ပနာ ပြောနီဖို့ဆိုကေ အဖြည်မှန်ကိုမရပဲ ဆွေးနွေးစွာက ငြင်းခုံရေဖက်သို့ပြောင်းပျာ ပြဿနာဖြစ်ကတ်ဖို့စွာကို မြင်လို့ ဆက်မပြောပဲ ငြိမ်ခံလိုက်ပါရေ။

## ၁၆(၄)
## ငြင်းခုံမှု လွှန်လှာကေ

တခါက အကျွန်နန့် ကိုမိုးဆန်းဆိုရေ မိတ်ဆွီတယောက်ရေ ထိုအကြောင်းဒေအကြောင်းကို ဆွေးနွေးယင်း သူကြုံဖူးရေ အတွိအကြုံတခုကို ဂုပိုင်ပြောပြပါရေ။

၂၀၁၂ လဆန်းပိုင်းလောက်က သူရေ ရန်ကုန်တိုင်း၊ တာမွေမြို့၊ ဗညားဒလလမ်းက စားသောက်ဆိုင်တဆိုင်မာ စားပွဲထိုး (Waiter) လုပ်နီပါရေ။ တညည့်မာ လူကြီးခြောက်ယောက်ရေ စာရွက်စာတမ်းတိကို ယူလှာပနာ အကြောင်းအရာတခုကို လီးလီးနက်နက်ဆွေးနွေးကတ်ဖို့ လာကတ်တေ ပုံစံမျိုးနန့် တည်တည်ငြိမ်ငြိမ်ပင်ဝင်ထိုင်ကတ်ပါရေ။ ယင်းလူကြီးရို့ကို ကြည့်ရသလောက် သာမန်အသိုင်းအဝိုင်းကပိုင် မဟုတ်ပဲ ဂုဏ်သရေဟိရေ ရုပ်လက္ခဏာတိ တွိရပါရေ။

အကျွန်အကဲခတ်ကြည့်လိုက်တေခါ သူရို့တိရေ နိုင်ငံရီးကိစ္စကို ဆွေးနွေးနီကတ်ပါရေ။ အကျွန်လေး ကိုယ့်လူမျိုးတိ ဇပိုင် ဂုဏ်သရေဟိဟိ လာရောက်ဆွေးနွေးကတ်စွာတိကို တွိရလို့ ဝမ်းသာစွာတကြောင်း၊ စိတ်ထဲက လေးစားနီစွာတကြောင်း သူရို့တိကို အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်ယောင် စားပွဲထိုးပီးပါရေ။ ယင်းပိုင်နန့်

ယင်းလူကြီးတိရေ အဟိန်တက်လှာပနာ ငြင်းခုံလှာကတ်တေ။ ဇာသူ့ လုပ်ဆောင်ချက်တိ မှန်ရေမှားရေ၊ ဇာသူကောင်းရေ မကောင်း၊ ဇာသူကို လက်ခံရဖို့ လက်ခံလို့မရ။ ယင်းပိုင်နန့် နောက်ဆုံးမာ လက်သီးလက်မောင်းတန်းပျာ ဆွဲလို့မရ ငင်လို့မရယောင်ထိ ဖြစ်လှာကတ်ပါရေ။ ယင်းရေ ကကောင်းအရှုပ်ဆိုး အကျည်းတန်ရေ ဖြစ်ရပ်တခုပါ။ ဇာလောက်ပင် ဂုဏ်သရေဟိရေ ဆိုလီပတ်စီ ဆွေးနွေးစွာထက် ငြင်းခုံစွာက အားကြီးလှာရေဆိုကေ ပဋိပက္ခအသွင်သို့ ပြောင်းလားတတ်ပါရေ။

အကျွန်ရို့ရေ တယောက်နန့်တယောက် ဇာအကြောင်းအရာကိုမဆို အမြင်(View)ချင်း၊ သဘောတရား(Theory)ချင်း မတူနိုင်စွာကို လက်ခံပါရေ။ ယင်းပိုင် အမြင်ချင်း၊ သဘောတရားချင်း မတူကတ်တေအတွက်ကြောင့် လောကမာလူတိရေ တယောက်နန့်တယောက် ငြင်းခုံကတ်ရရေ၊ ဆွေးနွေးကတ်ရပါရေ။ အဖြည်မှန်တခုကို ရှာကတ်ရပါရေ။ ရှာယင်း၊ ဆွေးနွေးယင်းနန့် အဖြည်မှန်ကို ရလှာကတ်တေ။ ယင်းရလှာရေ အဖြည်မှန်ကို ငြင်းခုံမှုမဟိပဲ လက်ခံကတ်ပနာ 'ဟုတ်တေ ဒေယှင့်ရေ အမှန်တရား' လို့ သတ်မှတ်နိုင်ဖို့ဆိုကေ လောကကြီးအတွက် အကောင်းဆုံးဖြစ်ပါရေ။

လူတဦးနန့်တဦးရေ အကြောင်းအရာတခုခုကို ဆွေးနွေးရေဆိုစွာနန့် ယင်းအကြောင်းအရာဇွ အဖြည်မှန်ရေ အထူးအရီးကြီးရေ သတ်မှတ်ချက်တခု ဖြစ်ပါရေ။ အဖြည်မှန်ကိုမရှာပဲနန့် မိမိဇွဆွေးနွေးမှုရာ မှန်ရေ။ တဖက်လူဇွ ဆွေးနွေးမှုရေ အမှန်တရားမဟုတ်လို့ စိတ်ကမှတ်ယူကေ ဆွေးနွေးမှုမဖြစ်ပဲ ငြင်းခုံခြင်းအဖြစ်သို့ အသွင်ပြောင်းလားပါရေ။

သာစွလေပါ . . .

## ၁၇ (ခ)
## အာဂန္တုကို နွီးနွီးထွီးထွီးကြိုဆိုပါ

သူငယ်ချင်းတယောက် မကြီမနပ်ဖြစ်ပနာ အကျွန့်ပါးသို့ ရောက်ချလှာပါရေ။ အကျွန်ကလေး သူငယ်ချင်း မကြီမနပ်ဖြစ်နီစွာကို မြင်ရလို့ အိမ်ကိုရောက်ရောက်ချင်း လှမ်းမီးလိုက်တေ။ 'အဝေး သူငယ်ချင်း ဇာဖြစ်လာလေးမင်း၊ မျက်နှာလေး မဲပနာ'။ ယေမှ သူက ပြန်ပြောပါရေ။ 'အဝေ ဆရာမ မအားလို့ ငါ့ကို ဆီးရုံသို့ ထမင်းပို့ဇောင်ထည့်ရေ၊ ငါလေးဆရာမကို အားနာလို့ လားခီရရေ၊ ငါထမင်းပို့ဖို့လာစွာကို သူ့မိသားစုတိ တယောက်သျှေလေး စကားမပြောချင်ကတ်ဝေ၊ ကောင်းဘဝင်မြင့်ကတ်စွာမလား'။ အကျွန်က 'လူနာနီမကောင်းဖြစ်နီစွာမာ စိတ်မကောင်းဝင်နီကတ်လို့ စကားမပြောချင်ဟိမေ။ မင်းကလေး ယင်းလောက်စွာကို နားလည်ပီးလိုက်ပ'။ ယင်းခါမှ ပိုဆိုးလှာပါရေ။ 'နီကောင်းရေဝေး၊ နောက်နှစ်ရက်ဆိုကေ ဆီးရုံကဆင်းလို့ရယာ၊ အလကားနီပနာ သူရို့ဘဝင်မြင့်နီကတ်စွာရာ၊ နောက်ရက်ခါ ဆရာမခိုင်းကေလေး မလားယာဝေ' ဆိုပနာ ထိုယှင့်ဖြစ်တေ ဒေယှင့်ဖြစ်တေနန့် တယောက်တည်း ပြောနီလီပါရေ။

အကျွန်နှင့်သူငယ်ချင်း မကြီမနပ်ဖြစ်တေဆိုစွာကို သဘာဝကျကျ တွေးကြည့်ကတ်ဖို့ဆိုကေ သူမှန်ရေလို့ ပြောနိုင်ပါရေ။ ဇာကြောင့်လေးဆိုကေ မိမိကိုအကူအညီပီးဖို့လာရေ လူကိုမဆိုပါကေ့၊ အလည်အပတ် လာရေလူကိုတောင်မှ လူမှုရီးအရတော့ခါ အနည်း

ဆုံး စကားအလိုက်အထိုက် ပြောသင့်ရေ မဟုတ်ပါလား။ ဒေပိုင် အဖြစ်မျိုးကို စာဖတ်သူရို့လေး တွိကြုံဖူးပါလိမေ။ စာရီးသူအနီနန့် အများကြီးတွိဖူးပါရေ။ ယေဒါလေး မိလို့မရနိုင်ရေ အကြောင်းအရာ နှစ်ခုလောက်ကို ဒေမာရီးခပါမေ။

## ၁၇(၂)
## သွီးလှူဖို့လားခြင်းက အတွိအကြုံ

၀၇. ၁၁. ၂၀၁၀ တလင်းဂုနီနိက ရန်ကုန်တိုင်း၊ သဃ်န်းကျွန်း လူငယ်သွီးလှူအသင်းတစုကလာပျာ အကျွန့်ကို အကူအညီတောင်းလှာပါရေ။ အကျွန်ကလေး သွီးတခါလေး မလှူဖူးပါ။ ယေဒါလေး သွီးလှူရဖို့ဆိုစွာနန့် စိတ်ထဲမာ အလိုလိုဝမ်းသာပနာ သွီးလှူချင်စိတ်တိ ပေါက်လားပါရေ။ ယေနန့် အသီအချာ မီးကြည့်ဖြစ်ပါရေ။ ‘ဖြစ်ပ့ါမလားဗျာ၊ ကျနော်က သွေးလှူချင်တာတော့ အမှန်ပဲ၊ ဒါပေမယ့် ကျွန်တော့်သွေး ဘာသွေးလဲ ဆိုတာကို မသိဘူးဗျ’။ ယင်းပိုင် ပြောလိုက်ခါ အလှူလာခံရေလူက အကျွန်နန့် တရင်းတနှီးဟိကတ်တေအတွက်၊ အားနာဖို့လူမဟုတ်တေအတွက် အကျွန့်ကို အားတိုက်ပါရေ။ ‘ရပါတယ်၊ အကို့သွေးကို ကျွန်တော်တို့ဆေးရုံမှာ စစ်ကြည့်မယ်လေ၊ ပြီးမှပဲ မတူရင်မလှူနဲ့ပေ့ါ၊ တူရင်တော့လှူပေ့ါဗျာ ဘာပဲဖြစ်ဖြစ် လှူချင်ရင်လိုက်ကြည့်ပေ့ါ မဟုတ်ဖူးလား’။

အကျွန်ကလေး လှူချင်စိတ်ထက်သန်နီရေဆိုခါ ယင်းမိတ်ဆွီနန့်လိုက်ဖို့ သဘောတူလိုက်ပါရေ။ အကျွန်သွီးစစ်လို့အပြီးမာ လူနာနန့် သွီးအမျိုးအစားတူနီပါရေ။ တခါလေး မလှူဖူးသီးရေအတွက် အားရဝမ်းသာနန့် သွီးတပုလင်းလှူခပါရေ။ အကျွန်သွီးလှူလို့ ပြီးရေအထိ လူနာရို့မိသားစုတိလာပျာ အကျွန့်ကို နီကောင်းလား အဆင်ပြေလားလို့တောင် သတင်းမမီးပါ။ ယင်းပိုင်ဆိုခါ အကျွန်ဇို့စိတ်ထဲမာ တခုခုမှားနီလား ဆိုရေခံစားမှုနန့် မိတ်ဆွီကိုခေါ်ပနာ မီးကြည့်ပါရေ။ ‘ဟကောင်ယ၊ မင်းဟာက ဘယ်လိုလဲကွာ၊ သွေးလှူရှင်ကိုတောင်လာပြီး သတင်းမေးဖော်မရပါလား၊ မင်းလူနာက Emergen-

cy များဖြစ်နေလား'။ အကျွန်မီးကြည့်လိုက်ခါမှ အကျွန့်မိတ်ဆွီက အကျွန့်ကို ပြန်ပြောပါရေ။ 'အေး ဟုတ်တယ်အကိုရ၊ လူနာက အရမ်းတော့ စိုးရိမ်စရာမရှိဘူးဗျ၊ ကျွန်တော်တို့ဆီကို အကူအညီ လာတောင်းတုန်းကလဲ မျက်နှာကြောတင်းတင်းနဲ့ဗျ၊ နောက်ပြီး မေးသွားသေးတယ်၊ ပိုက်ဆံဘယ်လောက် ပေးရမလဲတဲ့'။ ယင်းသူပြောမှ အကျွန်လေး စိတ်ထဲမာ တမျိုးခံစားလားရပါရေ။ ယေဒါလေး အကျွန်ရေ ကိုယ်က သွီးလှူထားရေ လူနာကိုမြင်ဖူးချင်စွာနန့် သတင်းမီးယင်းဆိုပနာ လားလို့မီးကြည့်ဖြစ်ပါရေ။ လူနာရေ ဆိကေလင်းလင်းစင်းစင်းဖြစ်နီစွာကို တွိရပါရေ။ အကျွန့်ကိုလေး ကျေးဇူစကားတိ ပြောပါရေ။ ဇာမာနီရေ၊ သူဇာကြောင့် နီထိုင်မကောင်းဖြစ်လားရေ ဆိုစွာတိကိုပါ ပြောပြနီပါရေ။ အကျွန်လေး လူနာပင်ပမ်းလတ်မေလို့ စကားကိုအဆုံးသတ်ပနာ အပြင်ထွက်လှာလိုက်ပါရေ။ လူနာဇွ မိသားစုရေ မိတ်ဆွီပြောရေပိုင် မျက်နှာကြောတင်းတင်းနန့် မသိကေ အကျွန်ကရာ သူရို့ပါးက ဖေသာချီးဖို့လာရေပုံစံမျိုး။ ဇာပင်ဖြစ်ဖြစ် မိမိဇွသွီးတပုလင်းကြောင့် လူတယောက် အသက်ရှင်ခွင့်ရရေ ဆိုစွာနန့်ပင် ကြီနပ်လားပါပျာ။

## ၁၇(၃)
## ဒုက္ခသည်တိကို ဖေသာလှူဖို့လားခြင်း

ဒုတိယတခုက USA မာဟိရေ သူငယ်ချင်းတယောက်က အကျွန့်ပါးသို့ ဖေသာပို့လိုက်ပါရေ။ ယင်းဖေသာကို ဘဂ်လားဖက်က လာကတ်တေ ဒုက္ခသည် (Refugee) တိ . . . မြို့မာ ဟိရေလို့ကြားရေ။ ယင်းကိုလားလို့ တချက်လှူပစ်ခီဆိုလို့ အကျွန်လေး ဖေသာရောက်လို့ နောက်တရက်ဆိုကေ ယင်းမြို့သို့လားပါရေ။ အလားနောက်ကျလားရေအတွက် ညဇာဖက် ၆ နာရီကျော်ကျော်လောက် ရောက်လားခပါရေ။ ဆိုက္ကားတစီးငှားပနာ အကျွန်တည်းခိုဖို့ အမျိုးအိမ်သို့ အလျင်လားပျာ အထုပ်ကိုထားခပါရေ။ တိုက်တိုက်ဆိုင်ဆိုင် ရန်ကုန်သို့လားဖို့ ကိစ္စဟိလို့ ကြိုတင်လက်မှတ် ဝယ်ပြီးသားဖြစ်နီပျာ

ဆိုခါ အချိန်ကလေး ကြားမာတရက်ရာ ရပါရေ။ ယင်းအတွက် လုပ်စရာဟိစွာကို အလျင်လက်စသတ်ပနာ လားရဖို့ဖြစ်လို့ အမျိုးအိမ်ကို ရောက်ရောက်ချင်းမတန့်တမ်း ဒုက္ခသည်ကိစ္စကို စုံစမ်းကြည့်ပါရေ။ အကျွန်နန့်ရင်းနှီးရေ ပဉ္စင်းတပါး အကူအညီနန့် ဒုက္ခသည်တိကို ဦးစီးဦးဆောင်လုပ်နီရေ အဖွဲ့အစည်းက လူတယောက်အိမ်သို့ ရောက်လားခပါရေ။ ယင်းအိမ်သို့ ရောက်လားစွာနန့် အကျွန်က အပြင်မာကျန်ခပနာ ပဉ္စင်းက အလျင်ဝင်လားခပါရေ။ ပုံစံကြည့်ရစွာ ပဉ္စင်းနန့်ဆရာဒကာ ဖြစ်ဖို့လို့ ခန့်မှန်းမိပါရေ။ ယေဒါလေး အကျွန်ရေ ဒုက္ခသည်တိကို ဖေသာလျှုဖို့လာရေ အကြောင်းကို မပြောခပါ။ ပဉ္စင်းထွက်လှာပြီးကေ အကျွန့်ကို ဝင်လို့ရကြောင်းကို ပြောလို့ အထဲသို့ဝင်လားပါရေ။ အထဲသို့ရောက်လို့ အခြီအနီကို ကြည့်လိုက်တေခါ ထိုင်ဖို့အတွက် ထိုင်ခုံတခုံလေး မဟိပါ။ အိမ်အောက်မာတော့ခါ လူအိပ်တေ ကုတင်တခုဟိပါရေ။ ယင်းကုတင်မာ အိမ်သျှင်ဆိုရေလူတယောက် လဲနီစွာကို တွိလိုက်ရပါရေ။ အိမ်သျှင်ရေ စကားပြောဖို့ စတင်လိုက်ပါရေ။ အိမ်သျှင်က ကုတင်ထက်က ထိုင်လို့ အကျွန်က ထိုင်ခုံမရရေအတွက် ရပ်မြဲတိုင်းရပ်လို့ နီရပါရေ။

အိမ်သျှင်။ ။ ဇာကလာလေး မသိ။

အကျွန်။ ။ တိန်ညိုကလာပါရေဒေ။

အိမ်သျှင်။ ။ ကိစ္စဟိလာ။

အိမ်သျှင်မီးစွာကို အကျွန်ဖြည်ရာ ဖြည်နီရစွာရာ၊ စိတ်ထဲမာတော့ခါ ဒေလူ ငါ့ကို ခုံတခုံပီးကေကောင်းဖို့ ဆိုရေအတွေးက အလိုလိုဝင်လှာပါပျာ။ ယေဒါလေး ဟန်မပျက်ယောင် စကားကိုထိန်းပနာ ပြောရပါရေ။ အကျွန်ရန်ကုန်က လာကြောင်းနန့် USA က သူငယ်ချင်း တယောက်နန့်အကျွန်ရို့ အယင်က အသင်းတခုလုပ်ခခါ ဥက္ကဋ္ဌလုပ်ခသူရို့ပါးက ဒေမြို့မာဟိရေ ဒုက္ခသည်တိကို အလှူငွေပို့ပီးလိုက်ကြောင်း၊ ယင်းအတွက် လာစွာဖြစ်ကြောင်းကို တဆိတ်သျှေပြောပြလိုက်ပါရေ။ ယင်းခါမှ အကျွန်ထိုင်ဖို့ ခုံတခုံယူပီးပါရေ။ ခုံနန့်အတူ

ကွမ်းထုပ်လေး တခါတည်းပါလှာစွာကို တွဲလိုက်ရပါရေ။

ဆိုလိုချင်စွာက အကျွန်ရို့ရေ လောကမာ လူလို့ဖြစ်လှာကေ လူပုဂ္ဂိုလ်အများကြီးနန့် ပြောဆိုဆက်ဆံကတ်ရပါရေ။ ယင်းပိုင်ဆက်ဆံယင်းနန့် မိမိဇွ့ကိစ္စကြောင့်လည်းကောင်း၊ သူတပါးကိစ္စကြောင့်လည်းကောင်း၊ အခြားအရပ်ဒေသ သို့မဟုတ် မိမိနန့်မသိမကျွမ်းရေ လူစိမ်း သို့မဟုတ် လူသစ်တိပါးသို့ လားကတ်ရ လာကတ်ရရေ မဟုတ်ပါလား။ ယေကေ မိမိပါးသို့ရောက်လှာရေ အာဂန္တု (Guest)ကို အကျွန်ရို့အနီနန့် လူကြီးဖြစ်စီ၊ လူငယ်ဖြစ်စီ၊ ဆင်းရဲသူဖြစ်စီ၊ ချမ်းသာသူဖြစ်စီ၊ ကျောင်းဆရာ၊ ဆရာဝန် အစဟိသည်အားဖြင့် ဇာသူပင်လာလာ အနည်းဆုံးကတော့ခါ အိမ်သျှင်ဖြစ်တေလူ (သို့မဟုတ် အပြင်မာ တွိရေဆိုကေလေး အယင်ဦးဆုံးရောက်နီရေလူ)က နီရာထိုင်ခင်းပီးပျာ အခြီအနီကို မီးမြန်းပနာ ခရီးဦးကြိုဆိုသင့်ပါရေ။ ဒေကိစ္စတိရေ လူကြီးလူငယ် အားလုံးအတွက်လိုအပ်တေ ဆက်ဆံရီးတခုပင်ဖြစ်ပါရေ။ အထူးသဖြင့် ပရဟိတအလုပ်ကို လုပ်ကိုင်ရေ ပုဂ္ဂိုလ်တိဆိုကေ သာမန်လူပုဂ္ဂိုလ်တိထက်ပိုပနာ ယိုင်ကျေးပျူငှာတတ်ရဖို့၊ နိဝါတတရား လက်ကိုင်ထားတတ်ရဖို့၊ ဆင်းရဲချမ်းသာခွဲခြားမှုမဟိပဲ တန်းတူတန်းမျှ ကြိုဆိုဆက်ဆံတတ်ရဖို့လို့ စာရီးသူအနီနန့် မြင်ပါရေ။

သာစွလေပါ . . .

မှတ်ချက်။ ။ အချို့ကိစ္စရပ်တိကို မထိခိုက်လိုပါ။ ပုဂ္ဂိုလ်ရီးအရလေး မထိခိုက်လိုပါ။ ယေနန့် မြို့နာမည်နန့် လူပုဂ္ဂိုလ်နာမည်ကို မဖော်ပြခြင်းဖြစ်ပါရေ။

## ၁၈(၁)
## စိန်ခေါ်မှုက မထူညီနိုင်ရေ အတွေးခမျှား

အကျွန်ရို့ရေ လောကသို့ မိခင်ဝမ်းတွင်းက မွီးဖွားလှာရေဆို စွာနန့် တနိထက်တနိ၊ တလထက်တလ၊ တနှစ်ထက်တနှစ်၊ အကျွန်ရို့ ဇှ ကိုယ်ခန္ဓာအစိတ်အပိုင်းတိရေ အလိုအလျောက်ကြီးထွား လှာကတ်ပါရေ။ ယင်းနန့်အတူ အပြောအဆိုနန့် စရိုက်လက္ခဏာတိလေး ပြောင်းလှယ်လှာကတ်ပါရေ။ လောကဇှ ပြိုင်ဆိုင်မှုတိကိုလေး ရင်ဆိုင်လှာကတ်ရပါရေ။ ယင်းပြိုင်ဆိုင်မှုတိရေ မိမိကို စိန်ခေါ်မှု အဖြစ်သို့ အလိုလိုပြောင်းလှယ်လားပါရေ။ မိမိရေ စိန်ခေါ်မှုများ လှာပျာဆိုစွာနန့် ယင်းစိန်ခေါ်မှုတိကို အနိုင်လိုချင်စိတ်တိ၊ ယှဉ်ပြိုင်ချင်စိတ်တိ ဖြစ်ပေါ်လှာကတ်ပါရေ။ တဖက်က စိန်ခေါ်မှုတိကို ဇာနည်းနန့် အနိုင်ယူရဖို့လေးဆိုစွာ တွေးခေါ်ကြံဆလှာကတ်တေ။

အသက်အငယ်ခါဆိုကေ အငယ်အလျောက် ကစပ်ယင်းပြိုင်ကတ်ပါရေ။ စာသင်ကျောင်းရောက်ကေ စာပြိုင်ကတ်ပါရေ။ လူပျို ပေါက်စအရွယ်၊ အပျိုပေါက်စအရွယ်ဆိုကေ အလှပြိုင်ကတ်ပါရေ၊ အသုံးအဆောင် ပြိုင်ကတ်ပါရေ။ အသက်အရွယ်ကြီးလှာပျာ ဆိုစွာနန့် စီးပွားရီးပြိုင်ကတ်ပါရေ။ အတွေးအခေါ် အယူအဆ ပြိုင်ကတ်ပါရေ။ ယင်းရေ နိယာမသဘောတရားတိပင် ဖြစ်ပါရေ။ ယင်းစိန်ခေါ်မှုတိကို ဇာသူလေး ယှောင်ဖယ်လို့ မရနိုင်ပါ။ ဇာအချိန်မာ ဇာကိစ္စကို ဇာလောက်ပင်ပြိုင်လီပတ်စီ အတွေးအခေါ် ပြိုင်လှာပျာဆိုကေ လောကရေ အလိုလိုမငြိမ်မသက် ဖြစ်လှာပါရေ၊ တယောက်နန့်တ

ယောက် စိတ်ဝမ်းကွဲလှာကတ်ပါရေ။ မိမိဇွ အတွေးအခေါ်တိကို တဖက်လူ လက်ခံချင်ကတ်ပါရေ။ အလိုလိုပြောပြချင်ကတ်ပါရေ။

တခါကဆိုကေ နိုင်ငံရီးသမားကြီးတယောက်နန့် အကျွန်ရေ ဆွေးနွေးဖြစ်ပါရေ။ ယင်းပိုင် ဆွေးနွေးယင်းနန့် ယင်းလူကြီးဆွေးနွေးလှာရေ အကြောင်းအရာက နိုင်ငံရီးသမားပီပီ နိုင်ငံရီးဖက်ကို ရောက်လှာပါရေ။ သူရေ နိုင်ငံရီးအကြောင်းကို ကျွမ်းကျင်ပိုင်နိုင်စွာ ပြောပါရေ။ ယင်းလူကြီးရေ ရခိုင်သားတယောက် ဖြစ်တေအတွက် ရခိုင်နိုင်ငံရီးအကြောင်းကို စတင်ပြောလှာပါရေ။ ယင်းလူကြီးပြောရေစကားစွာ ဗဟုသုတ အမျာႏကြီးဖြစ်စီရေအတွက် အကျွန်ရေငြိမ်ငြိမ်သက်သက် နားထောင်နီပါရေ။

သူရေပြောယင်းပြောယင်းနန့် စိတ်မြင့်လှာရေလို့ ပြောရဖို့လား။ ဒေါသသံတိ ပါလှာပါပျာ။ အဆိုးဆုံးက ယင်းလူရေ နိုင်ငံရီးလုပ်လို့ အနှစ်နှစ်ဆယ်ကျော် ထောင်ကျဖူးခရေဆိုခါ ယင်းဖက်ကို စကားက ဦးလှည့်လှာပါရေ။ ယင်းလူကြီးအဟိန်မြင့်လှာလီ အကျွန့်အတွက် ဗဟုသုတဖြစ်လှာလီဆိုခါ အကျွန်ရေ သူပြောသရွှိကို နားထောင်နီပါရေ။ ပြောယင်းဆိုယင်းနန့် ယင်းလူကြီးရေ နိုင်ငံရီးကို စိတ်မဝင်စား၊ နိုင်ငံရီးမလုပ်တေလူတိကို အထင်သီးရေစကားတိ၊ စာမတတ်ကတ်လို့ အတွေးအခေါ်အားဖြင့် အားနည်းရေ၊ သတ္တိမဟိကတ်၊ အသုံးမကျဆိုရေ ပုံစံမျိုးတိနန့် သူဇွစကားက သူဇွဦးဏှောက်မာစွဲနီရေ အယူအဆတခုကို စတင်ပြောလှာပါပျာ။ ယင်းအပိုင်းကို ရောက်တေခါ အကျွန်ရေ ကောင်းကောင်းလက်မခံပါ။ ယေနန့် အကျွန်လေးပြန်ပနာ ဆွေးနွေးပါရေ။

## ၁၈(၂)
## သားသမီးတို့င်း မိဘခြီရာနင်းနိုင်ကတ်တေလား

‘ဆရာပြောရေစကား မှန်ပါရေ၊ ယေဒါလေး အကျွန်တခုပြောချင်ပါရေ’။ အကျွန်ဇွ အမြင်ကိုပြောဖို့ စတင်လိုက်ပါရေ။ ကျောင်းဆရာဇွ သားသမီးတိုင်း ဆရာ၊ ဆရာမဖြစ်ရဖို့ ဆရာဝန်ဇွ

သားသမီးတိုင်း ဆရာဝန်၊ ဆရာဝန်မ ဖြစ်ရဖို့၊ လက်သမားဇွသားရေ လက်သမားဖြစ်ရဖို့၊ လယ်သမားဇွသားသမီးရေ လယ်သမားဖြစ်ရဖို့ ဆိုစွာက လုံးဝမဖြစ်နိုင်ပါ။ ယေဇုနန့် မိမိက နိုင်ငံရီးသမားဖြစ်တိုင်း လောကသားအားလုံးရေ နိုင်ငံရီးသမားတိ ဖြစ်ကိုဖြစ်ရဖို့ ဆိုစွာက တဖက်သတ်ဆန်အားကြီးရေလို့ ဆိုချင်ပါရေ။

အကျွန်ဇွဖခင်ရေ ကျောင်းဆရာတယောက်ပါ။ သူ့မှာ အကျွန်အပါအဝင် သားသမီးသျှစ်ယောက် ဟိပါရေ။ ယေဒါလေး စာပီဘာသာရပ်နန့် စာရီးစာဖတ်ဖို့အလုပ်ကို ဖခင်နန့်အတူတူ အစွဲအမြဲဝါသနာ တူစွာဆိုလို့ အကျွန်တယောက်ရာဟိပါရေ။ လုပ်ဖော်ကိုင်ဖက်တယောက်ဆိုကေ သူဇွမိသားစု လယ်သမားဖြစ်တေအတွက် သူ့ကိုအိမ်ကိုခေါ်ပျာ လယ်လုပ်ခိုင်းလို့ သူမလုပ်နိုင်ဆိုပနာ အိမ်ကထွက်လှာပါရေ။ နောက်တယောက်ကဆိုကေ ဖခင်စစ်သား(အောက်သားစစ်သား)ဖြစ်လို့ ဆယ်တန်းအောင်စွာနန့် ဗိုလ်သင်တန်းတက်ခိုင်းပါရေလတ်။ သားနန့်အဖ စကားအက်ကတ်ရရေလို့ ဆိုပါရေ။ ဒေနမူနာတိကို ကြည့်ခြင်းအားဖြင့် သားသမီးတိုင်းရေ မိဖရို့လုပ်တေအတိုင်း မဖြစ်နိုင်ဆိုစွာ သက်သီပြနီပါရေ။

## ၁၈(၃)
## နိုင်ငံရီးသားကောင်တိ

တခါက စာရီးသူကို ဆရာကြီးဦးဦးခိုင်စိုး ပြောဖူးရေစကားတခွန်းကို အဂုထိ မှတ်လို့ရနီပါရေ။ ဦးဦးခိုင်စိုးက 'ရခိုင်သားမှန်ကေ ရခိုင်အမျိုးသားရီး၊ ရခိုင်နိုင်ငံရီးကို စိတ်ဝင်စားသင့်ရေ။ အားလုံးကို ချုံလို့ပြောရဖို့ဆိုကေ လောကလူသားဟူသမျှရေ အားလုံးနိုင်ငံရီးသားကောင်တိ ဖြစ်ကတ်တေ။ ယင်းအတွက်နန့် နိုင်ငံရီးကို လူသားတိုင်း လုပ်သင့်ရေ လုပ်ရပ်တခုဖြစ်တေ'လို့ ဆိုပါရေ။ ယင်းရေမှန်ကန်ရေ သဘောတရားဖြစ်ပါရေ။ အနောက်တိုင်းအတွေးအခေါ်ပညာသျှင်ခရစ္စတိုတယ်က 'လူဆိုစွာ နိုင်ငံရီးသတ္တဝါတိဖြစ်တေ' လို့ ဆိုထားပါရေ။ ဒေစကားကို ကောင်းကြီးကြိုက်နှစ်သက်ပါရေ။ မှန်ပါ

ရေ လူဆိုရေသတ္တဝါစွာ အားလုံးနိုင်ငံရီးသားကောင်တိ ဖြစ်ကတ်ပါရေ။ နိုင်ငံရီးကောင်းမှရာ ဘာသာရီး၊ ပညာရီး၊ စီးပွားရီး၊ လူမှုရီး အစဟိသည်အားဖြင့် အဆင်ပြေချောမွိလှာပါလိမေ။ နိုင်ငံရီးမကောင်းကေ ဇာလေး လုပ်လို့မလွယ်ပါ။ နိုင်ငံရီးရေ လူသားတိအတွက် အမိအဖဖြစ်ပါရေ။ ယေဒါလေး လူတယောက်နန့်တယောက် ဘဝရပ်တည်မှုချင်း၊ မတူကတ်တေပိုင် ခံယူချက်ချင်း၊ အတွေးအခေါ် အယူအဆချင်း၊ ဝါသနာချင်း ကွာခြားတတ်ပါရေ။ လူသားတိရေ တယောက်နန့်တယောက် အယူဝါဒကွဲကတ်တေ၊ အဖွဲ့အစည်းတိ ပြိုကွဲကတ်တေ။ မိသားစု ညီအစ်ကိုမောင်နှမ၊ သူငယ်ချင်းအချင်းချင်း၊ လုပ်ဖော်ကိုင်ဖက် တယောက်နန့်တယောက် စိတ်ဝမ်းကွဲကတ်ပါရေ။ ယေဒါလေး နိုင်ငံရီးကိုကျလှာရေခါ အကျွန်ရို့ ရခိုင်လူမျိုးရေ လူမျိုးခြားရို့ဇ္ ကိုလိုနီပြုခြင်းကို ခံထားရရေ လူသားတိဆိုရေခါ ကမ္ဘာမာဟိဟိသမျှ လူသားအားလုံးထက် နိုင်ငံရီးကို စိတ်ဝင်စားဖို့ လိုအပ်ပါရေ။ ယင်းကြောင့် နိုင်ငံရီးမလုပ်လို့ အပြစ်တင်ဖို့ထက် နိုင်ငံရီးလုပ်လှာယောင်၊ နိုင်ငံရီးဖက်ကို လူငယ်လူရွယ်သျှေတိ စိတ်ဝင်စားလှာယောင်၊ နိုင်ငံရီးကို သဘောပေါက်လှာယောင်ထိ စိတ်ရှည်ရှည်နန့် သင်ပြပြောပြခြင်းရေ ကကောင်းထိရောက်တေ နည်းလမ်းဖြစ်လိမေလို့ မြင်ပါရေ။

သဘာဝကျကျ တွေးကြည့်ကတ်ဖို့ဆိုကေ ရှိကရီးခရေပိုင် လူတိုင်းလူတိုင်းမာ ကိုယ်ပိုင် စိုင်းစားတတ်တေ ဦးဏှောက်နန့် ခံစားတတ်တေ နှလုံးသားကိုယ်စီကိုယ်စီ ဟိကတ်ပါရေ။ ယင်းကြောင့်လူတယောက်နန့်တယောက် အတွေးအခေါ် အယူအဆချင်းမတူ၊ ခံယူချက်ချင်း မတူရေအတွက် လောကရေ တခုပြီးတခုဆိုပိုင် တိုးတက်အောင်မြင်လှာပါရေ။ တယောက်တခုစီ ထိုးထွင်ကြံဆလှာကတ်တေ။ စာပီပညာကို ဝါသနာပါရေ ပညာသျှင်ရို့ရေ စာပီအရီးကို အဓိကထားပနာ လိလာသင်ယူကတ်တေ။ စီပွားရီးကို အားသန်ရေ စီးပွားရီးပညာသျှင်ရို့ဆိုကေ စီးပွားရီးကို အဓိကထားပနာ လိလာသင်ယူလုပ်ဆောင်ကတ်တေ။ နိုင်ငံရီးကို ဝါသနာပါရေ မျိုးချစ်နိုင်ငံ

ရီးသမားတိ ဆိုပြန်ကေလေး အလွန်ပင် လေးစားလောက်ယောင်ထိ နိုင်ငံရီး၊ အမျိုးသားရီးအတွက် မိမိဇွ့မိသားစု၊ အိုးအိမ်စည်းစိမ်တိ၊ အသက်သွီးချွေး၊ မျက်ရည်တိကို စွန့်ရွှတ်ပနာ နိုင်ငံရီးကို လိလာကတ်တေ၊ သင်ယူကတ်တေ၊ လုပ်ဆောင်ကတ်တေ။ ယင်းကိစ္စရပ်အားလုံးရေ တဦးတယောက်ချင်းဇွ့ ယုံကြည်မှု၊ ခံစားမှုနန့်ရာ သက်ဆိုင်ပါရေ။

ယင်းကြောင့်လေး ရာစုနှစ် တစုနန့်တစုမတူပဲ ကွဲပြားလှာပါရေ။ လူသားတိလေး ခေတ်တခေတ်နန့် တခေတ်မတူပဲ အမြင်ကျယ်လှာကတ်တေ။ ဗဟုသုတနန့် အတွိအကြုံပေါင်း များစွာကို ရှာဖွိတွိဟိလှာကတ်ပါရေ။ ကုန်ခရေ ရာစုနှစ်ပေါင်းများစွာကနန့် အဂုရာစုနှစ်တိရေ အလိုလိုကွာခြားလားပါပျာ။ ယင်းကြောင့် လောကမာ အတွေးအခေါ်ပေါင်းများစွာရေ လူသားတိနန့်အတူတူ ရှင်သန်နီကတ်ပါရေ။

ယင်းပိုင် ရှင်သန်နီရေ အတွေးအခေါ်များစွာထဲမာ မိမိရေဇာပိုင် အတွေးအခေါ်မျိုးဟိပါလေး၊ မိမိဇွ့အတွေးအခေါ်တိရေ လောကနန့်သင့်တော်ရေ အတွေးအခေါ်ပါလား။ သို့မဟုတ် လောကနန့် ဆန့်ကျင်နီပါရေလား။ အထူးစိုင်းစားဖို့ လိုအပ်ပါရေ။ တချို့ပုဂ္ဂိုလ်ရို့ဆိုကေ ကောင်းကြီး အတွေးအခေါ်ကောင်းပနာ စကားပြောလိုက်တိုင်း မှတ်ယူစရာပညာပီးသျှေတိ တခုပြီးတခု ပြောပြနီပါရေ။ ယင်းပုဂ္ဂိုလ်တိနန့် အချိန်တဆိသျှေနီရကေလေး ပညာယူတတ်တေ၊ ဗဟုသုတ ယူတတ်တေဆိုကေ တန်ဖိုးမဖြတ်နိူင်ရေ အချိန်တိဖြစ်လားပါရေ။

တချို့ပုဂ္ဂိုလ်ရို့ ဆိုပြန်ကေလေး ပညာအလွန်တတ်ပနာ အတွေးအခေါ်အားဖြင့် နိမ့်ကျကတ်ပါရေ။ ယင်းပုဂ္ဂိုလ်ရို့နန့် အချိန်အများကြီး နီထိုင်ရကေလေး တန်ဖိုးမဟိရေအချိန်တိ ဖြစ်လှာပါရေ။ ယေဇုနန့် အကျွန်ရို့ရေ လူပုဂ္ဂိုလ်ကိုကြည့်ပနာ သူ့ဇွ့အရည်အခြင်းတိနန့် စိတ်သဘောတရားတိကို လိလာသင်ယူဖို့ ကောင်းကောင်းလိုအပ်ပါရေ။

## ၁၈(၄)
## အတွေးအခေါ်အားနည်းသူ

အတွေးအခေါ်အားနည်းသူဆိုစွာနန့် တခါတည်း ပညာမတတ်သူနန့် နယ်စွန်နယ်ဖျားက တောတောင်ကို မှီခိုစားသောက်နီရေ လူနည်းစုနီထိုင်ကတ်တေ ကျွန်းရွာသျှေက ဆမ်းရဲသားလူတန်းစားတိကို ပြောရေလားလို့ အတွေးရောက်ချင်ကေ ရောက်လားပါလိမေ။ စာရီးသူအနီနန့် ဒေမာပြောချင်စွာက ပညာတတ်ပြီးကေ အတွေးအခေါ် အားနည်းသူကို တဆိကေလောက် ပြောကြည့်ချင်ပါရေ။ လူပုဂ္ဂိုလ်တဦးရေ ပညာတတ်လှာပျာဆိုစွာနန့် သူနှင့်အတွေးအခေါ်တိရေ သာမန်ပုဂ္ဂိုလ်ရို့ထက် အလိုလိုမြင့်နီပျာလို့ အကြမ်းအားဖြင့်ဆိုနိုင်ပါရေ။ ဇာကြောင့်လေးဆိုကေ သူရို့ရေ စာအုပ်အများကြီးကို သင်ယူလိလာထားရေ၊ ကျက်မှတ်ထားရေ။ ယင်းစာပီပညာရပ်က လာရေ အတွေးအခေါ်များစွာကို သူရို့တိ သိထားပြီးဖြစ်တေ အတွက်ကြောင့် အတွေးအခေါ်အားဖြင့် မြင့်တက်လှာခြင်းဖြစ်ပါရေ။ ယေဒါလေး 'နှုတ်မာမဟိ စာမာဟိ' ဆိုစကားအတိုင်း ကျောင်းမာသင်ယူထားရေ ပညာရပ်တိရေ ကျောင်းမာရာထားခပြီး မိမိနှင့်ဦးဏှောက်ထဲအထိ ယူမလာပဲနန့် 'ငါပညာတတ်၊ ငါရာသိရေ၊ ငါရာတတ်တေ၊ ငါနှင့်အတွေးအခေါ်များရေ ငါနှင့်အနီးအနား ပတ်ဝန်းကျင်က လူတိထက် သာလွန်ရေ'လို့ ကိုယ့်ကိုကိုယ် စိတ်ကြီးဝင်နီရေလူကို အတွေးအခေါ်အားဖြင့် နိမ့်ကျရေလို့ စာရီးသူအနီနန့် ဆိုချင်ပါရေ။

ယင်းပိုင်ဆိုကေ အကျွန်ရို့နှင့် အတွေးအခေါ်ရေ ဇာလောက်ထိ တိုးတက်နီပျာလေး ဆိုစွာကို  စိစစ်လိလာ (Analyze) ကြည့်ဖို့လိုအပ်လှာပါပျာ။ အတွေးအခေါ် အယူအဆတိရေ စာအုပ်က ရရေလား။ ပြင်ပဗဟုသုတက ရရေလား။ ပညာသျှင်ရို့ကို ချဉ်းကပ်လို့ရရေလား။ သို့မဟုတ် မိမိနှင့်လုပ်ငန်းစိုင်ထဲက ရရေလား။ စိုင်းစားစရာအများကြီး  ဖြစ်နီပါရေ။

သာစွလေပါ . . .

## ၁၉ (၁)
## ပြုပျင်ရခက်ခဲရေ ပင်ကိုယ်စရိုက်

လိမ္မာယိုင်ကျေးရေ ဆိုစွာရေ လူတိုင်းပြုမူသင့်ရေ အပြုအမူ ဖြစ်ပါရေ။ လူတိုင်းလေး တန်ဖိုးထားလိ ဟိပါရေ။ ယင်းလိမ္မာယိုင်ကျေးသူရို့ကို သနားကရုဏာစိတ်နန့် လူတိုင်းဆိုပိုင် ခင်မင်လေးစားကတ်ပါရေ။ ဇာကြောင့်လေးဆိုကေ ယင်းပုဂ္ဂိုလ်ရို့ရေ လီးနက်တေ အပြုအမူတိ၊ တဖက်လူကို ရိုသီလေးစားတတ်တေ အပြုအမူတိဟိကတ်လို့ဖြစ်ပါရေ။ ယေဒါလေး တချို့လူတိရေ လိမ္မာပိုင်ယှောင်ပျင်ပနာ ကောင်းကောင်းကြီး ဆိုးရွားနီစွာကိုလေး တွိရပါရေ။ ပတ်ဝန်းကျင်က ရှူးကြောင်ကြောင်လို့ သတ်မှတ်ခံထားရရေ လူတိဆိုပြန်ကေလေး သူ့ပင်ကိုယ်စရိုက်ကို မှန်မှန်ကန်ကန် သုံးသပ်ကြည့်လိုက်ကေ ကောင်းကောင်းလိမ္မာနီစွာကို  တွိရပြန်ပါရေ။

လူတိရေ တခါတရီမာ တဦးတယောက်ချင်း ပြုပျင်ရခက်တေ အပြုအမူတိ ဟိရေပိုင်၊ လူမျိုးလိုက် ပြုပျင်ရခက်တေ အပြုအမူလေးဟိစွာကို တွိရပြန်ပါရေ။ ဒေနီရာမာ တဦးတယောက်ချင်း ပြုပျင်ရခက်တေ ပင်ကိုယ်စရိုက်ကို အယင်ပြောပါမေ။ ယေပြီးကေ လူမျိုးလိုက် ပြုပျင်ဖို့လိုအပ်စွာကိုလေး ဆိသျှေလောက် ပြောကြည့်ခပါမေ။

## ၁၉(၂)
### ဂါရဝတရားမဟိရေအပြုအမူ

တရက်နီ အကျွန်နန့် ရခိုင့်စာပီဘာသာဗေဒကို တစိုက်မတ်

မတ်လိလာနီရေ အကျွန်ဇွစာပီအစ်ကို ဝဏ္ဏခိုင်နန့် စကားလက်ဆုံကျကတ်ပါရေ။ ယင်းအစ်ကိုရေ သူကြုံတွိဖူးရေ ပင်ကိုယ်စရိုက်တချို့မာ ကောင်းစွာနန့် မကောင်းစွာ၊ ပြည့်စုံစွာနန့် လိုအပ်စွာတိကို ပြောပြနီပါရေ။ အကျွန်ရေ သူပြောသမျှကို စိတ်ထဲသို့ရောက်ယောင် သွင်းယူနီရပါရေ။ ယင်းနိ တရက်တည်းလို့ မဟုတ်ပါ။ အခြားနိတိမာလေး ပင်ကိုယ်စရိုက်နန့် ပတ်သက်လို့ အကျွန့်ကို ပြောလိဟိပါရေ။ အကျွန်လိလာနီရေ အကြောင်းအရာ ဖြစ်တေအတွက်နန့် အကျွန့်အတွက် လိုအပ်လိမေဆိုရေ သဘောဟိပုံပေါက်ပါရေ။ ဇာပိုင်ပင်မဆို အကျွန်ကတော့ခါ မိမိလိလာနီရေ အကြောင်းအရာ ဖြစ်တေဆိုခါ အမှန်ပင် ဝမ်းပန်းတသာ နားထောင်နီပါရေ။ ယေဇုနန့် စကားလက်ဆုံကျရေလို့ ပြောရစွာရာ အကျွန်ကတော့ခါ နားထောင်သူ၊ စကားထောက်သူ ဖြစ်နီပါရေ။ ယင်းအစ်ကိုပြောပြစွာတိထဲက ပြုပျင်ရခက်တေ ပင်ကိုယ်စရိုက်လို့ဆိုနိုင်ရေ ဂါရဝတရားမဟိရေစရိုက်ကို ချပြချင်ပါရေ။

'ယင်းနိ ညဇာပိုင်းမာ အစ်ကိုရေ စိန်ကာပူက အာဂန္တုတိ အဖော်ရယောင်လို့ အဖော်လာလုပ်ပီးရေ။ ယေလေး အာဂန္တုတိရေ အခြားနီရာမာ စကားလက်ဆုံကျနီကတ်တေလို့ သိရရေ။ ယေနန့် ဟိရေလူအဆီထိုင်ပျာ အမျိုးသားရီးဆိုင်ရာ ထိုထိုဒေဒေ ဆွေးနွေးဖြစ်ကတ်တေ။ အစ်ကိုပါးတို့ နယ်အဝီးက လည်ဖောင်လာရေ ညီတယောက်ကိုလေး ဒေတို့ပါလတ် ဆိုပနာ ဖုန်းနန့်လှမ်းခေါ် လိုက်တေ။ ပြောယင်းပြောယင်း ညည့် ၁၂ နာရီလောက်မာ လက်နားကိုင်တော်လှန်ရီးမှ လက်နားကိုင်တော်လှန်ရီး ဆိုပနာ ပြောသူရေ တခုတည်းရာဟိရေ မွိရာကိုခင်းပြီးကေ တခုတည်းရာကျန်သီးရေ ဂေါင်းအုံးကို ယူအုံးပနာ ဇိမ်ကျနီပျာ။ သူက အစ်ကိုရို့(၃)ယောက်ထက် အသက်ငယ်ရေ။ အစ်ကိုရို့ပြောနီရေအနားမာ အိပ်နီစွာလေး။ သူကကောင်းစိတ်ဝင်စားရေ အကြောင်းခြင်းရာကို ပြောနီလို့ပင် ဇာတွက်အလျင်ပလျင် အိပ်ရာဝင်လေ ဆိုစွာကို အစ်ကိုက အရိပ်ကျရေ။ အစ်ကိုလေး ငယ်ရာက ကြီးလာစွာရာမနား။ လူအကဲခတ်ဖို့ ယင်းလောက်

ညွှဲ့ရေလူက မဟုတ်ယေ။ မွဲရာနန့်ဂေါင်းအုံးကို မက်လို့ အလျင်အိပ်ရာဝင်စွာရာ။ နီဝင်စမာတခါ၊ ဒေဂု ညည့်ခါသားတခါ သူနန့်နှစ်ခါလောက် စကားလက်ဆုံကျကတ်တေအခါ သူက စည်းရုံးရဖို့၊ ညီညွတ်ရဖို့၊ တော်လှန်ရဖို့စွာတိကိုဂျည်း ပြောလားခရေ။ ဂုလုပ်ပုံကိုကြည့်၊ ရဲဖော်ရဲဖက်စိတ်တောင် မဟိ၊ ကိုယ်ချင်းစာစိတ်တောင်မဟိ၊ နောက်ဆုံး ရခိုင်သားတယောက်မာ ဟိအပ်တေ ဂါရဝတရားတောင် မဟိ။ ရခိုင်တော်လှန်ရီးမာ ယင်းပိုင်လူတိများလို့ မှန်းရာကိုမရောက်ကတ်စွာယေ’ဆိုပနာ ပြောပြပါရေ။

ဆိုကေ ဒေအနားမာ အထက်ကလူငယ်ကို စံထားပနာ စာရီးသူနန့် စာဖတ်သူရို့ ဆွေးနွေးရဖို့အပိုင်းသို့ ရောက်လှာပါပျာ။ အကျွန်ရို့ရေ ယင်းလူငယ်ကို အထက်ကပြောလားရေပိုင် ပညာတတ်သျှေတယောက်လေးဖြစ်တေ၊ စကားအပြောအဆိုလေး သီသီသပ်သပ်ဟိရေလို့ ပြောစွာကို ကြားခပြီးပါပျာ။ ယကေသူ့ကို အကျွန်ရို့ပြောဖို့စကား ဟိပါဖို့သီးလား။ ဒေလောက်နန့်ဆိုကေ သူ့ကိုလေးစားကောင်းထမန်း ဖြစ်လားပါပျာ။ ယေဒါလေး အိပ်ရာထဲသို့ရောက်လားရေ အချိန်မာတော့ခါ သူ့ဇွပင်ကိုယ်စရိုက်နန့် ပတ်သက်လို့ပြောစရာစကားတိ အများကြီးဖြစ်လှာပါရေ။

အကျွန့်အမြင်ကတော့ခါ သူရေ ညီမျှခြင်းသဘောတရားမဟိပဲ တကိုယ်ကောင်းဆန်ရေ စိတ်အနီအထားနန့် အပြုအမူကိုတွိလိုက်ရပါရေ။ ယေပြီးကေ မိမိထက်ကြီးရေ လူကြီးတိအပေါ်မာလေးစားမှု အားနည်းစွာကိုလေး တွိလိုက်ရပါရေ။ နိုင်ငံရီးအသုံးအနှုန်းနန့် ပြောရဖို့ဆိုလို့ဟိခကေ ရဲဖော်ရဲဖက်စိတ်ထားတတ်မှု အားနည်းရေလို့ ပြောရပါလိမေ။ အမှန်ဆိုကေ ပထမဦးစွာအနီနန့်နောက်ကလူကြီးတိကို အိပ်ရာခင်းနန့် ဂေါင်းအုံးကို ပီးသင့်ပါရေ။ သူရို့က လက်မခံလို့ဟိကေတောင်မှ မိမိလေး ရဲဖော်ရဲဖတ်စိတ်ကိုကျင့်သုံးပနာ လူကြီးတိနည်းတူ အိပ်သင့်ရေလို့ မြင်ပါရေ။ ခြွင်းချက်တခုတော့ဟိပါရေ။ နီမကောင်းဖြစ်နီကေတော့ မပြောလိုပါ။ ယေဒါလေး နီမကောင်းကေတောင်မှ လူကြီးတိပါးက ခွင့်တောင်းသင့်ရေ

လို့ မြင်ပါရဲ့။

## ၁၉(၃)
## ရှုထောင့်နှစ်ခုစီနဲ့ အဆိုးဆုံးပင်ကိုယ်စရိုက်ကို ရှာကြည့်ခြင်း

၁။ ပြန်ပြောရေ နားထောင်ရေ
ပြန်ပြောရေ နားမထောင်
၂။ ပြန်မပြော နားထောင်ရေ
ပြန်မပြော နားမထောင်

အထက်က စရိုက်နှစ်ခုကို တခုချင်း သုံးသပ်ကြည့်ကတ်ပါမေ။

(၁) လူငယ်တယောက်ကို မိမိက ကောင်းစီချင်ရေဆန္ဒနန့် ဆုံးမလိုက်တေဆိုကေ ပြန်ပြောပနာ နားထောင်ရေဆိုကေ ယင်းလူငယ်ဇွ အတွင်းစိတ်မာ ဇာပိုင်ဟိလေး။ သူ့ဘဝရည်ရွယ်ချက်ကား ဇာလေး။ သူဇာကို ရည်ရွယ်ထားလေး ဆိုစွာတိကို သိနိုင်ပါရေ။ ယင်းပိုင်ဆိုကေ မိမိပြောလိုက်တေစကားရေ ယင်းလူငယ်ဇွ ပင်ကိုယ်စရိုက်နန့် ကိုက်လား၊ မကိုက်လား။ သူ့ကို ဇာပိုင်အကောင်းဆုံး အကြံပြုနိုင်ဖို့လေး ဆိုစွာကို မိမိရို့က စိုင်းစားပနာ ပြောနိုင်ပါရေ။ သူဇွစရိုက်ရေ အောင်မြင်ကြီးပွားဖို့ လက္ခဏာဖြစ်ပါရေ။ ဇာဖြစ်လို့လေးဆိုကေ သူ့မာ ကိုယ်ပိုင်တွေးခေါ်တတ်တေ ဦးကျောက်ဟိရေ ဆိုစွာကို သူ့ကိုယ်သူ ယုံကြည်ပြီးသား ဖြစ်နီပါရေ။ ယေဇုနန့် ဒေယှင့်ရေ ကောင်းရေ လက္ခဏာတခုဖြစ်ပါရေ။ ယေဒါလေး ပြန်ပြောရေ အပြုအမူကို လူကြီးအများစုက မကြိုက်ကတ်စွာကို တွိရပါရေ။ ပြန်ပြောရေ နားမထောင်ဆိုကေတော့ခါ ပြောဖို့စကား မဟိလိုက်ပါပျာ။

(၂) လူတိုင်းလူတိုင်းမာ ကိုယ့်ဘဝကိုကိုယ် လှုပယောင်ထုဆတ်နိုင်ရေ စွမ်းရည်ဟိဖို့ လိုအပ်ပါရေ။ သူများက လမ်းခင်းပီးလို့

ယင်းလမ်းမာ အီးအီးချမ်းချမ်းလျှောက်တတ်တေ အကျင့်ဟိရေဆို ကေ ယင်းလူရေ ဇာလောက်ပင် အောင်မြင်နီပတ်စီ ဂုဏ်ယူဖို့ ကောင်းရေ အောင်မြင်မှုကို ဇာခါလေး ရယူနိူင်ဟိမေမဟုတ်ပါ။ ပျော်ဖို့ကောင်းရေ ဘဝနီထိုင်မှုကိုတော့ ရကောင်းရလားပါလိမေ။ ဇာဖြစ်လို့လေးဆိုကေ သူရေ ကိုယ့်ကိုကိုယ် မပိုင်ဆိုင်ရေလူ၊ သူများ စီခိုင်းမှုအောက်မာ နီရရေလူဖြစ်လို့ပါ။ ယေဒါလေး လူကြီးအများစု ရေ ပြန်မပြော နားထောင်ရေဆိုစွာကို ကောင်းကောင်းလိမ္မာရေလို့ သတ်မှတ်ပနာ အခြားလူတိထက် မျက်နှာပီးစွာကို တွိဖူးပါရေ။ ပြန်မပြောနားမထောင် ဆိုစွာကတော့ခါ ပြောရဆိုရ အခက်ခဲဆုံးနန့် စိတ်ပျက်ဖို့အကောင်းဆုံး ပင်ကိုယ်စရိုက်အဖြစ် တွိရတတ်ပါရေ။

အကျွန်တွိဖူးစွာထဲမာ အဆိုးဆုံးကတော့ခါ ပြန်မပြောနားမ ထောင်စွာရေ ပြောရဆိုရ အခက်ခဲဆုံး အပြုအမူဖြစ်ပါရေ။ သူရို့ ရေ စကားပြောလိုက်ကေ သီသီသပ်သပ်ဟိပါရေ။ ဇာလူနန့်ပင် စ ကားပြောပြော အဆင်ပြေရေပိုင် လူတိုင်းလေး ချစ်ခင်ကတ်ပါရေ။ လူကြီးတိကိုလေး ရှိသီလေးစားမှုတိ ဟိပါရေ။ သူ့ကိုချစ်တေလူကြီး မိဖတိက ဩဝါဒစကားပြောကေလေး ‘ဟုတ်ပါရေ မှန်ပါရေ အကျွန် နားထောင်ပါမေ’လို့ လက်ခံလိဟိပါရေ။ ဆိုကေ ဒေလူငယ်ကိုလေး အထူးပြောဖို့ မလိုပါပျာ။

ယေဒါလေး အထက်ကပြောခရေ ‘ဟုတ်ပါရေ မှန်ပါရေ အကျွန်နားထောင်ပါမေ’ ဆိုပြီးကေ နောက်ခိုင်းလိုက်ခါ ကိုယ်လုပ် ချင်စွာကို လုပ်တေ။ (သူ့ဘဝတိုးတက်ရာ တိုးတက်ကြောင်း၊ အောင် မြင်ရာ အောင်မြင်ကြောင်းအတွက် အကောင်းလုပ်စွာကို မဆိုလို ပါ။) ဥပမာ အရက်ကို အချိန်အားကေအားရေပိုင် သောက်နီစွာရို့၊ ဖဲကစပ်စွာ၊ ကိုယ်ကျင့်တရားဖောက်ဖျက်စွာရို့ လုပ်စွာတိကို ပြော ချင်ပါရေ။ ဟုတ်ပျာ။ ယင်းပိုင်မကောင်းမှုတိ လုပ်နီစွာကိုတွိရလို့ လူကြီးတိက လမ်းမှားသို့မရောက်ယောင် ဆုံးမရေဆိုကေလေး သူရို့ ရေ လက်ခံရေပုံစံနန့် ‘ဟုတ်ပါရေ မှန်ပါရေ အကျွန်နားထောင်ပါမေ’ လို့ ထပ်လို့ပြောရေဆိုကေ ယင်းယှင့်ရေ ‘ပြန်မပြော နားမထောင်’ဆို

ပိုင် ပြောရဆိုရ ကောင်းကောင်းခက်ခဲလားပါရေ။ တချို့ရို့ဆိုကေ လက်ခံရေပုံစံနန့် တခုလေး ပြန်မပြောပဲ လူကြီးရို့နှင့် ကွယ်ရာရောက်ကေ ဖြစ်ချင်ပိုင်ဖြစ်၊ လုပ်ချင်ပိုင် လုပ်တတ်ကတ်ပါရေ။ ယင်းယှင့်တိရေ ကောင်းကောင်းဆိုးရွားရေ အပြုအမူတိဖြစ်ပါရေ။ ယင်းပိုင် အပြုအမူမျိုးကို စာဖတ်သူရို့လေး လူကြီးနီရာမာ နီဖူးရေဆိုကေ ခံစားဖူးကတ်ပါလိမေ။ ယေဇုနန့် မိမိရို့မာ ဒေအပြုအမူဟိရေဆိုကေ ယင်းကိုပြုပျင်ဖို့ လိုအပ်ပါလိမေ။

## ၁၉(၄)
## တပည့်နန့်ဆရာသမားရို့ကြားမာ လိုအပ်နီရေဟာကွက်

အထက်ကပြောခရေပိုင် လူအများ ပြုပျင်ရအခက်ခဲဆုံးအမူအကျင့်နန့် လူမျိုးလိုက်ပြုပျင်ရခက်ခဲနီရေ အမူအကျင့်ကို တဆိသျှေ့တင်ပြပါမေ။

များသောအားဖြင့် ဆရာသမားတိရေ တပည့်သားသမီးရို့က သူရို့အပေါ်မာ ရှိသီလေးစားမှုဟိစွာကို ခံယူချင်ကတ်ပါရေ။ ကြောက်လန့်ရှိသီမှုဟိစွာကိုလေး ခံယူချင်ကတ်ပါရေ။ ဆရာသမားရို့က မှန်သည်ဖြစ်စီ၊ မှားသည်ဖြစ်စီ ပြောလိုက်တိုင်း တလုံးလေး ပြန်မပြောပဲ 'ဟုတ်ပါရေ'လို့ လက်ခံစွာကို လိုချင်ကတ်ပါရေ။ ယင်းရေ ဒေဖက်ခေတ် နှစ်ဆယ်ရာစုနောက်ပိုင်းမာ ပပျောက်လာပါရေ။ အဂုက ဆရာနန့်တပည့် သားသမီးနန့်မိဖ ဆွေးနွေးရေခေတ်သို့ ရောက်လာပါပျာ။ ယေဒါလေး ယင်းဟောင်းနွမ်းနီရေ အတွေးဟောင်းကို လက်ကိုင်ထားနီကတ်စွာကို တွိရပါရေ။ ယင်းပိုင်ဆိုကေ ယင်းဆရာပါးက ထွက်လာရေ တပည့်သားသမီးရို့ရေ ကိုယ့်ကိုကိုယ် ယုံကြည်မှုအားနည်းတတ်ပါရေ။ သူရို့ ဆရာဖြစ်လာရေ တချိန်မာလေး ရှိကဆရာသမားရို့နှင့် ကျင့်သုံးခရေ ပင်ကိုယ်စရိုက်အတိုင်း ဖြစ်နီတတ်ပါရေ။

တခါက အကျွန်နှင့် မိတ်ဆွိနှစ်ယောက်ရေ ဆရာတယောက်

အကြောင်းကို ဆွေးနွေးနီကတ်ပါရေ။ 'ဆရာမမိုက်ဝေ၊ စကားပြော ရစွာ လုံးဝအဆင်မပြေ၊ အားလုံးစွာမာသူဂျည်းသိ၊ သူဂျည်းတတ်၊ ငါရို့ကို တပည့်ဆိုပနာ တခုလေးမသိ၊ တခုလေးနားမလည်လို့ ထင် ထားလာမသိ၊ သူပြောစွာကို လုံးဝပြန်ပြောခွင့်မဟိ၊ ယင်းယှင့် ကောင်းဆိုးစွာမလား' ဆိုပနာ ပြောနီကတ်ပါရေ။

နောက်တယောက်ကလေး သူရို့ဇွဆရာရေ လွန်စွာပင် အ ရက်သောက်လိဟိပနာ အရက်မူးပြန်ကေလေး စကားကြမ်းပြောစွာ တိဟိရေ။ ယင်းယှင့်စွာကောင်းရေ အကျင့်စရိုက်မဟုတ်။ ယင်းအ တွက် ငါရို့ဆရာကို သတိပီးသင့်ရေဆိုပနာ ပြောပြပါရေ။ ယင်းယှင့် ကို နောက်တယောက်က 'ဝေး ယင်းဆရာ ငါရို့ထက်စာတတ်တေ၊ ငါရို့ထက် အများကြီးသိရေ၊ ဆရာကိုဝိဖန်ကေ အပြစ်ကျဖို့စွာကို မကြောက်လားမင်း၊ ငါတော့ တခုလေးမပြောနိုင်ဝေး၊ သူမကောင်း ကေ သူ့အပြစ်နန့် သူလားလိမေ' လို့ ပြောနီကတ်ပါရေ။ အကျွန်က တော့ခါ မိမိနန့် မဆိုင်ထင်ရေအတွက် ဝင်လို့မပြောဖြစ်ပါ။ ယေဒါ လေး အကျွန်ရေ အတွေးကမ္ဘာထဲမာ တယောက်တည်း ပြဿနာဖြစ် နီပါရေ။

အကျွန်ရို့လူသားတိရေ မိမိဇွအတွေးအခေါ်တိနန့် မိမိကျင့် ကြံနီထိုင်လိ ဟိကတ်ပါရေ။ ဒေသူရေ ငါ့တပည့်၊ ငါရေ သူဇွဆရာဆို ရေ အတွေးအခေါ်ကြောင့် ငါခိုင်းရေပိုင်လုပ်၊ ငါပြောစွာကိုနား ထောင်၊ ငါ့ကိုလုံးဝ မဆန့်ကျင်ရဆိုရေ ပုံစံမျိုးကို ဇာသူတဦးတ ယောက်လေး လက်မခံနိုင်ကတ်ပါပျာ။ တပည့်ဆိုသူရို့လေး ဒေ ပုဂ္ဂိုလ်ရေ ငါဇွဆရာဖြစ်တေ။ ယေဇုနန့် ဆရာဇာလုပ်လုပ် ဇာပြော ပြော ငါလိုက်နာရဖို့၊ ဆရာကိုပြန်ပနာ မပြောကောင်းဆိုရေ အတွေး အခေါ်မျိုးကို မထားသင့်ပျာလို့ စာရီးသူအနီနန့် တွေးမိပါရေ။ ယင်း ပိုင်ဆိုကေ စာဖတ်သူရို့အနီနန့် ဒေစာရီးသူရေ ဆရာသမားတိကို တိုက်ခိုက်ပုန်ကန်ခိုင်းနီပါလားလို့ မြင်ကတ်ဖို့ထင်ပါရေ။ အကျွန် ယှင်းပါအုံးမေ။

ဆရာသမားတိရေ မိမိရို့ကို စာပီပညာရပ်ကို သင်ကြားပို့ချ

သူ တယောက်ဖြစ်ပါရေ။ လက်မှုပညာရပ်ကို သင်ကြားပီးသူတယောက်၊ သို့မဟုတ် ချမ်းသာကြွယ်ဝလှာယောင် စွမ်းဆောင်ပီးသူတယောက် ဆိုလိုက်ပါဖိ။ လောကမာတော့ခါ ပညာရပ်ပေါင်းများစွာဟိရေအတွက် တပည့်ရို့ရေ များစွာသော ဆရာသမားတိနန့် တွိကတ်ရပါလိမေ။ ယင်းတပည့်ရို့သည်လေး နောင်အခါ ပြန်ပနာ ဆရာကြီးတိ ဖြစ်လှာကတ်ပြန်ပါရေ။ ယင်းပိုင်အဆင့်ဆင့် လက်ဆင့်ကမ်းလှာကတ်စွာကို တွိရပါရေ။

ဆိုလိုချင်စွာက မိမိတွိရေ ဆရာသမားရေ လက်မှုပညာရပ်ကို သင်ပီးသူတယောက်ဖြစ်တေ။ ယင်းပိုင်ဆိုကေ ယင်းဆရာကို လက်မှုပညာရပ်နန့် လုံးဝမဆန့်ကျင်ကောင်းပါ။ စာပီပညာကို သင်ကြားပို့ချပီးရေ ဆရာကိုကျပြန်ကေလေး ယင်းပညာရပ်နန့် လုံးဝမဆန့်ကျင်ကောင်းပါ။ ယင်းနည်း၄င်း ဇာဆရာကိုပင်မဆို ဆိုင်ရာဆိုင်ရာ ပညာရပ်တိနန့် ဆန့်ကျင်စွာရေ ဆရာသမားတိကို ပုန်ကန်တိုက်ခိုက်တေလို့ အကျွန်ရို့သတ်မှတ်နိုင်ပါလိမေ။ ယေဒါလေး ဆရာသမားဆိုသူရို့ကို ဆိုင်ရာဆိုင်ရာ ပညာရပ်တိနန့် မဝိဖန်ပဲ အခြားအကြောင်းအရာတိနန့် ဒေအကြောင်းအရာစွာ မှားရေ၊ ဒေအကြောင်းအရာစွာမှန်ရေလို့ ဆွေးဆွေးနိုင်ရေပိုင် ဝိဖန်နိုင်ရေ အခွင့်အရီးတိဟိရေလို့ အကျွန့်အနီနန့် တွေးကြည့်ဖြစ်ပါရေ။ ယေဒါလေး ရှိုင်းရှိုင်းစိုင်းစိုင်း မတုံ့ပြန်မိဖို့တော့ခါ သတိထားရပါလိမေ။

ဥပမာ အကျွန့်ကို လက်မှုပညာကို သင်ကြားပီးသော ဆရာသမားရေ လွန်စွာပင် မိမလိုက်စားရေ ဆိုလိုက်ပါဖိ။ ယင်းပိုင်ဆိုကေ ယင်းဆရာကို မိမကိစ္စနန့် ပတ်သက်လို့ ဆွေးနွေးသင့်ကေ ဆွေးနွေးရပါလိမေ။ ဝိဖန်သင့်ကေ ဝိဖန်ရပါလိမေ။ ဆန့်ကျင်သင့်ကေ ဆန့်ကျင်ရပါလိမေ။ ယင်းနည်း၄င်း မိမိကို စာပီပညာ သင်ပီးလိုက်တေ ဆရာရေ အလွန်အတ္တကြီးနီရေဆိုကေ ယင်းဆရာကို စာပီပညာရပ်ပိုင်းမာ မဆန့်ကျင်ပဲ အတွေးအခေါ် အယူအဆတိနန့် ဆွေးနွေးပိုင်ခွင့်ဟိရေပိုင် ဝိဖန်ပိုင်ခွင့်လေး ဟိသင့်ရေလို့ ပြောချင်ပါရေ။ 'ပုဂ္ဂိုလ်ခင်မှ တရားမြင်ရေ' ဆိုစကားအတိုင်း ဆရာပြောတိုင်းမှန်ရေ။

ဆရခိုင်းတိုင်း လုပ်ရဖို့။ ဇာပိုင်ပင်ဖြစ်နီလီပတ်စီ ငါ့ဆရာရေ အမှန်တရား။ ယင်းအတွေးအခေါ်ဟောင်းရေ အင်္ဂလိမာလပါးမာ ကျန်ခပျာ ဖြစ်ပါရေ။

ဒေနီရာမာ စကားဆိုက်ကျလို့ ကိုယ်ရှိ့မာဖြစ်နီကတ်တေ အပြုအမူဆိုးသျှေတခုကို တင်ပြချင်ပါသီးရေ။

## ၁၉(၅)
## ဟောင်းနွမ်းနီရေ အပြုအမူ

ရခိုင်လူမျိုးရှိ့မာ ဟောင်းနွမ်းနီရေ အပြုအမူတချို့ကို တဆိသျှေ ဝိဖန်ကြည့်ကတ်ပါမေ။

(၁) အကျွန်ရှိ့ ရခိုင်လူမျိုးရေ အမျိုးအနီနန့်ကြည့်ကတ်ဖို့ဆိုကေ ကကောင်းကြီးကို မျိုးသန့်ရေလူမျိုးလို့ ဆိုချင်ပါရေ။ ဇာအတွက်နန့်လေးဆိုကေ သွီးရောမခံရေစိတ်က လူတိုင်းဆိုပိုင်ဟိကတ်လို့ပါ။

(၂) သာသာတရားကိုင်းညွှတ်ပြီးကေ၊ ယိုင်ကျေးရေအပြုအမူ၊ နောက်တခုက ရှက်တတ်တေ အပြုအမူတိကို တွိရပါရေ။

(၃) ပညာတတ်လူ၊ ပညာရီးကို စိတ်ဝင်စားသူအားနည်းစွာတကြောင်း၊ တခြား အကြောင်းအရာတိနန့်၊ နိုင်ငံတကာ ဗဟုသုတကို လိလာလိုက်စားသူ အားနည်းနီပါသီးရေ။

အထက်ပါ အချက်(၃)ချက်ကို ပြန်လို့သုံးသပ်ကြည့်ကတ်ပါမေ။

နံပါတ်(၁)ကို ကြည့်လိုက်ကတ်ပါမေ။ ဒေဂုခေတ်မာ အကျွန်ရှိ့ ရခိုင်လူမျိုးတိလေး အမျိုးသီလကို ထိန်းသိမ်းကတ်စွာ အားနည်းလှာစွာကို တွိနီကတ်ရပါရေ။ တချို့ရှိ့ရေ မြန်မာနိုင်ငံထဲမာဆိုကေ ကုလားကလွဲကေ အားလုံးနန့် လက်တွဲနီကတ်စွာကို တွိလှာရပါရေ။ နိုင်ငံခြားမာဆိုကေလေး မြန်မာလူမျိုးရာ မကလို့ နိုင်ငံခြားသားတိကိုပါ ယူလှာကတ်တေ။ တခုတော့ စောဒကတက်ချင်ကေ တက်လို့ရသီးရေ။ ပုထုစဉ်လူသားဆိုစွာ တဏှာကို မပယ်သတ်နိုင်ကတ်တေ

အတွက်၊ လူမျိုးခြားကိုယူမိစွာလေး ဟိပါဖို့။ အကြောင်းအမျိုးမျိုး ကြောင့် မယူမဖြစ်ယူမိခကေ မိမိယူလိုက်တေ လင်၊ မယား နောက်ရ လာကတ်တေ သားသမီးတိပါမကျန် ရခိုင်သား၊ ရခိုင်သူမ ဖြစ်လှာ စွာရေ မဟိသလောက်ယှားပါရေ။ ဒေယှင့်တိရေ မိမိရို့လူမျိုးဇွ ထူးခြားရေ ပင်ကိုယ်စရိုက်လက္ခဏာ (Characteristic)နန့် ယိုင် ကျေးမှု (Civilization)တိကို နားမလည်လို့ ဖြစ်ပါရေ။ နားလည် ယောင် ကြိုးစားချင်စိတ် အားနည်းရေဆိုပြီးကေ ယူဆရပါလိမေ။

နံပါတ်(၂)အရ စိစစ်ကြည့်ကတ်ဖို့ဆိုကေ ဘာသာတရားကို ဒေဂုအချိန်ထိ ထိန်းသိမ်းစောင့်ရှောက်နီကတ်စွာကို ဂုဏ်ယူစရာ၊ ဝမ်းမြောက်စရာ လေးစားဖို့ကောင်းကောင်းနန့် တွိမြင်ရပါရေ။ ယေ ဒါလေး ဏ္ဍန္တြေ(Serious) အကြောင်းနန့်ပြောရကေ တဆိသျှေ လောက် လွန်ကဲနီစွာကို မြင်ရပါရေ။ ဇာအတွက်နန့် ယင်းပိုင်ပြောရ လေးဆိုကေ အခြားအခြားသောလူမျိုးရို့ဇွ လူမှုအဖွဲ့အစည်း (Socials) တိနန့် နှိုင်းယှဉ်ကြည့်လိုက်ကေ ရခိုင်လူမှုအဖွဲ့အစည်းတိထဲ မာ မိမတိပါဝင်လုပ်ဆောင်မှုနည်းစွာကို တွိရပါသီးရေ။ ပွင့်ပွင့်လင်း လင်း အပြစ်တင်ရဖို့ဆိုကေ မိဖ၊ ဆရာသမား၊ မောင်တိကလေး သူရို့အောက်က သမီး၊ တပည့်မ၊ အစ်မ၊ နှမတိကို တခြားလူမျိုးတိ နန့် ဆက်ဆံရီးဆိုင်ရာ၊ ပြောဆိုလှုပ်ယှားမှုဆိုင်ရာတိမာ သူရို့ကိုယ် သူရို့ Confidence ဖြစ်ယောင် တိုးတင်ပီးနိုင်မှုစွမ်းအား နည်းပါ ရေ။ တိုးတင်ပီးရဖို့လို့လေး စိတ်ကူးမဟိကတ်ပါ။ မိမဆိုကေ အိမ်ထဲ မာ နီရဖို့ဆိုရေ အတွေးဟောင်းလက်ကျန်သျှေ ဟိနီပါသီးရေ။ ယင်း အထဲမာ စာရီးသူလေးပါနီစွာကို ဝန်ခံပါရေ။ ယေဇုနန့် ပညာပါရေ အလုပ်တိကို လုပ်ဖို့ကျလှာကေ သူရို့အတွက် အခက်အခဲတိ ဖြစ် တတ်ပါရေ။

နံပါတ်(၃)ကို ဆက်ပြီးကေ တချက်ကြည့်ကတ်ပါမေ။ နိုင်ငံတ ကာ ဗဟုသုတ (International Knowledge) တဆိသျှေလောက် အားနည်းနီပါသီးရေ။ ယင်းပိုင်အားနည်းစွာရေ ပညာရီးက အဓိက ကျပါရေ။ အကျွန်ရို့လူမျိုးတိရေ ပညာရီးကို လိုလာမှုစွမ်းရည်၊ စာ

အုပ်စာပီဖတ်မှု စွမ်းရည်တိလေး အားနည်းနီပါသီးရေ။ ဒေနိအချိန်ထိ တွိနီရတုန်းပါ။ (အထင်သီးရေလို့တော့ခါ မပြောစီချင်ပါ။ ဆွေးနွေးရေလို့ သဘောထားစီချင်ပါရေ။) ဆယ်တန်းအောင်သျှေတယောက်ကို ကြည့်လိုက်ပါ။ သူရေ ကျွမ်းကျွမ်းကျင်ကျင်လားလို့ မီးကြည့်လိုက်ပါ။ ထိုလေးမဟုတ်၊ ဒေလေးမဟုတ် တတ်ယောင်ကားနပ်ယောင်ကားဖြစ်နီစွာကို တွိရတတ်ပါရေ။ (တိတိကျကျ သင်ယူလိလာရေ အသျှေတိကို မပြောလိုပါ။) ယင်းယှင့်တိရေ သူ့ကိုရာမကလို့ ပတ်ဝန်းကျင်ကိုပါ ကကောင်းထိခိုက်စီပါရေ။

အထက်ပါ အချက်သုံးချက်စလုံးရေ ဟောင်းနွမ်းနီရေ အပြုအမူနန့် အကျင့်စရိုက်တိ ဖြစ်ပါရေ။ ယင်းရေ ကောင်းကောင်းပင်အပျင်ရဆိုးနီသီးရေ အပြုအမူလို့ ပြောချင်ပါရေ။ ပရောဂတခုဟိလို့ဆိုစွာကိုတော့ခါ အကျွန်လေး လတ်ပြုမိပါရေ။ ယေဒါလေး ဒေနီရာမာ အကျွန်ဆိုလိုစွာက မိမိရို့ရေ ယင်းထဲကရှုန်းထွက်ဖို့ ပြုပျင်ရဆိုးရေ အပြုအမူတိကို အဆင်ပြေလှာယောင် ပြောင်းလှယ်ဖို့စွာကိုဆိုလိုခြင်းဖြစ်ပါရေ။

ဒေမာ တွိလိုက်ရစွာက စရိုက်အရှင်နန့် စရိုက်အသီဆိုပနာနှစ်မျိုးတွိလိုက်ရပါရေ။ စရိုက်အရှင်ကတော့ခါ လှုပ်ယှားမှုဟိရေ။ တခါတရီမာ ကြမ်းကြမ်းတမ်းတမ်း အပြုအမူတိကို တွိရတတ်ပါရေ။ ယေဒါလေး ယင်းစရိုက်ရေ ပြုပျင်ရလွယ်ကူပါရေ။ စရိုက်အသီကတော့ခါ လိမ္မာယိုင်ကျေးပါရေ။ တည်ငြိမ်မှုဟိပါရေ။ ယေဒါလေး ယင်းစရိုက်အသီဟိသူရို့ ဆိုးရွားရေဆိုကေ ပြုပျင်ရစွာ အခက်ခဲဆုံးပင်ကိုယ်စရိုက်တခုအဖြစ် တွိရပါရေ။ ယကေ လုံးဝပြုပျင်လို့မရလားဆိုကေလေး ပြုပျင်လို့ရပါရေ။ ယေရာလေး အထက်က စရိုက်အရှင်ဟိသူရို့လောက် လွယ်ကူမှုမဟိစွာကို တွိရတတ်ပါရေ။

သာစွလေပါ . . .

## ၂၈(၁)
## စာပေများက ပြောင်းလှယ်လိုက်သော ပင်ကိုယ်စရိုက်

စာပေကို လိုလာလိုက်စားသူရဲ့ရေ တည်ငြိမ်ရေ ပင်ကိုယ်စရိုက်ကို ပိုင်ဆိုင်သူရဲ့အဖြစ် တွိရပါရေ။

စာအုပ်စာပေနန့် အလှမ်းဝေးသူရဲ့ရေ မငြိမ်သက်တေ ပင်ကိုယ်စရိုက်ဟိသူရဲ့အဖြစ် တွိရပါရေ။

အကျွန်ရို့ရေ အသက်အငယ်သျှေခါ ကျောင်းပညာရီးကို သင်ယူရပါရေ။ ဆရာ၊ ဆရာမ၊ မိဖတိကို ကြောက်လို့ စာမဖတ်ချင်ကေလေး အမွှဖတ်လှာကတ်ရပါရေ။ ယေဒါလေး အသက်ကြီးရင့်လှာရေခါ မိမိဘဝကို မိမိရွီးချယ်နှိုင်ရေ အခြီအနီကို ရောက်လှာပျာဆိုခါ ကြောက်ရဖို့လူ ကောင်းကောင်းပင် နည်းလှာပါရေ။ ယင်းပိုင်ဆိုခါ စာအုပ်စာပေကို လုံးဝလှည့်မကြည့်ပဲ မိထားလိုက်ကတ်စွာကများပါရေ။ အားလုံးကိုတော့ခါ မဆိုလိုပါ။

တချို့ပုဂ္ဂိုလ်ရို့ရေ စာဖတ်ဖို့စွာကို အလုပ်များရေ အချိန်မရလို့ မဖတ်ဖြစ်။ တချို့က ငါရို့ကသိပြီးသား စာဖတ်ဖို့မလိုပျာ၊ တချို့က ငါရို့ကား ပညာတတ်တိကားမဟုတ် စာဖတ်လို့လေး နားမလည်ကေ ဇာလုပ်ဖို့လေးဆိုပနာ အကြောင်းပြချက် အမျိုးမျိုးပီးကတ်စွာကို တွိရပါရေ။ ယင်းရေ မိမိဇွ အပျင်းစိတ်ကို မတွန်းလှန်နှိုင်လို့စကားပြောကောင်းယောင်အတွက် ကိုယ့်ကိုကိုယ် အကွန်ဆောင်ပြောလိုက်တေလို့ စာရီးသူအနီနန့် မြင်ပါရေ။ အမှန်မာက အကျွန်ရို့

မာ အချိန်ပိုတိ အများကြီးဟိပါရေ။ တရက်ကို နှစ်ဆယ်လေးနာရီ မာ အချိန်ပြည့် အလုပ်လုပ်နီရေလူ၊ အချိန်ပြည့်ကိစ္စများနီရေလူလို့ မဟိပါ။ လူတယောက်စွာ တရက်မာ အနည်းဆုံး အချိန်နှစ်နာရီ၊ သုံးနာရီလောက်တော့ခါ အားလပ်တေအချိန်အဖြစ် တွိရပါရေ။ ယင်းအချိန်တိရေ အကျွန်ရှိ့အတွက် ကောင်းကောင်းပင် တန်ဖိုးဟိ ရေ အချိန်ဖြစ်ပါရေ။ ယင်းအချိန်ကို စာအုပ်စာပီ လိလာဖတ်ရှုပနာ အချိန်ကိုတန်ဖိုးဟိဟိ အသုံးချနိူင်ပါရေ။

တချို့စာပီပညာသျှင်တိကလေး 'စာအုပ်စာပီ လူ့မိတ်ဆွိ'လို့ ဖွင့်ဆိုထားကတ်ပါသီးရေ။ ယင်းကြောင့် စာအုပ်စာပီရေ ထာဝရ မိတ်ဆွိကောင်းအဖြစ် ကိုယ့်ဖက်က ရပ်တည်ပီးပါရေ။ ယေဒါလေး စာအုပ်စာပီကို လိလာဖတ်ရှုစွာမာလေး အမိပ္ပါယ်ဟိရေ စာအုပ်တိ ကို ဖတ်ဖို့ကိုလေး လတ်ပြုရပါလိမေ။ တခါတရီမာ ကိုယ်ဖတ်လိုက် တေ စာအုပ်ရေ ဖတ်လို့ပြီးရာ ပြီးလားခရေ၊ ရယ်စရာဗွီဒီယိုဇာတ် ကားတကားကို ကြည့်လိုက်တေပိုင် ကိုယ့်အတွက်တခုလေး မရလိုက် ဆိုကေ ယင်းစာအုပ်ရေ တန်ဖိုးဟိရေစာအုပ်လို့ မဆိုနိူင်ပါ။ တန်ဖိုး ဟိရေ စာအုပ်စာပီတိကို ဖတ်လိုက်မှရာ ကိုယ့်အတွက် အကျိုးဟိပါ ရေ။ ဒေနီရာမာ ကောင်းရေ၊ အကျိုးဟိရေလို့ ဆိုနိူင်ရေစာပီတိက မလုပ်ဆောင်နိူင်ရေ စရိုက်သုံးခု၊ လုပ်ဆောင်ပီးရေ စရိုက်သုံးခုလို့ အကြမ်းအားဖြင့် ပြောပါမေ။ စာအုပ်စာပီက မလုပ်ပီးနိူင်ရေ သုံးခု မာ-

(၁) အောင်မြင်ကျော်ကြားနီရေ လူတယောက်ကို ကျယ့်ုံး လားယောင် မလုပ်ပီးပါ။

(၂) အတွေးအခေါ်ကောင်းရေလူကို အသိဉာဏ်တုံးလား ယောင် မလုပ်ပီးပါ။

(၃) မိမိနီထိုင်ရေ ပတ်ဝန်းကျင်နန့် ဆင့်ကျင်ဖက် (Against) ဖြစ်ယောင်မလုပ်ပီးပါ။

စာအုပ်စာပီက လုပ်ဆောင်ပီးရေ သုံးခုမာ-

(၁) ကျဆုံးနီရေ လူတယောက်ကို ဘဝအောင်မြင်မှုရယောင်

အတွက် စွမ်းဆောင်ပီးနိုင်ပါရေ။

(၂) အတွေးအခေါ် မရင့်ကျက်တေလူကို အတွေးအခေါ်ရင့်ကျက်လာယောင် စွမ်းဆောင်ပီးပါရေ။

(၃) မကောင်းရေ ပင်ကိုယ်စရိုက်ကိုလေး ကောင်းမွန်တိုးတက်လာယောင် ပြောင်းလှယ်ပီးပါရေ။

လောကမာ များစွာသော စာပီပညာရပ်တိရေ သူ့အတွေးအခေါ်၊ သူ့ရှုထောင့်နန့်သူ လောကသားအားလုံးအတွက် အတုယူစရာအဖြစ် လမ်းညွှန်နည်းပြနီပါရေ။ ယင်းရေ မှန်ကန်တိကျပနာ အဂတိမလိုက်တေ ဆရာကောင်းတဆူဖြစ်ပါရေ။ လူပုဂ္ဂိုလ်တယောက်ကို ဘဝအောင်မြင်ဖို့အတွက်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာ တိုးတက်ဖို့အတွက်လည်းကောင်း အများကြီးပင် အကျိုးသက်ရောက်မှုဟိပါရေ။

စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုအပိုင်းကို ပြောပါမေ။ စိတ်ပိုင်းဆိုင်ရာ တည်ငြိမ်လာယောင် စိတ်ပညာသျှင်တိ ရီးထားရေ စာအုပ်တိကို ဖတ်လိုက်လို့ မိမိဇွစိတ်ကို အတတ်နိုင်ဆုံး ထိန်းချုပ်နိုင်ကတ်ပါရေ။ လူတယောက်ရေ မိမိဇွရည်ရွယ်ချက် ပန်းတိုင်သို့ ဇာပိုင်ယှောင်ရောက်ယောင်လားဖို့၊ မိမိဘဝကို ဇာပိုင်တည်ဆောက်ဖို့ဆိုစွာကို အကောင်းဆုံး Plan ဆွဲနိုင်ကတ်ပါရေ။ မှန်ကန်ရေ ဆုံးဖြတ်ချက်တိကိုလေး ချမှတ်နိုင်ကတ်ပါရေ။

## ၂၀(၂)
## ကြမ်းတမ်းသူကို ယှိုင်ကျေးစီခြင်း

တခါကမိတ်ဆွီတယောက် ဝန်ခံဖူးပါရေ။ 'အကျွန်ပါလေ အယင်ကဆိုကေ လူတိနန့် ကောင်းကောင်းပြဿနာ ဖြစ်ပါရေ။ အကျွန့်စိတ်ကလေး ထိဆိုကေ မရပါယာ။ အများလေးမဟုတ်။ ဖြစ်နီရေ ငါးမိနစ်၊ ဆယ်မိနစ်အတိုးအတွင်းမာ ထိန်းလို့မရပါ။ ယင်းလူသီကေသီ၊ မဟုတ်ကေ ကိုယ်သီလီ၊ ယင်းပိုင် မိုက်ပစ်ချင်ပါရေ။ ပြီးကေလေး တခုလေးဟုတ်စွာ မဟုတ်ပါလေး။ ဗိုလ်မထားချင်ရေ သဘော

ပါယှင့်။ တချို့လူတိဆိုကေ အကျွန့်ကိုမပေါင်းပဲ ယှောင်ကတ်ပါရေ။ ယင်းယှင့်ကိုသိရကေ ပိုလို့ဒေါသဖြစ်ပါရေ။ အဆိုးဆုံးက ကိုယ့်ကိုကိုယ် ငါမှန်ရေလို့ ထင်နီစွာက ပိုဆိုးပါရေ။ တရက်နိ တိုက်တိုက်ဆိုင်ဆိုင် ဆိုပါဖို့လား။ အကျွန့်မိတ်ဆွိအိမ်ကို ကိစ္စတခုနန့် လားခပါရေ။ အကျွန်လေး ပျင်းလို့ စာအုပ်တအုပ်ကိုကောက်ပနာ ဖတ်ဖြစ်ပါရေ။ ယင်းစာအုပ်စွာ စိတ်ပိုင်းဆိုင်ရာကို ရီးထားရေစာအုပ်ပါ။ ယင်းစာအုပ်ကိုဖတ်လို့ စာမျက်နှာနှစ်ဆယ်လောက် ဖတ်မိဖို့ ထင်ပါရေ။ အကျွန်နန့် တိုက်ဆိုင်ရေအတွက် ရှက်ပနာ ယင်းစာအုပ်ကို ဆက်မဖတ်ပဲ ပြန်ထားလိုက်ပါရေ။ စာအုပ်နာမည်ကိုတောင် မမှတ်မိပါယာ။ ယေဒါလေး ယင်းစာအုပ်ရေ အကျွန့်စိတ်ကို ခြောက်လှန့်နီရေပိုင် ရက်ပြတ်အတွက်ပေါ်နီပါရေ။ ယင်းပိုင်နန့် အကျွန်လေး အခြားစိတ်ပညာစာအုပ်တိကို လိုက်ရှာပနာ ဖတ်ဖြစ်ပါရေ။ ယင်းနောက်ပိုင်း အကျွန့်စိတ်တိရေ အလိုလိုတည်ငြိမ်လှာပါရေ။ အဂုဆိုကေ အယင်ပိုင် ဝုန်းဆိုကေ ဒေါသထွက်စွာတိ၊ ပြောဆိုစွာ၊ နီထိုင်စွာတိမာ ကယောင်ကယမ်း မဟိယာပိုင် တွိလှာပါရေ။ ရန်ဖြစ်ဖို့စွာကိုလေး ရှက်လှာပါယာ’ ဆိုပနာ အကျွန့်ကို ပြောပြပါရေ။

သူပြောစွာကို နားထောင်ပနာ သူ့ပင်ကိုယ်စရိုက်ကို အထူးပြောဖို့ မလိုပါပျာ။ သူရေ အယင်က စာအုပ်စာပီနန့် အလှမ်းဝီးပနာ စိတ်ပိုင်းဆိုင်ရာ ကြမ်းတမ်းနီပါရေ။ ယင်းစိတ်ပိုင်းဆိုင်ရာ ကြမ်းတမ်းမှုကြောင့် သူ့ပင်ကိုယ်စရိုက်တိလေး ကြမ်းတမ်းနီပါရေ။ နောက်ပိုင်း သူဇွစိတ်နီစိတ်ထား၊ ပင်ကိုယ်စရိုက်တိနန့် တိုက်ဆိုင်ရေ စာအုပ်စာပီသျှေတိကို ဖတ်လှာရေခါ စိတ်ပိုင်းဆိုင်ရာ တိုးတက်ပြောင်းလှယ်ပျာ ပင်ကိုယ်စရိုက်လေး ငြိမ်သက်လားပါရေ။ ဆိုလိုချင်စွာက အယင်က ကြမ်းကြမ်းတမ်းတမ်း လူတယောက်ရေ အဂုအခါ ယိုင်ကျေးရေ လူတယောက်အဖြစ်သို့ ပြောင်းလှယ်လားရေ သဘောမျိုးပါ။

# ၂၀(၃)
## ရင့်ကျက်တေ အတွေးအခေါ် ရဟိလှာခြင်း

မိတ်ဆွိတယောက်ရေ ကောင်းကောင်း ယိုင်ကျေးရေ အပြု အမူဟိစွာကို အကျွန်ဝမ်းသာစရာ တွိရပါရေ။ တနိ ယင်းမိတ်ဆွိနန့် စကားပြောနီကတ်တုန်း အကျွန်လေး ကိုယ်သိချင်စွာကို သိခွင့်ရ ယောင်အတွက် စုံစမ်းကြည့်ရေ သဘောမျိုးနန့် မီးဖြစ်ပါရေ။ 'မိတ်ဆွိ အပြောအဆို၊ အနီအထိုင်ကို ကြည့်ရစွာ အကျွန် အကယောင့် ငြိမ်း ချမ်းရေပိုင် မြင်ပါရေ။ မိတ်ဆွိ ဒေပိုင်ပြောဆို၊ နီထိုင်စွာရေ အသျှေ ကပင်ပါလား'။ အကျွန့်အမီးကြောင့် ယင်းမိတ်ဆွိက 'အကျွန်အသျှေ ကပင် အီးအီးချမ်းချမ်းနီရစွာကို ကြိုက်ပါရေ။ ယကေလေး အဂု လောက်တော့ခါ လီးလီးနက်နက် မဟိပါ။ အဂုတော့ခါ အသက်ကြီး လှာလို့ ဆိုပါဖို့လား မသိပါယာ။ အဓိကကတော့ အတွေးအခေါ်နန့် ရီးထားရေ စာအုပ်တိဖတ်ရစွာကို ကြိုက်ပါရေ။ ယင်းအတွက် ပိုရင့် ကျက်လှာရေလို့ ကိုယ့်ကိုကိုယ် ထင်ပါရေဒေ'လို့ သူက ပြောပြပါရေ။

မှန်ပါရေ။ စာအုပ်စာပီရေ လူပုဂ္ဂိုလ်တယောက်ကို အပြုမြင် အတွေးအခေါ် (Positive thinking) ဖြစ်လှာယောင် လုပ်ဆောင်ပီး ပါရေ။ ယင်းရေ အကျွန်ရို့ဇ္ စိတ်ပိုင်းဆိုင်ရာ တိုးတက်ဖို့အတွက် ကောင်းကောင်းလိုအပ်တေ အဖော်ကောင်းဆိုကေလေး မှန်ပါရေ။ ယင်းပိုင် စိတ်ပိုင်းဆိုင်ရာ တိုးတက်လှာရေဆိုစွာနန့် အကျွန်ရို့ရေ အပြောအဆိုတိလေး ပြောင်းလှယ်လှာပါရေ။ အပြောအဆိုပြောင်း လှယ်လှာစွာနန့် အကျွန်ရို့ဇ္ ပင်ကိုယ်စရိုက်တိလေး ပြောင်းလှယ် လှာပါရေ။ အရှင်မဟာရဋ္ဌသာရ စာချိုးသျှေမာ 'စာပေစကား၊ နေ့ တိုင်းကြားက၊ ထူးခြားလိမ္မာ ရှိသည်သာတည်း' လို့ ဆိုထားစွာကိုလေး တွိကတ်ရပါရေ။

ယေဇုနန့် စာရီးသူအနီနန့် လူတိုင်းလူတိုင်းကို ကိုယ်ကြိုက် နှစ်သက်တေ၊ ကိုယ်နန့်သင့်တော်ရေ စာအုပ်စာပီကို ရှာပနာ ဖတ်ဖို့ အကြံပြုလိုပါရေ။ ဥပမာ နိုင်ငံရီးသမား၊ နိုင်ငံရီးကို စိတ်ဝင်စားသူရို့ ဆိုကေ နိုင်ငံရီးစာအုပ်၊ တရားဓမ္မကို စိတ်ဝင်စားသူရို့ဆိုကေ သံ

ဃာတော်အသျှင်မြတ်တိ ရီးထားရေ တရားစာအုပ်တိ၊ အတွေးအခေါ်ပိုင်းဆိုင်ရာကို စိတ်ဝင်စားသူရို့ဆိုကေလေး အတွေးအခေါ်စာအုပ်တိ အစဟိရေ စာအုပ်တိကို ရှာပနာဖတ်ဖို့ တိုက်တွန်းချင်ပါရေ။ ယေဒါလေး မိမိရို့ဖတ်လိုက်တေ စာအုပ်ရေ မကောင်းရေဖက်ကို အားသာမနီဖို့၊ ဘဝကို အဆိပ်အတောက် မဖြစ်စီဖို့၊ မိမိနှင့် ပတ်ဝန်းကျင်ကို ကသိကအောက်ဖြစ်စီရေ စာအုပ်တိကို မဖတ်ဖို့တော့ခါ လတ်ပြုရပါလိမေ။

သာစွလေပါ . . .

## ၂၁(၁)
## စာပီနန့် ဘ၀အတွဲ့အကြုံ

အတွေးအခေါ် အယူအဆတိရေ စာအုပ်ကလာရေလား။ ဒေမီးခွန်းစွာ ကောင်းကောင်း စိတ်ဝင်စားဖို့ ကောင်းပါရေ။ စာပီပ ညာသျှင် (Literati)ရို့ ပြောဆိုမှုကို နားထောင်ကြည့်လိုက်ကေလေး သူရို့ဇွအတွေးအခေါ်တိရေ ကောင်းကောင်း အဖိုးထိုက်တန်ပနာ တဖက်က နားထောင်သူဇွစိတ်ကို တက်ကြွစီရေလို့ ဆိုနိူင်ပါရေ။ ယင်းပညာသျှင်တိရေ တဖက်လူတိကို စာပီပညာလိလာလိုက်စားဖို့၊ စာအုပ်များများဖတ်ဖို့ မှာကြားလိဟိကတ်ပါရေ။ ယင်းရေ အလွန် ကောင်းရေ သတင်းစကား (Message)တိ ဖြစ်ပါရေ။ စာရီးသူလေး ယင်းအတွေးအခေါ်တိကို လက်ခံရေလို့ တိုက်ရိုက်ပြောလိုပါရေ။ ယေဒါလေး တခါတရီမာ ဘဝအတွဲ့အကြုံရေ အလွန်တန်ဖိုးဟိ ကြောင်းကို တွိရပါရေ။ ယင်းကြောင့် စာပီနန့် ဘဝအတွဲ့အကြုံကို ပေါင်းစပ်ဖို့လိုအပ်တေလား၊ မလိုအပ်လားဆိုစွာကို လိလာကြည့် ကတ်ပါမေ။

## ၂၁(၂)
## စာအုပ်လောက်နန့် မပြည့်စုံ

လောကမာ များစွာသောပညာရပ်တိရေ လောကသားတိနန့် အတူတူပင် ဟိနီကတ်ပါရေ။ ဇီဝကမ္မဗေဒပညာ (Physiology)၊ ဘာသာဗေဒပညာ(Linguistics)၊ ဒဿနိကဗေဒပညာ (Philosophy)၊ နိူင်ငံရီးပညာ(Ideology)၊ အနုပညာ(Arteries)၊ ပထဝီပိုင်း

ဆိုင်ရာပညာ (Geography)၊ သမိုင်းပညာ (History)၊ သိပ္ပံပညာ (Sciences)၊ ဆီးဖက်ဆိုင်ရာပညာ(Medicines)၊ နက္ခတ္တဗေဒပညာ (Astrology) အစဟိသည်အားဖြင့် ပညာရပ်ပေါင်းများစွာကို တွိရပါရေ။ ယင်းများစွာသော ပညာရပ်တိကို လောကလူသားတိရေ မိမိဇွ ဝါသနာအလျောက် ဆိုင်ရာဆိုင်ရာပညာရပ်တိကို လိလာလိုက်စားကတ်တေ၊ သင်ယူကတ်တေ။ ယင်းဘာသာရပ်တိရေ သူ့ပညာနန့်သူ၊ သူ့အတွေးအခေါ်နန့်သူ ပညာသျှင်တိများစွာ ထွန်းကားလှာယောင် မွီးထုတ်ပီးလိုက်ပါရေ။ ယင်းကတဆင့် မိမိရို့ဇွ အတွေးအခေါ်တိရေ မိမိရို့ သင်ယူလိလာခရေ ဘာသာရပ်အပေါ်မာ အရင်းခံပနာ အတွေးအခေါ် တည်ဆောက်လှာကတ်ပါရေ။ ယင်းကတဆင့် နောက်ပေါက် မျိုးဆက်သစ်သျှေတိကို လက်ဆင့်ကမ်း မျှဝီပီးခကတ်တေ။ တဆက်က နောက်တဆက်သို့ အဆက်ဆက် လက်ဆင့်ကမ်းပီးခြင်းဖြင့် သူရို့ဇွ သမိုင်းပီးတာဝန်တိကို ကျိပွန်စွာ ထမ်းဆောင်လားခကတ်ပါရေ။

ယင်းပညာသျှင်တိရေ မိမိရို့ဇွအတွေးအခေါ် အယူအဆအတိုင်း စာအုပ်များစွာကို ရီးထားခကတ်ပါရေ။ ယင်းများစွာသော စာအုပ်တိကိုဖတ်လို့ မိမိရေ အတွေးအခေါ်တခုကို တည်ဆောက်နိူင်ပျာလား၊ ပညာသျှင်တယောက် ဖြစ်နီပျာလား၊ များစွာသော ဗဟုသုတတိကို ပိုင်ဆိုင်ထားပျာလား။ အကြမ်းအားဖြင့်ပြောရကေ ရပျာလို့ဆိုနိူင်ပါရေ။ စာအုပ်အများကြီး ဖတ်ထားသူတိစွာ များစွာသော ပညာသျှင်ရို့ဇွ အတွေးအခေါ်ပေါင်းများစွာကို ဖတ်ရှုလိလာထားရေအတွက်ကြောင့် သူရို့ဦးဏှောက်ထဲသို့ အားလုံးဝင်ရောက် နီရာမယူနိူင်ကေလေး စာအုပ်တအုပ်က တဆိကေတဆိကေလောက်တော့ခါ သူဇွဦးဏှောက်ထဲသို့ ဝင်ရောက်နီရာယူထားကတ်တေ။ ယေဒါလေး တိတိကျကျ ပြောရဖို့ဆိုကေ လူတယောက်ရေ အတွေးအခေါ်တခု တည်ဆောက်ဖို့အတွက် စာတွိဗဟုသုတ အများကြီးလိုရေပိုင် လက်တွိဗဟုသုတလေး အများကြီးလိုအပ်တေလို့ ဆိုချင်ပါရေ။ 'နည်းတွိထက် ပွဲတွိက ပိုကောင်းရေ' လို့ စာရီးသူအနီနန့် ပြောချင်ပါရေ။

စာအုပ်ထဲမာ ရီးထားရေအတွေးအခေါ်နန့် ဗဟုသုတတိရေ မိမိကိုယ်ပိုင်မဟုတ်ပဲ၊ ယင်းစာအုပ်တိကိုရီးခရေ ပညာသျှင်တဦးတယောက်ဇ္ အတွေးအခေါ်နန့် ဗဟုသုတတိရာ ဖြစ်ပါရေ။ ဆိုကေ အကျွန်ရို့ရေ အတွေးအခေါ်တခု တည်ဆောက်ဖို့အတွက် စာအုပ်တိလောက်နန့် မပြည့်စုံပါ။ ပြင်ပလောကမာ လိလာဖို့ လိုအပ်ပါသီးရေ။

## ၂၁(၃)
## ရှိုးယှင်းလွှယ်ကူရေဘဝက အောင်မြင်မှုကို ရယူနိုင်

အထက်က ပညာရပ်တိရေ အကျွန်ရို့ဇ္ ရှိုးယှင်းလွှယ်ကူရေဘဝထဲက သတ်မှတ်ထားခြင်းတိ ဖြစ်ပါရေ။ ဥပမာ စာရီးဆရာတယောက်ရေ စာအုပ်တအုပ်ပြုစုဖို့ စိုင်းစားလိုက်တိုင်းမာ ရှိုးယှင်းရေလောကသို့ဝင်ပျာ လိလာစုံစမ်းရပါရေ။ သင်ယူမှတ်သားထားရပါရေ။ မိမိစုဆောင်းလိုရေ အချက်အလက်သျှေတိ ရလောက်ပျာဆိုခါမှ စာအုပ်စာပီပြုစုကတ်စွာကို တွိရပါရေ။

ယင်းအတွက်ကြောင့် တခါတရီမာ ထူးထူးဆန်းဆန်း အတွေးအခေါ်တိမပါပဲ ရှိုးယှင်းလွှယ်ကူရေ အတွေးအခေါ်နန့် ဘဝအတွိအကြုံတိရေ အောင်မြင်မှုကိုရဖို့အတွက် ကောင်းကြီးအသုံးတည့်ရေလို့ ပြောနိူင်ပါရေ။

The Power of Positive Thinking စာအုပ်က စာတပိုဒ်မာ ဂုပိုင်ဆိုထားပါရေ။

I want to tell you about some fortunate people who found the right solution to their problem. They followed a simple but highly practical plan and in each case the outcome was a happy and successful one. These people are in no sense different from you. They had the same problems and difficulties that you have, but they found a formula which helped them to get the right answers to the difficult questions facing them. This same formula applied

by you can get similar results.

သူရို့ဧ့ပြဿနာတိကို မှန်ကန်ရေ ဖြည်ယှင်းနည်းအဖြစ် ရှာဖို့ တွိဟိရေ ကံကောင်းရေ လူတချို့အကြောင်းကို အကျွန်ပြောပြချင်ပါ ရေ။

သူရို့ရေ ရှိုးယှင်းလွယ်ကူရေ နည်းနာနောက်ကို လိုက်ခကတ် ပါရေ။ ယေဒါလေး အခြီအနီတရပ်ထဲမာပင် အမြင့်ဆုံးသော လက် တွိလုပ်ငန်းစိုင်နန့် အောင်မြင်ရေ၊ ပျော်ရွှင်စရာကောင်းရေ အကျိုး ကျေးဇုတခု ဖြစ်လာပါရေ။ ယင်းပုဂ္ဂိုလ်တိရေ စာဖတ်သူရို့နန့် ကွဲပြား ခြားနားရေ စိတ်ခံစားမှုထဲမာ နီကတ်သူရို့ မဟုတ်ပါ။ စာဖတ်သူရို့ မာဟိရေပိုင် သူရို့မာလေး တူညီရေအခက်အခဲနန့် ပြဿနာဟိခ ကတ်ပါရေ။ ယေဒါလေး ခက်ခဲရေ မီးခွန်းတိအပေါ်မာ မှန်ကန် တည့်မတ်ရေ အဖြည်ကိုရဖို့အတွက် သူရို့တွိကြုံခရရေ ပုံသီနည်းတ ခုရေ သူရို့ကို ကူညီခပါရေ။ ယင်းပိုင် ဆင်တူရေ အကျိုးဆက်တိကို စာဖတ်သူရို့ ရနိူင်သောအားဖြင့် တူညီရေနည်းနာအဖြစ် ပံ့ပိုးပီးပါ ရေ။

ယင်းကြောင့် စာအုပ်တိနန့် အကျွန်ရို့ဧ့ ရိုးယှင်းရေလက်တွိ ဘဝအတွိအကြုံတိကို ပေါင်းစပ်သင့်ကေ ပေါင်းစပ်ဖို့ အကြံပြုလိုပါ ရေ။

စာအုပ်စာပီတိရေ 'အလိမ္မာစာမာဟိ' ဆိုစကားအတိုင်း လူ တယောက်ကို လိမ္မာယိုင်ကျေးလှာယောင်၊ လူတယောက်ဧ့ အတွေး အခေါ်တိကို တိုးတက်ပြောင်းလဲဖို့နန့် တီထွင်ကြံဆနိူင်ယောင် လုပ် ဆောင်ပီးစွာမာ နံပါတ်တစ် အဓိကအကျဆုံး ဆရာတဆူလို့ ပြော နိူင်ပါရေ။ နံပါတ်နှစ်ကတော့ခါ မိမိရို့ဧ့ရိုးယှင်းရေ ဘဝအတွိအကြုံ (Life Experience)တိနန့်လေး အများကြီးသက်ဆိုင်ရေ ဆိုစွာကို လေး ပြောချင်ပါရေ။ ယင်းဘဝအတွိအကြုံတိရေ တခါတရီမာများ စွာသော ပြဿနာတိကို ဖြည်ယှင်းနိူင်ရေပိုင်၊ အောင်မြင်မှုနန့် ပျော် ရွှင်မှုကို ရဖို့အတွက်လေး စွမ်းဆောင်နိူင်ပါရေ။

သာစွလေပါ . . .

## (၂၂)
## မကောင်းရေ အတ္တိအကြံ့တိကို ကောင်းယောင်ပြုပျင်ခြင်း

စာရီးသူ၊ စာဖတ်သူ ဇာသူမဆို ကောင်းရေပတ်ဝန်းကျင်၊ ကောင်းရေအပြုအမူတိနန့်ဂျည်း နီထိုင်ကြီးပြင်းလှာကတ်သူရို့ မဟုတ်ကတ်ပါ။ မကောင်းရေပတ်ဝန်းကျင်နန့် မကောင်းရေအပြုအမူတိကိုလေး များစွာပင် ကြုံတွိလှာကတ်ရပါရေ။ ယင်းပတ်ဝန်းကျင်နန့် အပြုအမူတိရေ သဘာဝတရားတိ ဖြစ်ပါရေ။ ယေကေ အကျွန်ရို့ လက်ခံပစ်ရဖို့လား မီးနိုင်ပါရေ။ လက်ခံပစ်လိုက်ပါလို့ မပြောလိုပါ။ ဆိုကေ အကျွန်ရို့ရေ မှန်ကန်ရေ နည်းလမ်းတခုကို ရှာကတ်ရဖို့လို့ စာရီးသူအနီနန့် အတွေးတစဝင်လှာပါရေ။

### ၂၂(၁)
### ဖိနပ်ချုပ်သမား

အကျွန် အသက်နှစ်ဆယ်တနှစ်လောက်က ရန်ကုန်မြို့၊ ဗိုလ်တစ်ထောင်၊ ၄၃ လမ်းထိပ်၊ လမ်းဘေးကိုယ်ပိုင် တိတ်ခွီဆိုင်သျှေမာ ထိုင်ပျာ စာအုပ်ဖတ်နီပါရေ။ တနားလောက်အကြာမာ အသက်ခနစ်ဆယ်ကျော် တရုတ်ဝါကြီးတယောက် ရောက်လှာပျာ အကျွန်နန့် ထိုင်ပနာ စကားလာပြောပါရေ။ ယင်းအချိန်က သူရေ အကျွန်ဇွာအကောင်းဆုံး စကားပြောဖော် (Partner) တယောက် ဖြစ်ပါရေ။ ယင်းအဖိုးလာပျာဆိုကေ နာရီခွဲကျော်ကျော်လောက် ထိုင်ပနာ စ

ကားပြောပါရေ။ ယင်းအဖိုးရေ စီးပွားရီးအတွေးအခေါ်နန့် စီးပွားရီး စရိုက်ဟိသူ တယောက်ပါ။ ယေနန့် စီးပွားရီးလုပ်ကေ ဇာပိုင်လုပ်ရဖို့ လူနန့်ဆက်ဆံကေ ဇာပိုင်အပြုအမူတိနန့် ပြောဆိုဆက်ဆံရဖို့ ဆိုပျာ မကြာမကြာ အားပီးစကား ပြောတတ်ပါရေ။ သူရေ သူပိုင်ဆိုင်ရေ မုန့်စက်ရုံကို သားသမီးတိပါးသို့ လွှဲပြောင်းပျာ အသက်ကြီးလို့ အနား ယူလားသူ ဖြစ်ပါရေ။ ယင်းနိရေ တိုက်တိုက်ဆိုင်ဆိုင် အကျွန်နန့် အပါးသျှေက ဖိနပ်ချုပ်သမားရေ မိမိပါးသို့ ဖိနပ်ချုပ်ဖို့လာရေလူနန့် စကားများနီကတ်စွာကို တွိလိုက်ရပါရေ။ ယင်းခါ ယင်းအဖိုးရေ ဖိနပ်ချုပ်သမားကို ညွှန်ပြပနာ အကျွန့်ကိုပြောပါရေ။

အဝေး မောင်သျှေ ထိုဖိနပ်ချုပ်သမား Character ကိုကြည့် ယေ။ ယင်းလူအသက် သုံးဆယ်ကျော်လောက် ဟိဖို့ထင်ရေ။ ယင်း အသက်အရွယ်လောက်ဆိုကေ လူတယောက်ဇ္ ဦးဇျောက်စွာ အ များကြီးတိုးတက်နီရေ အချိန်ဖြစ်တေ။ ယင်းပိုင်အချိန်မာ ဖိနပ်ချုပ် စားဖို့ စိုင်းစားရေဆိုစွာရေ ဘဝမာ ကြီးပွားတိုးတက်ဖို့လမ်းကို ရှာလို့ မတွိရေ လူတိဖြစ်တေ။ ယေပြီးကေ မိမိကို ဖေသာပီးဖို့လာရေလူနန့် စကားများရေ။ ယေနန့် ဒေါသသမားလို့ သတ်မှတ်လို့ရရေ။ သူက တော့ခါ ကိုယ့်ကိုကိုယ် မဟုတ်မခံလို့ ပြောလိမေ။ ယေဒါလေး ယင်း လူ အဂုဖြစ်နီရေဖြစ်ရပ်နန့် ယင်းလူလုပ်နီရေ အလုပ်ကို ကြည့်လိုက် ကေ သူဇ္ပင်ကိုယ်စရိုက်ကို ခန့်မှန်းလို့ရရေ။ ယင်းအတွက် မင်းလေး သူအဂုဖြစ်နီစွာကို ကြည့်ပနာ သူ့ပိုင်မဖြစ်ယောင် ကြိုးစားရဖို့နှန်း’လို့ အကျွန့်ကို ဆုံးမစကားပြောလားခပါရေ။

မှတ်ချက်။ ။ အထက်က အဖိုးနန့် အကျွန်ရို့ပြောနီကတ်တေခါ ဗမာပိုင် ပြောကတ်စွာပါ။

## ၂၂(၂)
## အရက်သမားကြောင့် ရလို့က်တေအတွေးတခ

တခါက အကျွန်ရေ အိမ်ထဲမာ တယောက်တည်းထိုင်နီရစွာ ပျင်းလှာလို့ အပြင်ကိုလမ်းလျှောက်တနား ထွက်ပါလတ်တေ။ တ

ယောက်တည်းဖြစ်လို့ လမ်းလျှောက်ယင်း လျှောက်မှန်းမသိပဲ မနည်းကြာလားပါရေ။ ယေပိုင်ဆိုခါ ရီသောက်ချင်လှာလို့ လက်ဖက်ရည်ဆိုင် တဆိုင်ထဲသို့ဝင်ပနာ အအီးရည်တခွက် သောက်နီလိုက်ပါရေ။ အအီးရည်သောက်နီယင်းနန့် အကျွန်ရေ ထိုတွေးဒေတွေး ပတ်ဝန်းကျင်ကို သတိမထားမိ ဖြစ်လားခပါရေ။ အကျွန်ထိုင်လို့ ဆယ့်ငါးမိနစ်လောက်အကြာမာ အကျွန့်ခန္ဓာကိုယ်ထက်ကို ဘုန်းဆိုပနာ တစုံတခုအက်ကျလှာလို့ ပြုန်းခနဲဆိုခါ လန့်လားပါရေ။ နောက်ကိုကြည့်လိုက်မာ လူတယောက်လဲကျနီစွာကို တွိလိုက်ရပါရေ။ ထူးဆန်းစွာက လူတိအများကြီးဟိယင့်နန့် လဲကျသူကို တယောက်လေး အကူအညီ မပီးကတ်ပါ။ အကျွန်ရေ ပြုန်းခနဲဆိုခါ ဇာလုပ်လို့ ဇာကိုင်ရဖို့မှန်းမသိ ဖြစ်နီတုန်းမာ ဆိုင်သျှင်ရေ အကျွန့်ကို အားနာနာနန့် လာလို့တောင်းပန်ပါရေ။ အကျွန့်စိတ်ထဲမာ ‘ဒေလူရေ လဲကျသူကို မကူညီပဲ ငါ့ကိုလာလို့ တောင်းပန်နီရေ၊ ကောင်းထူးထူးဆန်းဆန်း’လို့ စိတ်ကတွေးမိပါရေ။ အံ့ဩမှုလေး ဖြစ်လားပါရေ။ ယင်းအတွက်နန့် အကျွန်က ဆိုင်သျှင်ကို မီးကြည့်လိုက်ပါရေ။ ‘အစ်ကို ဒေလူကို ဇာဖြစ်လို့ တယောက်လေး မထူကတ်ပါလေး၊ ဒေလူဇာကပါလေး’လို့ မီးကြည့်လိုက်ပါရေ။ ယင်းခါမှ ဆိုင်သျှင်က ‘ဒေလူ ဒေအနားမာ နီစွာပါယေ၊ သူကနိတိုင်းနိတိုင်း အရက်ယစ်နီလို့ တယောက်လေး ဗွီမယူပါယာ’ ဆိုပနာ ပြန်ပြောပါရေ။ ယင်းခါမှ အကျွန်လေး လဲကျနီရေလူကို သီသီချာချာကြည့်မိပါရေ။

ဒေပိုင် အတွိအကြုံမျိုးကို စာဖတ်သူရို့လေး တွိဖူးပါလိမေ။ အကျွန်ရို့ရလိုက်တေ အတွိအကြုံရေ မကောင်းရေ အတွိအကြုံတခုလို့ သတ်မှတ်နှိုင်ပါရေ။ ယင်းပိုင်ဆိုကေ လဲကျလားရေလူပါးက ရလိုက်တေ မကောင်းရေအတွိအကြုံကို အကျွန်ရို့ ကောင်းယောင်ဇာပိုင် ပြောင်းလှယ်ပစ်ပါဖို့လေး။ နည်းလမ်းရှာကြည့်လိုက်တေခါ၊ အလွယ်သျှေနန့် ကောင်းရေအတွိအကြုံတခု ရလိုက်တေလို့ ယူဆနှိုင်ပါရေ။ ဥပမာ ယင်းလူနီရာမာ စာဖတ်သူ ဝင်ကြည့်လိုက်ပါ။ ဖြစ်နှိုင်ပါဖို့လား။ လုံးဝမဖြစ်နှိုင်ပါ။ ဇာဖြစ်လို့လေးဆိုကေ မိမိရို့ရေ ဂုဏ်

သိက္ခာဟိရေပုဂ္ဂိုလ်၊ ဂုဏ်သိက္ခာကို တန်ဖိုးထားထိန်းသိမ်းရေ ပုဂ္ဂိုလ်တိ ဖြစ်ကတ်လို့ပါ။ ယင်းပိုင်ဆိုကေ ယင်းလဲကျနီရေလူနှင့် အပြုအမူစွာ 'ငါရေ လောကမာ တန်ဖိုးမဟိရေ လူတယောက်ဖြစ်တေ။ ယင်းအတွက်နန့် မိတ်ဆွိရို့လေး ငါ့ပိုင် မဖြစ်လာယောင် နီထိုင်ကတ်ပါ။ မိမိနှင့်ဘဝကို မိမိမဖျက်စီးကတ်ပါကေ့။ မိကောင်းဖခင်က မွီးဖွားလှာရေ အမျိုးကောင်းသား အမျိုးကောင်းသမီးတိ ဖြစ်ကတ်ပါရေ။ ယေဇုနန့်ကားဆိုကေ ငါ့ကိုနမူနာယူပနာ မိမိနှင့်ဘဝကို အောင်မြင်ကျော်ကြားလှာယောင် ကြိုးစားကတ်ပါ' ဆိုရေ နမူနာသာဓကတခုကို ပီးနီရေပိုင် အပြုမြင်သဘောနန့် ကြည့်လိုက်မေဆိုကေ အကျွန်ရို့အတွက် တန်ဖိုးမဖြတ်နိုင်ရေ ပညာပီးသျှေတခု ရလိုက်တေလို့ ဆိုနိုင်ပါရေ။

## ၂၂(၃)
## များစွာသော သင်ခန်းစာနန့် လောက

အကျွန်ရို့ရေ မိမိနှင့်အိမ်ထဲက အပြင်သို့ ထွက်ကြည့်လိုက်တေဆိုစွာနန့်ပင် လောကသားများစွာနန့် ထိတွိဆက်ဆံကတ်ရပါရေ။ ယင်းလောကသားရို့နန့် အတူတူ သင်ခန်းစာပေါင်းများစွာရေ အတူတကွ ရပ်တည်လို့ ဟိကတ်ပါရေ။ ယေဒါလေး ယင်းများစွာသော သင်ခန်းစာတိရေ အကောင်းဂျည်းသက်သက် မဟိပါ။ အဆိုးနန့် အကောင်းရေ ဒွန်တွဲပျာ တည်ဟိနီပါရေ။ ယင်းအတွက်နန့် ဂုဏ်သိက္ခာကို တန်ဖိုးထားပနာ တည်တည်တံ့တံ့နီရေလူ၊ ဘဝကိုရှုန်းကန်လှုပ်ယှား ကြိုးစားနီသူရို့လေး ဟိကတ်ပါရေ။ ယင်းနည်းတူစွာပင် အရက်သမား၊ ဖဲသမား၊ ဘိန်းသမား၊ လူဆိုးသူခိုး၊ လူလိမ်၊ နောက်ဆုံး မိမလိုက်စားသူတိလေး လောကမာ အများကြီး တွိကတ်ရပါလိမေ့။ မိမိရေ အကြောင်းတစုံတခု တိုက်ဆိုင်လို့ စရိုက်မကောင်းသူရို့နန့် နီထိုင်ရဖို့ ကျရောက်လှာပျာဆိုကေ မကောင်းရေစရိုက်တိ၊ အတွိအကြုံတိနန့် မလွဲမသွီ ရင်ဆိုင်တွိရပါဖို့ပျာ။ ယင်းအတွိအကြုံတိနန့် တွိလှာပျာဆိုကေ စိတ်ဓာတ်မကျလိုက်ပါကေ့။ ငါဒေပြဿနာကို

ကောင်းယောင်ဇာပိုင် ပြောင်းလှယ်ပစ်ဖို့လေး အယင်စိုင်းစားပါ။

အကျွန်ရို့ အထက်ကပြောခရေပိုင် အရက်သမားတိရေ မိမိကို အရက်မသောက်ဖို့ သင်ပီးလိုက်တေပိုင်၊ ဖဲသမားရေ မိမိကို ဖဲမကစပ်ယောင် သင်ပီးပါရေ။ ဘိန်းသမားရေ ဘိန်းမစားမိယောင် သင်ပီးပါရေ။ လူဆိုးသူခိုးရေ သူရို့ပိုင်မဖြစ်ယောင် သင်ပီးပါရေ။ လူလိမ်လေး ရိုးသားသူ တယောက်ဖြစ်ယောင် သင်ပီးပါရေ။ မိမလိုက်စားသူလေး မိမိကို တည်တည်ငြိမ်ငြိမ်နန့် တယောက်ဆိုကေ တယောက်ဆိုပိုင် မိမိဘဝလက်တွဲဖော်ကို သစ္စာမဖောက်ဖို့ သင်ပီးနီပါရေ။ ဥပမာ အဆွိကိုချစ်တေ ပုဂ္ဂိုလ်တိကလေး တာရှည်စွာ ချစ်ခင်နီယောင် အဆွိက ဂရုစိုက်မိနီရပါရေ။ မုန်းသူဟိကေလေး ဒေလူငါ့ကို ဇာနိဒုက္ခလာပီးဖို့လေး၊ ဇာတခု ကောက်ကျစ်ထားလေး ဆိုပနာ ကိုယ့်ကိုကိုယ် အမြဲတမ်းသတိထားဖို့ သင်ပီးနီပါရေ။

ယင်းအတွက်နန့် မကောင်းရေအတွိအကြံ့တိကို ကောင်းရေအတွိအကြံ့တိဖြစ်ယောင် ပြုပျင်ပြောင်းလွဲတတ်ကေ ဘဝအောင်မြင်တိုးတက်ဖို့အတွက် နည်းလမ်းကောင်းဖြစ်တေလို့ ဆိုနိူင်ပါရေ။

သာစွလေပါ . . .

## ၂၃(ခ)
## လောကစာမျက်နှာပြင်က အတွေးအခေါ်

ဆရာသမားများနှ အတွေးအခေါ်တိရေ တပည့်သားသမီးရို့ အပေါ်မာ အားလုံးလွှမ်းချုံပါလား။ ယင်းစွာကို စိုင်းစားကြည့်လိုက်ကတ်ပါမေ။ လောကမာ ဆရာပေါင်းများစွာ ဟိကတ်ပါရေ။ ယေဒါလေး ဒေနီရာမာ ဆိုလိုချင်စွာက တခြားဆရာတိကိုမပြောပဲ ကျောင်းဆရာ၊ ဆရာမတိကို အကြမ်းအားဖြင့် ပြောကြည့်ကတ်ပါမေ။

အကျွန်ရို့ရေ လောကသို့ စတင်ရောက်ဟိလာရေ အချိန်ကပင် ပညာသင်အရွယ်သို့ ရောက်လာပျာဆိုစွာနန့် နိတိုင်းနိတိုင်းဆိုပိုင် ကြားနီကတ်ရရေအသံရေ ဆရာ၊ ဆရာမရို့နှ အသံဖြစ်ပါရေ။ ယင်းအသံရေ မိမိကို စာသင်ရေအသံတိနန့် ကြိမ်းမောင်းပြစ်တင်ရေ အသံနှစ်ခုဖြစ်တေလို့ အယင်ပြောကြည့်ကတ်ပါမေ။ ယကေဒုတိယစကားက ကြိမ်းမောင်းပြစ်တင်ရေ အသံဆိုကေ ဇာကြောင့် ဆရာ၊ ဆရာမတိက လူလားမမြောက်သီးရေ အသျှေတိကို အသံကျယ်ကျယ်နန့် ကြိမ်းမောင်းအပြစ်တင်ပါလေး။ ယှင်းယှင်းလင်းလင်း ပြောရဖို့ဆိုကေ ဆရာ၊ ဆရာမတိရေ မိမိရို့နှတပည့်သား၊ သမီးတိကို လိမ္မာစီချင်ရေ၊ ယိုင်ကျေးစီချင်ရေ၊ တော်စီတတ်စီချင်ရေ အတွက်နန့် အော်ငေါက်ကြိမ်းမောင်း ပြစ်တင်ကတ်ရပါရေ။

ဆိုကေ သူရို့နှ အော်ငေါက်ကြိမ်းမောင်းသံတိရေ တချက်သျှေဒါသထွက်လို့ အော်ငေါက်ကေလေး ကရုဏာဒေါသတိနန့်

အော်ဂေါက်တေအတွက် ဆရာ၊ ဆရာမရို့ကို တပည့်သားသမီးတိ က အမုန်းစိတ်မပေါ်နိုင်ကတ်ပဲ ချစ်ကြောက်ရိုသီခြင်းဖြင့် အချိန်တိ ကို ကုန်ဆုံးစီပါရေ။ ယင်းအတွက်နန့် ဆရာသမားရို့မာဟိရေ အ တွေးအခေါ်တိအတိုင်း တပည့်တိကို ဆုံးမသွန်သင်ကတ်တေလို့ ဆို ချင်ပါရေ။ ယင်းကတဆင့် တပည့်သားသမီးတိရေ ဆရာသမားရို့ဇ္ အတွေးအခေါ်အချို့ကို သူရို့ဇ္ပင်ကိုယ်စရိုက်နန့် အတွေးအခေါ် အဖြစ် ပြုပျင်ပြောင်းလှယ်လာကတ်တေလို့ အကြမ်းအားဖြင့် ဆိုနိုင် ပါရေ။ ယေဒါလေး ကျောင်းမာသင်ယူခရေ အလုံးစုံသော ပညာရပ် တိနန့် ဆရာသမားရို့ဇ္ အတွေးအခေါ်တိရေ တပည့်တယောက်ကို အတွေးအခေါ်အရ မြင့်မားလာယောင် စွမ်းဆောင်ပီးနိုင်ခြီ အား နည်းရေလို့ စာရီးသူအနီနန့် အကြမ်းအားဖြင့် ပြောချင်ပါရေ။

## ၂၃(၂)
## ဘဝတက္ကသိုလ်မာ ကျောင်းတက်ပါရေ

July,2014 ရန်ကုန်မြို့၊ ရွှေတိဂုံအနောက်ဖက်မုခ် ရခိုင်ဓမ္မာ ရုံသို့ ရန်ကုန်ပညာရီးတက္ကသိုလ်က ဆရာမတယောက်ဇ္ ဖိတ်ကြားမှု ကြောင့် အကျွန်ရောက်လားပါရေ။ ယင်းပိုင်ရောက်လားရေခါ တက္က သိုလ်ကျောင်းသား ကျောင်းသူမသျှေတိနန့် ဆရာ၊ ဆရာမတိ ရောက်နီကတ်ပါရေ။ သူရို့တိရေ အားလုံးရခိုင်သား၊ ရခိုင်သူမတိဆို ခါ အကျွန်ဇ္စိတ်ထဲမာ ကောင်းကောင်း ဝမ်းမြောက်ဝမ်းသာစိတ်တိ ဖြစ်လားပါရေ။ ယင်းပိုင်နန့် သူရို့ရေ စာပီကဏ္ဍ ဟောပြောကတ်ပါ ရေ။ ဆရာ၊ ဆရာမရို့ဇ္ ဆွေးနွေးမှုတိရေ လူငယ်တိအတွက်ကောင်း ကောင်းဗဟုသုတ ဖြစ်စီပါရေ။ အတွေးအခေါ်တိလေး အများကြီး တိုးတက်စီနိုင်ရေအတွက်နန့် စိတ်ထဲမာ ဝမ်းသာပီတိ ဖြစ်နီပါရေ။ အကျွန့်ကို ဖိတ်တေဆရာမကိုလေး စိတ်ထဲက ကျေးဇူးတင်နီပါရေ။ အကျွန်ဇ္အတွိအကြုံကို ဆရာမက ဆွေးနွေးဖို့ ဖိတ်ခေါ်မှုကြောင့် အထက်က ရီးထားခရေ ‘H လေးလုံးဇ္ဗဟုသုတ’ ကို အနည်းအကျဉ်း ဆွေးနွေးဖြစ်ခပါရေ။ အားလုံးဆွေးနွေးလို့အပြီးမာ ကိုယ့်အိမ်ကို

ကိုယ် ပြန်ကတ်ဖို့အတွက် တယောက်ကိုတယောက် နှုတ်ဆက်ကတ်ပါရေ။ ယခေါ် ဆရာမတယောက်က အကျွန့်ကို မီးလှာပါရေ။ မောင်သျှေ ကျောင်းတက်နီတုန်းလား၊ စာအုပ်တိလေး ကောင်းကောင်းဖတ်ထားပုံကျရေဆိုပနာ မီးလှာပါရေ။ အကျွန်က 'ဟုတ်ပါရေ ဆရာမ၊ အကျွန် အတွေးအခေါ်နန့်ဆိုင်ရေ စာအုပ်တိ ဖတ်ရစွာကို ကြိုက်ပါရေ။ ကျောင်းလေး တက်နီတုန်းပါ။ အကျွန်တက်တေကျောင်းမာ ဆရာဆရာမတိ ကောင်းများပါရေ'။ ယင်းခါ ယင်းဆရာမက စိတ်ဝင်စားပနာ ပြန်မီးပါရေ။ ဇာကျောင်းမာတက်နီလေ။ 'ဘဝတက္ကသိုလ်မာ ကျောင်းတက်နီပါရေ ဆရာမ'လို့ အကျွန်ပြန်ဖြည်လိုက်ပါရေ။ ပထမတော့ခါ ယင်းဆရာမ သဘောမပေါက်ပါ။ နောက်မှသဘောပေါက်လားပြီးကေ ပြုံးပြုံးနန့်အကျွန်ကို ကျေးဇူတင်စကားပြောလားပါရေ။

ဒေနီရာမာ ဆိုလိုချင်စွာက ဘဝတက္ကသိုလ်ဆိုရေ အကျွန်ရို့အပြင်လောကမာ သင်ယူလို့မကုန်နိုင်ရေ သင်ခန်းစာပေါင်းများစွာ ဟိရေဆိုစွာကို  ပြောချင်စွာဖြစ်ပါရေ။

## ၂၃(၃)
## လူတယောက်ဧ့ အတွေးအခေါ်ကို ဇာကပန်ဆင်းပီးနိုင်လေး

တခါက ကျောင်းဆရာတယောက်နန့် အကျွန်ရေ ပညာရီးက အတွေးအခေါ်ဖြစ်လှာရေ အကြောင်းကို ဆွေးနွေးဖြစ်ကတ်ပါရေ။ ယင်းကျောင်းဆရာနန့် အကျွန်ရေ ကြီးပြီးမှတွိကတ်တေ မိတ်ဆွိတိဆိုခါ အသက်ကလေး အတူတူဖြစ်တေအတွက် တယောက်ကိုတယောက် ဆရာလို့ခေါ်ကတ်ပါရေ။ ယင်းဆရာက အကျွန့်ကိုပြောပါရေ။ 'အကျွန် စိုင်းစားကြည့်ရသလောက် လောကမာ အတွေးအခေါ်တိရေ ကျောင်းပညာရီးကလာစွာ မဟုတ်ပါလို့ ပြောချင်ပါရေ။ ဇာကြောင့်လေးဆိုကေ အကျွန်အသျှေကပင် ကျောင်းတက်လှာပါရေ။ ဆယ်တန်းအောင်ပါရေ။ နောက်ဆုံးဘွဲ့ရပါရေ။ ယင်းမာသင်

လှာရေ ပညာရပ်တိရေ အတွေးအခေါ်မြင့်ယောင်ထိ ဖြစ်မလှာပါ။ ပွင့်ပွင့်လင်းလင်းပြောရကေ အလုပ်လုပ်လို့ရပါရေ။ အကျွန်ဘွဲ့ရဆို ပနာ လူတိကိုအထက်စီးက ပြောနိုင်ပါရေ။ ယေဒါလေး အတွေးအခေါ်ဖက်ကို ရောက်လှာရေခါ ကောင်းကောင်းအားနည်းရေလို့ ပြောချင်ပါရေ။ တခါတရီမာ ကိုယ့်လောက် ပညာမသင်ဖူးရေလူတိ၊ နောက်ရိုင်းရိုင်းပြောရကေ ကျောင်းလေး ကောင်းကောင်းမွန်မွန် မတက်ဖူးရေ လူတိရေ အကျွန်ရို့ထက် အတွေးအခေါ်ကောင်းနီစွာ ကို တွိဖူးပါရေ။ အပြင်က အတွေးအခေါ် ဒဿနဆန်ရေ စာအုပ်တိ ကို ဖတ်ကြည့်လိုက်ကေလေး ကျောင်းကသင်ခန်းစာတိနန့် တခုလေး မဆိုင်ပါ။ နောက်ပြီးကေ ဆရာသမားတိပါးက အတွေးအခေါ်တိ လေး အကျွန်ရို့တိဂေါင်းထဲသို့ မရောက်ပါလို့ ပြောချင်ပါရေ။ ယင်း ယှင့်ကို ဆရာအနီနန့် ဇာပိုင်မြင်ပါလေး'။

သူရေ သူ့ဇ္ဇအမြင်ကို ပြောလို့အပြီးမာ အကျွန့်ကိုလေး မီးလှာ ပါရေ။ အကျွန်ကတော့ခါ သူမီးရေမီးခွန်းကို ပထမခါပြောဖို့ အခက် အခဲ ဖြစ်လားပါရေ။ ဇာအတွက်နန့်လေးဆိုကေ အကျွန့်ကိုမည်သည် ပညာလာစမ်းလားလို့ သံသယစိတ်ဖြစ်မိလို့ပါ။ ယေဒါလေး တ ယောက်နန့်တယောက် အီးအီးဆေးဆေး ဆွေးနွေးနီကတ်တေဆိုခါ မပြောလို့လေး မကောင်း။ အကျွန်ပြောဖို့ စတင်လိုက်ပါရေ။

'အဂုနားက ဆရာဆွေးနွေးလားရေ အကြောင်းအရာက ကောင်းကောင်း အဓိပ္ပါယ်ဟိပါရေ။ သဘာဝလေးကျပါရေ။ အကျွန့် အနီနန့် ပြောဖို့က အခက်အခဲဆိုကေ ဟိပါရေ။ ယေဒါလေး အကျွန့် အမြင်ကို တဆိသျှေလောက် ပြောရဖို့ဆိုကေ အခြေခံပိုင်းဆိုင်ရာကို ကျွမ်းကျင်မှုမဟိပဲ အဆင့်မြင့်ကိုလှမ်းလို့ မရနိုင်လို့မြင်ပါရေ။ ကျောင်းမာသင်ခရေ ကျောင်းပညာရပ်တိကို ပြောရဖို့ဆိုကေ အရာ အားလုံးအတွက် အခြေခံသဘောလို့ မြင်ပါရေ။ ဥပမာကျောင်းမနီဖူး သူရို့ မလုပ်နိုင်ရေအလုပ်ကို ဆရာရို့လုပ်လို့ ရပါရေ။ သူရို့မတွေး နိုင်ရေ အတွေးကို ဆရာရို့တွေးနိုင်ပါရေ။ ယင်းစွာကို ကြည့်သော အားဖြင့် ဆရာရို့ရေ တဒင်္ဂမာ သူရို့ထက် အများကြီးသာနီပါယာ။

အတွေးအခေါ်ပိုင်းကိုကျရေခါ အဆင့်မြင့်ပညာရပ်လို့ ပြောချင်ပါရေ။ ယင်းအဆင့်မြင့်ပညာရပ်ရေ ကျောင်းသင်ခန်းစာတိမာ မဟိနိူင်ပဲ ပြင်ပလောကမာရာ ဟိရေလို့ ဆိုချင်ပါရေ။ ဇာကြောင့်လေးဆိုကေ အကျွန်ရို့ပြင်ပလောက သို့မဟုတ် လောကစာမျက်နှာပြင်မာ သင်လို့မကုန်နိူင်ရေ ဘဝသင်ခန်းစာပေါင်း များစွာဟိပါရေ။ ယင်းသင်ခန်းစာတိရေ ကျောင်းကသင်ခန်းစာတိပိုင် စိတ်ကူးသက်သက်မဟုတ်ပဲ လက်တွိကျရေလို့ ပြောနိူင်ပါရေ။

လူဆိုစွာဇာလောက်ပင် ပညာရပ်တခုကို ဇာပိုင်ပင် သင်ထားသင်ထား ယင်းပညာရပ်တိကို လက်တွိအသုံးမချနိူင်ကေ မိမိသင်ထားရေပညာရပ်တိစွာ စိတ်ကူးယဉ်ပုံစံမျိုး ဖြစ်လားပါရေ။ လက်တွိကျကျ လုပ်ကိုင်ကြည့်မှရာ ယင်းပညာရပ်နန့် ပတ်သက်လို့ စိုင်းစားလှာပါရေ။ တီထွင်ကြံဆလှာပါရေ။ ယင်းကတဆင့် အတွေးအခေါ်တိရေ ပြောင်လွဲတိုးတက်လှာရေလို့ အကျွန်မြင်ပါရေ။

လောကမာ လက်တွိကျရေ ပညာရပ်ပေါင်းများစွာ ဟိပါရေ။ ယင်းများစွာသော ပညာရပ်တိက များစွာသော အတွေးအခေါ်တိဖြစ်လှာယောင် ပြောင်းလွဲပီးပါရေ။ နောက်တခုက ဆရာသမားရို့ဇွ အတွေးအခေါ်တိရေ တပည့်ရို့တိ ဝေါင်းထဲသို့ မရောက်နိူင်ဆိုစွာကို ပုဂ္ဂိုလ်ရီးနန့် ဆိုင်ရေလို့ ပြောချင်ပါရေ။ ဆရာသမားရို့ဇွ ဆုံးမဩဝါဒတိစွာ သူရို့ဇွ ကိုယ်ပိုင်အတွေးအခေါ်တိနန့် ဆုံးမစွာလို့ အကျွန်ယုံကြည်ပါရေ။ အကျွန် ယင်းလောက်ရာ ပြောချင်ပါရေ’ ဆိုပနာ အကျွန်ဇွစကားကို အဆုံးသတ်လိုက်ပါရေ။

အကျွန်ပြောလို့အပြီးမာ သူကထပ်ပနာ ဆွေးနွေးပါရေ။ ယင်းနိတရက်လုံးကို အကျွန်ရို့နှစ်ယောက်ရေ တယောက်နန့်တယောက် အတွေးအခေါ်ချင်းဖလှယ်ယင်း တယောက်မှားကေ တယောက်ကထောက်ပနာ အီးအီးဆေးဆေး ဆွေးနွေးဖြစ်ခကတ်ပါရေ။

လူတယောက်ရေ အတွေးအခေါ်တခု တည်ဆောက်ဖို့အတွက် ကျောင်းသင်ခန်းစာတိကို သင်ခရုံလောက်နန့် မလုံလောက်

နိုင်လို့ ဆိုချင်ပါရေ။ ယကေ ဒသနိကဗေဒ ပညာသျှင်ရှိ့ရီးထားရေ စာအုပ်တိကို ဖတ်သောအားဖြင့်ကား တည်ဆောက်နိုင်ပါဖို့လား။ ယင်းပညာသျှင်ရှိ့ ရီးထားရေ စာအုပ်တိလေး လူတယောက်၊ အတွေးအခေါ် တခုကို တည်ဆောက်နိုင်လောက်ယောင်ထိ မစွမ်းဆောင်နိုင်ပါသီး။ ယေဒါလေး ကျောင်းပညာရပ်တိနန့် ပညာသျှင်ရှိ့ ဇွ စာအုပ်တိရေ အတွေးအခေါ် တခုကို တည်ဆောက်ဖို့နီရာမာ အခြီခံအုတ်မြစ် (Foundation) တိ ဖြစ်ပါရေ။ လူတယောက်နန့် တယောက် ဘဝဖြတ်သန်းလှာပုံ (Life style) နန့် အတွေးအခေါ်ချင်း (Influence) အများကြီး ကွာခြားကတ်တေဆိုခါ စာရီးသူအမြင်နန့် စာဖတ်သူရှိ့ အမြင်တူချင်မှ တူနီကတ်ပါလိမေ။

ဆိုကေ စာဖတ်သူ မိတ်ဆွိအနီနန့် အဂုဆွေးနွေးခရေ အကြောင်းအရာကို ဇာပိုင်မြင်ပါလေး။ အဆွိကိုယ်တိုင် တွေးခေါ်ကြည့်ခြင်းသည်ပင် မိတ်ဆွိအတွက် အလွန်ပင် ကောင်းမွန်ထိရောက်တေ အဖြည်မှန်တခုကို ဖော်ထုတ်နိုင်ပါလိမေ။

သာစွလေပါ . . .

## (၂၄)
## စကားပြောခြင်းက ပင်ကိုယ်စရိုက်သို့

ဒေလူ ဒေပုဂ္ဂိုလ်ကို စရိုက်ကြမ်းရေလို့ ပြောဆိုသံတိကို အကျွန်ရို့ ကြားကတ်ရပါရေ။ ယင်းပြောဆိုရေ ပုဂ္ဂိုလ်ရို့ရေ ဇာကို ကြည့်လို့ လူတယောက်ကို စရိုက်ကြမ်းရေလို့ ပြောကတ်ရပါလေး။ ပတ်ဝန်းကျင်ကလူတိနန့် ရန်ဖြစ်တတ်တေ အလိအထဟိစွာကို ပြောစွာပါလား။ မဟုတ်ပါ။ ယင်းအလိအထရေ တခုလေးမသိသီးရေလူနန့် အသျှေတိဖြစ်တတ်တေ စရိုက်ဖြစ်လို့ပါ။ အမှန်အားဖြင့် လူပုဂ္ဂိုလ်တယောက်ရေ စကားအပြောအဆို ကြမ်းတမ်းမှုကို အခြေခံပနာ စရိုက်ကြမ်းရေလို့ တချက်သျှေလောက် မှတ်ထားကတ်ပါအုံးမေ။ ဥပမာပြောရဖို့ဆိုကေ လူသားတိုင်းရေ အတ္တဇသားကောင်တိ ဖြစ်ကတ်ပါရေ။ အတ္တသားကောင် အချင်းချင်းရေ ဇာအတွက်နန့် တယောက်ကိုတယောက်က ဒေသူအတ္တကြီးရေ၊ စရိုက်ကြမ်းရေ၊ စိတ်နီစိတ်ထားမကောင်းဆိုပနာ အမျိုးမျိုးဝီဖန်ကတ်ပါလေး။ ဒေနီရာ ဇာကိုဆိုလိုပါလေး ကြည့်ကတ်ပါမေ။

### ၂၄(၁)
### လူတယောက် စရိုက်နှစ်ခု

ဗုဒ္ဓဘုရားသျှင်က လူတယောက် ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်ဆိုပျာ အရွယ်သုံးပါး သတ်မှတ်ဟောကြားထားပါရေ။ ယေဒါလေး ဒေအနားမာ အကျွန့်စရိုက်လက္ခဏာကို ဆွေး

နွေးချင်စွာ ဖြစ်တေအတွက် အရွယ်နှစ်ခုသတ်မှတ်ပျာ ဆွေးနွေး ကြည့်ပါမေ။

လူတယောက်မာ စိတ်ဓာတ်တက်ကြွနီရေ အချိန်နန့် စိတ် ဓာတ်ငြိမ်သက်လားရေ အချိန်ဆိုပျာ အရွယ်နှစ်ခုဖြစ်လှာပါရေ။

ပထမ ဆယ်ကျော်သက်ကနီပနာ အသက်သုံးဆယ်ကျော် အရွယ်ထိရေ တက်ကြွရေစိတ်ဓာတ်ဟိပါရေ။ ယင်းချိန်မာ ပြုမူပြော ဆိုစွာတိရေ အရာရာကို တက်တက်ကြွကြွနန့် လုပ်ကိုင်ဆောင်ရွက်ပါ ရေ။ ကြိုးစားရုန်းကန်ပါရေ။ ယင်းထဲက အထိုက်အလျောက် အောင် မြင်မှုကို ရယူပိုင်ဆိုင်လှာကတ်ပါရေ။ ယင်းကြိုးစားရုန်းကန်ချင်စိတ် နန့် ဒွန်တွဲပျာ မဟုတ်မခံဆိုရေ စိတ်ဓာတ်ကလေး သူရို့စိတ်ကို လွှမ်းချုံထားတုန်း ဖြစ်ပါရေ။ ယင်းအတွက်နန့် တခါတရီမာ မထင် မှတ်ပဲ ဒေါသအလျောက် လုပ်မိလိုက်စွာတိ ဖြစ်တတ်ပါရေ။ ယင်း ပိုင်ဆိုကေ ဘဝတခုလုံး နောင်တရစရာသျှေတိ ဖြစ်လားတတ်စွာကို လေး တွိရပါရေ။

ဆိုကေ စိတ်ဓာတ်တက်ကြွနီရေ ပထမအချိန်ရေ သူ့ဘဝတ လျှောက်လုံးအတွက် ဆရာကျရေအချိန်၊ တနည်း စိတ်ပိုင်းဆိုင်ရာအ ရ မဖွံ့ဖြိုးသီးရေ အချိန်လို့လေး ဆိုနိူင်ပါလိမေ။

ဒုတိယအရွယ်မာတော့ခါ အသက်လေးဆယ်ကနီပနာ နောက်ပိုင်းကို ပြောရပါလိမေ။ သူရေ အယင်ပိုင်မဟုတ်ပဲ အပြော အဆိုနန့် အနီအထိုင်တိရေ အလိုလိုငြိမ်သက်လားပါလိမေ။ ယေပြီး ကေ ပထမအရွယ်က ကောင်းမွန်စွာ ပြုစုပျိုးထောင်ပျာ စိုက်ပျိုးထား ခရေ ဘဝသစ်ပင်ကြီးက ချိုမြိန်ရေအသီးတိကို ခူးယူခံစားဖို့နန့်ပို လို့ ကောင်းမွန်လှာယောင် လုပ်ဆောင်ဖို့ဖြစ်ပါရေ။ မကောင်းမှုနန့် အမှားပြုလုပ်မိခကေလေး ပြန်ပျာပြုပျင်တည်ဆောက်ဖို့ အရွယ်ဖြစ် ပါရေ။ အထူးသဖြင့် ယင်းအရွယ်စွာ ပညာတတ်သည်ဖြစ်စီ၊ ပညာမ တတ်သည်ဖြစ်စီ လောကကို အဆိုးအကောင်း၊ အကျိုးအကြောင်းကို နားလည်သဘောပေါက်လားကတ်ပါပျာ။ ဇာကြောင့်လေးဆိုကေ သူရို့ရေ လောကက အဆိုးနန့် အကောင်းဆိုစွာတိကို အများကြီးခံ

စားလှာကတ်ရလို့ ဖြစ်ပါရေ။ (လူအားလုံးကို မဆိုလိုပါ။)

ယကေ ဒေအနားမာ မရင့်ကျက်သီးရေ ဣန္ဒြေနန့် ရင့်ကျက်လားရေ ဣန္ဒြေနှစ်မျိုးကို တွိရပါရေ။ တနည်း တက်ကြွရေ ပင်ကိုယ်စရိုက်နန့် ငြိမ်သက်တေပင်ကိုယ်စရိုက်ဆိုပနာ လူတယောက်တည်းက စရိုက်နှစ်ခုကို တွိလိုက်ရပါရေ။

## ၂၄(၂)
## မိတ်ဆွီသုံးယောက်ဇ့စရိုက်ကို လိလာခြင်း

ပထမ အကျွန်ဇ့မိတ်ဆွိတယောက်ကို ပတ်ဝန်းကျင်လူတိက ဒေသူစရိုက်ကြမ်းရေလို့ ပြောဆိုကတ်ပါရေ။ သူ့ကိုဇာအတွက်နန့် စရိုက်ကြမ်းရေလို့ ပြောရလေးဆိုကေ သူရေ စကားပြောဆိကေ လောက် ပွင့်လင်းပါရေ။ စိတ်ကထင်ကေ ထင်ရေပိုင် ပြောပစ်လိုက်ပါရေ။ ယေဇုနန့် သူ့ကို ပတ်ဝန်းကျင်က တချို့ရို့ရေ စရိုက်ကြမ်းရေဆိုပနာ သူနန့်အပေါင်းအဖော် မလုပ်ချင်ကတ်ပါ။ အကျွန်ကတော့ခါ ကိုယ့်မိတ်ဆွိအကြောင်းကို သိထားပြီးဖြစ်တေအတွက် သူ့ကို အမှားမမြင်ပါ။ အမှန်မာ အကျွန်ဇ့မိတ်ဆွီရေ လူကိုအားနာတတ်ပါရေ။ မိတ်ဆွီတိအပေါ်မာလေး အနစ်နာခံလိုစိတ် ဟိပါရေ။ မိသားစုကိုလေး သိတတ်တေ လူတယောက်ပါ။ ယေဒါလေး သူဇ့စကားပြောဆိုမှုကို နားထောင်ပနာ ပတ်ဝန်းကျင်က စရိုက်ကြမ်းသူအဖြစ် သူ့ကို သတ်မှတ်ထားကတ်ပါရေ။

ဒုတိယ မိတ်ဆွိတယောက်ကတော့ခါ ပျော်ပျော်ပါးပါးနီတတ်ပနာ သူကလူမရှီးလို့ ပြောရပါဖို့။ လူတိုင်းနန့်သင့်ယောင် ပေါင်းသင်းနီထိုင်တတ်ပါရေ။ မိတ်ဆွီအပေါင်းအသင်းများပြီးကေ လူချစ်လူခင်ပေါသူတယောက် ဖြစ်ပါရေ။ သူ့ကို ပတ်ဝန်းကျင်က စိတ်ကောင်းပနာ လူဟာသတယောက်အဖြစ် သတ်မှတ်ထားကတ်စွာကို တွိရပါရေ။

တတိယ မိတ်ဆွီတယောက်ကို ကျကေတော့ခါ လိမ္မာရေလို့ သတ်မှတ်ကတ်ပါရေ။ သူ့ကို ပတ်ဝန်းကျင်ကလေး ချစ်ကတ်ပါရေ။

လူကြီးလူငယ်တိ အားလုံးလေး လေးလေးစားစား ဆက်ဆံကတ်ပါရေ။ ယင်းမိတ်ဆွိရေ အပေါင်းအသင်းများပနာ စကားပြောသီသပ်စွာကို တွိရပါရေ။ အမှန်မာက အထက်က စရိုက်ကြမ်းရေဆိုသူထက် မိတ်ဆွိရို့အပေါ်မာ အနစ်နာခံယူလိုစိတ် အားနည်းစွာကို တွိရပါရေ။ ယေဒါလေး သူ့ကိုလိမ္မာရေလို့ ပတ်ဝန်းကျင်က သတ်မှတ်ထားကတ်ပါရေ။

## ၂၄(၃)
## လူကြီးသုံးယောက်နှင့် ပင်ကိုယ်စရိုက်ကို သုံးသပ်ကြည့်ခြင်း

ပထမ အကျွန်ပြောချင်ရေ လူကြီးတယောက်ကတော့ခါ စကားပြောဆိုရာမာ ဘာသာရီးအကြောင်းအရာတိကို အများကြီးပြောလိပါရေ။ လူငယ်ရို့ကို ဆုံးမစကား ပြောဆိုတိုင်းမာလေး ဗုဒ္ဓဘုရားသျှင်က ဇာပိုင်ဟောတော်မူခရေ။ ဇာနီရာမာ ဇာတရားကို ဟောရေအတွက်နန့် လူသတ္တဝါတိရေ ဇာပိုင်အသိစိတ်ဝင်ခရေ။ မင်းရို့လေး ဘုရားတရားမမိပဲ နီရဖို့ဆိုပနာ ဆုံးမလိပါရေ။ ယင်းပိုင်ဆိုကေ ဒေလူကြီးကို ဘာသာရီးကို စိတ်ဝင်စားပနာ ဘာသာရီးသမား၊ ဘာသာရီးစရိုက်ပါရေ ပုဂ္ဂိုလ်အဖြစ် သတ်မှတ်နိုင်ပါရေ။

ဒုတိယ လူကြီးတယောက်ကတော့ခါ စကားပြောဆိုတိုင်းမာ ဇာနိုင်ငံမာ ပညာရီး၊ စီးပွားရီး၊ ဘာသာရီး၊ လူမှုရီးတိကို ဇာပိုင်ကျင့်သုံးရေ။ ဒီမိုကရေစီ (Democracy) စနစ်က ဇာပိုင်၊ ဖက်ဒရယ်မူဝါဒ (Federalist) က ဇာပိုင်၊ ကွန်မြူနစ်ဝါဒ (Communist)ကဇာပိုင်၊ လက်ဝဲနိုင်ငံရီး၊ လက်ယာနိုင်ငံရီး၊ နိုင်ငံရီးသဘောတရား (Ideology) က ဇာပိုင်၊ နိုင်ငံရီးကို လူတိုင်းလိလာရဖို့ သင်ယူရဖို့ဆိုပနာ အမြဲတမ်း ပြောလိပြောထပါရေ။ ယင်းပိုင်ဆိုကေ ယင်းပုဂ္ဂိုလ်ကို နိုင်ငံရီးသမား၊ နိုင်ငံရီးစရိုက်ပါသူ၊ နိုင်ငံရီးကို စိတ်ဝင်စားရေ ပုဂ္ဂိုလ်အဖြစ် သတ်မှတ်နိုင်ပါရေ။ (စာရီးသူရေ နိုင်ငံရီးသမား တယောက်မဟုတ်တေအတွက် အကြမ်းအားဖြင့် ချပြလားခြင်းရာ ဖြစ်

ပါရေ။)

တတိယ တယောက်ကတော့ခါ လောကကို အပြစ်တင်ပါရေ။ အသံကျယ်ကျယ်နန့် ပြောလိပ်ဟိပါရေ။ ဇာသူက ဇာပိုင်၊ ဇာသူက ဇာစရိုက်ဟိရေ၊ ဇာသူက ဇာပိုင်အသုံးမကျ၊ ဇာသူက ဇာပိုင်အကျင့်မကောင်းဆိုပနာ အမြဲတမ်းပြောလိပ်ဟိပါရေ။ လောကကို Negative အမြင်နန့် ကြည့်လိပ်ဟိပါရေ။ ယင်းပိုင်ဆိုကေ ယင်းလူကြီးကို ကျကေတော့ခါ အဆိုးမြင်ဝါဒသမားလို့ ဆိုရပါဖို့။ စာရီးသူအနီးနန့်တော့ခါ ယင်းပုဂ္ဂိုလ်ကို ပင်ကိုယ်စရိုက်ကြမ်းသူလို့ ပြောချင်ပါရေ။

ဒေနီရာမာ အကြမ်းအားဖြင့် ပြောရဖို့ဆိုကေ စကားပြောခြင်းကိုကြည့်ပနာ လူတယောက်ဇွ ပင်ကိုယ်စရိုက်ကို ကောင်းရေ ပင်ကိုယ်စရိုက်ဟိသူ၊ ကြမ်းတမ်းရေ မကောင်းရေ ပင်ကိုယ်စရိုက်ဟိသူအဖြစ် သတ်မှတ်လို့ ရနိုင်ပါရေ။

လူတယောက်ဇွ ပင်ကိုယ်စရိုက်ကို ဒေလူ၊ ဒေပုဂ္ဂိုလ်ရေ ဇာစရိုက်လက္ခဏာ ဟိလေးဆိုစွာကို လူတယောက်ဇွ စကားပြောဆိုခြင်းက အကြမ်းအားဖြင့် မှန်းဆကြည့်နိုင်ပါရေ။ အထက်မာပြောခရေအတိုင်း ဘာသာရီးကို စိတ်ဝင်စားသူရေ စကားပြောဆိုရာမာ ဘာသာရီးအကြောင်းအရာကို အများကြီးပြောပါရေ။ နိုင်ငံရီးကို စိတ်ဝင်စားသူရို့ရေ နိုင်ငံရီးအကြောင်းနန့် ပတ်သက်လို့ရာ ပြောကတ်ပါရေ။ ယင်းနည်းတူပင် ပညာရီး၊ စီးပွားရီး အစဟိသည်အားဖြင့် မိမိဝါသနာအလျောက် ပြောဆိုကတ်စွာကို တွိရပါရေ။ ယင်းပိုင်ဆိုကေ လူရို့ဇွ ပြောဆိုမှုကိုကြည့်ပနာ လူရို့ဇွ ပင်ကိုယ်စရိုက်တိကိုလေး သုံးသပ်ဖို့ လွယ်ကူရေလို့ ပြောနိုင်ပါလိမေ။

သာစွလေပါ . . .

## (၂၅)
## ကဏ္ဍနှစ်ခုစီနှင့် ခွဲခြားကြည့်ခြင်း

### ၂၅(၁)
### စကားပြောကောင်းသူနှင့် စကားပြောတတ်သူ

စကားပြောကောင်းသူရို့ရေ ကိုယ်လေးပြောရေ။ တဖက်သားကိုလေး စကားပြောခွင့်ပီးပါရေ။ စကားပြောရေအခါမာလေး တည်ငြိမ်အီးချမ်းရေအသံနန့် ပြောတတ်ပါရေ။ ကိုယ်ပြောလိုက်တေ စကားတိကို အားလုံးလက်ခံရမေလို့ အတ္တအတွေးကို စွန့်ပစ်ထားနိုင်ပါရေ။ ယင်းပုဂ္ဂိုလ်ရို့ကို 'စကားပြောကောင်းသူ' အဖြစ် သတ်မှတ်နိုင်ပါရေ။

စကားများများပြောပြီးကေ တဖက်လူကို စကားပြောခွင့်မပီးပါ။ ကိုယ်ပြောလိုက်တေ စကားတိကို အားလုံးလက်ခံသင့်ရေလို့ ထင်မှတ်ထားပါရေ။ စကားပြောရေအခါမာ ထိုထိုဒေဒေ အကြောင်းအရာတိကို လီသံမာမာနန့် ပြောလိပြောထဟိပါရေ။ ယင်းပုဂ္ဂိုလ်ရို့ကို 'စကားပြောတတ်သူ' အဖြစ် သတ်မှတ်နိုင်ပါရေ။

### ၂၅(၂)
### ပင်ကိုယ်စရိုက်ကောင်းသူနန့် ပင်ကိုယ်စရိုက်ညံ့သူ

အတွေးအခေါ်ကောင်းရေ ပုဂ္ဂိုလ်ရို့ရေ တည်ငြိမ်ရင့်ကျက်မှုဟိပါရေ။ အရာရာကို ဂေါင်းအီးအီးထားပြီးကေ ဖြစ်ပေါ်လှာရေကိစ္စရပ်တိုင်းမာ လိမ္မာပါးနပ်စွာ ဖြည်ယှင်းတတ်ပါရေ။ အမှန်တရားကိုလေး လက်ခံတတ်ပါရေ။ ကိုယ့်အမှားကို သိကေသိချင်း ပြုပျင်

တတ်ပါရေ။ ယင်းပုဂ္ဂိုလ်ရို့ကို ‘ပင်ကိုယ်စရိုက်ကောင်းသူ’ အဖြစ် သတ်မှတ်နိုင်ပါရေ။

ပညာတတ်တယောက်လေး ဖြစ်တေ။ ကိုယ့်မာဟိရေ ပညာရပ်တိကြောင့် ကိုယ့်ကိုကိုယ် စိတ်ကြီးဝင်နီလီရေ။ ဖြစ်ပေါ်လှာရေ ကိစ္စရပ်တိုင်းမာ ရှုန်းရင်းဆံခတ်ဖြစ်တတ်တေ။ ကိုယ့်အမှားတိကို သိကေလေး ပြုပျင်နိုင်မှု အားနည်းရေ။ ယင်းပုဂ္ဂိုလ်ရို့ကို ‘ပင်ကိုယ်စရိုက်ညံ့သူ’ အဖြစ် သတ်မှတ်နိုင်ပါရေ။

## ၂၅(၃)
## ဗဟုသုတအားဟိသူနန့် ဗဟုသုတအားနည်းသူ

လောကကို အကောင်းမြင်ဝါဒနန့် ကြည့်တတ်တေ။ စာပီဗဟုသုတနန့်လေး ပြည်စုံရေ။ ဘဝမာဖြစ်ပေါ်လှာရေ အစိတ်အပိုင်းတိုင်းကို တည်ငြိမ်ရင့်ကျက်စွာနန့် ကျော်ဖြတ်လိဟိရေ။ စကားပြောရေအခါတိုင်းမာ ရိုးသားမှုဟိရေ။ လိမ္မာယိုင်ကျေးရေ။ နိဝါတတရားလက်ကိုင်ထားရေ။ ယင်းပုဂ္ဂိုလ်ရို့ကို ‘ဗဟုသုတအားဟိသူ’အဖြစ် သတ်မှတ်နိုင်ပါရေ။

လောကကို အဆိုးမြင်ဝါဒနန့် ကြည့်လိဟိရေ။ ငါရာ အကောင်းဆုံးလို့ ကိုယ့်ကိုကိုယ် သတ်မှတ်ထားရေ။ ကိုယ့်အမှားကို ဖုံးကွယ်ချင်ရေ။ တဖက်လူကို မကောင်းကြောင်း ပြောလိပြောထဟိရေ။ ယင်းပုဂ္ဂိုလ်ရို့ကို ‘ဗဟုသုတအားနည်းသူ’ အဖြစ် သတ်မှတ်နိုင်ပါရေ။

## ၂၅(၄)
## ပညာဟိပုဂ္ဂိုလ်နန့် ပညာတတ်ပုဂ္ဂိုလ်

များစွာသော ဗဟုသုတနန့် ပြည့်စုံရေ။ ပညာလေးတတ်တေ။ လောကကို ငြိမ်းချမ်းမှုရဟိယောင် အမြဲတမ်းကြံဆောင်ရေ။ စကားပြောရာမာ ကောင်းရေ လိုအပ်တေ စကားတိကိုရာ ပြောလိဟိရေ။ တဖက်လူကို ဆရာလုပ်လိုစိတ်နည်းရေ။ ပိတောက်စည်ရေ တီးမှ

မြည်ရေပိုင် မလိုအပ်ပဲ ငါသိရေ ငါတတ်တေလို့ ပြောလိမဟိ။ ယင်းပုဂ္ဂိုလ်ရို့ကို 'ပညာဟိပုဂ္ဂိုလ်'အဖြစ် သတ်မှတ်နိုင်ပါရေ။

မျာႏစွာသော ဗဟုသုတဟိရေ။ ပညာလေးတတ်တေ။ ရောက်လီရာ နီရာတိုင်းမာ အတိုက်အခံတိနန့် ကြုံတွိရတတ်တေ။ ဆရာလုပ်လိုစိတ်ဟိရေ။ သစ်ပင်က သစ်သီးကြွီကျရေပိုင် မလိုအပ်ပဲနန့် ငါသိရေ ငါတတ်တေလို့ ပြောလိဟိရေ။ ယင်းပုဂ္ဂိုလ်ရို့ကို 'ပညာတတ်ပုဂ္ဂိုလ်'အဖြစ် သတ်မှတ်နိုင်ပါရေ။

## ၂၅(၅)
## လူတော်နန့် လူကောင်း

အတွိအကြုံ ဗဟုသုတများရေ။ လောကသဘာဝနှ အလိုက်အထိုက်ကို သိတတ်တေ။ ခေတ်ကာလနန့် လိုက်လျှောညီယောင် နီထိုင်တတ်တေ။ ကြီးပွားချမ်းသာယောင် ကြံဆောင်နိုင်စွမ်းဟိရေ။ ပညာအမြော်အမြင်ဟိရေ။ အပီးအယူမျှတခြင်းသဘောကို လက်ခံတတ်တေ။ အကုန်အကျခံရဖို့စွာကို မကြောက်ပဲ ပရဟိတ အလုပ်ကို ဝါသနာပါရေ။ တဖက်လူကို မိမိဖက်သို့ ပါလှာယောင် ပြောဆိုနိုင်စွမ်းဟိရေ။ ယင်းပုဂ္ဂိုလ်ရို့ကို 'လူတော်' အဖြစ် သတ်မှတ်နိုင်ပါရေ။

အတွိအကြုံ ဗဟုသုတလေးဟိရေ။ စကားပြောရေအခါမာ ယိုင်ကျေးဖော်ရွှေတတ်တေ။ ငါပြောငါလုပ်စွာရာ အမှန်တရားလို့ ထင်မြင်ယူဆရေ။ အတ္တနည်းရေ။ လောကသဘာဝတရားကိုလေးနားလည်ရေ။ အပျော်အပါး၊ အသောက်အစားနန့် လောင်းကစပ်ကို ယှောင်ကြဉ်ရေ။ ယေလေး လောကနန့် လိုက်လျှောညီယောင် မနီထိုင်တတ်။ ပရဟိတအလုပ်ကို ဝါသနာပါကေလေး အကုန်အကျစရိတ်ကို ကြောက်တတ်တေ။ တဖက်လူကို မိမိဖက်သို့ ပါနိုင်လောက်ယောင်ထိ စွမ်းဆောင်နိုင်မှု အားနည်းရေ။ ယင်းပုဂ္ဂိုလ်ရို့ကို 'လူကောင်း'အဖြစ် သတ်မှတ်နိုင်ပါရေ။

## ၂၅(၆)
## လူဆိုးနှင့် လူမိုက်

အပျော်အပါး အလောင်းအစားကို ဝါသနာပါရေ။ ကိုယ့်ဘဝကိုကိုယ် ရပ်တည်ချင်စိတ် အားနည်းရေ။ စကားပြောဆိုရာမာ ကြမ်းတမ်းရေ အပြုအမူဟိရေ။ ယေဒါလေး ပတ်ဝန်းကျင်ကို မထိခိုက်ယောင်နီရေ။ မနာလိုမုန်းတီးမှု ကင်းရေ။ ယင်းပုဂ္ဂိုလ်ကို 'လူဆိုး' အဖြစ် သတ်မှတ်နိူင်ပါရေ။

အပျော်အပါး အလောင်းအစားကို ဝါသနာပါရေ။ လောကကို အဆိုးမြင်ဝါဒထားရေ။ အတ္တအလွန်ကြီးရေ။ သူတပါးကြီးပွားစွာကို မနာလိုစိတ်ဟိရေ။ ကိုယ့်အမှားကို သိကေလေး ပြုပျင်လိုစိတ်မဟိ။ ကိုယ်ရာ ကောင်းစားဖို့ဆိုကေ ဇာသူကိုမဆို ကောက်ကျစ်ရက်စက်တတ်ပနာ အသင်းအဖွဲ့အစည်းသော်လည်းကောင်း၊ လူမျိုးရီးအရသော်လည်းကောင်း သွီးအီးအီးနန့် ဖျက်စီးပစ်နိူင်ရေ။ ယင်းပုဂ္ဂိုလ်ရို့ကို 'လူမိုက်'အဖြစ် သတ်မှတ်နိူင်ပါရေ။

## ၂၅(၇)
## ဒေါသကြီးသူနှင့် မာနကြီးသူ

ကြမ်းတမ်းရေ စရိုက်လက္ခဏာဟိရေ။ ရောက်တေနီရာတိုင်းမာ များစွာသော ပြဿနာတိနန့် ကြုံတွိရတတ်တေ။ ရန်သူများပနာ မိတ်ဆွိနည်းရေ။ လောကကို အဆိုးမြင်မျက်လုံးနန့် ကြည့်လိဟိရေ။ ပြဿနာဇ္ဇ မူလအရင်းအမြစ်ကို မစိုင်းစားပဲ တချက်သျှော အတိုးအတွင်းမာ ဒေါသနန့်တုံ့ပြန်တတ်တေ။ ယင်းပုဂ္ဂိုလ်ရို့ကို 'ဒေါသကြီးသူ' အဖြစ် သတ်မှတ်နိူင်ပါရေ။

လောကကို အကောင်းမြင်မျက်လုံးနန့် ကြည့်တတ်တေ။ မိမိကို နှိပ်ကွက်တေ ပုဂ္ဂိုလ်တိကိုလေး ဒေါသနန့်မတုံ့ပြန်ပဲ ပညာဖြင့်တုံ့ပြန်ရေ။ ဘဝကို အယှုံးပီးလိုစိတ်မဟိပဲ ဇာပိုင်လုပ်ကေ အောင်မြင်ဖို့ဆိုစွာကို စိုင်းစားတွေးခေါ်လို့ နီတတ်တေ။ တည်ကြည်လီးနက်ပနာ ရင့်ကျက်တေ ပင်ကိုယ်စရိုက်ကို ပိုင်ဆိုင်ထားရေ။ ယင်းပုဂ္ဂိုလ်ရို့ကို

'မာနကြီးသူ'အဖြစ် သတ်မှတ်နိုင်ပါရေ။

## ၂၅(ဂ)
## လူကြီးနန့် လူကြာကြီး

များစွာသော လောကအတွိအကြုံနန့် တည်ငြိမ်ရင့်ကျက်ပနာ နီထိုင်ပြောဆိုတတ်တေ။ အမှားအမှန်ကို ခွဲခြားနိုင်စွမ်းဟိရေ။ အနစ်နာခံယူလိုစိတ် အားကြီးရေ။ အတ္တနည်းပနာ မှန်ကန်ရေ သဘာဝတရားကို လက်ခံတတ်တေ။ အရာရာကို ကောင်းရေအမြင်နန့် ကြည့်တတ်တေ။ ပရဟိတလုပ်ငန်းကို ဦးစားပီးတတ်တေ။ ပညာအမြော်အမြင်ဟိရေ။ ယင်းပုဂ္ဂိုလ်ရို့ကို 'လူကြီး'အဖြစ် သတ်မှတ်နိုင်ပါရေ။

များစွာသော အတွိအကြုံနန့် ပြည့်စုံရေ။ ယေဒါလေး တည်ငြိမ်ရင့်ကျက်ပနာ နီထိုင်ပြောဆိုတတ်ခြင်း အားနည်းရေ။ ပညာလေးတတ်တေ။ သဘာဝတရားဇွ အမှားအမှန်ကို ခွဲခြားသိတတ်ကေလေး ငါလုပ်စွာရာ မှန်ရေလို့ အတ္တစိတ်ကြီးရေ။ အနစ်နာခံလိုစိတ်အားနည်းရေ။ လောကကို အမှားမြင်မျက်လုံးနန့် ကြည့်လိဟိရေ။ ယင်းပုဂ္ဂိုလ်ရို့ရေ လောကမာ အချိန်အကြာကြီး နီထိုင်လှာရရေအတွက်ကြောင့် 'လူကြာကြီး'အဖြစ် သတ်မှတ်နိုင်ပါရေ။

ဂုပိုင် သတ်မှတ်ချက်အကျဉ်းကို ကြည့်လိုက်ကေ စကားပြောခြင်းက ပင်ကိုယ်စရိုက်သို့ ပြောင်းလွဲလှာစွာကို တွိရပါရေ။ ယေဇုနန့် မိမိရို့ဇွ ပင်ကိုယ်စရိုက်ကို ထိန်းသိမ်းဖို့အတွက် အကောင်းဆုံးသောနည်းလမ်းရေ စကားကို ထိန်းထိန်းသိမ်းသိမ်းပြောပျာ များစွာသောစာအုပ်စာပီတိကို လိလာလိုက်စားသင့်ရေ။ ကျယ်ပြန့်ရေ အတွေးအခေါ်တိနန့် ဗဟုသုတတိကို ရှာဖွိစုဆောင်းသင့်ပါရေ။ ယေမှရာ မိမိရို့ဇွ အပြောအဆိုနန့် ပင်ကိုယ်စရိုက်တိရေ အလိုအလျောက်ပြောင်းလွဲလှာပါလိမေ။

စကားပြောကောင်းသူရို့ရေ အတွေးအခေါ်ကောင်းရေ ပုဂ္ဂိုလ်တိ ဖြစ်တေ။ အတွေးအခေါ်ကောင်းသူရို့ရေ ကောင်းရေ

ပင်ကိုယ်စရိုက်ဟိသူတိ ဖြစ်တေ။ ကောင်းရေ ပင်ကိုယ်စရိုက်ဟိသူ ရို့ရေ တည်ငြိမ်ရင့်ကျက်တေ ပုဂ္ဂိုလ်တိဖြစ်ပါရေ။ တည်ငြိမ်ရင့်ကျက်တေ ပုဂ္ဂိုလ်ရို့ရေ ဗဟုသုတတိနန့် ပြည့်စုံသူတိ ဖြစ်ပါရေ။

ပညာဟိပုဂ္ဂိုလ်ရို့ရေ ပိတောက်စည်ပိုင် တီးခတ်မှရာ မြည်ဟီးပါရေ။

သာစွလေပါ . . .

စံလင်း(ဦးရာဇ်မြို)

• • • • • • • • • • • • •

ဟောမန်ခိုင်(တိန်ညို)

ခံစားရိုးဖွဲ့ရေ

**ဝဲကယက်ထဲက ပစ္စက္ခုပြယုဂ်တိ**

ဂေါင်းစီးပီးထားရေ နုံးချင်းရခိုင်ကဗျာစာအုပ်ကို
မကြာခင်ထုတ်ဝီဖြန့်ချီလားဖို့
ဖြစ်ပါရေ။

ခိုင်နီဦး၊
ခိုင်သူရိန်(အိပ်မက်တရီးနိုး)၊
ဟေမန်ခိုင်(တိန်ညို)၊
ခိုင်ရိုးလ(ငမဲဦး)၊
ဇီဇင်း၊
ခိုင်မျိုးသန့်၊
ကြာညိုခင်၊
သူသူအာ(မုနိမြို)၊
နှင်းနုနွယ်
အစဟိရေ ကလောင်ပျိုကိုးလက်ရို့
ပေါင်းစုသီကုံး ခံစားဖော်ကျူးထားကတ်တေ

**လောင်းရိပ်စီးကဗျာသစ်ပင်ရို့ ရွက်နုပြန်ချိန်**
(ကလောင်ပျိုကိုးလက်)

ရသစုံ ရခိုင်ကဗျာစာအုပ်
မကြာခင် ဖြန့်ချီပါဖို့။